
# ဗုဒ္ဓ

## သို့မဟုတ်

# [illegible]




ဦးရွှေအောင်

မဟာဝိဇ္ဇာ(သက္ကတ)၊ ဝံ့သကာ နှင့် သီရောမဏိ



ဒုတိယအကြိမ်

သို့မဟုတ်

# အနိုင်းမဲ့

ဦးရွှေအောင်
မဟာဝိဇ္ဇာ (သက္ကတ)
ဝင့်သကာ နှင့် သိရောမဏီ

တစ်ပြည်လုံး ဖြန့်ချိရေး
**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

| | |
|---|---|
| ခွင့်ပြုချက်အမှတ် | စာမူ [ ၇၇၆/၂၀၀၀ (၁၁)]<br>အဖုံး [ ၄၄၇ /၂၀၀၁ (၈)] |
| စီစဉ်ထုတ်လုပ်မှု | သန်းဆွေ(ဇရာထွန်း)နှင့် ဇေလတ် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် – (၁၉၉၅) ဒီပါစိုးစာပေတိုက်<br>ဒုတိယအကြိမ်– (၂၀၀၁) ပညာ့ရိပ်မွန်စာပေ |
| ထုတ်ဝေခြင်း | ( ၁၊ ဒီဇင်ဘာ၊ ၂၀၀၁ )<br>အုပ်ရေ [၁၀၀၀] |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ<br>အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | အေဇက် |
| စာအုပ်ချုပ် | ကိုမြင့် နှင့် ညီဝင်းမြင့် |
| မျက်နှာဖုံး ပန်းချီ | ဝင်းမြင့်ဦး |
| တန်ဖိုး | ၁၅၀၀ ကျပ် |

**ဆက်လက်ထုတ်ဝေမည့် စာအုပ်များ**

၁။ လယ်တီဆရာတော် ၏ နိုင်ငံခြားပုစ္ဆာ အဖြေပေါင်းချုပ်
၂။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ပထမအုပ်)
၃။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ဒုတိယအုပ်)
၄။ လယ်တီဆရာတော် ၏ ဘာသာရေးပုစ္ဆာ အဖြေပေါင်းချုပ်
၅။ ဦးရွှေအောင်၏ စာဖတ်သူများ
၆။ ဦးရွှေအောင်၏ ဓမ္မပဒပေါင်းချုပ်
၇။ ဦးရွှေအောင်၏ ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်(ကိုယ်ကျင့်ဗုဒ္ဓဝင်)

# မာတိကာ


၁။ သစ္စာတရား၏ ကနဦး (သို့မဟုတ်)
သိဒ္ဓတ္ထမင်းသား ပေါ်ထွန်းခြင်း ၇
၂။ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း ၁၄
၃။ ရတနာသုံးထွေ စုံလေပြီ ၂၂
၄။ မဇ္ဈိမဒေသ၌ ဓမ္မပန္နက်ချခြင်း ၂၈
၅။ ကဿပညီနောင်သုံးဖော်သို့ ဓမ္မလက်ဆောင် ၃၄
၆။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာ ၄၀
၇။ ဘဝကို စတေး၍ မင်းလုပ်သူ ၄၆
၈။ ကပိလဝတ်သို့ ဓမ္မခရီး ၅၁
၉။ ဓမ္မခရီးမှ အသီးအပွင့်များ ၅၇
၁၀။ ယသော်စံနန်း ကြွချီမြန်း ၆၂
၁၁။ သကျမင်းသား ခြောက်ယောက်နှင့် ဆတ္တာသည် ၆၈
၁၂။ လာလော့ သုဒတ္တ ၇၄
၁၃။ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ၇၉
၁၄။ ပန်းဆက်သမား သုမန ၈၅
၁၅။ အင်္ဂုလိမာလနှင့် သူ၏တပည့်များ ၉၁
၁၆။ ဝန်တိုမှု၏ လာရာနှင့် လားရာ (သို့မဟုတ်)
တက္ကဒွန်းကြီး ဇမ္ဗုက ၉၇
၁၇။ ဘုရားမှတစ်ပါး ၁၀၃
၁၈။ တိုင်ထိပ်ဖျားက တရားရှင် ၁၀၉
၁၉။ ရောဟိဏီမြစ်နားက တရားရေအလျဉ် ၁၁၅

| | |
|---|---|
| ၂၀။ မိထွေးတော်ဂေါတမီနှင့် ဘဝအသိ၊ ဘဝအမြင် | ၁၂၁ |
| ၂၁။ အတ္တဝါဒ (သို့မဟုတ်) သစ္စကဏ် ကျဆုံးခန်း | ၁၂၈ |
| ၂၂။ ရဟန္တာဖြစ်သူမှသာ | ၁၃၃ |
| ၂၃။ သိလျက်နှင့်ပင် | ၁၃၈ |
| ၂၄။ ဆရာတင် မှားလေသောအခါ | ၁၄၃ |
| ၂၅။ တိတ္ထိတို့၏ သားကောင်တစ်ဦး | ၁၄၉ |
| ၂၆။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ | ၁၅၄ |
| ၂၇။ သူတို့ ဇနီးမောင်နှံ | ၁၆၀ |
| ၂၈။ ကံ၏ အကျဉ်းသား | ၁၆၆ |
| ၂၉။ ကံစေညွှန်းရာ | ၁၇၁ |
| ၃၀။ သူဌေးကြီး ဃောသက | ၁၇၇ |
| ၃၁။ အိပ်မက်ဘဝမှ နိုးထကြသူများ | ၁၈၃ |
| ၃၂။ အလှမာန်၏ မလှသော နိဂုံး | ၁၈၉ |
| ၃၃။ စွန့်ခွာတော်မူ၍သာ | ၁၉၅ |

## အခန်း (၁)

### သစ္စာတရား၏ ကနဦး
### (သို့မဟုတ်)
### သိဒ္ဓတ္ထမင်းသား ပေါ်ထွန်းခြင်း

မဇ္ဈိမဒေသ၌ အလောင်းတော်မင်းသား ဖွားမြင်ချိန်ကာလတွင် သစ္စာတရားနှင့် ယင်းကို ရှာဖွေရာတွင် ဝါဒပေါင်းများစွာ ဖြစ်ထွန်းပေါ်ပေါက်လျက် ရှိကြ၏။ ဝါဒပေါင်း များစွာအနက် ၆၂ ပါးသော ဝါဒများကို ဒီဃနိကာယ် ဗြဟ္မဇာလ သုတ်၌ ဖော်ပြထားသည်ကို တွေ့ရ၏။ အသိဉာဏ်နယ်ပယ်၌ သစ္စာတရားနှင့် သော်လည်းကောင်း၊ ယင်းကို ရှာဖွေတွေ့ရှိရေးနှင့် သော်လည်းကောင်း ပတ်သက် သော ကြိုးပမ်းမှုများသည် ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်လျက် ရှိကြ၏။ ထို့အပြင် တွေးခေါ်ရှင်တို့သည် ဤသို့သော မေးခွန်းများကို မေးမြန်းလျက် ရှိကြ၏။

'တမလွန်လောက ရှိသလား၊ သို့မဟုတ် မရှိဘူးလား'

'သေပြီးနောက် အသက်ဝိညာဉ် ရှိသလား၊ သို့မဟုတ် မရှိဘူးလား'

'ကံဟူသည် ရှိသလား၊ သို့မဟုတ် မရှိဘူးလား'

'ကံ၏ အကျိုးသည် ရှိသလား၊ သို့မဟုတ် မရှိဘူးလား'

ဤသို့ စသည်ဖြင့် ဘာသာရေးနှင့် ပတ်သက်သော မေးခွန်းများစွာကို မေးခဲ့ကြ၏။ ထိုမေးခွန်းများ၏ အဖြေများကိုလည်း ရရှိနိုင်ရန် ကြိုးပမ်းခဲ့ကြ၏။

ကြိုးပမ်းသူများကို အုပ်စုဖွဲ့လိုက်သော် အုပ်စုနှစ်စုကို ရ၏။ သမဏအုပ်စု နှင့် ဗြာဟ္မဏအုပ်စုတို့ ဖြစ်ကြ၏။ သမဏအုပ်စုသည် ဝေဒ၏ အဆိုအမိန့်များကို လက်မခံသော အုပ်စု ဖြစ်၏။ ထို့ကြောင့် သမဏအုပ်စုကို "အဝေဒိက"ဟူ၍ ဆို၏။ သာမဏတို့သည် ဝေဒလမ်းစဉ် ဖြစ်သော ယဇ်ပူဇော်မှုကို လုံးဝ လက်မခံ။ သမဏတို့၏ အမြင်၌ ယဇ်ပူဇော်မှုသည် အကျိုးမရှိ။ အကယ်၍ ရှိသည် ဆိုလျှင် လည်း သစ္စာနှင့် မပတ်သက်သော အကျိုးသာ ရှိချင်ရှိမည်။

သမဏတို့ ယုံကြည်သော လမ်းစဉ်ကား "တပ"လမ်းစဉ်ဖြစ်၏။ တပသည် အမျိုးမျိုး ရှိ၏။ သို့ရာတွင် တပ ဟူသမျှသည် ကိုယ်ခန္ဓာကို ညှဉ်းဆဲမှု "အတ္တကိလ မထာနုယောဂ"ကျင့်စဉ်၌ ဝင်သည်ချည်း ဖြစ်၏။ ထိုခေတ်က သမဏတို့သည် ယနေ့ခေတ် ဝေါဟာရဖြင့် ဆိုရလျှင် ဘာသာရှိ သဘောကို ဆောင်သည်လည်း ရှိ၏။ ဘာသာမဲ့ သဘောကို ဆောင်သည်လည်း ရှိ၏။ သို့ရာတွင် မည်သည့်သဘောကို ဆောင်ဆောင် သမဏတို့သည် ဗြဟ္မာ သို့မဟုတ် ထာဝရဘုရားကို မယုံကြည်သူများ ဖြစ်ကြ၏။

ထိုခေတ် ဝေါဟာရဖြင့် "ဘာသာရှိ"ကို "အသ္တိက"ဟု ဆို၏။ "ဘာသာမဲ့"ကို "နာသ္တိက"ဟု ဆို၏။ ပါဏိစ္စဆရာ၏ အလိုအားဖြင့်ဆိုရလျှင် တမလွန် ရှိသည်ဟု ယုံကြည်ပါက အသ္တိက မည်၏။ တမလွန် မရှိဟု ယုံကြည်ပါက နာသ္တိက မည်၏။ ထိုသို့လျှင် သစ္စာတရားနှင့် ပတ်သက်၍ သော်လည်းကောင်း၊ သစ္စာတရားကို ရှာဖွေမှုနှင့် ပတ်သက်၍ သော်လည်းကောင်း အမြင်ချင်း၊ ကျင့်ကြံမှုချင်း မတူသော အုပ်စုနှစ်စု သို့မဟုတ် ဂိုဏ်းနှစ်ဂိုဏ်းသည် အစ မသိလောက်သော ကာလမှစ၍ မဇ္ဈိမဒေသ၌ အပြိုင်ဖြစ်ထွန်း ပေါ်ပေါက်လျက် ရှိကြ၏။ အပြိုင်ဆိုသည့်အတိုင်း အချင်းချင်း ပြိုင်လျက် ရှိကြ၏။ အချင်းချင်း ပြိုင်ရင်းကပင် တစ်ဂိုဏ်းက တစ်ဂိုဏ်းအပေါ် အထိုက်အလျောက် ဩဇာသက်ရောက်လျက်ရှိ၏။

ထိုဂိုဏ်းနှစ်ဂိုဏ်းတို့တွင် သမဏဂိုဏ်းသည် အိမ်ရာမထောင်သော ဂိုဏ်းဖြစ်၏။ ဗြာဟ္မဏဂိုဏ်းသည် အိမ်ရာထောင်သော ဂိုဏ်းဖြစ်၏။ သမဏဂိုဏ်းက ဦးပြည်းဖြစ်၍ ဗြာဟ္မဏဂိုဏ်းက ဆံပင်နှင့် ဖြစ်၏။ သမဏဂိုဏ်းသည် သစ္စာကို ရှာဖွေမှု၌ ဆရာထား၏။ ဆရာ၏ လမ်းညွှန်မှုအတိုင်း လိုက်နာ၏။ ထို့ကြောင့် သမဏတို့သည် ဂိုဏ်း သို့မဟုတ် သံဃာနှင့် အစုအဝေးအလိုက် နေထိုင်ကြ၏။ ဗြာဟ္မဏတို့သည် ထိုကဲ့သို့ မနေထိုင်ကြ။ ဝေဒဓမ္မ၏ လမ်းညွှန်မှုအတိုင်း လိုက်နာကြ၏။ မန္တန်ကို ရွတ်ကြ၏။ ဗြဟ္မာ၏ ဂုဏ်တော်ကို ပွားကြ၏။ ယဇ်ကို ပူဇော်ကြ၏။ မင်္ဂလာကို ပြုကြ၏။ အာပတ်ကို ဖြေကြ၏။

ဤသို့ပြုခြင်းအားဖြင့် တမလွန်၌ နတ်ပြည်သို့ ရောက်၏။ ပစ္စုပ္ပန်၌လည်း စည်းစိမ်ချမ်းသာများကို ရရှိ၏။ ဤသို့ ဗြာဟ္မဏများက ယုံကြည်ကြ၏။ ယဇ်ပူဇော်မှုကို ပြုရာတွင် တိရစ္ဆာန်များကို သတ်၍ ပူဇော်သည်အထိ ဆောင်ရွက်ကြ၏။ ထိုသို့ ဆောင်ရွက်ပါသော်လည်း ဝေဒ၏ သွန်သင်ချက်အရ ယဇ်ပူဇော်ရန် သတ်ခြင်းဖြစ်၍ အပြစ်မရှိဟု ဗြာဟ္မဏများက ယုံကြည်ကြ၏။ ယဇ်ပူဇော်ရန်အတွက် သတ်ခြင်းမဟုတ်ဘဲ အခြားအကြောင်းများကြောင့် သတ်ခြင်းဖြစ်လျှင်မှ အပြစ်ရှိသည်ဟု ဗြာဟ္မဏများက ယုံကြည်ကြ၏။

ဗြာဟ္မဏများသည် ယဇ်ပူဇော်ရန် မဟုတ်ဘဲ သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါး ဥစ္စာကို မပေးမကမ်း ယူခြင်း၊ မုသားပြောဆိုခြင်း စသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြ၏။ သူတို့သည် ရိုးသားကြ၏။ ကံ ကံ၏ အကျိုးကို ယုံကြည်ကြ၏။ သို့ရာတွင် ဤနေရာ၌ ဘက်လိုက်မှု ရှိ၏။ လောကအမြင်အရ ဒုစရိုက်ဟု သတ်မှတ်ထားသော လုပ်ရပ်တစ်ခုသည် ဝေဒအတွက် ဖြစ်ပါက ဒုစရိုက်မဟုတ်တော့ဘဲ သုစရိုက် ဖြစ်သွားရ၏။ သူတို့၏ လုပ်ငန်းမှာ ပညာသင်ယူမှုနှင့် ပညာသင်ပေးမှု ဖြစ်၏။ မြန်မာစကားပုံ၌ "ဝိနည်းတတ်ကြက်သတ်"ဟူသည့်အတိုင်း ဝိနည်းတတ်ပါက အာပတ်မသင့်ရအောင် ကြက်ကို သတ်တတ်သကဲ့သို့ ဗြာဟ္မဏတို့သည်လည်း အကုသိုလ် မဖြစ်ရအောင် ဒုစရိုက်များကို ပြုတတ်ကြ၏။ ထို့ကြောင့် ဗြာဟ္မဏတို့သည် အမျိုးလေးပါးတွင် အမြင့်ဆုံးအမျိုး ဖြစ်၏။ အရှင်လတ်လတ်က နတ်ဖြစ်သွားသော "လူသားနတ်"ဖြစ်၏။ ဗြာဟ္မဏတို့သည် အစ ပထမ၌ ရိုးသားဖြူစင်၍ အလိုရမ္မက် နည်းပါးသူများ ဖြစ်ကြသော်လည်း နောက်ပိုင်း၌ ကောက်ကျစ်စဉ်းလဲ၍ အလိုရမ္မက်ကြီးသူများ ဖြစ်လာကြ၏။

ထို့ကြောင့် သူတို့သည် အရှင်လတ်လတ်က နတ်ဖြစ်သွားသော အဆင့်သို့ ရောက်အောင် ကောက်ကျစ်စဉ်းလဲမှု၊ အလိုရမ္မက်ကြီးမှုတို့ကြောင့် မရမနေ ရအောင်ယူခြင်း ဖြစ်၏။ ထိုအခါ ဗြာဟ္မဏတို့သည် အဆင့်အားဖြင့် တဖြည်းဖြည်း နိမ့်သွားကြလေ၏။

သမဏတို့သည်လည်း မိမိတို့၏ တပအကျင့်ကို များစွာ တန်ဖိုးထားကြ၏။ ဤနေရာ၌ သမဏဟူသည် မြတ်စွာဘုရား၏ တပည့်သာဝက သမဏများ မဟုတ်ကြ။ မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကပင် ရှိနေနှင့်ပြီး ဖြစ်သော သမဏများ ဖြစ်ကြ၏။ နတ်ပြည်သို့ ရောက်သွားကြသည်မှာ ယဇ်ပူဇော်မှုကြောင့် ရောက်သွားကြသည် မဟုတ်၊ တပကို ကျင့်သောကြောင့်သာ ရောက်သွားခြင်း ဖြစ်၏။ ဤသို့ သမဏများက ယုံကြည်ကြ၏။

ပိဋကတ်တော်များ၌မူ တပအကျင့်ကို ကျင့်သူကို တာပသ ဟု ဆို၏။ တာပသကို မြန်မာဝေါဟာရဖြင့် ရသေ့ဟု ပြန်ဆို၏။ ဤနေရာ၌ တာပသ အမည်ရသူ အားလုံးကို သမဏဟု ဆိုခြင်း ဖြစ်ပါ၏။ သမဏတို့၏ အကျင့်တပများကို သင့်လျော်သလို ပြုပြင်၍ ဗြာဟ္မဏတို့ ယူကြပြန်၏။ ဗြာဟ္မဏတို့သည် မိမိတို့ ယူသော တပအကျင့်ကို ဝဲခါနသ ဟူ၍ အမည်ပြောင်းလဲပြီး ခေါ်ကြ၏။ နောက်ပိုင်း မြတ်စွာဘုရား၏ တပည့်သံဃာများ ပေါ်ပေါက်လာသောအခါ တပကို ဓုတင် ဟူသော အမည်ဖြင့် ကျင့်သုံးကြ၏။

ထို့ကြောင့် တပဟူသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလက ရှိနှင့်

ပြီးသော သမဏတို့၏ ကျင့်စဉ်တစ်မျိုး ဖြစ်၏။ ယင်းကိုပင် သင့်လျော်သလို ပြုပြင်၍ ဗြာဟ္မဏတို့ ဝဲခါနသ အမည်ဖြင့် ကျင့်သုံး၏။ ယင်းကိုပင် တစ်ဖန် ပြုပြင်၍ မြတ်စွာဘုရား၏ တပည့်သာဝကများက ဓုတင် အမည်ဖြင့် ကျင့်သုံး၏။ တပ အမည်ရစဉ်က အတ္တကိလမထာနုယောဂ သဘောကို ဆောင်၏။ ဝဲခါနသ အမည်ရစဉ်က ကာမသုခလ္လိကာ နုယောဂ သဘောကို ဆောင်၏။ ဓုတင် အမည် ရသော အခါမှသာ မဇ္ဈိမပဋိပဒါ သဘောကို ဆောင်၏။

မြတ်စွာဘုရား၏ သာသနာတော်သည် အရှေ့မှ အနောက်သို့ သွား၏။ ထို့ကြောင့် အရှေ့ဘက်ဒေသ၌ ဗြာဟ္မဏတို့၏ အရှိန်အဝါ လွှမ်းမိုးမှုနည်းသဖြင့် မြတ်စွာဘုရား၏ သာသာနာတော်သည် ရှင်းလင်း၏။ လွယ်ကူ၏။ သန့်စင်၏။ အနောက်ဘက်ဒေသ၌မူ ဗြာဟ္မဏတို့၏ အရှိန်အဝါ လွှမ်းမိုးမှု အားကောင်း သဖြင့် မရှင်းလင်း မလွယ်ကူ မသန့်စင်။ ထို့ကြောင့် ဓုတင်ကျင့်စဉ်သည် မဇ္ဈိမ ဒေသ၏ အနောက်ပိုင်းဘက်၌ အလေးအမြတ်ပြုခြင်း ခံရသော ကျင့်စဉ်ဖြစ်သည် ဟု ပညာရှင်များက ဆိုကြ၏။ သို့ရာတွင် ဓုတင်ကျင့်စဉ်သည် ယနေ့ သာသနာ တော် တစ်ရပ်လုံး၌ အလေးအမြတ်ပြုခြင်း ခံရသော ကျင့်စဉ် ဖြစ်နေလေပြီ။

သစ္စာတရားနှင့် ပတ်သက်၍ သော်လည်းကောင်း၊ သစ္စာတရားကို ရှာဖွေ တွေ့ရှိရေးနှင့် ပတ်သက်၍ သော်လည်းကောင်း ပညာရှင်များသည် လက်ရှိ အခြေအနေကို မကျေနပ်၍ တော်လှန်သော သဘောဖြင့် ယောက်ယက်ခတ်မျှ ကြိုးပမ်းနေကြချိန်တွင် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့၏။ သိဒ္ဓတ္ထမင်းသား၏ ဖွားသက္ကရာဇ်မှာ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ ဖြစ်၏။ ဖခမည်းတော်မှာ သုဒ္ဓေါဒန ဖြစ်၍၊ မယ်တော်မှာ မာယာဒေဝီ ဖြစ်၏။ မျိုးနွယ်စဉ်မှာ သကျဝံသ ဖြစ်၏။ အမျိုးမှာ ခတ္တိယ ဖြစ်၏။ အနွယ်မှာ ဂေါတမ ဖြစ်သည်။

ထိုအချိန်က မဇ္ဈိမဒေသ၏ အရှေ့ဘက်၌ ခတ္တိယတို့သည် အရှိန်အဝါ ထွန်းပကြ၏။ မာယာဒေဝီ၏ ဖခမည်းတော်သည် ဇနက ဖြစ်၏။ သူသည် ခတ္တိယ ဖြစ်၏။ နေပြည်တော်မှာ မိတ္ထိလာ ဖြစ်၏။ ဇနကမင်းကြီးသည် ဗြာဟ္မဏ ဝါဒကို ဗြာဟ္မဏတို့အား သင်ကြားပို့ချပေးနေသူ ဖြစ်၏။ ဗြာဟ္မဏဝါဒနှင့် ပတ်သက်လာလျှင် ဤမျှလောက် တတ်သူ တော်သူ ဖြစ်၏။ သုဒ္ဓေါဒနမှာလည်း ခတ္တိယပင် ဖြစ်၏။ အရှေ့ဘက်ဒေသ၌ အမျိုးလေးပါးကို စဉ်ရာတွင် ခတ္တိယသည် အမြင့်ဆုံးနေရာ၌ ရှိ၏။ အနောက်ဘက်ဒေသတွင်မူ ခတ္တိယသည် ဒုတိယနေရာ၌ သာ ရှိ၏။ အမှန်အားဖြင့် ခတ္တိယနှင့် ဗြာဟ္မဏတို့သည် ထိပ်ဆုံးနေရာကို ရရှိ

ရေး အတွက် အပြိုင်ဖြစ်ကြ၏။ ထိပ်ဆုံးနေရာကိုရမှ ဝါဒတစ်ရပ်ကို ထူထောင်မှု၌ အောင်မြင်၏။

သကျဝံသ၏ မြို့တော်သည် သက္ကတိုင်း ကပိလဝတ္ထု ဖြစ်၏။ ကပိလဝတ္ထု နိုင်ငံတော်သည် ကြီးမား၍ ကျယ်ပြန့်လှသော နိုင်ငံတော် မဟုတ်။ ထိုခေတ်ထိုအခါက ရှိမြဲဖြစ်သော သူလို ငါလို နိုင်ငံတော်မျိုးသာ ဖြစ်၏။ ထို့ကြောင့် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော မင်းသားပေါ်ထွန်းရေးကို အားလုံးက တောင့်တကြ၏။ ထိုသို့ တောင့်တနေချိန်တွင်ပင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော မင်းသား သိဒ္ဓတ္ထကို ဖွားမြင်လိုက်ရာ သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော် မျိုးတော်တို့မှ စ၍ တစ်နိုင်ငံလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ သကျဝံသတို့သည် မိမိတို့၏ နိုင်ငံတော်ကို ဤကမ္ဘာမြေပြင်တွင် အကြီးမားဆုံးသော၊ တစ်ခုတည်းသော နိုင်ငံတော် အဖြစ်သို့ ရောက်အောင် အာဏာစက် ဖြန့်လိုကြ၏။ ယခု ဖြန့်နိုင်သော ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော မင်းသားသည် သူတို့၏ နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့လေပြီ။ ထို့ကြောင့် သူတို့သည် အာဏာစက် ဖြန့်နိုင်ကြပြီ။ သူတို့သည် ဤသို့ တွေး၍ ပျော်ကြခြင်း ဖြစ်၏။

သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် သူတို့ မျှော်လင့်ထားသည့်အတိုင်း ဤကမ္ဘာမြေပြင်၌ တစ်ခုတည်းသော နိုင်ငံတော်ကို တည်ဆောက်ရန် မကြိုးပမ်းဘဲ ဘုရားဖြစ်ရန် တောထွက်သွားမည်ကို သူတို့ မသိကြ။ တောထွက်မသွားနိုင်အောင်လည်း နှောင်ဖွဲ့ကြ၏။ နှောင်ဖွဲ့ခြင်းကပင် အလောင်းတော်မင်းသား၏ တောထွက်လိုစိတ်ကို မြေတောင်မြှောက်ပေးနေမှန်း သူတို့ မသိကြ။ မသိ၍သာ သကျဝံသတို့သည် မိမိတို့ မျှော်လင့်ချက်နှင့် မိမိတို့ ပျော်နေကြခြင်း ဖြစ်၏။ သူတို့၏ ပျော်ရွှင်မှုကား စစ်မှန်သော ပျော်ရွှင်မှုမဟုတ်၊ တစ်နေ့တွင် ဝမ်းနည်းကြရမည့် ပျော်ရွှင်မှုသာ ဖြစ်၏။ ဝမ်းနည်းမှုကို ရင်ဝယ်ပိုက်ထားသော ပျော်ရွှင်မှုဟု ဆိုလျှင် ပို၍ နားလည်ဖွယ် ရှိ၏။ အစ ပထမ၌ သိဒ္ဓတ္ထမင်းသားသည် ခတ္တိယ ဖြစ်၏။ တောထွက်ချိန်မှစ၍ ခတ္တိယ မဟုတ်တော့၊ လူအားလုံးနှင့် ဆိုင်လာ၏။ လူအားလုံးတို့၏ သိဒ္ဓတ္ထ ဖြစ်လာ၏။ ခတ္တိယတို့၏ သိဒ္ဓတ္ထ မဟုတ်။ ဘုရားဖြစ်သော အခါ၌ကား လူအားလုံးတို့၏ သိဒ္ဓတ္ထပင် မဟုတ်တော့။ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ သိဒ္ဓတ္ထ ဖြစ်လာ၏။

မြတ်စွာဘုရား ပွင့်တော်မမူမီကာလက မဇ္ဈိမဒေသတွင် တိုင်းကြီး ၁၆ တိုင်း ရှိသည်ဟု ဆို၏။ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ထိုတိုင်းကြီး ၁၆ တိုင်းကို ဘုန်းလက်ရုံးနှင့် ပြည့်စုံသော မင်းများက တဖြည်းဖြည်း သိမ်းပိုက်ကြလေရာ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင် ထင်ထင်ရှားရှား နိုင်ငံကြီး လေးနိုင်ငံ

သာ ရှိတော့၏။ ထိုတိုင်းကြီး ၁၆ တိုင်းသည် သင့်လျော်သလို နိုင်ငံကြီး လေးနိုင်ငံ၌ ပါဝင် ပူးပေါင်းသွားကြ၏။

(၁) **မာဂဓတိုင်း--** ယင်းသည် အင်္ဂတိုင်းနှင့် ပူးပေါင်း ပါဝင်သွား၏။ နေပြည်တော်မှာ ရာဇဂြိုဟ်ဖြစ်၍ မင်းမှာ ဗိမ္ဗိသာရ ဖြစ်၏။

(၂) **ကောသလတိုင်း--** ယင်း၌ ကာသိတိုင်း ပူးပေါင်း ပါဝင်သွား၏။ နေပြည်တော်မှာ သာဝတ္ထိဖြစ်၍ မင်းမှာ ပသေနဒီ ကောသလ ဖြစ်၏။

(၃) **ဝံသတိုင်း--** ယင်း၏ နေပြည်တော်မှာ ကောသမ္ဗီဖြစ်၏။ မင်းမှာ ဝစ္ဆရာဇာဥဒယန ဖြစ်၏။

(၄) **အဝန္တီတိုင်း--** နေပြည်တော်မှာ ဥဇ္ဇေနီဖြစ်၍ မင်းမှာ စန္ဒပဇ္ဇောတ ဖြစ်၏။

ဤနိုင်ငံကြီး လေးနိုင်ငံ၏ မြို့တော်ကြီးများသည် နောင်အခါ မြတ်စွာဘုရား၏ သာသနာတော် ပြန့်ပွားရာ ဗဟိုချက်မကြီးများ ဖြစ်လာပေလိမ့်မည်။

သိဒ္ဓတ္ထမင်းသားသည် မင်းသားတို့ တတ်အပ်သော အတတ်ပညာများကို ပြည့်စုံစွာ တတ်မြောက်ခဲ့ပြီ။ ကမ်းတစ်ဖက်ရောက် တတ်မြောက်ခဲ့ပြီ။ ယသောဓရာဒေဝီကိုလည်း မိဖုရားအဖြစ် သိမ်းပိုက်ပြီးပြီ။ အသိဉာဏ် ဟူသမျှသည် ဥပါဒါန်ကို အခြေခံသည်ချည်း ဖြစ်လေရာ ဥပါဒါနပစ္စယာ ဘဝေါအရ ဘဝကို တည်ဆောက်ရာတွင် သိဒ္ဓတ္ထမင်းသား၏ ဥပါဒါန်က တစ်မျိုး၊ ကျန်ပုဂ္ဂိုလ်များ၏ ဥပါဒါန်က တစ်မျိုး။ ထို့ကြောင့် အမြင်ချင်း မတူခြင်း ဖြစ်၏။ သန္တိသုခကို တွေ့ရှိခြင်း ဟူသည် အရိယာသစ္စာကို တွေ့ရှိခြင်းပင် ဖြစ်၏။ ထို့ကြောင့် အရိယာသစ္စာကို မတွေ့တွေ့အောင် ရှာဖွေရန် သိဒ္ဓတ္ထမင်းသားသည် ဆုံးဖြတ်လိုက်၏။

သိဒ္ဓတ္ထမင်းသားသည် တစ်ခုသောညဉ့်တွင် နန်းတော်ကို စွန့်ခွာကာ တောထွက်တော်မူ၏။ အရိယာသစ္စာကို မတွေ့တွေ့အောင် ရှာရန်ဖြစ်၏။ အလောင်းတော်မင်းသားသည် အနော်မာမြစ်၏ တစ်ဖက်ကမ်းသို့ ရောက်သောအခါ မိမိနှင့် အတူပါလာသော ဆန္နအမတ်ကိုလည်း ပြန်လွှတ်၏။ ကဏ္ဍကမြင်းကိုလည်း ပြန်လွှတ်၏။ မိမိမူကား ရဟန်းပြုလေ၏။ မိမိ၏ ဆံတော်ကို သိကြားမင်းက တာဝတိံသာ၌ စူဠာမဏိစေတီ တည်၍ ယင်း၌ ဌာပနာ၏။ မိမိ၏ ဝတ်လဲတော်ကို ဃဋိကာရ ဗြဟ္မာက အကနိဋ္ဌာဘုံ၌ ဒုဿစေတီတည်၍ ယင်း၌ ဌာပနာ၏။ ဘုရားအဖြစ်သို့ မရောက်သေးမီကပင် အလောင်းတော်၏ အသုံးအဆောင်များသည် စေတီထိုက်လေပြီ။

အလောင်းတော်မင်းသားသည် အာဠာရ ရသေ့ထံမှ လောကီသမာပတ်

ခုနစ်ပါးကို လည်းကောင်း၊ ဥဒကရာမပုတ္တထံမှ လောကီသမာပတ် ရှစ်ပါးကို လည်းကောင်း ရရှိတော်မူခဲ့၏။ သို့ရာတွင် လောကီသမာပတ် ရှစ်ပါးသည် သံသရာမှ ထွက်မြောက်ကြောင်း အရိယာသစ္စာ မဟုတ်သေးသည်ကို သိရသဖြင့် အရိယာသစ္စာကို ဆက်လက်ရှာဖွေရေးအတွက် အလောင်းတော်မင်းသားသည် သချာဒသဿန ဂိုဏ်းဆရာကြီးများဖြစ်သော အာဠာရနှင့် ဥဒကရာမပုတ္တ ရသေ့ကြီး နှစ်ပါးထံမှ ထွက်ခွာခဲ့၏။

အလောင်းတော်မင်းသားသည် ဥရုဝေဠတောသို့ ချဉ်းကပ်ကာ တပ အကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်လေ၏။ ပဉ္စဝဂ္ဂီငါးပါးတို့ကလည်း အလောင်း တော်အား ပြုစုလုပ်ကျွေးကြ၏။ သို့ရာတွင် အလောင်းတော်မင်းသားသည် ထို အချိန်က ကျင့်နည်းလွဲမှားနေသဖြင့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မမူခဲ့ချေ။ ဘုရားအဖြစ်သို့ ရောက်တော်မမူသေးသောကြောင့် သူ တည်ထောင်လိုသော နိုင်ငံတော်ကို မတည်ထောင်နိုင်သေးပါချေ။

သူ တည်ထောင်လိုသော နိုင်ငံတော်ကား သကျဝံသတို့ မျှော်မှန်းထား သော စကြဝတေးနိုင်ငံတော် မဟုတ်၊ အရိယာနိုင်ငံတော်သာ ဖြစ်၏။ စကြဝတေး နိုင်ငံတော်၏ ချမ်းသာသည်လည်း ချမ်းသာဖြစ်သည် မှန်ပါ၏။ သို့ရာတွင် ထိုချမ်းသာကား "သိမ်းပိုက်ခြင်း" လောဘအပေါ်၌ တည်ဆောက်ထားသော ချမ်းသာဖြစ်၏။ ထို့ကြောင့် ပူလောင်လှပါ၏။ အရိယာနိုင်ငံတော်၏ ချမ်းသာ သည် သာလျှင် ချီးမြှောက်ခြင်း အလောဘအပေါ်၌ တည်ဆောက်ထားသော ချမ်းသာ ဖြစ်၏။ ထို့ကြောင့် ငြိမ်းချမ်းလှပါ၏။ တစ်ခုသောနေ့တွင် သူ တည် ထောင်လိုက်သော အရိယာနိုင်ငံတော်၏ ငြိမ်းချမ်းလှသော ချမ်းသာကို ကိုယ်တွေ့ ကြုံစေအံ့ ဟူ၍ ကြုံးဝါးရင်း အလောင်းတော်မင်းသားသည် ဆက်လက် ကျင့်ကြံ ကြိုးကုတ် အားထုတ်လျက်ပင် ရှိပါလေ၏။

## အခန်း ( ၂ )
## ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း

ရှေးခေတ် အိန္ဒိယတွင် မြတ်စွာဘုရား ပွင့်တော်မူသော အချိန်အခါ သစ္စာနှင့် ပတ်သက်၍ ဝါဒအမျိုးမျိုး ပေါ်ခဲ့၏။ ထိုဝါဒများကို အုပ်စုဖွဲ့လိုက်လျှင် အုပ်စု အားဖြင့် သုံးအုပ်စု ရှိ၏။

ပထမအုပ်စုမှာ အတ္တဝါဒအုပ်စု ဖြစ်၏။ ဒုတိယအုပ်စုမှာ အနတ္တဝါဒ အုပ်စုဖြစ်၏။ တတိယအုပ်စုမှာ အတ္တနှင့် အနတ္တကို ရောထားသော အတ္တာနတ္တ ဝါဒ အုပ်စုဖြစ်၏။ ပထမအုပ်စု၏ ခေါင်းဆောင်များမှာ ဗြာဟ္မဏများနှင့် တိတ္ထိ ကြီးများ ဖြစ်ကြ၏။ ဒုတိယအုပ်စု၏ ခေါင်းဆောင်မှာ မြတ်စွာဘုရား ဖြစ်၏။ တတိယအုပ်စု ခေါင်းဆောင်မှာ မဟာဝီရ ဖြစ်၏။ မဟာဝီရကို နိဂဏ္ဌ နာဋပုတ္တ ဟူ၍ ဗုဒ္ဓပိဋကတ်တော်များ၌ ဆို၏။ အခြားသော အိန္ဒိယဒဿန စာပေများတွင်မူ ဂျိမ်းဟူ၍ ဆို၏။ ဂျိမ်းဝါဒသည် ယနေ့တိုင် အိန္ဒိယ၌ ထင်ရှားဆဲ ဖြစ်၏။ စာပေကျမ်းဂန်များလည်း ထင်ရှားရှိ၏။ ဂျိမ်းစာပေများမှာ အဒ္ဓမာဂဓီ ဘာသာ ဖြင့် ဖြစ်၏။ အဒ္ဓမာဂဓီဘာသာ ဟူသည် ပြာကရိတ်အုပ်စုဝင် ဘာသာ တစ်မျိုး ဖြစ်၏။

အတ္တဝါဒအုပ်စု၌ ပါဝင်သော ဝါဒများ အားလုံးကို ဗုဒ္ဓဝါဒအမြင်အရ မိစ္ဆာဒိဋ္ဌိဟူ၍ ဆိုရ၏။ သို့ရာတွင် ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သော ဝါဒ ဖြစ်ပါက ကမ္မဿကတ သမ္မာဒိဋ္ဌိ၌လည်း သွင်းနိုင်၏။ ထို့ကြောင့် အတ္တကို စွဲနေသဖြင့်သာ အနတ္တအမြင်အရ မိစ္ဆာဒိဋ္ဌိဟူ၍ ဆိုရသော်လည်း နိယတမိစ္ဆာဒိဋ္ဌိ မျိုးကား မဟုတ်၊ သာမန် မိစ္ဆာဒိဋ္ဌိမျိုးသာ ဖြစ်သည်။

နိယတ မိစ္ဆာဒိဋ္ဌိသည် နတ္ထိကဝါဒ၊ အဟေတုကဝါဒ၊ အကိရိယဝါဒ ဟူ၍ ဝါဒအားဖြင့် သုံးမျိုး ရှိ၏။

နတ္ထိကဝါဒ ဟူသည် အကျိုးကို ပယ်သော ဝါဒဖြစ်၏။ ဤလောက၌ အကြောင်းနှင့် အကျိုးဟူ၍ နှစ်မျိုးရှိသော်လည်း နတ္ထိကဝါဒီက အကြောင်းကိုသာ လက်ခံ၏၊ အကျိုးကို လက်မခံ။ အကြောင်းနှင့်အကျိုး နှစ်မျိုးတို့တွင် အကြောင်းသာ ပဓာန ဖြစ်၏။ အကျိုးသည် ပဓာန မဟုတ်။ ထို့ကြောင့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် မိမိလုပ်နေသော လုပ်ငန်းကို ပြီးဆုံးအောင်သာ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လုပ်ရန် လို၏။ တရားသည်၊ မတရားသည် ဟူ၍ မရှိ။ ငါက နောက်ကျသည်၊ သူက အလျင်ဦးသည်၊ ထို့ကြောင့် သူ့ကို ကျော်ပြီး ငါက အခွင့်အရေးယူရန် မသင့်ဟူ၍ စဉ်းစားရန် မလို။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ နက်ဖြန်ခါ ဟူ၍ မရှိဟု နတ္ထိက ဝါဒက သွန်သင်၏။

ထို့ကြောင့် ထိုအလုပ်မှ ထွက်ပေါ်လာသော အကျိုးတရားအပေါ် တစ်စုံတစ်ရာ တွေးတောစူးစမ်းရန် မလို ဟူ၍ အကျိုးတရားကို နတ္ထိကဝါဒက ပယ်၏။ လမ်းစဉ်နှင့် ပန်းတိုင်တွင် လမ်းစဉ်သာ ပဓာန ဖြစ်၏။ ဤဝါဒကို ရှေးခေတ်တွင် အဇိတကေသကမ္ဗလ ဆရာကြီးက ယူ၏။

အကြိယာဝါဒဟူသည် အကြောင်းကို ပယ်သော ဝါဒ ဖြစ်၏။ ဤလောက၌ အကျိုးသာ ပဓာန ကျ၏။ မိမိလိုသော အကျိုးကို ရမည်ဆိုလျှင် လိမ်၍ပဲ ရရ၊ လု၍ပဲ ရရ၊ နောက်ဆုံး အဖကို သတ်၍ပဲ ရရ အားလုံးမှန်သည်ချည်း ဖြစ်သည်။ အကျိုးကို ရမှတော့ အကြောင်းမှန်၍သာ ရခြင်းဖြစ်၏။ လမ်းစဉ်နှင့် ပန်းတိုင်တွင် ပန်းတိုင်သာ ပဓာန ဖြစ်၏။ ဤဝါဒကို ရှေးခေတ်တွင် ပုရာဏကဿပ ဆရာကြီးက ယူ၏။ အဟေတုကဝါဒ ဟူသည် အကြောင်းနှင့် အကျိုး နှစ်မျိုးလုံးကို ပယ်သော ဝါဒ ဖြစ်၏။ ဤလောက၌ အကြောင်းလည်း ပဓာန မဟုတ်၊ အကျိုးလည်း ပဓာန မဟုတ်။ အားလုံး သူဖြစ်ချင်သလို ဖြစ်နေကြ၏။ အကြောင်းကောင်းသော်လည်း အကျိုးကောင်းချင်မှ ကောင်း၏။ အကြောင်းမကောင်းသော်လည်း အကျိုးကောင်းချင် ကောင်း၏။ ထို့ကြောင့် အကြောင်းအကျိုး နိယာမတွင် ဘာမျှ ပုံသေ သတ်မှတ်၍ မရ။ လမ်းစဉ်နှင့် ပန်းတိုင်တွင် လမ်းစဉ်လည်း ပဓာန မကျ။ ပန်းတိုင်လည်း ပဓာန မကျ။ ကောင်းသည်ထင်လျှင် လုပ်သင့်သည်ချည်း ဖြစ်၏။ နောက်ဆံ တင်းမနေသင့်။ လုပ်သာ လုပ်။ ဤသို့ အဟေတုက ဝါဒက ဆိုသည်။ ဤဝါဒကို ရှေးခေတ်တွင် မက္ခလိဂေါသာလ ဆရာကြီးက ယူ၏။

သမ္မာဒိဋ္ဌိ ဝါဒကား ထိုကဲ့သို့ မဟုတ်။ အကြောင်းကိုလည်း ကြည့်၏။ အကျိုးကိုလည်း ကြည့်၏။ အကြောင်းနှင့် အကျိုးတို့၏ အဆက်အစပ်ကိုလည်း ကြည့်၏။ ထိုသို့ကြည့်ရာတွင် အကြောင်းနှင့် အကျိုးတို့၏ မတူသော ဝိသေသ

လက္ခဏာကိုလည်း ကြည့်၏။ တူသော သာမညလက္ခဏာကိုလည်း ကြည့်၏။ ဝိသေသနှင့် သာမညတို့မှ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း ကြည့်၏။ ဝိသေသ လက္ခဏာကို thesis ဟု ဆိုလိုက ဆိုနိုင်၏။ သာမညလက္ခဏာကို Antithesis ဟု ဆိုလိုက ဆိုနိုင်၏။ ဝိမုတ္တိကို synthesis ဟု ဆိုလိုက ဆိုနိုင်၏။ ဤသည်မှာ ဗုဒ္ဓဘာသာ၏ သမ္မာဒိဋ္ဌိအမြင်ဖြင့် ကြည့်နည်း ဖြစ်၏။

အလောင်းတော်သည် ဥရုဝေလတောဌ် ဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်က ပဉ္စဝဂ္ဂီငါးပါးတို့သည်လည်း အလောင်းတော်နှင့်အတူ ရှိကြ၏။ အလောင်းတော်ကို ပြုစုလုပ်ကျွေးလျက် ရှိကြ၏။ ထိုစဉ်က အလောင်းတော်ကျင့်သော အကျင့်သည် အစာအာဟာရ မစားခြင်း "အနသနဝတ္တ"အကျင့် ဖြစ်၏။ (**အန်**=မ၊ **အသန**= မစားခြင်း၊ **ဝတ္တ**=အကျင့်) ဟူသည် "အနသဝတ္တ" ပုဒ်၏ အနက် ဖြစ်၏။ ထိုအကျင့်ဖြင့် သဗ္ဗညုတဉာဏ်ကို မရဘဲ ပင်ပန်းရုံသာ ရှိ၏။ သို့ရာတွင် ပဉ္စဝဂ္ဂီတို့ကမူ ထိုအကျင့်ဖြင့်သာ သဗ္ဗညုတဉာဏ်ကို ရနိုင်သည်ဟု ယုံကြည်ကြ၏။

အလောင်းတော်သည် ထိုအကျင့်ကို စွန့်လွှတ်ပြီးနောက် သေနာနိဂုံး၌ ဆွမ်းခံဝင်၍ အာဟာရကို ပြန်မှီဝဲ၏။ ထိုအခါမှ သမာဓိ ပြန်ရ၏။ သို့ရာတွင် ပဉ္စဝဂ္ဂီတို့ကမူ အလောင်းတော်ကို ဘုရားမဖြစ်နိုင်တော့ဟု ယူဆပြီး စွန့်ခွာသွားကြ၏။ ပဉ္စဝဂ္ဂီတို့သည် မိမိတို့ဘာသာ မိဂဒါဝုန်၌ တပအကျင့်ကို ကျင့်ကြ၏။

အလောင်းတော်သည် သဗ္ဗညုတဉာဏ်ကို မရမချင်း ဤနေရာမှ မထဟူ၍ ဆုံးဖြတ်တော်မူပြီး မဟာဗောဓိပင်၏ အရင်း အပရာဇိတပလ္လင်ထက်၌ ပလ္လင်ခွေ ထိုင်နေတော်မူရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ ညဥ့်၏ ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ တတိယယံ၌ အာသဝက္ခယဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့ကို ရတော်မူပြီး ဘုရားရှင် အဖြစ်သို့ ရောက်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ ဥဒါန်းကျူးတော်မူ၏။

'ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော တဏှာတည်း ဟူသော လက်သမားကို ရှာဖွေရင်း သံသရာ၌ ဘဝများစွာ ကျင်လည်ခဲ့ရပြီ၊ တဏှာတည်းဟူသော လက်သမားကို မတွေ့သဖြင့် အဖန်ဖန် ပဋိသန္ဓေနေရခြင်း တည်းဟူသော ဒုက္ခသည် ဖြစ်ပေါ်ခဲ့၏။

'ယခု တဏှာတည်းဟူသော လက်သမားကို ငါ တွေ့ပြီ၊ သင်သည် ငါ့အတွက် နောက်ထပ် ခန္ဓာအိမ်ကို ဆောက်ရတော့မည် မဟုတ်၊ ကိလေသာ

တည်းဟူသော အိမ်လုံးဆိုင်ရာ ဆောက်လုပ်ရေးပစ္စည်းတို့ကို ဖျက်ဆီးအပ်ပြီ၊ အဝိဇ္ဇာ တည်းဟူသော အိမ်အမိုးပစ္စည်းတို့ကို ချေဖျက်အပ်ပြီ။

'ငါ၏ စိတ်သည် ပငိုသင်္ခ မနေရာ၊ မအိုရာ၊ မနာရာ၊ မသေရာနှင့် တဏှာ၏ ကုန်ရာ နိဗ္ဗာန်ကို ရပြီ'

ဤဥဒါန်းကို "အနေကဇာ"ဟူ၍လည်း ဆို၏။

သစ္စာလေးပါးတွင် သမုဒယသစ္စာသည် အရေးကြီး၏။ သမုဒယသစ္စာ ဟူသည် တဏှာပင် ဖြစ်၏။ နိဗ္ဗာန် ဟူသည်ကပင် တဏှာမှ ထွက်မြောက်ရာ ဟူ၍ တဏှာဖြင့် အထူးပြု၍ ဆိုရ၏။ အမှန်အားဖြင့် တဏှာကုန်လျှင် သံသရာ ဝဋ်ဆင်းရဲ အမျိုးမျိုးမှ လွတ်မြောက်တော့၏။ တဏှာသည် အရာရာကို လှပ အောင် အရောင်ဆိုးတတ်၏။ လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ် ဟူသည် အစစ်အမှန်အားဖြင့် အကျည်းတန်သော ဒုက္ခပင် ဖြစ်သည်။ သို့ရာတွင် တဏှာက လှပအောင် ခြယ်မှုန်းထားသဖြင့် အကျည်းတန်သော ဒုက္ခစစ်စစ်က လှပသော သုခအသွင် ရှိနေခြင်း ဖြစ်၏။

လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ်သာ မဟုတ်၊ အခြား မည်သည့် အရာဝတ္ထုပင် ဖြစ်ဖြစ်၊ သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ပဲဖြစ်ဖြစ် အရာဝတ္ထု ဟူသမျှကို မူလက မည်မျှပင် အကျည်းတန်နေစေကာမူ တဏှာက လှပနေသည်ဟု ထင်ရလာအောင် ခြယ်မှုန်းတတ်၏။ အရောင်ဆိုးပေးတတ်၏။ ထို့ကြောင့် ယနေ့မျက်မှောက်လောက၌ မာန်မာန၊ ဣဿာ၊ မစ္ဆရိယအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ပြောမှု၊ ဆိုမှု၊ လုပ်ကိုင်မှုများသည် မနောကံ တစ်မျိုး၊ ကာယကံ၊ ဝစီကံတို့က တစ်မျိုး ဖြစ်ကြသဖြင့် ရှေ့နှင့်နောက် မညီ၍ စက်ဆုပ် စရာ ကောင်းလှသော်လည်း မိမိတို့ သန္တာန်၌ရှိသော တဏှာက ချစ်စရာကောင်း အောင် ခြယ်မှုန်းထားသဖြင့် တကယ့်သစ္စာနှင့် ယှဉ်သော ကာယကံမှု၊ ဝစီကံမှု များ ဖြစ်ကြသည်ဟူ၍ မိမိတို့ ကိုယ်တိုင်ကလည်း ထင်သည်။ သူများကိုလည်း ထင်စေကြသည်။ သို့ရာတွင် တဏှာသည် "မိမိမျက်စိက မိမိကို ပြန်၍ မမြင်နိုင် သကဲ့သို့" မိမိကို ပြန်၍ မမြင်နိုင်ဘဲ သူများကိုသာ မြင်လေ၏။

ထို့ကြောင့် မိမိအနေဖြင့် စိတ်ထားက ဣဿာနှင့် မစ္ဆရိယ၊ အပြောနှင့် အလုပ်က ဘုရားလောင်း၏ အပြောနှင့် အလုပ်မျိုးဖြစ်၍ အချင်းချင်း ဆန့်ကျင် နေသည်ဟု မမြင်နိုင်ခြင်း ဖြစ်၏။ ဘေးက လူများကမူ ထိုပုဂ္ဂိုလ်များ၏ တဏှာ ကို မြင်နေကြသဖြင့် သူယုတ်မာစစ်စစ်က သူတော်ကောင်းစကားကို ပြော၍ သူတော်ကောင်းယောင် ဆောင်နေကြသည်ဟု ပြက်ပြက်ထင်ထင် မြင်ကြလေ၏။ မြင်သည့် အလျောက်လည်း ထိုပုဂ္ဂိုလ်မျိုးကို စက်ဆုပ်ကြလေ၏။

ပညာ့ရိပ်မွှန်

မြတ်စွာဘုရား၏ ဥဒါန်း၌ ပါသည့်အတိုင်း တဏှာသည် မိမိကိုယ်ကို မည်သူက ကြည့်ကြည့် မမြင်ရအောင် ပုန်းတတ်၏၊ ကွယ်တတ်၏၊ အယောင်ဆောင်တတ်၏။ ဥဒယဗ္ဗယဉာဏ်ရသူ ယောဂီများ၌ပင် ဝိပဿနာ၏ အညစ်အကြေး ဖြစ်သော တဏှာ (နိကန္တိ)က မိမိကိုယ်ကို တရား၌ မွေ့လျော်မှု "ဝိပဿနာရတိ"အဖြစ် အယောင်ဆောင်ခြင်း ဖြစ်၏။ တဏှာသည် ထိုမျှလောက် မာယာများ၏။ အယောင်ဆောင်ကောင်း၏။ သာမညအသိမျိုးလောက်နှင့်တော့ တဏှာကို မမြင်နိုင်။ တဏှာကလည်း သာမည အသိမျိုး ရှိသူများကိုတော့ မဖြုံ။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် "တဏှာသည် မြင်ရခက်၏"ဟူ၍ ဥဒါန်းကျူးရသည်အထိ အစွမ်းထက်ပါ၏။

ထို့ကြောင့်ပင် သစ္စာလေးပါး၌ တဏှာကို အရိယာသစ္စာတစ်မျိုးအနေဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ အရိယာသစ္စာ ဟူသည်မှာ မိမိဘာသာ မိမိ သက်သေပြနိုင်အောင် မှန်ကန်သော သစ္စာဖြစ်၏။ အရာဝတ္ထုတစ်ခု ရှိ မရှိကို အလင်းရောင်ဖြင့် သက်သေပြရ၏။ အလင်းရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ အရာဝတ္ထု ရှိရိုးမှန်လျှင် မြင်ရ၏။ မရှိလျှင် မမြင်ရ။ ဤသဘောကို အလင်းရောင်ဖြင့် သက်သေပြခြင်းဟု ဆို၏။ သို့ဖြစ်လျှင် အလင်းရောင် ရှိ မရှိကိုမူ မည်သို့ သက်သေပြမည်နည်းဟု စူးစမ်းကြည့်သောအခါ မိမိကိုယ်ကို မိမိကပင် သက်သေပြ၏။ သက်သေပြစရာ အခြား အရာဝတ္ထုတစ်မျိုး မလိုကြောင်း တွေ့ရ၏။ ထို့ကြောင့် မိမိကိုယ်ကို မိမိကပင် ပြန်၍ သက်သေပြနိုင်သော သဘောကို "သယံသိဒ္ဓ" ဟူ၍ ဆို၏။ (**သယံ** = မိမိဘာသာ မိမိ၊ **သိဒ္ဓ** = သက်သေပြပြီးသော သဘော) ဟူသော အနက်သည် "သယံသိဒ္ဓ" ပုဒ်၏ မူရင်းအနက် ဖြစ်၏။

မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၉ ရက်တိုင်တိုင် ဗုဒ္ဓဂါယာရှိ မဟာဗောဓိပင်၏ ပတ်ဝန်းကျင်၌ ဝိမုတ္တိသုခကို ခံစားတော်မူ၏။ ထို့နောက် မိဂဒါဝုန်သို့ ကြွ၍ ပဉ္စဝဂ္ဂီငါးပါးတို့အား ဟောကြားတော်မူသော တရားမှာ ဓမ္မစက္က ပဝတ္တနသုတ် ဖြစ်၏။ ဟောကြားတော်မူသော အချိန်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့၊ နေက အဝင်၊ လက အထွက် အချိန်ဖြစ်၏။ ဓမ္မစက္က ပဝတ္တနသုတ်ကို ဓမ္မစကြာဒေသနာ ဟူ၍လည်း ခေါ်ကြ၏။

ဓမ္မစကြာတရားတော်ကို ပဉ္စဝဂ္ဂီငါးပါးတို့အား ဟောကြားသော်လည်း ထိုနေ့တွင် အရှင်ကောဏ္ဍညသာ သောတာပန် ဖြစ်၏။ ကျန်လေးပါးကား သောတာပန် မဖြစ်ချေ။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် ဝပ္ပ၊ နှစ်ရက်နေ့တွင် ဘဒ္ဒိယ၊ သုံးရက်နေ့တွင် မဟာနာမ်၊ လေးရက်နေ့တွင် အဿဇိ တို့သည် အသီးသီး

သောတာပန် ဖြစ်ကြ၏။ ပထမနေ့တွင်သာ ငါးပါးလုံးကို တစ်ပြိုင်နက် ဟော ကြားခြင်း ဖြစ်သော်လည်း နောက်နေ့များတွင်မူ လေးပါးက ဆွမ်းခံ၍ ကျန်တစ်ပါး ကို ဆွမ်းခံချိန်၌ မြတ်စွာဘုရားက လက်တွေ့ ဟောကြားတော်မူခြင်း ဖြစ်၏။ လေးပါး ခံလာသော ဆွမ်းကို ခြောက်ပါးက မျှ၍ ဘုဉ်းပေး၏။ ဤနည်းအားဖြင့် အားလုံး တရားထူးကို ဆွမ်းခံချိန်အတွင်း၌ပင် ရ၍ သောတာပန် ဖြစ်ကြ၏။

ဓမ္မစကြာတရားတော်အရ အစွန်းနှစ်ပါးကို ရှောင်ရန် အရေးကြီး၏။ ပထမ အစွန်းမှာ ကာမသုခလ္လိကနုယောဂ အစွန်း ဖြစ်၏။ ချမ်းသာသုခကို ရှာရာတွင် မိမိ၏ စိတ်ကို နှိပ်ကွပ်ခြင်း မရှိဘဲ မိမိ ရှာချင်သလို ရှာသောနည်း ဖြစ်၏။ ယင်းရှာနည်းသည် ယုတ်ညံ့၏။ မမြင့်မြတ်။ အကျိုးမဲ့ကို ဖြစ်စေ၏။ အမှန်အားဖြင့် ဤရှာနည်းသည် ပတ်ဝန်းကျင်ကို များစွာ အနှောင့်အယှက် ပြုသဖြင့် ယုတ်လည်း ယုတ်ညံ့၏။ မြင့်မြတ်သော အကျိုးကို ရဖို့ကား ဝေးသေး ၏။ သို့ရာတွင် ထိုအစွန်းနှစ်ပါးကို လမ်းမှန်ဟု ထင်သူများသည် အားကောင်း လှ၏။ ချမ်းသာသုခ ရဖို့ရန် ယဇ်ပူဇော်ခြင်း "ယည"နည်းသည် ဤကာမသုခလ္လိ ကာ နုယောဂ နည်း၌ ပါဝင်၏။

ဒုတိယအစွန်းမှာ အတ္တကိလမထာနုယောဂ အစွန်းဖြစ်၏။ ချမ်းသာကို ရှာဖွေရာတွင် မိမိစိတ်ကို အတင်းအဓမ္မ နှိပ်ကွပ်ခြင်းဖြင့် ရှာသောနည်း ဖြစ်၏။ ယင်းနည်းသည် ဆင်းရဲ၏။ မမြင့်မြတ်။ အကျိုးမဲ့ကိုပင် ဖြစ်စေ၏။ ဤရှာနည်း သည် စိတ်၏ ထွက်ပေါက်ကို ဖြစ်ချင်သလို ဖြစ်စေတတ်သောကြောင့် စိတ္တဇ ဝေဒနာကို ဖြစ်စေတတ်၏။ အမှန်အားဖြင့် ဤရှာနည်းသည် ချမ်းသာသုခကို ရဖို့ရန် ပြင်းထန်သော တပအကျင့်ဖြင့် ရှာနည်း ဖြစ်၏။

ဤရှာနည်းနှစ်မျိုးလုံးသည် အရိယာသစ္စာကို ရဖို့ရန် ကောင်းမွန်မှန်ကန် သော နည်းများ မဟုတ်ကြောင်း မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးပါးတို့အား ဟော ကြားတော်မူ၏။ စိတ်ကို အထိန်းအကွပ်မဲ့ လွှတ်ပေးခြင်းလည်း မကောင်း၊ အတင်း အဓမ္မ ချုပ်တည်းခြင်းလည်း မကောင်း၊ နှစ်မျိုးလုံး အစွန်းတရားချည်း ဖြစ်သည်။

အရိယသစ္စာကို ရဖို့ရန် မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါနည်းကို သုံး တော်မူ၏။ မဇ္ဈိမပဋိပဒါနည်းသည် မြတ်စွာဘုရားရှင်တို့သာ တွေ့ရှိတော်မူသော နည်း ဖြစ်၏။ ယင်းနည်းကို လောကဉပမာဖြင့် ဆိုရလျှင်–

ပန်းပွင့်တစ်ပွင့်ကို ခူးမည်ဆိုပါက ပထမဦးစွာ ပန်းပင်ပေါ်၌ ပန်းပွင့်ကို တွေ့အောင် ရှာရမည်။ ထို့နောက် မာသော မြေနေရာကို ရှာရမည်။ ထို့နောက် မာသော မြေနေရာ၌ လှေကားကို ထောင်ရမည်။ ထို့နောက် တက်ခူးရမည်။ ထို့နောက် ပန်းပွင့်ကို ဟိုဘက် ဒီဘက် အထက်အောက် လှန်၍ ကြည့်ရမည်။

ထို့နောက် ပန်းပွင့်နှင့် ပတ်သက်၍ အကောင်းအဆိုး ဆုံးဖြတ်ရမည်။ ထိုနည်းအတူပင် ပန်းပွင့်ကို တွေ့အောင်ရှာခြင်းနှင့် တရားအာရုံကို တွေ့အောင်ရှာခြင်းသည် တူ၏။ ယင်းကို သမ္မာသတိဟု ဆို၏။ မာသောမြေနေရာနှင့် သီလသည် တူ၏။ သီလတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ ပါဝင်၏။ လှေကားထောင်ခြင်းနှင့် ဝီရိယသည် တူ၏။ ယင်းကို သမ္မာဝါယာမဟု ဆို၏။ ပန်းခူးခြင်းနှင့် တရားအာရုံကို ရအောင် ယူခြင်းသည် တူ၏။ ယင်းကို သမ္မာသမာဓိဟု ဆို၏။ ပန်းပွင့်ကို ဟိုဘက်ဒီဘက် ထက်အောက်လှန်ခြင်းနှင့် တရားအာရုံကို ကြံစည်ခြင်း ဝိတက်သည် တူ၏။ ယင်းကို သမ္မာသင်္ကပ္ပဟု ဆို၏။ ပန်းပွင့်အပေါ် ကောင်း မကောင်း ဆုံးဖြတ်ခြင်းနှင့် တရားအပေါ် နိစ္စလား၊ အနိစ္စလား၊ သုခလား၊ ဒုက္ခလား၊ အတ္တလား၊ အနတ္တလား ဟူ၍ အမှန်အကန်သိအောင် ကြည့်မြင်သော ဉာဏ်သည် တူ၏။ ယင်းကို သမ္မာဒိဋ္ဌိဟု ဆို၏။ မဇ္ဈိမပဋိပဒါနည်းကို မဂ္ဂင်ရှစ်ပါးဟုလည်း ဆို၏။ မဇ္ဈိမပဋိပဒါတွင်လည်း စိတ်ကို နှိပ်ကွပ်သည့်သဘောသည် ပါဝင်၏။ သို့ရာတွင် အစွန်းကျင့်စဉ်များ၌လို စိတ်ကို ပုဂ္ဂိုလ် (အတ္တ)အနေဖြင့် နှိပ်ကွပ်ခြင်းမျိုး မဟုတ်၊ ဓမ္မ (အနတ္တ)အနေဖြင့် သူ့ဟာသူ နှိပ်ကွပ်ခြင်းမျိုးသာ ဖြစ်၏။

ဤနည်းအားဖြင့် ပဥ္စဝဂ္ဂီငါးပါးတို့သည် ဓမ္မစကြာတရားကို နာကြားရသောအခါ သောတာပန်များ ဖြစ်ကြ၏။ မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့၌ အနတ္တလက္ခဏာသုတ်တော်ကို နာကြားရသောအခါ အားလုံး ပေဟိဘိက္ခု ရဟန္တာ ဖြစ်ကြ၏။ အနတ္တလက္ခဏာသုတ်တော်အရ အတ္တဟူသည် တကယ်တမ်းရှိသော သဘောမျိုး မဟုတ်။ ဓာတုဗေဒ သဘောအရ ဟိုက်ဒြိုဂျင်နှစ်ဆနှင့် အောက်ဆီဂျင်တစ်ဆတို့ ပေါင်းစပ်သောအခါ ရေဖြစ်၏။ သို့ရာတွင် ထိုရေသည် ဟိုက်ဒြိုဂျင်၌လည်း မရှိ၊ အောက်ဆီဂျင်၌လည်း မရှိ၊ နှစ်ခုပေါင်းမှ ဖြစ်လာသော အရာဝတ္ထု ဖြစ်၏။

ခေမကသုတ္တန်အရ ဆိုလျှင်လည်း ပွင့်ချပ်၊ ပွင့်ဆံ၊ ပွင့်ဖတ်၊ ပွင့်မှုန်တို့ ပေါင်းစပ်လိုက်သောအခါ ပန်းဖြစ်၏။ သို့ရာတွင် ထိုရနံ့သည် ပွင့်ချပ်၌လည်း မရှိ၊ ပွင့်ဆံ၌လည်း မရှိ၊ ပွင့်ဖတ်၌လည်း မရှိ၊ ပွင့်မှုန်၌လည်း မရှိ၊ အားလုံး ပေါင်းလိုက်မှ ဖြစ်ပေါ်လာသော အရာဝတ္ထုဖြစ်၏။ ပေါင်းဆုံရာ၌လည်း တစ်ဖန်ပြန်လည်၍ ခွဲမရကောင်းသော ပေါင်းနည်းမျိုးဖြင့် ပေါင်းထားခြင်း ဖြစ်၏။

ထိုနည်းအတိုင်းပင် ခန္ဓာတို့ကို ပေါင်းလိုက်မှသာလျှင် အတ္တသည် ဖြစ်ပေါ်လာရ၏။ ထိုအတ္တသည် ခန္ဓာတစ်ပါးစီ၌ မရှိ၊ အားလုံးပေါင်းလိုက်မှ ဖြစ်ပေါ်လာသော အရာဝတ္ထု ဖြစ်၏။ ထို့ကြောင့် မူလက မရှိဘဲ နောက်မှ ဖြစ်ပေါ်လာသော

ကြောင့် သာလျှင် အတ္တ သို့မဟုတ် "သတ္တဝါစာတ်"ကို ပယ်ဖျက်၍ ရခြင်း ဖြစ်၏။ အတ္တ သို့မဟုတ် "သတ္တဝါစာတ်" မရှိတော့မှသာ သတ္တဝါ မဟုတ်တော့ သဖြင့် သံသရာမှ လွတ်မြောက်ပြီး ရဟန္တာ ဖြစ်လေ၏။ ရဟန္တာဟူသည် သတ္တဝါ မဟုတ်တော့သော်လည်း သတ္တဝါ ဟူ၍ပင် ဆိုရသေးသည်။ ယင်းကို "ဘူတပုဗ္ဗ ဂတိက"နည်းဟု ဆို၏။ ရှေး၌ ဖြစ်ခဲ့ဖူးသည့်အတိုင်း လိုက်၍ ဆိုသောနည်း ဖြစ်၏။

အနတ္တလက္ခဏသုတ်ဖြင့် ဤသို့ ပဉ္စဝဂ္ဂီတို့အား သင်ပေးလေရာ ပဉ္စဝဂ္ဂီ တို့ အားလုံး ရဟန္တာ ဖြစ်ကြခြင်း ဖြစ်၏။ ထို့နောက် ယသသူဌေးသား အမှူးပြု သော သူငယ်ချင်း ၅၅ ယောက်တို့သည်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် "ဧဟိ ဘိက္ခု" ရဟန္တာ ဖြစ်ကြ၏။ မြတ်စွာဘုရား၏ ပထမ ဝါ အတွင်း၌ပင် မိဂဒါဝုန်၌ အားလုံး ရဟန္တာပေါင်း ၆၀ ရှိလာကြ၏။ မြတ်စွာ ဘုရား၏ သာသနာတော်၌ ရတနာသုံးပါး စုံချေပြီ။

## အခန်း ( ၃ )

### ရတနာသုံးထွေ စုံလေပြီ

**မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဥ့်၏ နောက်ဆုံးယံ၌ သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ လောကသုံးပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဘုရားအဖြစ်သို့ ရောက်ခြင်း ဟူသည်မှာ လောကသုံးပါး၌ အကြီးဆုံး၊ အမြတ်ဆုံး၊ အမြင့်ဆုံးအားဖြင့် အနိုင်းမဲ့အဖြစ်သို့ ရောက်ခြင်းပင် ဖြစ်၏။**

ဘုရားအဖြစ်သို့ ရောက်ရန်အရေးကား လွယ်ကူသည် မဟုတ်။ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ရတော်မူချိန်မှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သဗ္ဗညုတဉာဏ်မျိုးစေ့ကို စိုက်ပျိုးခဲ့ရ၏။ ထိုမျိုးစေ့သည် စတင် စိုက်ပျိုးချိန်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလ ကြာမှ အပင်ပေါက်၏။ ထိုအပင်ကား "သဗ္ဗညုတဉာဏ်"အပင် ဖြစ်၏။

သဗ္ဗညုတဉာဏ် အပင်ပေါက်ရန်အတွက် ပေါ့ပေါ့ဆဆနေ၍ ရသည် မဟုတ်။ ပေါင်းသင်ရ၏။ ရေလောင်းရ၏။ မြေဩဇာ ထည့်ရ၏။ ပေါင်းသင်ခြင်း၊ ရေလောင်းခြင်း၊ မြေဩဇာ ထည့်ခြင်း ဟူသည်မှာ ပါရမီတော်ဆယ်ပါးကို ဖြည့်ကျင့်ခြင်းပင် ဖြစ်၏။ ထိုသို့ ဖြည့်ကျင့်ရာတွင် အပင်တိုးတက်ဖြစ်ထွန်းမှု ရှိမရှိကို သဒ္ဓါနှင့် ပညာတို့ဖြင့် ကြည့်ရ၏။ ရေနှင့် မြေဩဇာတို့ အယုတ်အလွန် ရှိ မရှိကို ဝီရိယနှင့် သမာဓိတို့ဖြင့် ကြည့်ရ၏။ ဤသို့ ကြည့်ခြင်းကို ဣန္ဒြေတို့ ညီမျှအောင် အားထုတ်ခြင်းဟူ၍ ဆို၏။ ဤသို့ ဆောင်ရွက်ခြင်းကြောင့်သာ သမ္မာသမ္ဗောဓိပတ္ထနာ တည်းဟူသော မျိုးစေ့မှ သမ္မာသမ္ဗောဓိ (ဝါ) သဗ္ဗညုတဉာဏ်တော် တည်းဟူသော အပင်ပေါက်ခြင်း ဖြစ်ပါ၏။

ကံသည် မျိုးစေ့နှင့် တူ၏။ သဒ္ဓါနှင့် ပညာသည် အပင်ပေါက်ခြင်း ရှိမရှိကို ကြည့်ရသည်နှင့် တူ၏။ ဝီရိယနှင့် သမာဓိသည် ရေနှင့် မြေဩဇာတို့ အယုတ်အလွန် ရှိ မရှိကို ကြည့်ရခြင်းနှင့် တူ၏။ သတိကား အမြဲတစေ အပင်၏

အခြေအနေကို ကြည့်ရခြင်းနှင့် တူ၏။ သတိနှင့် ကြည့်ပြီးမှ သဒ္ဓါနှင့် ပညာတို့သည် လည်းကောင်း၊ ဝီရိယနှင့် သမာဓိတို့သည် လည်းကောင်း မိမိတို့၏ တာဝန်ကို ဆောင်ရွက်ကြခြင်း ဖြစ်လေရာ သတိသည် လုပ်ငန်းတိုင်း၌ ပါရ၏။

ဤနေရာ၌ ပါရမီကုသိုလ်ကို ပြုခြင်းသည်ကား ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာထည့်ခြင်းတို့နှင့် တူ၏။ ဘုရားဆုကို တောင်းခြင်းသည် မျိုးစေ့ကို စိုက်ပြီးခြင်းနှင့် တူ၏။

မျိုးစေ့နှင့်တူသော ကံကို ပြုရာတွင် ပြုနည်းလေးမျိုး ရှိ၏။ ဂုဏ်ပကာသနကို အလေးအနက်ထား၍ ပြုသည်လည်း ရှိ၏။ ဂုဏ်ပကာသနကို အလေးအနက်ထား၍ ပြုပါက မိမိလိုလားသည့်အတိုင်း ဂုဏ်ပကာသနကို ရပါ၏။ ထို့ထက် မပိုတော့ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ၌ ဆို၏။ ထို့အပြင် လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်ကို တောင့်တ၍ ပြုသည်လည်း ရှိ၏။ ထိုသို့ပြုပါက မိမိတောင့်တသည့်အတိုင်း လူမင်း ဖြစ်၏၊ နတ်မင်းဖြစ်၏၊ ဗြဟ္မာမင်း ဖြစ်၏။ ထို့ထက် မပိုတော့ချေ။ သူတောင့်တသည်ကလည်း ထိုမျှသာ ဖြစ်၏။ ထို့အပြင် မည်သည့်အကျိုးကိုမျှ မျှော်လင့်ခြင်း မရှိဘဲ မိမိ၏ လူ့ဘဝ လူ့တာဝန်အနေဖြင့် ကောင်းမှုပြုခြင်းလည်း ရှိ၏။ အမှန်အားဖြင့် လူ့ဘဝ ဟူသည်မှာ လောကအတွက် ယဇ်ပူဇော်စရာ ယဇ်ပစ္စည်း "ယည"သာ ဖြစ်၏။

မိမိအနေဖြင့် ကောင်းမှုပြုခွင့်ရ၍ ကောင်းမှု ပြုရခြင်း၌သာ ကျေနပ်၏။ နောက်ထပ် တစ်စုံတစ်ရာသော အကျိုးကို မျှော်ကိုးခြင်း မရှိ။ ဤသို့သော ခံယူချက်ဖြင့် ကောင်းမှုကို ပြုပါက ထိုကောင်းမှုသည် ပါရမီ ဖြစ်၏။ ထိုပါရမီသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ကို တောင့်တသည် ဖြစ်စေ၊ မတောင့်တသည် ဖြစ်စေ "ဝါနတော နိက္ခန္တံ" အရ အကျိုးအနေဖြင့် ပေး၏။ ဘာကိုမျှ မတောင့်တခြင်း ဟူသည် "လောဘ"ကို သတ်ခြင်းပင် ဖြစ်၏။ လောဘကို သတ်ရုံမျှ၌သာ ကျေနပ်ခြင်း ဖြစ်ပြီး အခြားသော သမ္မာသမ္ဗုဒ္ဓ၊ အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်ရန် တောင့်တမှု ပဏိဓိ မရှိသဖြင့် ထိုပါရမီ ကုသိုလ်မျိုးသည် "ပကတိသာဝက" အဖြစ်မျိုးကို ပေးမည် ဖြစ်၏။

နောက် ကောင်းမှုပြုနည်း တစ်မျိုးကား တတိယ ကောင်းမှုပြုနည်းနှင့် အတူတူပင် ဖြစ်၏။ သို့ရာတွင် ထို၌ ထူးခြားမှုကား ရှိ၏။ ထိုထူးခြားမှုကား လောဘကို သတ်ရာ၌ တောင့်တမှု ပဏိဓိ ပါဝင်၏။ ထိုတောင့်တမှုအလိုက် သမ္မာသမ္ဗုဒ္ဓလည်း ဖြစ်နိုင်၏။ အဂ္ဂသာဝကလည်း ဖြစ်နိုင်၏။ မဟာသာဝကလည်း ဖြစ်နိုင်၏။ ကောင်းမှုပြုစဉ်က သူ၏ တောင့်တမှုအတိုင်းပင် ဖြစ်လေသည်၊

တောင့်တမှု ပဏိဓိ ရှိရုံမျှနှင့်တော့ ဖြစ်သည် မဟုတ်။ လိုအပ်သော အချိန်ကာလ အပိုင်းအခြားကို ပြည့်အောင် ပါရမီများကို ဖြည့်ရ၏။ ဤသို့ ဖြည့်ရခြင်းသည်လည်း မိမိတောင့်တသော "ဆု"ကို ရနိုင်ဖို့ရန် လိုအပ်သော အင်္ဂါရပ်အနေဖြင့် မဖြည့်လျှင် မဖြစ်သောကြောင့် ဖြည့်ရခြင်း ဖြစ်၏။ ဤသို့လျှင် သိဒ္ဓတ္ထမင်းသားသည် စတုတ္ထကောင်းမှုပြုနည်းအရ ကောင်းမှုကို ပြုခဲ့ပြီး သမ္မာသမ္ဗုဒ္ဓ ဖြစ်ရန် တောင့်တ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီများကို ဖြည့်ခဲ့၏။ ထို့ကြောင့်လည်း ပါရမီများ ပြည့်သောအခါ သဗ္ဗညုတဉာဏ်တော် အရှင်အဖြစ်သို့ ရောက်တော်မူခဲ့ခြင်း ဖြစ်၏။

ကောင်းမှုပြုနည်း လေးမျိုးတွင် ပထမ ကောင်းမှုပြုနည်း နှစ်မျိုးမှာ ဘဝ စည်ပင်ရေးကို ရှေးရှု၍ ပြုသော ကောင်းမှုပြုနည်း ဖြစ်၏။ ထိုကောင်းမှုပြုနည်းအတိုင်း ပြုခဲ့လျှင် အနုသယလောဘအပေါ် အခြေခံသော ကောင်းမှုဖြစ်သဖြင့် ပဋိစ္စသမုပ္ပါဒ် အနုလုံအတိုင်း သံသရာလည် အကျိုးတရားများသည် ဖြစ်ပေါ်လာရ၏။ အရပ်သုံးဝေါဟာရဖြင့်ဆိုရလျှင် လိုချင်၍ ရသော အကျိုးများ ဖြစ်၏။ နောက် ကောင်းမှုပြုနည်း နှစ်မျိုးမှာ ဘဝချုပ်ငြိမ်းရေးကို ရှေးရှု၍ ပြုသော ကောင်းမှုပြုနည်း ဖြစ်၏။ ထိုကောင်းမှုပြုနည်းအတိုင်း ပြုခဲ့လျှင် အနုသယလောဘကို ပယ်သတ်မှုအပေါ် အခြေခံသော ကောင်းမှုဖြစ်သဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလုံအတိုင်း သံသရာပြတ် အကျိုးတရားများသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ အရပ်သုံး ဝေါဟာရဖြင့် ဆိုရလျှင် မလိုချင်ဘဲ ရသော အကျိုးများ ဖြစ်၏။

လိုချင်၍ ရသောအကျိုးနှင့် မလိုချင်ဘဲ ရသောအကျိုးတို့ ခြားနားချက်သည် ရှိ၏။ လိုချင်၍ ရသောအကျိုး၌ ပဋိစ္စသမုပ္ပါဒ် အနုလုံအတိုင်း သောကသည် တိတ်တခိုး ပါဝင်လာ၏။ အဘယ်ကြောင့်ဆိုသော် မိမိ ရထားသော အကျိုး မပျောက်ပျက်သွားရလေအောင် အမြဲတမ်း ထိန်းသိမ်းနေရသောကြောင့် ဖြစ်၏။ ပျောက်ပျက်သွားမှာကို အမြဲတမ်း စိုးရိမ်နေရသောကြောင့် ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းမှာ ပဋိစ္စသမုပ္ပါဒ် အနုလုံနည်းအတိုင်း ရသောအကျိုး ဖြစ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် အနုလုံနည်းကို သံသရာ စက်ရဟတ် ပြတ်ထွက်မသွားရအောင် ဆောင်ရွက်သောနည်းဖြစ်၍ မိစ္ဆာပဋိပဒါ ဟူ၍ ဆိုရ၏။

မလိုချင်ဘဲ ရသောအကျိုး၌ ပဋိစ္စသမုပ္ပါဒ် ပဋိလုံအတိုင်း သောကသည် တိတ်တခိုး ပါဝင်နိုင်ခြင်း မရှိ။ အဘယ်ကြောင့်ဆိုသော် မိမိ ရထားသော ဘဝသမ္ပတ္တိကို မိမိအနေဖြင့် လုံးဝလိုချင်ခြင်း မရှိသောကြောင့် ထိုဘဝသမ္ပတ္တိ ပျောက်သွားမှာကို မစိုးရိမ်သည့်အပြင် တမင်တကာပင် မပျောက်လျှင် ပျောက်အောင် အားထုတ်နေရသောကြောင့် ဖြစ်၏။ သို့ဖြစ်၍သာ သောက မဝင်ဘဲ နေနိုင်ခြင်း

ဖြစ်၏။ သောက မဝင်နိုင်ခြင်းသည်လည်း ပဋိစ္စသမုပ္ပာဒ် ပဋိလုံနည်းအတိုင်း ရသော သံသရာပြတ် အကျိုးဖြစ်သောကြောင့် ဖြစ်၏။

ကံနှင့် ပတ်သက်၍ ဆိုရလျှင် လိုချင်သဖြင့် ရနိုင်သော အကျိုးများမှာ လူမင်း၊ စကြဝတေးမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ ဖြစ်ကြ၏။ ကံသည် ထိုအကျိုးများကို ပေးပြီးနောက် ကုန်၏။ မလိုချင်ဘဲ ရသော အကျိုးများမှာ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓတို့ ဖြစ်ကြ၏။ ကံသည် ထိုအကျိုးများကို မပေးရမချင်း မကုန်ချေ။ ထိုအကျိုးနှစ်မျိုးတွင် မည်သည့် အကျိုးက မြတ်သည်ဟု သင် ထင်ပါသနည်း။ မည်သည့်အကျိုးကို သင် တန်ဖိုး ထားပါသနည်း။ ထိုအကျိုးနှစ်မျိုးတွင် လူမင်း၊ စကြဝတေးမင်း၊ နတ်မင်း၊ ဗြဟ္မာ မင်း ဖြစ်ရသော အကျိုးမှာ ပဋိစ္စသမုပ္ပာဒ် အနုလုံအရ "အနုသယ လောဘ" ပွားစီးခြင်းအပေါ် အခြေခံ၍ ရသော အကျိုးများ ဖြစ်ကြ၏။ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေက ဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓတို့ ဖြစ်ရသောအကျိုး မှာ ပဋိစ္စသမုပ္ပာဒ် ပဋိလုံအရ "အနုသယလောဘကို ပယ်သတ်ခြင်း" အပေါ် အခြေခံ၍ ရသော အကျိုးများ ဖြစ်ကြ၏။

ပဋိစ္စသမုပ္ပာဒ် အနုလုံကို မိစ္ဆာပဋိပဒါဟူ၍ ဆိုရ၏။ ထိုပဋိပဒါအရ ကောင်းမှုပြုခြင်းကိုကား မြတ်စွာဘုရား ပွင့်တော်မမူသော်လည်း "အစုန်ဓမ္မတာ" အနေဖြင့် လူတို့သည် ပြုတတ်ကြ၏။ ထို့ကြောင့် ထိုကောင်းမှုမျိုးကို ပါရမီ ကုသိုလ်ဟူ၍ မဆိုရဘဲ ရိုးရိုးသာမန် ကာမာဝစရကုသိုလ် ဟူ၍သာ ဆိုရ၏။ ပဋိစ္စပမုပ္ပာဒ် ပဋိလုံကို သမ္မာပဋိပဒါ ဟူ၍ ဆို၏။ ထိုပဋိပဒါအရ ကောင်းမှုပြု ခြင်းကိုကား မြတ်စွာဘုရား ပွင့်တော်မူမှ၊ မြတ်စွာဘုရား ဟောကြားတော်မူမှ သိရပြီး "အဆန်ဓမ္မတာ"အနေဖြင့် လူတို့သည် ပြုတတ်ကြ၏။ ထို့ကြောင့် ထိုကောင်းမှုမျိုးကို ပါရမီကုသိုလ် ဟူ၍ ဆိုရ၏။

ကောင်းမှုနှစ်မျိုးတွင် ပါရမီကုသိုလ်ဖြစ်သော ကောင်းမှုမျိုးကိုသာ သိဒ္ဓတ္ထ မင်းသားသည် သုမေဓာရှင်ရသေ့ ဘဝမှစ၍ ပြုတော်မူခဲ့၏။ ကာလအားဖြင့် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ကြာမြင့်ခဲ့၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် ပဋိစ္စသမုပ္ပာဒ် အနုလောမ လမ်းစဉ်အရ ကောင်းမှုတို့ကို မပြုဘဲ ပဋိစ္စသမုပ္ပာဒ် ပဋိလောမ လမ်းစဉ်အရသာ ကောင်းမှုတို့ ကို ပြုပါသော်လည်း လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ် တို့ကို အခြံအရံ အစွယ်အပွားအနေဖြင့် မလွဲမသွေ ရခဲ့လေသည်။ သံသရာမှ လွတ်မြောက်ရေး အတွက် ရည်စူး၍ ကောင်းမှုပြုကြသူများအတွက် သံသရာစည်းစိမ်သည် အခြံ အရံ အစွယ်အပွားအနေဖြင့် မလွဲမသွေ ဖြစ်ပေါ်လာရ၏။ သဘောအားဖြင့်

ဆိုရလျှင်လည်း သံသရာမှ လွတ်မြောက်ရေးအတွက် ကောင်းမှုပြုသူများကို ဒုဂ္ဂတိဘုံသို့ ပစ်ချ၍လည်း မဖြစ်၊ အကယ်၍ ပစ်ချလျှင်လည်း ကောင်းမှုက ကမ္မနိယာမအရ ခံလိမ့်မည် မဟုတ်။ ထို့ကြောင့် သုဂတိဘုံသို့သာ မလွဲမသွေ သွားရမည် ဖြစ်၏။ မလိုချင်ဘဲနှင့် ရသော ကောင်းမှု၏ အကျိုးသည် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်လေ၏။ သံသရာစည်းစိမ်ကို မလိုချင်ပါဘဲလျက် ကမ္မနိယာမ အရ မယူမနေရ သဘောဖြင့် ယူရ၏။

ပါရမီ ပြည့်သောအခါ သိဒ္ဓတ္ထမင်းသားသည် တုသိတာဘုံ၌လည်း မလိုချင် ပါဘဲလျက် နတ်သား ဖြစ်ရ၏။ မယ်တော် မာယာဒေဝီ၏ ဝမ်း၌လည်း မလိုချင်ပါဘဲလျက် မင်းသား ဖြစ်ရ၏။ ဤသို့ဖြစ်ရခြင်းသည် ရွှံ့စရာ ကောင်းလှသော အကောင်ပုပ်ကို မတွယ်ချင်ဘဲနှင့် တွယ်၍ သမုဒ္ဒရာ၏ တစ်ဖက်ကမ်းသို့ ကူးရသူနှင့် တူပါ၏။ နောက်ဆုံး၌ သိဒ္ဓတ္ထမင်းသားအား စကြဝတေးမင်း၏ စည်းစိမ်ကိုပင် ပေး၏။ သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် ဤတစ်ကြိမ်တွင်တော့ စကြဝတေးမင်း၏ စည်းစိမ်ကို လက်မခံဘဲ အတင်းအဓမ္မ ရုန်းထွက်ကာ သဗ္ဗညုတ ဉာဏ်တော်ကိုသာ ရအောင် ယူခဲ့၏။ ဤဉာဏ်တော်ကို ရည်စူး၍သာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီကုသိုလ်များကို ပြုခဲ့ခြင်း ဖြစ်၏။ ထိုကုသိုလ်ကံများကလည်း လိုအပ်သော အကျိုးကို မပေးရသေး၍ အဟောသိကံ မဖြစ်ခဲ့။ ယခု အချိန်စေ့ရောက်၍ ဤဉာဏ်တော်ကို ရချေပြီ။

သိဒ္ဓတ္ထမင်းသားသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို မဟာဗောဓိမဏ္ဍိုင်၌ ရတော်မူပြီ။ သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီ။ ထို့နောက် မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ပင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှစ၍ ဝါဆိုလဆန်း ၁၄ ရက်နေ့အထိ သီတင်းသုံး စံနေတော်မူ၏။ ထိုကာလအတွင်း၌ မြတ်စွာဘုရားသည် ဝိမုတ္တိသုခသက်သက်ကိုသာ ခံစားတော်မူပြီး ဝေနေယျ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူခြင်း မပြုသေးကြောင်း တွေ့ရ၏။ ထိုနှစ် ဝါဆိုလပြည့်နေ့မှစ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူသော ကာလအထိ နှစ်ပေါင်း ၄၅ နှစ်တိုင်တိုင် လောက၏ အစီးအပွားအတွက် မနားမနေ ဆောင်ရွက်တော်မူ၏။

လောက၏ အစီးအပွားကို ဆောင်ရွက်ခြင်း ဟူသည်မှာ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ရေးအတွက် ဝေနေယျများအား သူတို့၏ စရိုက်၊ သူတို့ဣန္ဒြေ အနုအရင့်အားလျော်စွာ တရားဒေသနာများကို ဟောကြားတော်မူပြီး မြတ်သောအကျင့် ဗြဟ္မာ့စရိယကို ကျင့်တတ်အောင် သွန်သင်ခြင်း ဖြစ်၏။

စကြဝတေးမင်း ချမ်းသာ၊ နတ်မင်းချမ်းသာ၊ ဗြဟ္မာမင်းချမ်းသာထက် အရိယာတို့၏ ချမ်းသာက အတိုင်းအဆ မရှိ သာလွန်ကြောင်း မြတ်စွာဘုရားက လက်တွေ့ ပြတော်မူခဲ့၏။ အမှန်အားဖြင့် ဝေနေယျတို့သည် အရိယာတို့၏ ချမ်းသာကို မခံစားဖူးသေးသည့်အတွက် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာကိုသာ အဟုတ်ကြီး ထင်နေကြခြင်း ဖြစ်၏။ ယခု မြတ်စွာဘုရားက မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို လက်တွေ့ပြလိုက်ရာ ဝေနေယျ တို့သည် ယခုတော့ လောကီချမ်းသာနှင့် လောကုတ္တရာချမ်းသာတို့၏ ခြားနားခြင်း ကို သိကြပြီ။ လောကီချမ်းသာ၏ ဝမ်းဗိုက်ထဲတွင် သောကသည် ပါ၏။ လောကုတ္တရာချမ်းသာ၏ ဝမ်းဗိုက်ထဲတွင် သောကသည် မပါဝင်ချေ။ ဤသို့ ဝေနေယျတို့ သိကြလေပြီ။

ထိုသို့ သိရာတွင် အစအဆုံး သိသူများမှာ ပဥ္စဝဂ္ဂီငါးဦးတို့ ဖြစ်ကြ၏။ ထို့နောက် ယသသူဌေးသားနှင့် မိတ်ဆွေ ၅၄ ယောက်တို့ပါ သိကြ၏။ ထိုအချိန် တွင် "ဧဟိ ဘိက္ခု"ဖြင့် ရဟန်းတော် စုစုပေါင်း ခြောက်ဆယ် ရှိလေပြီ။ ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်တို့ဖြင့် ရဟန္တာ ဖြစ် အောင် မြတ်စွာဘုရားက သွန်သင်တော် မူခဲ့၏။ သွန်သင်သည့် အတိုင်းလည်း ပဥ္စဝဂ္ဂီငါးဦးတို့သည် ရဟန္တာ ဖြစ်ကြ၏။ ဝိမုတ္တိသုခကို ခံစားကြ၏။ ယသသူဌေး သားနှင့် အဖော် ၅၄ ယောက်တို့အား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ စသည်တို့ဖြင့် ရဟန္တာဖြစ်အောင် မြတ်စွာဘုရားက သွန်သင်တော် မူ၏။ သွန်သင်တော် မူသည့်အတိုင်း ယသနှင့် တကွ သူငယ်ချင်း ၅၄ ယောက် တို့သည် ရဟန္တာ ဖြစ်ကြပြီး ဝိမုတ္တိသုခကို ခံစားကြရလေပြီ။ ယခု မြတ်စွာဘုရား သည် သံဃာအဖွဲ့အစည်းကို ထူထောင်မိပြီ။ ဤလောက၌ ရတနာသုံးပါးတို့ အထင်အရှား ပေါ်ပေါက်လေပြီ။

မြတ်စွာဘုရားသည် ဤသို့ သံဃာအဖွဲ့အစည်းကို တည်ထောင်တော် မူခြင်းမှာ သာသနာတော် အဓွန့်ရှည်စွာ တည်တော်မူပြီး လောက၏ အကျိုးစီးပွား ကို အင်နှင့် အားနှင့် ဆောင်ရွက်တော်မူလိုသောကြောင့် ဖြစ်ပါ၏။ ပထမ ဝါကျွတ် တော်မူလျှင်ပင် မြတ်စွာဘုရားသည် သံဃာအပါး ခြောက်ဆယ်တို့အား ဝေနေယျ တို့ကို ချေချွတ်နိုင်ရေးအတွက် တစ်ပါးလျှင် ခရီးတစ်ကြောင်းကျစီဖြင့် သာသနာပြု ခရီး ထွက်ကြရန် ညွှန်ကြားတော်မူခဲ့ပါ၏။

## အခန်း ( ၄ )
## မဇ္ဈိမဒေသ၌ ဓမ္မပန္နက်ချခြင်း

ပထမဝါတွင် မြတ်စွာဘုရားသည် မိဂဒါဝုန်၌ သံဃာတော် အပါးခြောက်ဆယ်ကို တည်ထောင်တော် မူနိုင်ခဲ့ပြီ ဖြစ်၏။ ဤလောက၌ ဘုရားရတနာလည်း ပေါ်ခဲ့ပြီ။ တရားရတနာလည်း ပေါ်ခဲ့ပြီ။ သံဃာရတနာလည်း ပေါ်ခဲ့ပြီ။ ရတနာသုံးပါး စုံလေပြီ။ ဤရတနာသုံးပါးကား လောကသုံးပါးတွင် အနှိုင်းမဲ့ရတနာများ ဖြစ်ကြ၏။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဤရတနာသုံးပါးကိုသာ အနှိုင်းမဲ့ ရတနာများအဖြစ် နားလည်သဘောပေါက်ပြီး အနှိုင်းမဲ့ ရတနာများ အနေဖြင့် အသုံးပြုတတ်ကြမည် ဆိုပါလျှင် အတိုင်းမသိနိုင်သော ချမ်းသာသုခကို ရရှိကြမည် ဖြစ်၏။

ထိုအချိန်က မြတ်စွာဘုရား၏ တပည့်သား သံဃာတော်ပေါင်း ခြောက်ဆယ်တို့တွင် ပဥ္စဝဂ္ဂီငါးပါးနှင့် ယသသူဌေးသား အမှူးပြုသော ရဟန္တာသူမြတ်ပေါင်း ငါးဆယ့်ငါးပါး၊ စုစုပေါင်း သံဃာတော် ခြောက်ဆယ်တို့ ဖြစ်ကြ၏။ ထိုသူတော်သူမြတ် အားလုံးတို့သည် ရဟန္တာချည်း ဖြစ်ကြ၏။ ထိုရဟန္တာပေါင်း ခြောက်ဆယ်တို့အား လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူ၏။

'ရဟန်းတို့၊ လူအများ၏ အစီးအပွားအလို့ငှာ၊ လူအများ၏ ချမ်းသာသုခအလို့ငှာ တစ်ပါးလျှင် တစ်ကြောင်းတည်းသော ခရီးဖြင့် တရားဟော ထွက်ကြ၊ တစ်ကြောင်းတည်းသော ခရီးဖြင့် နှစ်ပါးအတူ မသွားကြလေနှင့်'

မြတ်စွာဘုရား၏ တရားကား ထူးခြား၏။ အခြားသူမြတ်များ၏ တရားနှင့် မတူ။ မြတ်စွာဘုရား၏ တရားကား သစ္စာလေးပါးတရားတော် ဖြစ်၏။ အခြားသူမြတ်များ၏ တရားကား သစ္စာလေးပါး တရားတော် မဟုတ်ကြ။ ထိုသို့ သစ္စာလေးပါး တရားတော် မဟုတ်ခြင်းမှာလည်း သူတို့အနေဖြင့် သစ္စာလေးပါးကို မသိသောကြောင့် ဖြစ်၏။ သစ္စာလေးပါးကို သိရန်ဆိုသည်မှာလည်း လွယ်ကူသည် မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူပြီး အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်များကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော အနှိုင်းမဲ့ ပုဂ္ဂိုလ်မြတ်တို့က ဟောကြားတော်မူမှသာ ဖြစ်နိုင်၏။ ထို့အပြင် မြတ်စွာဘုရားမှ တစ်ဆင့် သိတော်မူပြီးသော

မြတ်စွာဘုရား၏ တပည့်သာဝကတို့က ဟောကြားတော်မူမှသာ သိနိုင်ခြင်းလည်း ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါး တရားတော်သည် မြတ်စွာဘုရား၏ သာသနာတော်၌သာ ရှိသည်ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။

သဗ္ဗညုတဉာဏ် ဟူသည်မှာ အရေအတွက်အရလည်း အားလုံးကို သိတော်မူ၏။ အရည်အချင်း အရလည်း အားလုံးကို သိတော်မူ၏။ အရေအတွက် အရ အားလုံးကို သိတော်မူခြင်း ဟူသည်မှာ ဤလောက၌ သိစရာ ဟူသမျှ အားလုံးကို မကြွင်းမကျန် သိတော်မူခြင်း ဖြစ်၏။ အရည်အချင်းအရ အားလုံးကို သိတော်မူခြင်း ဟူသည်မှာ သိစရာများ အားလုံးအနက်မှ တစ်ခုစီ တစ်ခုစီကို သိရာ၌လည်း အစမှ အဆုံးအထိ အကြွင်းအကျန် မရှိ သိတော်မူခြင်း ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော် ဟူသည်မှာ သိစရာ အားလုံးကိုလည်း အကြွင်းအကျန် မရှိ သိတော်မူသော၊ တစ်ခုချင်း တစ်ခုချင်းစီကိုလည်း အကြွင်းအကျန် မရှိ သိတော်မူသော ဉာဏ်တော် ဖြစ်၏။

ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ကို အာရုံများနှင့် ပတ်သက်၍ သိရာ၌ အလျားလိုက်လည်း အကြွင်းအကျန် မရှိ သိတော်မူ၏ ဟူ၍ လည်းကောင်း၊ ဒေါင်လိုက်လည်း အကြွင်းအကျန် မရှိ သိတော်မူ၏ ဟူ၍ လည်းကောင်း ဆိုရ၏။ ထို့ကြောင့်သာလျှင် လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ မည်သည့် အာရုံမျိုးကိုပဲ သိသိ မြတ်စွာဘုရား၏ သိတော်မူခြင်းသည် အခြား ပုဂ္ဂိုလ်တို့၏ သိခြင်းနှင့် မတူခြင်း ဖြစ်၏။ မြတ်စွာဘုရားသည် လောကုတ္တရာ တရားကို သိခြင်း၌ ဝါသနာနှင့် တကွ ကိလေသာကို ပယ်နိုင်အောင် သိတော်မူ၏။ အခြား ပုဂ္ဂိုလ်တို့ကား ထိုကဲ့သို့ သိနိုင်ခြင်း မရှိ။

မြတ်စွာဘုရားသည် ရဟန္တာခြောက်ဆယ်တို့အား သိသင့်သိထိုက်သော တရားတော်များကို အားလုံး သင်ကြားပေးပြီးမှ တရားဟောထွက်ကြရန် တာဝန်ပေးလိုက်ခြင်း ဖြစ်၏။ သိသင့်သိထိုက်သော တရား ဟူသည်မှာ သစ္စာလေးပါးပင် ဖြစ်၏။ ထို့ကြောင့် ရှင်အဿဇိသည် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်နှင့် ရာဇဂြိုဟ်တွင် တွေ့သောအခါ ဥပတိဿပရိဗိုဇ်အား သောတာပန် ဖြစ်သွားအောင် သစ္စာလေးပါး တရားတော်မြတ်ကို ဟောကြားတော်မူနိုင်ခြင်း ဖြစ်၏။

ဤလောက၌ မိမိတို့၏ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါက သက်ရှိများကိုလည်း တွေ့၏။ သက်မဲ့များကိုလည်း တွေ့၏။ သက်ရှိများကို ပုဂ္ဂိုလ်များ ဟူ၍ လည်းကောင်း၊ သတ္တဝါများ ဟူ၍လည်းကောင်း ခေါ်ကြ၏။ သက်မဲ့များကိုမူ အရာဝတ္ထုများ ဟူ၍ ခေါ်ကြ၏။ အရာဝတ္ထုများတွင် ဒြပ်ရှိလည်း ပါဝင်၏။

ဒြပ်မဲ့လည်း ပါဝင်၏။ ပရမတ္ထသစ္စာ အမြင်မျိုးဖြင့် ကြည့်ခြင်း မဟုတ်ပါက ထိုအတိုင်းသာ မြင်ရမည် ဖြစ်၏။ ထိုအတိုင်းသာ မြင်နေပါကလည်း ကြည့်သူ၏ သန္တာန်၌ ချစ်ခြင်းဖြစ်စေ၊ မုန်းခြင်း ဖြစ်စေ ထိုနှစ်မျိုးအနက် တစ်မျိုးမျိုးသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ ဤသို့ ဖြစ်လာခြင်းမှာ လောကကို ပပဉ္စ မျက်စိဖြင့် ကြည့်သောကြောင့် ဖြစ်၏။

ပပဉ္စမျက်စိ ဟူသည်မှာ အရာဝတ္ထုကို အရာဝတ္ထုအဖြစ် မမြင်ဘဲ ယင်း၏ ဂုဏ်၊ ယင်း၏ ဝိသေသကိုသာ မြင်သော မျက်စိ ဖြစ်၏။ ဥပမာအားဖြင့် ဆိုရလျှင် လူကို ကြည့်သောအခါ လူကို လူအဖြစ် မမြင်ဘဲ လူကို တရုတ် ဟူ၍ လည်းကောင်း၊ ကုလား ဟူ၍ လည်းကောင်း၊ သူဌေး ဟူ၍ လည်းကောင်း၊ ဆင်းရဲသား ဟူ၍ လည်းကောင်း၊ ကေရာဇ် ဟူ၍ လည်းကောင်း၊ မင်းခစား ဟူ၍ လည်းကောင်း မြင်တတ်သော မျက်စိမျိုး ဖြစ်၏။ ယင်းမျက်စိမျိုးသည် ကြည့်သူများအား ချစ်ခြင်းကို ဖြစ်စေ၊ မုန်းခြင်းကို ဖြစ်စေ ဖြစ်စေနိုင်၏။ ချစ်ခြင်းနှင့် မုန်းခြင်းသည် အန္တရာယ် ဖြစ်၏။

လောကကို ပပဉ္စမျက်စိဖြင့် ကြည့်တတ်သူများသည် ဓမ္မရှုထောင့်မှ ဆိုရလျှင် အနိမ့်ဆုံး လူတန်းစား ဖြစ်၏။ ထိုထက် ပို၍ မြင့်သော လူတန်းစားလည်း ရှိပါ၏။ ယင်း လူတန်းစားကား လောကကို ကြည့်သောအခါ ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်တတ်ပါ၏။ ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်လျှင် အရာဝတ္ထုကို အရာဝတ္ထုအတိုင်းသာ မြင်၏။ အရာဝတ္ထုအတိုင်း မြင်ခြင်း ဟူသည်မှာ ယင်း၏ ဂုဏ်များ၊ ယင်း၏ ဝိသေသများကို ကျော်၍ ပင်ကိုမူလအတိုင်း မြင်ခြင်း ဖြစ်၏။ ဥပမာအားဖြင့် ဆိုရလျှင် လူကို ကြည့်ပါက လူအဖြစ်ဖြင့်သာ မြင်၏။ တရုတ် ဟူ၍လည်း မမြင်၊ ကုလား ဟူ၍လည်း မမြင်၊ သူဌေး ဟူ၍လည်း မမြင်၊ ဆင်းရဲသား ဟူ၍လည်း မမြင်၊ ကေရာဇ် ဟူ၍လည်း မမြင်၊ မင်းခစား ဟူ၍လည်း မမြင်။

သို့ရာတွင် လူကို လူအဖြစ်ဖြင့်သာ မြင်၏။ ဤအမြင်မျိုးသည် ကြည့်သူ၏ သန္တာန်၌ မေတ္တာကိုလည်း ဖြစ်စေတတ်၏။ ကရုဏာကိုလည်း ဖြစ်စေတတ်၏။ မုဒိတာကိုလည်း ဖြစ်စေတတ်၏။ ဥပေက္ခာကိုလည်း ဖြစ်စေတတ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့သည် ဓမ္မအမြင်အရ ဆိုလျှင် ကောင်းသော တရားများ ဖြစ်ပါ၏။ သို့ရာတွင် အရိယသစ္စာနယ်ပယ်၌ ကျေနပ်လောက်အောင် ကောင်းသော တရားများ မဟုတ်ကြသေး။

ဗြဟ္မစိုရ်မျက်စိသည် ပုဂ္ဂိုလ်၊ သတ္တဝါကို အရှိထား၍ လည်းကောင်း၊ အရာဝတ္ထုကို အရှိထား၍ လည်းကောင်း ကြည့်မှ မြင်တတ်သော မျက်စိ ဖြစ်၏။ ထို့အပြင် ဗြဟ္မစိုရ်မျက်စိသည် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် အရာဝတ္ထုတို့ကို မပျက်မစီး

ဘဲ ခိုင်မြဲနေဘိသကဲ့သို့ လည်းကောင်း မြင်တတ်၏။ ဤသည်မှာ ဗြဟ္မစိုရ်မျက်စိ၏ သဘာဝ ဖြစ်၏။ ထိုသဘာဝကြောင့်ပင် အတ္တကို မပယ်နိုင်ခြင်း ဖြစ်၏။ အတ္တကို မပယ်နိုင်သောကြောင့်လည်း အပါယ်တံခါးကို မပိတ်နိုင်ခြင်း ဖြစ်၏။ အပါယ်တံခါးကို မပိတ်နိုင်သဖြင့်လည်း ဗြဟ္မစိုရ်တရားများကို ကျေနပ်လောက်အောင် ကောင်းသောတရားများ မဟုတ်ကြသေး ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။ အမှန်အားဖြင့် ဗြဟ္မစိုရ်တရားများကား မြတ်စွာဘုရား ပွင့်တော်မူလာမှ ပေါ်ထွန်းလာသော တရားများ မဟုတ်ကြ။ မြတ်စွာဘုရား ပွင့်တော်မမူသော်လည်း ရှိနေသော တရားများ ဖြစ်ကြ၏။ မြတ်စွာဘုရား ပွင့်တော်မူလာမှ ပေါ်ထွန်းလာသော တရားများကား သစ္စာလေးပါး၊ ဗောဓိပက္ခိယတရား ဖြစ်ကြ၏။

အမှန်အားဖြင့် ဤလောက၌ အရာဝတ္ထု ဟူ၍လည်း မရှိ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍လည်း မရှိ၊ အားလုံး ရုပ်နှင့် နာမ်သာ ရှိ၏။ အသက်ဝိညာဉ် ဟူ၍လည်း မရှိ၊ အားလုံး ရုပ်နှင့်နာမ် အစုအဝေးသာ ရှိ၏။ ဤသို့မြင်အောင် မြတ်စွာဘုရားက ရဟန္တာခြောက်ဆယ်တို့အား လက်တွေ့ ပြသပြီးသား ဖြစ်၏။ ဤသို့ မြင်နိုင်သော သမာဓိဉာဏ်မျက်စိကို ရဟန္တာခြောက်ဆယ်တို့သည် ရကြပြီးသားလည်း ဖြစ်၏။ သမာဓိဉာဏ်မျက်စိသည် ရိုးရိုးပကတိမျက်စိထက် ပို၍ မြင်စွမ်းနိုင်၏။ နေမွန်းတည့်ချိန် အလင်းရောင်အောက်၌ မြင်ရသလို ရုပ်နှင့် နာမ်တို့ကို ထင်ထင်ရှားရှားလည်း မြင်ရ၏။ သမာဓိအား ကောင်းသည်နှင့်အမျှ သမာဓိဉာဏ်မျက်စိသည် ကြည်လင်၏။ ဗဟိဒ္ဓရုပ်နှင့် နာမ်ကိုသာမက အဇ္ဈတ္တရုပ်နှင့် နာမ်ကိုလည်း မြင်ရ၏။ ထို့ကြောင့် ရဟန္တာခြောက်ဆယ်တို့သည် ရုပ်နှင့်နာမ်ကို မြင်ကြသည် ဆိုရာ၌ တွေးခေါ်ပြီးမြင်သည့် "တက္ကာဝစရ" အမြင်မျိုးဖြင့် မြင်ကြသည် မဟုတ်။ ပကတိမျက်စိဖြင့် မြင်ရသလို ကိုယ်တိုင် မျက်မှောက်ပြုသောအားဖြင့် မြင်ရသော "အတက္ကာဝစရ" အမြင်မျိုးဖြင့် မြင်ရခြင်း ဖြစ်လေ၏။

ထိုသမာဓိဉာဏ်အမြင်မျိုးဖြင့် သာမက ဝိပဿနာဉာဏ်အမြင်မျိုးဖြင့်လည်း ရုပ်နှင့်နာမ်ကို ကြည့်တတ်ကြပါ၏။ ရိုးရိုးလူများသည် ရုပ်ရှင်ကို ကြည့်သောအခါ ရုပ်ရှင်ဒါရိုက်တာ၏ စီစဉ်ချက်အရ ရုပ်ရှင်ပိတ်ကားပေါ်၌ အရုပ်များသည် လှုပ်ရှားပြီး ဇာတ်လမ်းဇာတ်ကွက် အနေဖြင့်လည်း သရုပ်ဆောင်နေကြသည်ကို တွေ့ရ၏။ ရုပ်ရှင်ကြည့် ပရိသတ်ကမူ အရုပ်တစ်ရုပ်တည်းက အသက်ဝင်လှုပ်ရှားနေသကဲ့သို့ မြင်ရ၏။ အမှန်အားဖြင့်မူ ထိုသို့ မဟုတ်။ အရုပ်ပေါင်းများစွာကို သင့်လျော်သော မြန်ရှိန်နှုန်းဖြင့် ပြနေခြင်း ဖြစ်၏။ တစ်ရုပ်ပြီးတစ်ရုပ်ပေါ်လာပြီး ပျောက်သွားနေခြင်း ဖြစ်၏။ အရုပ်ပေါင်း များစွာထဲမှ တစ်ရုပ်ပေါ်လာပြီး ပျောက်သွားနေခြင်း ဖြစ်သော်လည်း အားလုံး တစ်ရုပ်တည်းလို ထင်နေရ၏။

ထိုနည်းအတူပင် ရုပ်နှင့် နာမ်ပေါင်း များစွာထဲမှ ခန္ဓာတစ်ခုစီ တစ်ခုစီက ဖြစ်ပျက်နေခြင်း ဖြစ်သော်လည်း လုံးဝ ဖြစ်ပျက်ခြင်း မရှိသကဲ့သို့ လည်းကောင်း၊ ခန္ဓာငါးပါး တစ်စုတည်း တစ်ပေါင်းတည်းက ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် သက်ဝင် လှုပ်ရှားပြီးနေသကဲ့သို့ လည်းကောင်း ပုထုဇဉ်များက မြင်တတ်ကြ၏။ ရဟန္တာခြောက်ဆယ်တို့သည် မြတ်စွာဘုရားထံမှ သွန်သင်ချက်ကို မရမီကာလက လောကကို ဤအတိုင်းပင် မြင်ခဲ့ကြ၏။ ဘဝကိုလည်း ဤအတိုင်းပင် မြင်ခဲ့ကြ၏။

ယခုတော့ ဤအမြင်ကို ကျော်လွန်ခဲ့ပြီ။ ဘဝဟူသည် "အဝိဇ္ဇာ" ဒါရိုက်တာ၏ "မာယာ" အတတ်ပညာအရ အမြဲတစေ ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေသော ရုပ်နှင့် နာမ်တို့၏ ခန္ဓာအစုအဝေးသာ ဖြစ်ကြောင်း သူတို့ သိခဲ့ပြီး ဖြစ်၏။ မြင်ခဲ့ပြီး ဖြစ်၏။ လောကဟူသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ပျက် ပြုပြင်ပြောင်းလဲနေသော ရုပ်နှင့်နာမ် အစုအဝေးသာ ဖြစ်ကြောင်း သူတို့ သိကြပြီး ဖြစ်ကြ၏။ မြင်ကြပြီး ဖြစ်ကြ၏။ ထို့ကြောင့် ဘဝ ဟူသည်လည်း အနုလောမ ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်၏။ လောကဟူသည်လည်း အနုလောမ ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်၏။

ဤအမြင်ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ထင်ထင်ရှားရှား မြင်ခဲ့ပြီ။ ကိုယ်တိုင် မျက်မှောက်ပြုသောအားဖြင့် သိခဲ့ပြီ။ ထို့ကြောင့် ဘဝကို ဒဿနဆရာများက "အလာတ စက္က" ဟူ၍ ခေါ်ကြခြင်း ဖြစ်၏။ အလာတစက္က ဟူသည်မှာ "မီးစက်ဝိုင်း" ဟူ၍ ဖြစ်၏။ လင်းလိုက် မှိတ်လိုက် လျှပ်စစ် မီးသီးတန်းများကို ထွန်းညှိလိုက်သောအခါ မီးသီးများ တစ်လုံးပြီးမှ တစ်လုံး လင်းခြင်းနှင့် မှိတ်ခြင်း ဖြစ်သော်လည်း အားလုံး တစ်ပြိုင်နက်တည်း၊ တစ်ခုတည်း လင်းသကဲ့သို့ မြင်ရ၏။ ဘဝ ဟူသည်မှာလည်း ဤအတူပင် ဖြစ်ပါ၏။

ရဟန္တာခြောက်ဆယ်တို့သည် ဝိပဿနာဉာဏ်အမြင်ကိုလည်း ရခဲ့ပြီး ဖြစ်၏။ ဤမျှသာ မကသေး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အမြင်ကိုလည်း ရခဲ့ပြီး ဖြစ်ကြ၏။ ရုပ်ရှင်ပိတ်ကားပေါ်၌ ဇာတ်လမ်းကို အဆုံးတိုင် ကြည့်ပြီးပြီ ဖြစ်၏။ ဇာတ်လမ်းဆုံးသောအခါ ရုပ်ရှင်ပိတ်ကားပေါ်၌ ဘာအရုပ်မျှ မထင်တော့။ လွမ်းစရာလည်း မရှိ၊ ပျော်စရာလည်း မရှိ၊ ဒေါသ ဖြစ်စရာလည်း မရှိ၊ သောက ဖြစ်စရာလည်း မရှိ၊ ရုပ်ရှင်ဇာတ်လမ်းနှင့် ပတ်သက်သော ခံစားမှုများ အားလုံး ငြိမ်သက်သွားလေပြီ။ တကယ် မဟုတ်ပါဘဲလျက် ဒါရိုက်တာ၏ စီစဉ်ချက်အရ သရုပ်ဆောင်ထားသည်ကိုပင် တကယ်ထင်ပြီး လွမ်းခဲ့ရ၏၊ ဆွေးခဲ့ရ၏၊ ဒေါသဖြစ်ခဲ့ရ၏၊ သောက ဖြစ်ခဲ့ရ၏။ အမှန်အားဖြင့် "မဟုတ်"ကို"အဟုတ်"ထင်ပြီး

လွှမ်းခဲ့ခြင်း ဖြစ်၏၊ ဆွေးခဲ့ခြင်း ဖြစ်၏၊ ဒေါသဖြစ်ခဲ့ခြင်း ဖြစ်၏၊ သောက ဖြစ်ခဲ့ခြင်း ဖြစ်၏။ ဘဝဟူသည်မှာလည်း ထိုနည်းအတူပင် ဖြစ်၏။ "အဝိဇ္ဇာ" ဒါရိုက်တာ၏ မာယာစွမ်းအရ အနတ္တကို အတ္တ ထင်နေသရွေ့ ကာလပတ်လုံး ရုပ်ရှင်ကြည့်ပရိသတ်ကဲ့သို့ မဟုတ်ကို အဟုတ်ထင်ကာ လွှမ်းနေရမည် ဖြစ်၏၊ ဆွေးနေရမည် ဖြစ်၏၊ ဒေါသ ဖြစ်နေရမည် ဖြစ်၏၊ သောက ဖြစ်နေရမည် ဖြစ်၏။ ဤသည်မှာ ပုထုဇဉ်တို့၏ ဓမ္မတာ ဖြစ်၏။

ရဟန္တာခြောက်ဆယ်တို့အတွက် ဘဝဇာတ်လမ်း သိမ်းခဲ့ပြီ။ သူတို့အတွက် ငိုစရာလည်း မရှိ၊ ရယ်စရာလည်း မရှိ၊ ငိုတတ်သူလည်း မရှိ၊ ရယ်တတ်သူလည်း မရှိ၊ ပုဂ္ဂိုလ်လည်း မရှိ၊ သတ္တဝါလည်း မရှိ။ အမှန်အားဖြင့် ငိုခြင်းနှင့် ရယ်ခြင်း ဟူသည်မှာ အဝိဇ္ဇာ ဒါရိုက်တာ၏ မာယာအတတ်ဖြင့် လှုံ့ဆော်ချက် ဖြစ်၏။ ထိုလှုံ့ဆော်ချက်များသည် သူတို့၏ သန္တာန်၌ မရှိတော့သဖြင့် မည်သည့် ဇာတ်လမ်းနှင့် တွေ့တွေ့ ရဟန္တာခြောက်ဆယ်တို့သည် ငိုကြတော့မည် မဟုတ်၊ ရယ်ကြတော့မည် မဟုတ်။

ငိုကြသူများကို တွေ့ပါကလည်း တကယ်တမ်း ငိုစရာ ဇာတ်လမ်း မဟုတ်ကြောင်း၊ ဒါရိုက်တာဖြစ်သူ အဝိဇ္ဇာ၏ မာယာအတတ်ဖြင့် လှည့်စားချက်သာ ဖြစ်ကြောင်း ဟောပြောကြမည် ဖြစ်၏။ ရယ်ကြသူများကို တွေ့ပါကလည်း တကယ်တမ်း ရယ်စရာဇာတ်လမ်း မဟုတ်ကြောင်း၊ ဒါရိုက်တာဖြစ်သူ အဝိဇ္ဇာ၏ မာယာအတတ်ဖြင့် အစွမ်းပြထားခြင်းသာ ဖြစ်ကြောင်း ဟောပြောကြမည် ဖြစ်၏။ ထိုသို့ ဟောပြောရုံနှင့် မပြီးသေးဘဲ သူတို့ကိုယ်တိုင် မြတ်စွာဘုရားထံမှ ရခဲ့ကြသလို ယထာဘူတဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တို့ကို ရအောင် ထို ထို ဝေနေယျတို့အား အားထုတ်ရန် တိုက်တွန်းကြမည် ဖြစ်၏။

အမှန်အားဖြင့် သစ္စာလေးပါးနှင့် ပတ်သက်၍ ယထာဘူတဉာဏ်ကို ရခြင်းသည် သစ္စဉာဏ်ကို ရခြင်းဖြစ်၏။ ဝိပဿနာဉာဏ်ကို ရခြင်းသည် ကိစ္စဉာဏ်ကို ရခြင်း ဖြစ်၏။ မဂ်ဉာဏ်ကို ရခြင်းသည် ကတဉာဏ်ကို ရခြင်း ဖြစ်၏။ သစ္စဉာဏ်ကို ဉာတပရိညာဖြင့် ရ၏။ ကိစ္စဉာဏ်ကို တိရဏပရိညာဖြင့် ရ၏။ ကတဉာဏ်ကို ပဟာနပရိညာဖြင့် ရ၏။ ဤအမြင်၊ ဤဉာဏ်၊ ဤပရိညာတို့ဖြင့် ရဟန္တာ ခြောက်ဆယ်တို့သည် မဇ္ဈိမဒေသသို့ လှည့်လည်၍ တရားဟောကြ ပေတော့မည်။

## အခန်း ( ၅ )

## ကဿပညီနောင်သုံးဖော်သို့ ဓမ္မလက်ဆောင်

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၏ ပစ္ဆိမ ညဥ့်ယာမ်၌ သဗ္ဗညုတဉာဏ်တော်ကို ရ၍ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ မိဂဒါဝုန်တော၌ ပထမဝါကို ကပ်တော်မူခဲ့၏။ ဝါကျွတ်တော်မူသောအခါ ပဝါရဏာ ပြုတော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးပါးနှင့် ယသ သူဌေးသား အပါအဝင် ရဟန္တာပေါင်း ၆၀ တို့ကို မဇ္ဈိမဒေသ၏ ထိုထိုသို့သော အရပ်များသို့ တရားဟောကြွကြရန် စေလွှတ်တော်မူခဲ့၏။ ထိုရဟန္တာ ၆၀ တို့ကား မြတ်စွာဘုရား၏ သာသနာတော်၌ "ဧဟိဘိက္ခု"အဖြစ်ဖြင့် ပထမဦးဆုံး ရဟန်းအဖြစ်သို့ ရတော်မူကြသော သူများလည်း ဖြစ်ကြ၏။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာများလည်း ဖြစ်ကြ၏။ ထိုရဟန္တာ ၆၀ တို့အား အကယ်၍ မိမိတို့၏ ဟောကြားချက်ကြောင့် မြတ်စွာဘုရား၏ သာသနာတော်၌ ထိုထိုပုဂ္ဂိုလ်တို့သည် ရှင်ရဟန်း ပြုလိုပါက သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်း ပြုခွင့်ကိုလည်း ပေးတော်မူလိုက်၏။

မြတ်စွာဘုရား ကိုယ်တော်တိုင်မူကား ဥရုဝေလတောသို့ ကြွသွားတော်မူ၏။ ဥရုဝေလတော၌ ကဿပညီနောင် သုံးယောက်တို့သည် အခြွေအရံ တစ်ထောင်နှင့်အတူ ပြင်းထန်သော တပအကျင့်ကို ကျင့်နေကြ၏။ အစ်ကိုကြီး ဥရုဝေလကဿပ၌ အခြံအရံ ငါးရာရှိ၏။ အလတ် နဒီကဿပ၌ အခြံအရံ သုံးရာ ရှိ၏။ အငယ် ဂယာကဿပ၌ အခြံအရံ နှစ်ရာ ရှိ၏။ ထို့ကြောင့် ခေါင်းဆောင် ကဿပသုံးယောက်နှင့် ပေါင်းလျှင် စုစုပေါင်း ရသေ့တစ်ထောင် ရှိကြ၏။ ထိုရသေ့တို့ကား ဆံကျစ်ထုံးသော ရသေ့များ ဖြစ်ကြ၏။ ဦးပြည်းတုံးသော ရသေ့များ မဟုတ်ကြ။

ထိုရသေ့တို့ကား တန်ခိုးဣဒ္ဓိထက် ကိလေသာကုန်ခန်းမှုကို အလေးအမြတ် ပြုသူများလည်း ဖြစ်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားကို တန်ခိုးရှင်အဖြစ်သာ အသိအမှတ် ပြုပြီး ကိလေသာ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာအဖြစ်

အသိအမှတ် မပြုကြခြင်း ဖြစ်၏။ အမှန်အားဖြင့် သူတော်စင် ဟူသည်မှာ ကိလေသာ ကုန်ခန်းပြီးသူများသာ ဖြစ်ကြ၏။ တန်ခိုးရှိရုံမျှနှင့် သူတော်စင် မဟုတ်။ ကဿပညီနောင်တို့သည် သူတို့ကိုယ် သူတို့ တန်ခိုးရှင် မဟုတ်သော်လည်း ကိလေသာ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာများအဖြစ် မှတ်ယူကြ၏။ သို့ရာတွင် တကယ်တမ်းအားဖြင့် ကဿပညီနောင်တို့သည် ရဟန္တာများ မဟုတ်ကြ။ သူတို့ကျင့်သော တပအကျင့်သည်လည်း ရဟန္တာ ဖြစ်စေနိုင်သော အကျင့်မြတ် မဟုတ်ကြ။ အကျင့်မှားသာ ဖြစ်ကြ၏။ တပအကျင့် ဟူသည်မှာ ထိုထို အာရုံများ၏ ဆွဲဆောင်မှုစွမ်းအားကို တွန်းလှန်နိုင်ရန် မိမိ၏ စိတ်ကို အတင်းအဓမ္မ ဖိနှိပ်ချုပ်ထိန်းသော ကျင့်စဉ် ဖြစ်၏။

အာရုံများနှင့် ပတ်သက်၍ စိတ်ကို မထိန်းချုပ်ဘဲ စိတ်အလိုအတိုင်း လွှတ်ပေးသော ကျင့်စဉ်သည် ရှိ၏။ ထိုကျင့်စဉ်သည်လည်း အစွန်းရောက်သော ကျင့်စဉ်ပင် ဖြစ်၏။ အန္တ ရာယ် ရှိ၏။ အမှန်အားဖြင့် မည်သည့်အာရုံများနှင့် တွေ့တွေ့ သတိသမ္ပဇဉ်ဖြင့် ထိန်းချုပ်ဆင်ခြင်၍ ဖြစ်ပျက်ကို ရှုပွားသော ကျင့်စဉ်သည်သာလျှင် မှန်သော ကျင့်စဉ် ဖြစ်၏။ မဇ္ဈိမပဋိပဒါကျသော ကျင့်စဉ် ဖြစ်၏။ ရာဂဖြစ်ဖွယ် အာရုံနှင့် တွေ့၍ ရာဂဖြစ်လျှင်လည်း ကိစ္စမရှိ၊ ရာဂဖြစ်မှန်း သိဖို့သာ အရေးကြီး၏။ ဒေါသဖြစ်ဖွယ် အာရုံနှင့်တွေ့၍ ဒေါသဖြစ်လျှင်လည်း ကိစ္စမရှိ၊ ဒေါသဖြစ်မှန်း သိဖို့သာ အရေးကြီး၏။ မောဟဖြစ်ဖွယ် အာရုံနှင့် တွေ့၍ မောဟဖြစ်လျှင်လည်း ကိစ္စ မရှိ၊ မောဟဖြစ်မှန်း သိဖို့သာ အရေးကြီး၏။

စိတ္တာနုပဿနာသတိပဋ္ဌာန်အရ အကုသိုလ်ဖြစ်လျှင် အကုသိုလ်ဖြစ်မှန်း သိရမည်။ ထို့နောက် ဖြစ်ပျက် ရှုရမည်။ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ်ဖြစ်မှန်း သိရမည်။ ထို့နောက် ဖြစ်ပျက်ရှုရမည်။ အာရုံနှင့် အသိတော့ မလွဲစေရ။ အကုသိုလ်ကို ကုသိုလ်ဟူ၍ ထင်လျှင်ဖြစ်စေ၊ ကုသိုလ်ကို အကုသိုလ် ဟူ၍ ထင်လျှင်ဖြစ်စေ ထိုသို့ထင်ခြင်းသည် အသိလွဲခြင်း ဖြစ်၏။ အသိလွဲလျှင် ယထာဘူတဉာဏ် မဟုတ်၊ အသိမလွဲမှ ယထာဘူတဉာဏ် ဖြစ်၏။ ယထာဘူတဉာဏ် မဟုတ်လျှင် မိစ္ဆာဒိဋ္ဌိသာ ဖြစ်ဖို့ရှိ၏။ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ မရှိ။ သမ္မာဒိဋ္ဌိ မဖြစ်လျှင် ဖြစ်ပျက်ရှု၍ မရ။

ပုထုဇဉ်တို့၏ သန္တာန်၌ ပုထုဇဉ်စိတ်များသာ ဖြစ်ကြမည် ဖြစ်၏။ အရိယာတို့၏ စိတ်များ ဖြစ်ကြမည် မဟုတ်။ ပုထုဇဉ်တို့၏ စိတ်များဟူသည်မှာလည်း ရာဂစိတ် ဖြစ်ချင် ဖြစ်မည်။ ဒေါသစိတ် ဖြစ်ချင် ဖြစ်မည်။ မောဟစိတ် ဖြစ်ချင် ဖြစ်မည်။ ဖြစ်ချင်သည့်စိတ်များ ဖြစ်ကြမည် ဖြစ်၏။ ဤသည်မှာ ပုထုဇဉ်တို့၏ သဘာဝ ဖြစ်၏။ ထိုသဘာဝကို ကျော်လွှန်၍ မရ။ ထို့ကြောင့် ပုထုဇဉ်

တို့၏ သဘာဝကို မကျော်လွန်ဘဲ ထိုသဘာဝအတိုင်းပင် မိမိတို့၏ သန္တာန်၌ ဖြစ်ဖြစ်သမျှ ဓမ္မများကို သတိဖြင့် ထိန်းချုပ်၍ သမ္ပဇဉ်ဖြင့် ဆင်ခြင်ပြီး အနုပဿနာဖြင့် ဖြစ်ပျက်ကို ပေါ်အောင် ရှုမှတ်နိုင်ဖို့ လို၏။ ဤသို့ စိတ္တာနုပဿနာသတိပဋ္ဌာန်က သင်ကြားပေး၏။ ထိုသို့ သင်ကြားပေးသည့်အတိုင်း လိုက်နာကျင့်ကြံဖို့ လို၏။ သို့ရာတွင် ကဿပညီနောင်တို့သည် မိစ္ဆာပဋိပဒါကို သမ္မာပဋိပဒါ ဟူ၍ ထင်နေကြ၏။ မိစ္ဆာပဋိပဒါ ဟူသည်မှာ မှားသော ကျင့်စဉ်ဖြစ်၍ သမ္မာပဋိပဒါ ဟူသည်မှာ မှန်သော ကျင့်စဉ်ဖြစ်၏။

မြတ်စွာဘုရားက ကဿပတို့ အုပ်စုအား ယင်းတို့၏ ကျင့်စဉ်သည် မှားသော ကျင့်စဉ်ဖြစ်ကြောင်း၊ မှန်သောကျင့်စဉ် မဟုတ်ကြောင်း၊ ထိုကျင့်စဉ်ဖြင့် ရဟန္တာ မဖြစ်နိုင်ကြောင်း ဟောကြားတော်မူ၏။ ကဿပတို့ အုပ်စုကား ပါရမီရင့်သူများ ဖြစ်ကြ၏။ မြတ်စွာဘုရားကလည်း ကဿပတို့ အုပ်စု ပါရမီရင့်မှန်း သိတော်မူ၏။ သို့ရာတွင် ပါရမီရင့်ရုံမျှနှင့် မပြီးသေးဘဲ ဣန္ဒြေတို့ အံဝင်ခွင်ကျ ဖြစ်ဖို့လည်း လိုသေး၏။ အဇာတသတ်လည်း ပါရမီ ရင့်သူ ဖြစ်ပါ၏။ သို့ရာတွင် ဣန္ဒြေတို့ အံဝင်ခွင်ကျ မဖြစ်သည့်အတွက် ဒေဝဒတ်နှင့် အပေါင်းများမိခြင်း ဖြစ်၏။ ထို့ကြောင့် ပါရမီရင့်ရုံနှင့် မပြီးသေးဘဲ ဣန္ဒြေရင့်ဖို့လည်း လိုသေးသည် ဟူ၍ ဆိုခြင်း ဖြစ်၏။ အချိန်ရောက်ပါလျက် ရသင့်သောအကျိုးကို ရအောင် မယူခြင်းသည် သဿတဒိဋ္ဌိအုပ်စု၌ သက်ဝင်၏။ အချိန်မရောက်ပါဘဲလျက် ရသင့်သောအကျိုးကို အတင်းအဓမ္မ ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိအုပ်စု၌ သက်ဝင်၏။

ကဿပတို့အုပ်စု ဣန္ဒြေရင့်ချိန်တွင် မြတ်စွာဘုရားက အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူလိုက်၏။ ထိုသုတ်တော်အရ အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်သောအခါ သိစိတ်သည် ဖြစ်ပေါ်လာရ၏။ အကယ်၍ အာရုံသည် ချစ်စရာဖြစ်ပါက သိစိတ်သည် ချစ်စိတ် ဖြစ်ရ၏။ အာရုံသည် မုန်းစရာဖြစ်ပါက သိစိတ်သည် မုန်းတီးစိတ် ဖြစ်ရ၏။ အာရုံသည် တွေဝေစရာ ဖြစ်ပါက သိစိတ်သည် မောဟစိတ် ဖြစ်ရ၏။ ထို့အပြင် ချစ်စရာ ဖြစ်နေပါက လက်လွတ်သွားမှာ စိုးရိမ်၏။ မုန်းတီးစရာ ဖြစ်နေပါကလည်း မိမိကို တွယ်ကပ်နေမှာ စိုးရိမ်၏။ တွေဝေစရာ ဖြစ်နေပါကလည်း "ဘာမှန်း ညာမှန်း" မသိလိုက်သည့်အတွက် စိတ်မချမ်းမသာနှင့် မချင့်မရဲ ဖြစ်ရပြန်၏။

ဤသို့လျှင် အာရုံခြောက်ပါး၊ ဒွါရခြောက်ပါး၊ ဝိညာဉ်ခြောက်ပါးတို့ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်ရ၏။ တွေ့ထိမှု ဖဿကြောင့် ခံစားမှု ဝေဒနာသည် ဖြစ်ရ၏။ အကယ်၍ ဝေဒနာသည် သာယာဖွယ်ဖြစ်လျှင် တဏှာဖြစ်၏။ မသာယာဖွယ် ဖြစ်လျှင် ဒေါသဖြစ်၏။ "ဘာမှန်း" မသိလိုက်လျှင်

မောဟ ဖြစ်၏။ အာရုံ၊ ဒွါရ၊ သိစိတ်များ ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ မဖြစ်ချင်လည်း မရ၊ ဖြစ်ရပြန်၏။ မရင့်ရော်ချင်လည်း မရ၊ ရင့်ရော်ရပြန်၏။ မပျက်စီးချင်လည်း မရ၊ ပျက်စီးရပြန်၏။ ဖြစ်ခြင်းကို "ဇာတိ"ဟူ၍ ဆို၏။ ရင့်ရော်ခြင်းကို "ဇရာ"ဟူ၍ ဆို၏။ ပျက်စီးခြင်းကို "မရဏ" ဟူ၍ ဆို၏။

ဤသို့လျှင် မိမိတို့၏ ဒွါရခြောက်ပါး၌ အာရုံခြောက်ပါးတို့ ထိုက်သင့်သလို ထင်လာရာမှ သိစိတ်ခြောက်ပါးတို့ ဖြစ်ပေါ်လာကြ၏။ အာရုံ၊ ဒွါရနှင့် သိစိတ်ဝိညာဉ်တို့ ပေါင်းဆုံမှု ဖဿကို အကြောင်းပြု၍ ဝေဒနာတို့ ဖြစ်ပေါ်လေသောအခါ ယင်းဝေဒနာတို့၏ သာယာဖွယ်၊ မသာယာဖွယ်၊ တွေဝေဖွယ်တို့ကြောင့် တဏှာ၊ ဒေါသ၊ မောဟ ဟူသော မီးသုံးပါးသည်လည်း ဖြစ်တတ်၏။ အာရုံ၊ ဒွါရ၊ ဝိညာဉ်တို့၏ ပေါင်းစုံမှု ဖဿကြောင့် ဇာတိ၊ ဇရာ၊ မရဏ ဟူသော မီးသုံးပါးသည်လည်း ဖြစ်တတ်၏။ ယင်းမီးခြောက်ပါးတို့ကို အကြောင်းပြု၍ တစ်ဖန် စိုးရိမ်မှုသောက၊ ငိုကြွေးမှု ပရိဒေဝ၊ ဆင်းရဲမှုဒုက္ခ၊ နှလုံးမသာယာမှု ဒေါမနဿ၊ ပူဆွေးမှု ဥပါယာသ တည်းဟူသော မီးငါးပါးတို့သည် ဖြစ်ရပြန်၏။ အမှန်အားဖြင့် စုစုပေါင်း ထိုမီးဆယ့်တစ်ပါးတို့သည် ဘဝမီးစိုင်၏ မီးလျှံများသာ ဖြစ်ကြ၏။ ထို့ကြောင့် မီးဆယ့်တစ်ပါးတို့သည် ဘဝ၏ အမည်တစ်မျိုးသာ ဖြစ်သည်ဟူ၍ ဆိုရ၏။

မြတ်စွာဘုရားသည် ကဿပတို့ အုပ်စုအား ပဋိစ္စသမုပ္ပာဒ်၏ အနုလောမနည်းဖြင့် ဘဝဟူသည်မှာ မီးဆယ့်တစ်မျိုး၏ အမည်သာ ဖြစ်ကြောင်းဖြင့် အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူပြီးနောက် ယင်း မီးဆယ့်တစ်ပါးတို့ကို ငြိမ်းသတ်လိုပါက ဘဝကို ဖြစ်ပေါ်မလာအောင် လုပ်ဖို့ သိုပါ၏။ ဘဝမဖြစ်လျှင် ဇာတိဟူ၍ မဖြစ်နိုင်၊ ဇာတိ မဖြစ်လျှင် ဇရာ ဟူ၍လည်း မဖြစ်နိုင်၊ ဇရာ မဖြစ်လျှင် မရဏ ဟူ၍လည်း မဖြစ်နိုင်။ ထို့အပြင် အခြား မည်သည့်မီးမျှ ဖြစ်မလာနိုင်။ ထို့ကြောင့် ဘဝ ဖြစ်မလာရေးအတွက် ပဋိစ္စသမုပ္ပာဒ်၏ ပဋိလောမနည်းဖြင့် အာဒိတ္တပရိယာယ သုတ်တော်ကို ဟောကြားတော်မူပြန်ခြင်း ဖြစ်၏။

ထိုအခါ ကဿပတို့အုပ်စုသည် ပဋိစ္စသမုပ္ပာဒ်၏ အနုလောမနည်းဖြင့် ဘဝနှင့် ပတ်သက်၍ ယထာဘူတဉာဏ်ကို ရကြ၏။ ပဋိစ္စသမုပ္ပာဒ်၏ ပဋိလောမနည်းဖြင့် ဘဝနှင့် ပတ်သက်၍ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်ကို ရကြလေ၏။ ဤတွင် ယထာဘူတဉာဏ် ဟူသည်မှာ ဘဝနှင့် ပတ်သက်၍ အမှန်အတိုင်းသိသော ဉာဏ်ဖြစ်၏။ နိဗ္ဗိဒါဉာဏ် ဟူသည်မှာ ဘဝနှင့် ပတ်သက်၍ ငြီးငွေ့သော ဉာဏ် ဖြစ်၏။ ဝိရာဂဉာဏ် ဟူသည်မှာ မဂ်ဉာဏ် ဖြစ်၏။ ဤနည်းအားဖြင့် ကဿပတို့ အုပ်စုသည် အာသဝေါ ကုန်ခန်းသော ရဟန္တာများ ဖြစ်သွားကြလေ

၏။ အမှန်အားဖြင့် ကဿပတို့သည် ရသေ့ဘဝနှင့် ရှိစဉ်ကပင် မြင့်မြတ်သော သူတော်စင် ရဟန္တာများအဖြစ် မဂဓတိုင်းနှင့် အင်္ဂတိုင်း နှစ်တိုင်းလုံး၌ ကျော်ကြားသူများ ဖြစ်ကြ၏။ ထင်ရှားသူများ ဖြစ်ကြ၏။ ထို့ကြောင့်လည်း သူတို့အား နှစ်တိုင်းလုံးက ကိုးကွယ်ကြ၏။ နှစ်တိုင်းလုံးကို အစိုးရသော မင်းမြတ်မှာ ဗိမ္ဗိသာရ ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း ကဿပညီနောင်သုံးပါးနှင့် အခြွေအရံ ရသေ့များအပေါ် လေးစားကြည်ညိုသူ ဖြစ်လေရာ သူ၏ နိုင်ငံသားများသည်လည်း ထိုရသေ့များအပေါ် ကြည်ညိုလေးစားသူများပင် ဖြစ်ကြ၏။ အမှန်အားဖြင့် ပုထုဇဉ်တို့သည် ခေါင်းပါးသော အကျင့်ရှိသူများအပေါ် ကြည်ညိုလေးစားတတ်ကြ၏။ မိမိတို့ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များသည် မှန်ကန်သော ကျင့်စဉ်ဖြင့် ကျင့်ကြံနေသူများ ဟုတ် မဟုတ်ကို သူတို့ မသိကြ။

တိုင်းသူပြည်သားတို့၏ ကြည်ညိုလေးစားခြင်းကို ခံရသော ကဿပတို့ အုပ်စုသည် မြတ်စွာဘုရား၏ တပည့်များ ဖြစ်သွားကြပြီဟု တိုင်းသူပြည်သားတို့ ကြားသိရသောအခါ မြတ်စွာဘုရား၏ ကျော်စောမှုသည် ထိုဒေသ၌ ပျံ့နှံ့သွား၏။ ဗိမ္ဗိသာရမင်းကြီးကလည်း မြတ်စွာဘုရားကို ဖူးတွေ့ရန် မျှော်လင့်ထား၏။ မြတ်စွာဘုရားသည် အလောင်းတော်ဘဝဖြင့် တရားရှာစဉ်က ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့သောအခါ မင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ ဘုရားအဖြစ်သို့ ရောက်လျှင် ပထမဦးစွာ ရာဇဂြိုဟ်သို့ ကြွလာမည် ဖြစ်ကြောင်း ကတိပြုထား၏။ ထိုကတိအရ မြတ်စွာဘုရားသည် ကဿပညီနောင်နှင့် အခြံအရံ ရဟန္တာများ စုစုပေါင်း တစ်ထောင်တို့ကို နောက်ပါပြုလျက် ရာဇဂြိုဟ်သို့ ကြွတော်မူ၏။ ရာဇဂြိုဟ်သို့ ရောက်သောအခါ သုပ္ပတိဋ္ဌပညောင်ပင်၌ သီတင်းသုံးတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်သို့ မြတ်စွာဘုရား ရောက်တော်မူ၍ မြို့အပြင် သုပ္ပတိဋ္ဌပညောင်ပင်၌ သီတင်းသုံးတော်မူနေကြောင်း ကြားသိရသောအခါ နောက်ပါ ပရိသတ် စုစုပေါင်း တစ်သိန်းနှစ်သောင်းနှင့်အတူ မြတ်စွာဘုရားထံသို့ သွားရောက် ဖူးမြော်၏။ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးနှင့် ပရိသတ်အား သစ္စာလေးပါးတရားကို ဟောကြားတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးနှင့် ပရိသတ် တစ်သိန်းတစ်သောင်းတို့ သောတာပတ္တိမဂ်ကို ရ၍ သောတာပန် ဖြစ်သွားကြ၏။ ကျန် ပရိသတ်တစ်သောင်းက သရဏဂုံတည်သော ဥပါသကာများ ဖြစ်သွားကြ၏။

ဗိမ္ဗိသာရမင်းကြီးနှင့် ပရိသတ် တစ်သိန်းတစ်သောင်းတို့ကလည်း သောတာပန် ဖြစ်ကြပြီးနောက် အသီးအသီး မိမိတို့အား အသက်ထက်ဆုံး သရဏဂုံ တည်သော ဥပါသကာများအဖြစ် မှတ်ယူပါရန် မြတ်စွာဘုရားအား လျှောက်ထား

ကြ၏။ သို့ဖြစ်၍ မဟာဗုဒ္ဓဝင်၌ ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ဖြစ်ပြီးမှ သရဏဂုံ ခံယူသူဖြစ်ကြောင်း ဖော်ပြထားခြင်း ဖြစ်၏။

ယခု ဗိမ္ဗိသာရမင်းကြီးသည် လောကကို အမှန်အတိုင်း မြင်လေပြီ။ ယခင်ကဆိုလျှင် လောကကို ပုဂ္ဂိုလ်များ၊ သတ္တဝါများ၊ အရာဝတ္ထုများအဖြစ်သာ မြင်ခဲ့၏။ ထိုသို့ မြင်သည့်အလျောက် တပ်မက်မှုများ ဖြစ်ခဲ့သော် မထိန်းနိုင်ခဲ့။ ယခုဆိုလျှင် လောကဟူသည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အရာဝတ္ထု မဟုတ်၊ ရုပ်နာမ်တို့၏ အစုအဝေးသာ ဖြစ်သည် ဟူ၍ လည်းကောင်း၊ လောကသည် အမြဲတစေ ဖြစ်ပျက် ပြုပြင်ပြောင်းလဲ နေသည် ဟူ၍ လည်းကောင်း၊ ဖြစ်ပျက် ပြုပြင် ပြောင်းလဲနေသော လောက၏ အလွန်၌ တပ်မက်ခြင်း၊ မောက်မာခြင်း၊ မခံချင်ခြင်း စသော ကိလေသာတို့၏ ချုပ်ငြိမ်းရာသည်လည်း ရှိသည် ဟူ၍ လည်းကောင်း မြင်လေပြီ။

ထိုသို့ မြင်သည့်အလျောက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများ မဟုတ်ပါဘဲလျက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုအဖြစ် မှတ်ယူပြီး ဖြစ်ပေါ်ခဲ့ရသော တပ်မက်ခြင်း၊ မောက်မာခြင်း၊ မခံချင်ခြင်း စသော ကိလေသာ စရိုက်ဆိုး၊ ဉာဉ်ဆိုးများကို သောတာပန် အဆင့်အရ ထိန်းနိုင်ခဲ့ပြီ။ လောကကို ကြည့်သူချင်း ဒီတူတူ ဖြစ်ပါလျက် အမြင်ချင်းမတူ၊ အခြားသူများ၏ အမြင်က ရယူပိုင်ဆိုင်လိုသော အမြင်၊ ဗိမ္ဗိသာရမင်းကြီး၏ အမြင်က စွန့်လွှတ် ချီးမြှောက်လိုသော အမြင်။ ဤအမြင်မျိုးဖြင့် လောကကို ကြည့်တတ်အောင် သွန်သင်ရန်အတွက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်သို့ ကြွတော်မူခြင်း ဖြစ်ပါ၏။

# အခန်း ( ၆ )

## ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာ

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ဖြစ်ပြီးနောက် ဥပသကာအဖြစ်ကို ခံယူလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် ပါရမီ ရှိသူဖြစ်၏။ ထို့ကြောင့်ပင် သောတာပတ္တိမဂ်ကို ရ၍ သောတာပန် ဖြစ်ရခြင်း ဖြစ်၏။ "ပရတောဃောယ"အရ မြတ်စွာဘုရားထံမှ တရားတော်ကို မနာကြားရမီ ကာလကပင် ဒုက္ခငြိမ်းရာကို တွေးခေါ်မြော်မြင်နိုင်သူ ဖြစ်၏။ သို့ရာတွင် မင်းကြီးသည် ဒုက္ခငြိမ်းကြောင်း တရားတော်ကို မနာကြားရဖူးချေ။ ဒုက္ခငြိမ်းကြောင်း တရားတော်ကို မနာကြားရသဖြင့် ဒုက္ခငြိမ်းကြောင်း တရားတော်ကို မရှုပွားနိုင်ခြင်း ဖြစ်၏။ သို့ဖြစ်၍လည်း မင်းကြီးသည် သစ္စာလေးပါးကို မသိခဲ့။ သစ္စာလေးပါးကို မသိရသေးသဖြင့်လည်း မင်းကြီးသည် သောတာပန် မဖြစ်ခဲ့။

ဗိမ္ဗိသာရမင်းကြီးတို့ခေတ်က မဇ္ဈိမဒေသ၌ ပါရမီရှင်များ များစွာ ရှိပုံရ၏။ သို့ဖြစ်၍သာ သစ္စာလေးပါးကို ရှာဖွေကြသူများ ပေါ်ထွန်းကြခြင်း ဖြစ်၏။ သစ္စာလေးပါးကို ရှာရာ၌ နိဗ္ဗာန်မှတစ်ပါး အခြားမည်သည့် ပရမတ္ထဓမ္မ မဆိုကာလနှင့်ဌာန နှစ်ပါးတို့၏ ပံ့ပိုးခြင်း ခံရမှသာ အသိ၏ အာရုံအဖြစ်သို့ ရောက်ရသည်ချည်း ဖြစ်၏။ ကာလဖြင့် ပံ့ပိုးပါမှ ဖြစ်၊ တည်၊ ပျက် သဘောကို ဆောင်နိုင်၏။ ဖြစ်၊ တည်၊ ပျက် သဘောကို ဆောင်ပါမှလည်း သိစရာ အာရုံအဖြစ်သို့လည်းကောင်း၊ အသိအာရမ္မဏိကအဖြစ်သို့ လည်းကောင်း ရောက်နိုင်၏။ မျက်စိတစ်မှိတ်အတွင်း ကုဋေတစ်သိန်းခန့်ဖြစ်သော စိတ်သည်ပင် ဖြစ်၊ တည်၊ ပျက် သဘောကို ဆောင်၏။ ဖြစ်၊ တည်၊ ပျက် ဟူသည် ကာလကို အမှီပြုသော အမည်ဖြစ်၏။ စိတ် ဟူသည်လည်း စိတ္တနိယာမအတိုင်း တစ်ခုပြီးမှ တစ်ခု ဖြစ်နိုင်၏။ နှစ်ခု ပြိုင်၍ မဖြစ်နိုင်ချေ။ ထို့ကြောင့် ပရမတ္ထဓမ္မအနေဖြင့် အသိခံအာရုံတစ်ခုအဖြစ်သို့ ရောက်ရာ၌ ကာလသည် ဆိုင်ရာ ပရမတ္ထဓမ္မအတွက် များစွာ ပြဋ္ဌာန်းပါ၏။

ထိုနည်းအတူပင် ဌာနသည်လည်း များစွာ ပြဋ္ဌာန်းပါ၏။ လောကဖြစ်စဉ်များ၌ ပရမတ္ထဓမ္မ ဟူသမျှတို့သည် အခြေခံအားဖြင့် သဘာဝများသာ ဖြစ်ကြ၏။ အစိုင်အခဲများ မဟုတ်ကြ။ ဒြပ်ရှိဃနများ မဟုတ်ကြ။ အရာဝတ္ထုများ မဟုတ်ကြ။

အားလုံး အစိုင်အခဲမဲ့များသာ ဖြစ်ကြ၏။ ဒြပ်မဲ့များသာ ဖြစ်ကြ၏။ ကြိယာများသာ ဖြစ်ကြ၏။ ထို့ကြောင့် "ကြိယာမတ္တ မေဝေတံ" ပရမတ္ထတရားဟူသည် ကြိယာမျှသာ ဖြစ်၏ ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။ သို့ဖြစ်လေရာ အသိခံ အာရုံအဖြစ်သို့ ရောက်နိုင်ရေးအတွက် ဆိုင်ရာ ပရမတ္ထဓမ္မအား ကာလက ပံ့ပိုးရုံမျှနှင့် မပြီးသေးဘဲ ကာလနှင့် တွဲဖက်၍ ဌာနကလည်း ပံ့ပိုးဖို့ လိုသေး၏။ ထို့ကြောင့် ဖြစ်ခြင်း ကြိယာရှိလျှင် ယင်းကြိယာ၏ တည်ရာဌာန ရှိရ၏။ တည်ခြင်း ကြိယာရှိလျှင် ယင်းကြိယာ၏ တည်ရာဌာန ရှိရ၏။ ပျက်ခြင်း ကြိယာရှိလျှင် ယင်းကြိယာ၏ တည်ရာဌာန ရှိရ၏။ သို့မှသာ နိဗ္ဗာန်မှ တစ်ပါးသော ပရမတ္ထဓမ္မတို့သည် ဖြစ်၊ တည်၊ ပျက် အဆင့်သို့ ရောက်ပြီး အသိခံ အာရုံအဖြစ်သို့ ရောက်ကြခြင်း ဖြစ်၏။ သို့မဟုတ်ပါက ယင်းတို့သည် အသိခံ အာရုံအဆင့်သို့ မရောက်ဘဲ သဘာဝအဆင့် အနေဖြင့်သာ ရှိကြမည် ဖြစ်၏။

သစ္စာလေးပါးသည် တကယ့် အမှန်တရား ဖြစ်၏။ အမှန်တရား ဖြစ်၍လည်း လောက၌ ထာဝစဉ် ရှိနေခြင်း ဖြစ်၏။ ထာဝစဉ် ရှိနေသော်လည်း ကာလနှင့် ဌာနတို့၏ ပံ့ပိုးမှုကို မရသဖြင့် အသိခံ အာရုံအဆင့်သို့ မရောက်နိုင်ခဲ့ခြင်း ဖြစ်၏။ အမှန်အားဖြင့် သစ္စာလေးပါးကို အသိခံ အာရုံအဆင့်သို့ ရောက်နိုင်အောင် ပထမဦးဆုံး စွမ်းဆောင်နိုင်သူ ဆရာမြတ်ကား သမ္မာသမ္ဗုဒ္ဓသာ ဖြစ်၏။ သို့ဖြစ်လေရာ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား ပွင့်တော်မမူသေးသဖြင့် သစ္စာလေးပါး တရားကို မနာကြားရသေးသောကြောင့် သစ္စာလေးပါး ရှိမှန်းကို မှန်းဆ၍သာ သိခဲ့ရ၏။ တကယ် မျက်မှောက်ပြုသောအားဖြင့် မသိနိုင်ခဲ့။

ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် သစ္စာလေးပါးကို ဟောပြောပြသနိုင်မည့် ဆရာမြတ်များကို ရှာခဲ့၏။ မင်းကြီးသည် ကဿပညီနောင်များကို တွေ့၏။ ကဿပညီနောင်တို့သည် မင်းကြီး၏ နိုင်ငံအတွင်း၌ တပအကျင့်ကို ကျင့်လျက်ရှိ၏။ ကဿပညီနောင်တို့ကလည်း သူတို့ကိုယ်သူတို့ ရဟန္တာဟူ၍ ဝန်ခံကြ၏။ ထို့ကြောင့် မင်းကြီးကလည်း ကိုးကွယ်၏။ မင်းကြီး၏ နန်းတွင်း ပရိသတ်ကလည်း ကိုးကွယ်၏။ နိုင်ငံသားများကလည်း ကိုးကွယ်၏။ သို့ရာတွင် မင်းကြီးသည် ကဿပညီနောင်တို့ထံမှ သစ္စာလေးပါး တရားမြတ်ကို မနာကြားခဲ့ရ။ ထို့ကြောင့် မင်းကြီးသည် ကဿပညီနောင်တို့အပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ မကျေနပ်လှ။ မကျေနပ်သော်လည်း ဘာမျှ မတတ်နိုင်သေး။ ဆက်လက် ကိုးကွယ်နေရဦးမည်ပင် ဖြစ်၏။ မင်းကြီး၏ စိတ်ထဲကတော့ သစ္စာလေးပါးကို ဟောပြောပြသနိုင်သော သမ္မာသမ္ဗုဒ္ဓကို တွေ့အောင်ရှာရန် အားတင်းထားဆဲသာ ဖြစ်ပါ၏။

ထိုစဉ်ကာလ၌ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာသော အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် အကြောင်းအားလျော်စွာ တွေ့ဆုံခဲ့ရ၏။ မင်းကြီးက အလောင်းတော် သိဒ္ဓတ္ထမင်းသားအား အကယ်၍ သဗ္ဗညုတဉာဏ်တော်ကို ရပြီး သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပါက ပထမဦးစွာ ရာဇဂြိုဟ်သို့ ကြွလာတော်မူပါရန် ကတိကဝတ်ပြုဖို့ လျှောက်ထားရာ အလောင်းတော် မင်းသားကလည်း မင်းကြီးအား ကတိပြု၏။ ထိုကတိအတိုင်းပင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရာဇဂြိုဟ်သို့ ကြွတော်မူကာ ဗိမ္ဗိသာရမင်းကြီးအား သစ္စာလေးပါး အထွတ်တင်သော ဒေသနာတော်ကို ဟောကြားတော်မူခဲ့ရာ မင်းကြီးသည် သူ၏ ပါရမီအလျောက် သောတာပတ္တိမဂ်ကိုရ၍ သောတာပန် တည်သွားရခြင်း ဖြစ်၏။

မင်းကြီးသည် သောတာပန်တည်ပြီးနောက် ဥပသကာအဖြစ်ကို ခံယူကာ မြတ်စွာဘုရားအား မင်းသားဘဝက သူ၏ သန္တာန်၌ တောင့်တချက် ငါးမျိုး ဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ ထိုတောင့်တချက် ငါးမျိုးလုံး ပြည့်စုံသွားပြီ ဖြစ်ပါကြောင်းဖြင့် လျှောက်ထားပြီး မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ပေါင်း တစ်ထောင်တို့အား မိမိ၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးကြွရောက်တော်မူပါရန် လျှောက်ထားလေ၏။ မြတ်စွာဘုရားကလည်း မင်းကြီး၏ ဆွမ်းပင့်လျှောက်ချက်ကို လက်ခံတော်မူလိုက်၏။ ဗိမ္ဗိသာရမင်းကြီး၏ တောင့်တချက်ငါးမျိုးမှာ ဤသို့ ဖြစ်၏။

(၁) မဂဓ တိုင်းသူတိုင်းသား ပြည်သူများက ရာဇာဘိသေက မင်္ဂလာဖြင့် မင်းအဖြစ် တင်မြှောက်ကြပါမူ ကောင်းလေစွဟု မင်းသားဘဝက တောင့်တခဲ့ပါ၏။ ယခု ထိုတောင့်တချက်သည် ပြည့်စုံပြီ။

(၂) မင်းဖြစ်သောအခါ မိမိ၏ နိုင်ငံတော်သို့ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားသည် ကြွချီ ဆိုက်ရောက်လာပါမူ ကောင်းလေစွ ဟူ၍လည်း မင်းသားဘဝက တောင့်တခဲ့ပါ၏။ ယခု ထိုတောင့်တချက်သည်လည်း ပြည့်စုံပြီ။

(၃) မိမိ၏ နိုင်ငံတော်သို့ ကြွချီဆိုက်ရောက်လာသော မြတ်စွာဘုရားအား ဆည်းကပ်ကိုးကွယ်ခွင့် ရပါမူ ကောင်းလေစွ ဟူ၍လည်း မင်းသားဘဝက တောင့်တ ခဲ့ပါ၏။ ယခု ထိုတောင့်တချက်လည်း ပြည့်စုံပြီ။

(၄) မိမိ၏ နိုင်ငံတော်သို့ ကြွချီရောက်လာတော်မူသော မြတ်စွာဘုရားသည် မိမိအား နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး တရားမြတ်ကို ဟောကြားတော် မူပါမူ ကောင်းလေစွ ဟူ၍လည်း မင်းသားဘဝက တောင့်တခဲ့ပါ၏။ ယခု ထိုတောင့်တချက်သည်လည်း ပြည့်စုံလေပြီ။

(၅) မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင် မျက်မှောက်ပြုနိုင်ပါမူ ကောင်းလေစွ ဟူ၍လည်း မင်းသားဘဝက တောင့်တခဲ့ပါ၏။ ယခု ထိုတောင့်တချက်သည် လည်း ပြည့်စုံလေပြီ။

ဤသည်မှာ ဗိမ္ဗိသာရမင်းကြီးက သူ မင်းသားဘဝက တောင့်တချက် ငါးမျိုး ရှိခဲ့ပါကြောင်း၊ ထိုသို့ တောင့်တခဲ့ရသော တောင့်တချက် ငါးမျိုးလုံးနှင့် ပြည့်စုံပြီဖြစ်ကြောင်း မြတ်စွာဘုရားအား လျှောက်ထားခြင်း ဖြစ်၏။ တောင့်တချက် ဟူသည်မှာလည်း တောင့်တတိုင်း ပြည့်စုံသည် မဟုတ်၊ ပြည့်စုံရန် အကြောင်း အထောက်အပံ့များစွာ လို၏။ ကံတစ်ပါးက တားမြစ်ခြင်း "ကမ္မန္တရ ပဋိဗာဟိတ" မရှိဖို့လည်း လို၏။ မိမိကိုယ်တိုင်က စင်ကြယ်သူ ဖြစ်ဖို့လည်း လို၏။ "ဣဇ္ဈတိ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ"ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ ကိုယ်ကျင့်သီလ ဖြူစင်မြင့်မြတ်သူများအနေဖြင့် အဓိပတိ ထိုက်သော ဆန္ဒလည်း ရှိမည်၊ စိတ်ဓာတ်လည်း ခိုင်မာမည်၊ မလျှော့သော ဖွဲလုံ့လလည်း ရှိမည်၊ ထက်မြက်သော ဉာဏ်ပညာနှင့်လည်း ပြည့်စုံမည် ဟူသော ဣဒ္ဓိပါဒ်လေးပါးနှင့် ပြည့်စုံပါက မိမိတို့၏ တောင့်တမှုသည် ပြည့်စုံသည်ဟူ၍ အဆိုရှိလေရာ ဗိမ္ဗိသာရ မင်းကြီး၏ တောင့်တမှုငါးမျိုးလုံး ပြည့်စုံသည်မှာ ဖော်ပြပါ အင်္ဂါရပ်များနှင့် ပြည့်စုံသောကြောင့် ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား ဝေဠုဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူ၏။ ဝေဠုဝန်ကျောင်းတော် ပရိဝုဏ်သည် ယနေ့ ထက် တိုင်အောင်ပင် အိန္ဒိယပြည် ဗိဟာနယ် ရာဇဂြိုဟ်မြို့၌ အထင်အရှား ရှိလျက်ပင် ရှိသေး၏။ ဝေဠုဝန်ကျောင်းတိုက်ကို မြတ်စွာဘုရားအား ရေစက်ချ လှူဒါန်းသောအခါ၌ ဤမဟာပထဝီမြေကြီးသည် ယိမ်းနွဲ့၍ တုန်လှုပ်လေ၏။ ယင်းသို့ တုန်လှုပ်ခြင်းသည် ဤကမ္ဘာမြေအပြင်၌ မြတ်စွာဘုရား၏ သာသနာ တော်သည် အမြစ်တွယ်လေပြီ ဟူသော သဘောကို ပြသည်ဟု ဆိုကြ၏။ မြတ်စွာ ဘုရားအား ဇေတဝန်ကျောင်းတော် စသော အခြား ကျောင်းတော်များကို လှူရာ၌ မြေငလျင်လှုပ်၍ ကောင်းချီးပေးခြင်းမရှိဘဲ ဤဝေဠုဝန်ကျောင်းတော်ကို လှူရာ ၌သာ မဟာပထဝီမြေကြီးက ကောင်းချီးပေးသောအားဖြင့် လှုပ်ခြင်းဖြစ်သည်ဟု မဟာဗုဒ္ဓဝင်၌ ဆို၏။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ဖြစ်သွားသဖြင့် သောတာပတ္တိ ဖလ သမာပတ်ကို သင့်သလို ဝင်စား၏။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။ အမှန် အားဖြင့် သောတာပတ္တိဖိုလ်ချမ်းသာသည် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏

လောကီချမ်းသာထက် အဆမတန် ပို၍ သာလွန်၏။ ကျမ်းဂန်များ၌လည်း ဖော်ပြပါ အဓိပ္ပာယ်အတိုင်းပင် "ပထဗျာ ဧက ရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။ သဗ္ဗ လောကာဓိ ပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ" ဟူ၍ ဆိုပါ၏။ သို့ပါလျက် ဗိမ္ဗိသာရမင်းကြီးသည် နိဗ္ဗာန်ချမ်းသာကို အချိန်ပြည့်ခံစားနိုင်အောင် သာသနာ့ဘောင်သို့ မဝင်ဘဲ ကာမဂုဏ်တော၌ပင် သားတော် အဇာတသတ် လုပ်ကြံခံရ၍ နတ်ရွာစံရသည်အထိ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်လျက် ရှိ၏။ သို့ဖြစ်၍ သောတာပန်ဘဝဖြင့်လည်း တိုင်းပြည်ကို အုပ်ချုပ်၍ ရသည်ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် မင်းလုပ် ဟူသည် တရားဓမ္မနှင့်အညီ အုပ်ချုပ်ပါက တိုင်းသူပြည်သားတို့၏ အကျိုးစီးပွား တိုးပွားစေခြင်းဟာ လောကတ္ထစရိယ အနေဖြင့် ဆောင်ရွက်ရန် အကောင်းဆုံးလုပ်ငန်း ဖြစ်၏။ အထက်မဂ်ဖိုလ်များကို ရရှိနိုင်ရန် ပါရမီ မပြည့်သေးပါကလည်း ပါရမီဖြည့်ရန် အကောင်းဆုံး အခွင့်အရေး ဖြစ်၏။ ဓမ္မနှင့်အညီ မအုပ်ချုပ်ပါကလည်း အန္တရာယ်အရှိဆုံးနှင့် ကြောက်စရာအကောင်းဆုံး လုပ်ငန်း ဖြစ်၏။ ထို့ကြောင့် တေမိမင်းသား ကြောက်ခြင်းကို အပြစ်ဟူ၍ မဆိုသာ။

ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင် ခံစားဖူးသူ ဖြစ်သဖြင့် ဖြစ်နိုင်လျှင် အရဟတ္တဖိုလ်ကို ချက်ချင်း မျက်မှောက်ပြုလိုပါ၏။ သို့ရာတွင် အကျိုးတရားဟူသည် အတ္တတရား မဟုတ်၊ မိမိ ရလိုသော ဆန္ဒအတိုင်း ဖြစ်ပေါ်လာသည် မဟုတ်၊ အနတ္တတရား ဖြစ်၏။ ပြည့်စုံသင့်သော အကြောင်းတရားများ ပြည့်စုံမှသာ ဖြစ်ပေါ်လာနိုင်၏။ ဗိမ္ဗိသာရမင်းကြီးသည် ပါရမီ ရှိသူဖြစ်သည်ကား မှန်ပါ၏။ သို့ရာတွင် သူ၏ ပါရမီကား သောတာပတ္တိမဂ်နှင့် ဖိုလ်အဆင့်သို့သာ ရောက်စေနိုင်သော ပါရမီ ဖြစ်၏။ ထို့ကြောင့် မင်းကြီးသည် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ရေးအတွက် ကာလနှင့် ဌာနတို့၏ ပံ့ပိုးမှုကို ရနိုင်ရန် ဆက်လက်၍ အားထုတ်ရပေဦးမည်။

အတုမဲ့ အနှိုင်းမဲ့ ဖြစ်တော်မူသော မြတ်စွာဘုရားကလည်း မင်းကြီး၏ ပါရမီကို သိတော်မူ၏။ မင်းကြီး၏ "အာသယ"ကို သိတော်မူ၏။ မင်းကြီး၏ "အနုသယ"ကို သိတော်မူ၏ အာသယ ဟူသည်မှာ အမြင်ဖြစ်၏။ အမြင်ဟူသည် သိစရာ အာရုံများနှင့် ပတ်သက်၏။ မင်းကြီး၏ အာသယသည် သစ္စာလေးပါးကို ဖုံးကွယ်နိုင်သော အကြမ်းဆုံး အလွှာဖြစ်သော အဝိဇ္ဇာကိုသာ ထွင်းဖောက်နိုင်စွမ်း ရှိသေး၏။ ယင်းအဝိဇ္ဇာကို ပထမဆင့် ဥဇ္ဈာဝရဏဟု ဆိုရ၏။ အသိခံကို ဖုံးကွယ်ခြင်း ဖြစ်၏။ ထိုပထမဆင့် ဥဇ္ဈာဝရဏကို ထွင်းဖောက်နိုင်သော အမြင်ဟူသည် သောတာပတ္တိမဂ်ဉာဏ်အမြင် ဖြစ်၏။ အနုသယ ဟူသည်မှာ အကိန်းဓာတ် ဖြစ်၏။ အကိန်းဓာတ်သည် အသိနှင့် ပတ်သက်၏။ မင်းကြီး၏

အသိသည် သူ၏ သန္တာန်၌ ကိန်းနေသော ကိလေသာများအနက် သစ္စာလေးပါး ကို မသိနိုင်အောင် ဖုံးကွယ်ထားသော အကြမ်းဆုံး ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အခြား အပါယ်ချ ကိလေသာများကိုသာ ပယ်သတ်နိုင်သေး၏။ ယင်းကိလေသာများကို ဉာဏာဝရဏဟု ဆိုရ၏။ အသိကို ဖုံးကွယ်ခြင်း ဖြစ်၏။ ထိုပထမအဆင့် ဉာဏာ ဝရဏကို ပယ်သတ်နိုင်သော အသိ ဟူသည်လည်း သောတာပတ္တိ မဂ်ဉာဏ်ပင် ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးသည် မိမိအနေဖြင့် ဗောဓိဉာဏ်ကို ရပါစေရန် ဘဝ အဆက်ဆက်က ရည်စူး၍ တောင့်တခဲ့သော သူ၏ တောင့်တချက်သည် သောတာ ပတ္တိမဂ်နှင့် ဖိုလ်အဆင့်အတွက်သာ ကာလနှင့် ဌာန၏ ပံ့ပိုးမှုကို ရနိုင်ပါ၏။ ထိုထက် မပိုသေး။ ထိုထက် ပိုနိုင်စေရန် ဗိမ္ဗိသာရမင်းကြီးသည် ဆက်၍ဆက်၍ အားထုတ်ရပေဦးမည်။ ထို့ကြောင့် မြတ်စွာဘုရားကလည်း ဗိမ္ဗိသာရမင်းကြီးအနေ ဖြင့် ဤပစ္စက္ခဘဝ၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရေးအတွက် ရှင် အာနန္ဒာအား တိုက်တွန်းသလို မတိုက်တွန်းခြင်း ဖြစ်၏။ မြတ်စွာဘုရား၏ ဗုဒ္ဓစက္ခုကြား အမြင်စူးလွန်းပါ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် ဝေနေယျတို့နှင့် ပတ်သက်၍ ကာလ ကို အသုံးချရာတွင် အတုမဲ့ အနှိုင်းမဲ့အနေဖြင့် အသုံးချခဲ့ပါ၏။ သံသရာသက်တမ်း နှင့် နှိုင်းစာလျှင် ၄၅ နှစ် ဟူသော ကာလသည် ဘာမျှ ပြောပလောက်အောင် ရှည်လျားလှသည် မဟုတ်။ စက္ကန့်ပိုင်းနှင့်ပင် နှိုင်းစာလောက်အောင် ရှည်လျား လှသည် မဟုတ်။ ထို့ကြောင့် မြတ်စွာဘုရားသည် အနန္တ ဝေနေယျများအတွက် မိမိ၏ ၄၅ နှစ်ကာလကို အကောင်းဆုံးတို့ထက် ပို၍ အကောင်းဆုံး ဖြစ်ရလေ အောင်၊ အဖိုးအတန်ဆုံးတို့ထက် ပို၍ အဖိုးတန်ဆုံး ဖြစ်ရလေအောင် အသုံးချတော် မူနိုင်ခဲ့ပါပေ၏။

## အခန်း ( ၇ )
## ဘဝကို စတေး၍ မင်းလုပ်သူ

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန် ဖြစ်သွားလေပြီ။ မင်းကြီးသည် သောတာပန် ဘဝဖြင့်ပင် သူ၏ နိုင်ငံတော်ကို ဆက်လက်အုပ်ချုပ်၏။ သို့ရာတွင် မင်းကြီး အမြင်ပြောင်းသလို အုပ်ချုပ်ရေးသည်လည်း ပြောင်းလေ၏။ ပုထုဇဉ်ဘဝဖြင့် အုပ်ချုပ်စဉ်က နိုင်ငံ၏ ဘဏ္ဍာများကို မိမိပိုင် မိမိအတွက် မိမိ၏ သိမ်းပိုက်စရာများ အဖြစ်ဖြင့်သာ မြင်၏။ သောတာပန်ဘဝဖြင့် ပြန်လည်သုံးသပ်သောအခါ နိုင်ငံ၏ ဘဏ္ဍာများ ဟူသည်မှာ မိမိပိုင် မိမိအတွက် မိမိ၏ သိမ်းပိုက်စရာများ မဟုတ်၊ နိုင်ငံပိုင် နိုင်ငံအတွက် အသုံးချစရာများသာ ဖြစ်၏။ ထို့ကြောင့် မိမိ၏ ဆန္ဒအတိုင်း မိမိ ထင်သလို သုံးရန် မသင့်လျော်။ မိမိအနေဖြင့်မူ ထိုထိုဘဏ္ဍာများကို နိုင်ငံ၏ အကျိုးစီးပွားအတွက် စနစ်တကျ ခွဲဝေအသုံးချနိုင်စေရန် စီမံကွပ်ကဲရသည့် ဘဏ္ဍာထိန်းမျှသာ ဖြစ်ချေ၏။ ထို့ကြောင့် နိုင်ငံ၏ ဘဏ္ဍာများကို နိုင်ငံအတွက် အသုံးချရာ၌ နိုင်ငံ၏ ဆန္ဒနှင့် ဆန့်ကျင်လျှင်ဖြစ်စေ၊ စနစ်တကျ စီမံ ကွပ်ကဲနိုင်စွမ်း မရှိခဲ့ပါလျှင်ဖြစ်စေ မိမိအပေါ်၌ ကြီးစွာသော တာဝန်သည် ကျရောက်ပေတော့မည်။ ဤသို့ မင်းကြီးသည် မြင်လေ၏။

အမှန်အားဖြင့် မင်းကြီးသည် နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင် မျက်မှောက်ထင်ထင် ခံစားဖူးသော သောတာပန်ပုဂ္ဂိုလ်ဖြစ်သဖြင့် ထိုထက် ပို၍ပို၍ ချမ်းသာသော အထက် မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာများကိုသာ ရနိုင်ရန် အားစိုက်လိုသည်ကား အမှန်ဖြစ်၏။ မြတ်စွာဘုရားရှင်ကလည်း–

ပထဗျာ ဧက ရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗ လောကာဓိပစ္စေန၊
သောတာပတ္တိ ဖလံ ဝရံ။

သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်ကို ရသဖြင့် သောတာပန်ဘဝ၏ ချမ်းသာသည် မြေပြင်အားလုံးပေါ်၌ တစ်ဦးတည်း စိတ်ကြိုက်အုပ်ချုပ်ရသော ဧကရာဇ်မင်း၏ ချမ်းသာထက် လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ပြီး နတ်မင်းချမ်းသာ၊ ဗြဟ္မာမင်းချမ်းသာထက် လည်းကောင်း၊ လောကသုံးပါးလုံးကို အစိုးရသော မင်းမြတ်၏ ချမ်းသာထက် လည်းကောင်း မြတ်လေ၏ ဟူ၍ ဟောကြားတော်မူထားလေရာ လောကုတ္တရာ ရတနာမှ ရသော လောကုတ္တရာ

ချမ်းသာသည် လောကီရတနာ အားလုံးတို့မှ ရသော လောကီချမ်းသာ ဟူသမျှ ထက် သာလွန်ကြောင်းကို မင်းကြီးသည် ကိုယ်တွေ့သိ၊ ကိုယ်တိုင်သိ ဖြစ်သဖြင့် နိုင်ငံအုပ်ချုပ်ရေးကို စွန့်ပြီး အရဟတ္တဖိုလ်တိုင်အောင် ဆက်လက်အားထုတ်လို သည် ဆိုပါကလည်း မင်းကြီးအား အပြစ်ဆိုစရာ မရှိပါချေ။

အမှန်အားဖြင့်လည်း စစ်မှန်သော ချမ်းသာဟူသည်မှာ ကိလေသာများ ကင်းစင်မှုအပေါ်၌သာ တည်၏။ စိတ်၏ ဖြူစင်မှုအပေါ်၌သာ တည်၏။ ပစ္စည်း ဥစ္စာများ ပိုင်ဆိုင်မှုအပေါ်၌ မတည်။ကိလေသာများ ကင်းစင်သည်နှင့်အမျှ စိတ် သည် ဖြူစင်၏။ စိတ်ဖြူစင်သည်နှင့်အမျှ ချမ်းသာ၏။ ဆန့်ကျင်ဘက်အရ ကိလေသာများကို မပယ်နိုင်သည်နှင့်အမျှ ပစ္စည်းဥစ္စာ မည်မျှပိုင်စေ စိတ်သည် ညစ်နွမ်း၏။ စိတ်ညစ်နွမ်းသည်နှင့်အမျှ ဆင်းရဲ၏။ မင်း၏ စည်းစိမ်ဟူသည် ကိလေသာများကို မွေးဖွားပေးနိုင်၏။ သို့ရာတွင် မင်းစည်းစိမ်၌ မက်မောသော ကိလေသာကို ပယ်သတ်နိုင်သဖြင့် စိတ်ဖြူစင်သောအခါ ရွှံ့ညွန်ထဲ၌ ပေါ်ပေါက် လာသော ပဒုမ္မာကြာသည် ရွှံ့ညွန်ထဲ၌ပင် ရှိနေပါသော်လည်း ရွှံ့ညွန်များ လိမ်းကျံ နိုင်ခြင်း မရှိသကဲ့သို့ နိုင်ငံ၌ မင်းအဖြစ် အုပ်ချုပ်နေရပါသော်လည်း မိမိ၏ မင်းစည်းစိမ်၌ တပ်မက်ခြင်း ကိလေသာများကို ပယ်စွမ်းနိုင်ပါက ထိုမင်း၏ အုပ်ချုပ်ရေးသည် ရွှံ့ညွန်တွင်းမှ ပဒုမ္မာကြာနှယ် ဖြစ်ပေလိမ့်မည်။

ပုထုဇဉ်မိုက်များ အနေဖြင့်သာ ပစ္စည်းဥစ္စာ များပြားမှုအပေါ်၌ ချမ်းသာ ဟူသည် ရှိ၏ ဟူ၍ ထင်မှတ်တတ်ခြင်း ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည် ပုထုဇဉ် ဘဝဖြင့် နိုင်ငံကို အုပ်ချုပ်စဉ်ကမူ ထိုအထင်မျိုး ရှိကောင်း ရှိနိုင်ပါ၏။ သို့ရာတွင် သောတာပန်ဘဝဖြင့် အုပ်ချုပ်ရသော အခါ၌မူ ထိုအထင်မျိုး မရှိတော့။ ချမ်းသာ စစ်ကို သိလေပြီ။

သို့ဖြစ်လျှင် 'ဗိမ္ဗိသာရမင်းကြီးသည် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စိတ်မဝင်စားတော့ဘူးလား' ဟူ၍ မေးစရာ ရှိ၏။ စိတ်ဝင်စားမှု ရှိပါ၏။ ရှေးက ထက်ပင် ပို၍ ရှိပါ၏။ ရွှံ့ညွန်ပေါ်လေ ပဒုမ္မာကြာသည် ပို၍ လှလေ ဖြစ်ရဘိ သကဲ့သို့ မင်းကြီးသည် သောတာပန် ဖြစ်သွားသောအခါ မင်းကြီး၏ ဣန္ဒြေများ သည် ပို၍ ရင့်လာ၏။ ဣန္ဒြေများ ရင့်လာသည်နှင့်အမျှ ယုံကြည်မှု သဒ္ဓါသည် ပညာနှင့် ယှဉ်လာ၏။ ယောင်ဝါးဝါး ယုံကြည်မှုမျိုး မဟုတ်တော့။ ကြည်လင် ပြတ်သားသော ယုံကြည်မှု ဖြစ်လာ၏။ ကြည်လင်ပြတ်သားရုံသာမက ခိုင်လည်း ခိုင်မာလာ၏။ ယင်းကို သမာဓိဣန္ဒြေ၏ ရင့်ကျက်မှု ဟူ၍ ဆိုရ၏။ ခိုင်မာလာရုံ သာမက ထက်မြက်လာအောင်လည်း လုံ့လပြု၏။ ယင်းကို ဝီရိယိဣန္ဒြေ၏ ရင့်ကျက်မှု ဟူ၍ ဆိုရ၏။ ထို့အပြင် မိမိ၏ ယုံကြည်မှုကို အကောင်အထည် ဖော်ရာ၌ မေ့လျော့ပြီး အဆက်ပြတ် မသွားရလေအောင် သတိကိုလည်း အမြဲ

တမ်း ထား၏။ ယင်းကို သတိဋ္ဌေ၏ ရင့်ကျက်မှု ဟူ၍ ဆိုရ၏။ ဤသို့လျှင် ဣန္ဒြေငါးပါးတို့သည် ရင့်ကျက်ပြီး စုစည်းမိလာကြ၏။

ထိုအခါ ဗိမ္ဗိသာမင်းကြီး၏ အုပ်ချုပ်ရေးသည် ရှေးကထက် ပို၍ ဓမ္မနှင့် ယှဉ်လာ၏။ နိုင်ငံသည်လည်း ရှေးကထက် ပို၍ တိုးတက်လာ၏။ ဖွံ့ဖြိုးလာ၏။ နိုင်ငံ တိုးတက်ဖွံ့ဖြိုးရာ၌ ရုပ်ပိုင်းအရလည်း ဖွံ့ဖြိုးတိုးတက်၏။ စိတ်ပိုင်းအရလည်း ဖွံ့ဖြိုးတိုးတက်၏။ ကိုယ်ကျင့်သိက္ခာပိုင်းအရလည်း ဖွံ့ဖြိုးတိုးတက်၏။ အမှန်အားဖြင့် ထိုခေတ်က ထိုဒေသသည် အသက်မွေးမြူရေးနှင့် ပတ်သက်၍ သမ္မာအာဇီဝမဂ္ဂင် အားအကောင်းဆုံး ဖြစ်ပါ၏။ သမ္မာအာဇီဝမဂ္ဂင် အားကောင်းသည် ဆိုကတည်းက ဗိမ္ဗိသာရမင်းကြီး၏ မဂဓတိုင်းနိုင်ငံ၌ မကောင်းမှု အကုသိုလ် ဒုစရိုက်များသည် တဖြည်းဖြည်းချင်း နည်းပါးသည်ထက် နည်းပါးလာကြ၏။ မကောင်းမှု အကုသိုလ်ဒုစရိုက်များ နည်းပါးလာသည်နှင့်အမျှ ငြိမ်းချမ်းခြင်းသည်လည်း တိုး၍ တိုး၍ လာလေ၏။ ငြိမ်းချမ်းခြင်း တိုး၍ လာသည်နှင့်အမျှ ထိုနိုင်ငံသည် ဤကမ္ဘာမြေအပြင်၌ မွေ့လျော်ဖွယ် အကောင်းဆုံးတို့ထက် ပို၍ မွေ့လျော်ဖွယ် ကောင်းလာလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပတ္တိဖိုလ်၏ အရသာကို ကိုယ်တိုင်ခံစားပြီးနောက် အထက်ဖိုလ်များ၏ အရသာကို ခံစားရန်အတွက် တရားဘာဝနာများကို ဆက်လက်ပွားများလိုပါသော်လည်း မင်းကြီး၌ ဆောင်ရွက်ရန် တာဝန် ရှိသေး၏။ လူဟူသည် ဤလောက၌ မိမိအနေဖြင့် လုပ်လိုသော လုပ်ငန်းများကို လုပ်ရသည် မဟုတ်။ လုပ်သင့်သော လုပ်ငန်းကား တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်ရန်သာ ဖြစ်၏။ အမှန်အားဖြင့် တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်ရခြင်းသည် သူ၏ အကျိုးစီးပွားအတွက် မဟုတ်။ လောက၏ အကျိုးစီးပွားအတွက် ဖြစ်၏။ သူ၏ အကျိုးစီးပွားအတွက် သင့်လျော်သလောက် သူ လုပ်ပြီးပြီ။ သူသည် သောတာပန် ဖြစ်လေပြီ။ ထို့ကြောင့် မင်းကြီးသည် မင်း မလုပ်လိုပါသော်လည်း လောက၏ အကျိုးစီးပွားအတွက် သူ၏ ဘဝကို စတေးရလေ၏။ ဤသို့ ဘဝကို စတေးခြင်းသည်ပင်လျှင် ဘဝပေးတာဝန်ကို ယောကျ်ားကောင်းများအနေဖြင့် ကျေပွန်အောင် ဆပ်ခြင်း ဖြစ်၏။ လူတိုင်း၌ ဘဝပေးတာဝန် ရှိ၏။ ထိုတာဝန်ကို ကျေပွန်အောင် ဆပ်ခြင်းနှင့် ပတ်သက်၍ ဤသို့ မိန့်ဆိုချက် ရှိ၏။

သဓမ္မော ဝိဂုဏော သေယျော၊

ပရဓမ္မာ သုနုဋ္ဌိတာ။

မိမိ၏ တာဝန်သည် လောကအမြင်အားဖြင့် ဂုဏ်ငယ်စေကာမူ လောကအမြင်အားဖြင့် ဂုဏ်ကြီးသော သူတစ်ပါး တာဝန်ကို ဝင်ရောက် ဆောင်ရွက်ခြင်းထက် ပို၍ မြင့်မြတ်၏။

ဓမ္မနှင့်အညီ ဆိုရလျှင် မြင့်မြတ်ခြင်း ဟူသည် လုပ်ငန်းကြီးခြင်းနှင့် လုပ်ငန်း သေးငယ်ခြင်းတို့ အပေါ်၌ မတည်။ မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းနှင့် မဆောင်ရွက်ခြင်းတို့ အပေါ်၌သာ တည်၏။ လောက ဟူသည် ယန္တရားသဖွယ် ဖြစ်၏။ "ခွေးသွားစိတ်" သည် ခွေးသွားစိတ်၏ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လျှင် ယန္တရားသည် ကောင်းစွာလည်ပတ်မည် ဖြစ်၏။ ထို့ကြောင့် "ခွေးသွားစိတ်" သည် ခွေးသွားစိတ်၏ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါက ခွေးသွားစိတ်အား မြင့်မြတ်သော တာဝန်ကို ဆော◌ှရွက်ခြင်းဟူ၍ ဆိုရ၏။ အကယ်၍ ခွေးသွားစိတ်သည် ခွေးသွားစိတ်၏ တာဝန်ကို မဆောင်ရွက်ဘဲ "စတီယာရင်"၏ တာဝန်ကို သွားရောက်ဆောင်ရွက်ပါက ယန္တရားသည် ရပ်သွားမည် ဖြစ်၏။ ထိုအခါ ခွေးသွားစိတ်အား ယုတ်ညံ့သော တာဝန်ကို ဆောင်ရွက်ခြင်း ဟူ၍ ဆိုရ၏။ ထို့ကြောင့် မြင့်မြတ်ခြင်းသည် လုပ်ငန်းကြီးမားခြင်းနှင့် သေးငယ်ခြင်းတို့ အပေါ်၌သာ မတည်ဘဲ မိမိ၏ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းနှင့် မဆောင်ရွက်ခြင်းတို့ အပေါ်၌ တည်သည် ဟူ၍ ဆိုခြင်း ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးအနေဖြင့် လောလောဆယ် ဆောင်ရွက်ရမည့် တာဝန်သည် ရှိ၏။ ထိုတာဝန်ကား လွန်ခဲ့သော ၉၂ ကမ္ဘာထက် ဖုဿမြတ်စွာဘုရား လက်ထက်တော်အခါက သံဃိကပစ္စည်းကို သုံးမိသဖြင့် ပြိတ္တာဖြစ်နေကြသော မိမိ၏ ဆွေမျိုး ပြိတ္တာတို့အား ကယ်တင်ရေး လုပ်ငန်းဖြစ်၏။ မိမိ၏ ဆွေမျိုး ပြိတ္တာတို့အား ကယ်တင်ခြင်း ဟူသည်မှာလည်း "ကံ"၏ အရာသည် အစိန္တေယျ ဖြစ်သည်ဟူသော ဒေသနာတော်အရဆိုလျှင် ထူးထူးဆန်းဆန်းတော့ မဟုတ်။ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား ဆွမ်း စသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းပြီး ဆွေမျိုးပြိတ္တာတို့အား အမျှပေးဝေခြင်း ဖြစ်၏။ ထိုအခါ ဆွေမျိုး ပြိတ္တာတို့က သာဓုအနုမောဒနာ ပြုလိုက်လျှင် ချက်ချင်း ဒါန၏ အကျိုးကို ရ၏။ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ စံစားရသလို ဆွေမျိုးပြိတ္တာများ ချက်ချင်း စံစားရ၏။ ဤတာဝန်ကို ဆောင်ရွက်နိုင်ရန် မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးထံမှ ဝေဠုဝန်ကျောင်းတော်ကို အလှူခံယူပြီး နောက်တစ်နေ့၌ တိရောကုဋ္ဋသုတ်တော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။

ဤသုတ်တော်ဖြင့် မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးအား လူတို့၏ ဘဝပေးတာဝန်ကို နားလည်လာအောင် ဟောကြားတော်မူခြင်း ဖြစ်၏။ သတ္တဝါ ဟူသည် အစမထင် သံသရာ၌ ကျင်လည်နေရ၏။ သံသရာ၌ ကျင်လည်နေစဉ် ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်ခဲ့၏။ မိတ်ဆွေဖြစ်ခဲ့၏။ ရန်သူ ဖြစ်ခဲ့၏။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ကျေးဇူးရှင်လည်း ဖြစ်ခဲ့၏။ ကျေးဇူးစား

လည်း ဖြစ်ခဲ့၏။ ပဋ္ဌာန်းပါဠိတော် ဥပနိဿယပစ္စည်းက ကျေးဇူးပြုမှုနှင့် ပတ်သက်၍–

ရာသီဥတုက လည်းကောင်း၊ စားသောက်စရာ အစာအာဟာရများက လည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါများက လည်းကောင်း၊ နေရာဒေသက လည်းကောင်း ထိုထိုသတ္တဝါတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏ ဟူ၍ ဟောတော်မူထားချက် ရှိ၏။ ထိုဒေသနာတော်အရ ထိုထိုသတ္တဝါတို့အတွက် လောကသည် ကျေးဇူးရှင် ဖြစ်၏။ မိတ်ဆွေဖြစ်လျှင်လည်း မိတ်ဆွေအလျောက် ကျေးဇူးရှင် ဖြစ်၏။ ရန်သူဖြစ်လျှင်လည်း ရန်သူအလျောက် ကျေးဇူးရှင် ဖြစ်၏။ ဆွေမျိုး ဖြစ်လျှင်လည်း ဆွေမျိုးအလျောက် ကျေးဇူးရှင် ဖြစ်၏။ သတ္တဝါဟူသမျှ လောကမှ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကို ခံယူရသည်ချည်း ဖြစ်၏။

ထို့ကြောင့် လူသည် မိမိ၏ ပတ်ဝန်းကျင်လောကနှင့် ဆက်ဆံရာတွင် မိမိ၏ ကျေးဇူးရှင်အပေါ် မိမိအနေဖြင့် တတ်နိုင်သလောက် ပြန်လည် ကျေးဇူးဆပ်ခြင်း သဘောဖြင့် ဆက်ဆံရ၏။ ကျေးဇူးဆပ်ခြင်း ဟူသည်မှာ ကျေးဇူးရှင်ထံမှ နောက်ထပ် တစ်စုံတစ်ရာ မျှော်ကိုးခြင်းမရှိဘဲ မိမိကသာ ပံ့ပိုးခြင်း ဖြစ်၏။ ပံ့ပိုးနိုင်လေလေ ကျေးဇူးကြွေး ကျေလေလေ ဖြစ်၏။ ကျေးဇူးကြွေးကို များများ ပြန်လည်ဆပ်နိုင်လေလေ များများ ကျေနပ်ရလေ ဖြစ်၏။ ဗြာဟ္မဏကျမ်းများ၌မူ ထိုကဲ့သို့ ကျေးဇူးဆပ်ခြင်းကို "မဟာယည"ဟု ဆို၏။ မဟာယည ဟူသည်မှာ လေးစားစွာ ပူဇော်ထိုက်သဖြင့် ပူဇော်ခြင်း ဟူ၍ အဓိပ္ပာယ်ရ၏။

ထို့ကြောင့် မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးအား မိမိ၏ ပတ်ဝန်းကျင်လောကကို ကျေးဇူးရှင်အဖြစ် ကြည့်တတ်သော ကတညုတ မျက်စိဖြင့် ကြည့်တတ်အောင် တိရောကုဍ္ဍသုတ်တော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။ သို့မဟုတ်ပါက ဗိမ္ဗိသာရမင်းကြီးသည် မဂဓ တိုင်းနိုင်ငံ၌ မင်းလုပ်ရန် စိတ်မဝင်စားတော့ဘဲ ဖလသမာပတ် ဝင်စားခြင်း၌ ဖြစ်စေ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် အတွက် တရားဘာဝနာ ပွားများခြင်း၌ ဖြစ်မစေ လောကုတ္တရာ အလုပ်များ၌သာ စိတ်ဝင်စားကောင်း စိတ်ဝင်စားပေလိမ့်မည်။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် လောကအပေါ် တာဝန်မကျေသူ ဖြစ်ပေလိမ့်မည်။

အမှန်အားဖြင့် ဗိမ္ဗိသာရမင်းကြီးသည် မိမိ၏ မင်းဘဝဖြင့်ပင် လောကအပေါ် ကျေးဇူးဆပ်ခြင်းအားဖြင့် လိုသေးသော ပါရမီကို ဖြည့်ကာ တစ်ခုသောနေ့တွင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုမည့်သူ ဖြစ်ကြောင်း မြတ်စွာဘုရားက သိတော်မူပြီး ဖြစ်ပါ၏။

## အခန်း ( ၈ )

## ကပိလဝတ်သို့ မွေ့ခရီး

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်နေ့တွင် ဥရုဝေလ တောမှ ရာဇဂြိုဟ်သို့ ရောက်တော်မူ၏။ နောက်ပါ ရဟန္တာတစ်ထောင် လိုက်ပါ တော်မူ၏။ ထိုရဟန္တာ တစ်ထောင်တွင် ကဿပညီနောင်တို့သည် အကြီးအမှူး ဖြစ်ကြ၏။ ရာဇဂြိုဟ်တွင်ပင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် တို့သည်လည်း နောက်ပါ တပည့် ၂၅၀ နှင့်အတူ ရဟန္တာ ဖြစ်ကြ၏။ မြတ်စွာဘုရားသည် တပို့တွဲ လပြည့်နေ့တွင် ဝေဠုဝန်ကျောင်းတော်၌ သာဝကသန္နိပါတ ခေါ် သာဝက အစည်းအဝေးကြီးကို ပြုလုပ်တော်မူပြီး ဂါထာပေါင်း သုံးဂါထာရှိသော ဩဝါဒ ပါတိမောက်ကို ကိုယ်တော်တိုင် ပြတော်မူ၏။

ထိုအစည်းအဝေးတွင် ပါဝင်တော်မူကြသော ရဟန္တာပေါင်း ၁၂၅၀ တို့မှာ အားလုံး ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်တော်မူကြ၏။ အဘိညာဉ် ခြောက်ပါးရ ဆဋ္ဌာဘိညချည်းလည်း ဖြစ်တော်မူကြ၏။ ထိုအစည်းအဝေးတွင်ပင် ရှင်သာရိ ပုတ္တရာကို လက်ယာတော်ရံ အဂ္ဂသာဝကအဖြစ် လည်းကောင်း၊ ရှင်မောဂ္ဂလာန် ကို လက်ဝဲတော်ရံ အဂ္ဂသာဝကအဖြစ် လည်းကောင်း ထားတော်မူ၏။ အမှန်အား ဖြင့် မြတ်စွာဘုရားသည် ရဟန်းပရိသတ်ကို မိဂဒါဝုန်၌ စတင်၏။ ဥပသကာနှင့် ဥပါသိကာမ ပရိသတ်ကိုမူ ရာဇဂြိုဟ်၌ စတော်မူ၏။ ဥပသကာနှင့် ဥပါသိကာမ ပရိသတ်တွင် ဗိမ္ဗိသာရမင်းကြီးသည် ခေါင်းဆောင် ဖြစ်၏။

မြတ်စွာဘုရား၏ သာသနာတော်သည် ရာဇဂြိုဟ်၌ အခြေခိုင်လေပြီ။ ရဟန္တာ အရိယာများလည်း ရှိကြပြီ။ လူအရိယာများလည်း ရှိကြပြီ။ သုပ္ပတိဋ္ဌ ပညောင်ပင်၌ပင် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ လူပရိသတ် တစ်သိန်း တစ်သောင်း သောတာပန် ဖြစ်ကြ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်လည်း မြတ်စွာဘုရား၏ သာသနာတော်ကို အဓွန့်ရှည်စွာ တည်ပါစေခြင်းငှာ ရှင်မဟာ ကဿပသည် ဤရာဇဂြိုဟ်၌ပင် ပထမ သင်္ဂါယနာကို တင်ရန် စီစဉ်တော်မူခဲ့ ၏။ ထို့ကြောင့် ရာဇဂြိုဟ်သည် မြတ်စွာဘုရား သာသနာတော် ပြန့်ပွားရေး အတွက် ဘူမိနက်သန် နေရာမှန် ဖြစ်ခဲ့လေ၏။

ဖြစ်ရပ် ဟူသည် သူ့ကွင်းဆက်နှင့်သူ၊ သူ့အကြောင်းနှင့်သူ ဖြစ်၏။ အကြောင်းရင်းကို မလိုက်နိုင်သောအခါ တိုက်ဆိုင်မှုဟူ၍ ဆိုကြလေ၏။ တိုက်ဆိုင်မှုကိုပင် ပိဋကတ်တော်၌ သဟ္ဗာယ ဟူ၍ အကြောင်းတစ်ရပ် အနေဖြင့် ဆို၏။ သဟ္ဗာယဟူသည် ပဋ္ဌာန်းဝေါဟာရအားဖြင့် ပကတူပနိဿယပစ္စည်း ဖြစ်၏။ ဤလောက၌ ဖြစ်ရပ်ဟူသည် ပကတူပနိဿယပစ္စည်း၏ အထောက်အပံ့ကို ယူရ၏။ ပကတူပနိဿယပစ္စည်း ဟူသည်မှာလည်း ကမ္ဘာအသချေ် ဝေးနေစေကာမူ လှမ်း၍ ကျေးဇူးပြုနိုင်သည်ပင် ဖြစ်၏။ သဟ္ဗာယ၏ အနက်မှာ "သင့်လျော်မှု" ဟူ၍ ဖြစ်၏။ အကျိုးဖြစ်ပေါ်တိုင်း လိုအပ်သော အကြောင်းတရားများ၏ အပြီးသတ်စုပေါင်းဖွဲ့စည်းမှု သဟ္ဗာယသည် အကြောင်းတစ်ရပ်အနေဖြင့် ပါဝင်ရ၏။

သားတော်သည် မြတ်စွာဘုရားအဖြစ်ဖြင့် ရာဇဂြိုဟ်၌ သီတင်းသုံးပြီး ဝေနေယျ သတ္တဝါတို့အား သူတို့၏ ပါရမီအလိုက် ဒေသနာတော်များကို ဟောကြား ပြသလျက် ရှိ၏။ ထိုသတင်းကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကြားသိတော်မူ၏။ မင်းကြီးသည် မိမိ၏ သားတော်နှင့် မတွေ့ရသည်မှာ ကြာမြင့်ချေပြီ။ ခြောက်နှစ်ပင် ကျော်လေပြီ။ ထို့ကြောင့် မင်းကြီးသည် သားတော်အား လွန်စွာ တွေ့ချင်ပါ၏။

ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် သားတော် မြတ်စွာဘုရားအား နေပြည်တော် ကပိလဝတ်သို့ ကြွပါရန် အမတ်တစ်ယောက်ကို အခြွေအရံတစ်ထောင်နှင့် စေလွှတ်လိုက်၏။ သို့ရာတွင် ထိုအမတ်သည် မြတ်စွာဘုရား ထံတော်မှောက်သို့ ရောက်တော်မူသောအခါ ရဟန်းပြုသွားပြီး အခြွေအရံတစ်ထောင်နှင့်အတူ အားလုံး ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်သွား၏။ သုဒ္ဓေါဒနမင်းကြီးထံသို့ အခြေအနေကို ပြန်၍ မပြော။ ဤနည်းအားဖြင့် သုဒ္ဓေါဒနမင်းကြီးသည် ကိုးကြိမ်တိုင်တိုင် သားတော်ဘုရားကိုပင့်ရန် အမတ်ကိုးယောက်တို့ကို တစ်ကြိမ်လျှင် နောက်ပါ အခြွေအရံ တစ်ထောင်စီနှင့် လွှတ်လိုက်ပါသော်လည်း မည်သူမျှ သုဒ္ဓေါဒနမင်းကြီးထံ ပြန်လာပြီး သတင်းစကားကိုမျှပင် ပြောသူဟူ၍ မရှိခဲ့။ အားလုံး ရဟန်းပြုသွားသူများချည်း ဖြစ်ကြ၏။

နောက်ဆုံး၌ ဖွားဖက်တော် ကာဠုဒါယီအမတ်ကိုပင် နောက်ပါ အခြွေအရံတစ်ထောင်နှင့် လွှတ်လိုက်ရ၏။ ကာဠုဒါယီအမတ်အားလည်း ရဟန်းပြုခွင့်ကိုပါ ပေးလိုက်ရ၏။ သားတော်ဘုရားကို ကပိလဝတ်သို့ ကြွအောင် ပင့်နိုင်လျှင်တော်ပြီ။ ယူချင်သည့် အခွင့်အရေးယူ ကိစ္စမရှိ။ အားလုံးကို ပေးမည် ဖြစ်၏။ မိဘတို့၏ သံယောဇဉ်ဟူသည် ဤသဘောချည်း ဖြစ်၏။ သုဒ္ဓေါဒနမင်းကြီးသည် ပါရမီရင့်သူ ဖြစ်သော်လည်း မိဘတို့၏ သံယောဇဉ်သဘောကို မလွန်နိုင်။ သင့်

လျော့မှု သဗ္ဗာယအကြောင်းကို မရမချင်း သုဒ္ဓေါဒနမင်းကြီးသည် သတိပဋ္ဌာန်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလောမဒေသနာတော်အရ သံယောဇဉ်မှ ဝေဒနာပစ္စယာမဂ္ဂေါ ဖြစ်သွားအောင် လုပ်နိုင်ဦးမည် မဟုတ်သေး။

ထိုအခါ ပဋိစ္စသမုပ္ပါဒ် အနုလောမဒေသနာတော်အရ "ဝေဒနာ ပစ္စယာ ဒေါသော"ဖြစ်စေ ခံစားရသော ဝေဒနာအလိုက် ကြေကွဲခြင်း၊ လွမ်းဆွတ်ခြင်း၊ နှလုံးမသာယာခြင်းတို့သည် ရင်၌ ဖြစ်ပေါ်နေမည်သာ ဖြစ်၏။ ပဋိလောမ ပဋိစ္စ သမုပ္ပါဒ်ကို မမြင်မချင်း သုဒ္ဓေါဒနမင်းကြီးသည် သံယောဇဉ်မှ ကုသိုလ်ကို ဖြစ် ပေါ်အောင် လုပ်တတ်မည် မဟုတ်။ သံယောဇဉ်မှ ကုသိုလ်ကို ပေါ်လာအောင် မလုပ်တတ်လျှင်လည်း သံယောဇဉ်နှင့် ကျေးဇူးကို ခွဲခြား၍ သိနိုင်မည် မဟုတ်။

ဖွားဖက်တော် ကာဠုဒါယီအမတ်သည် နောက်ပါ အခြွေအရံ တစ်ထောင် နှင့်အတူ မြတ်စွာဘုရားကို ကပိလဝတ်သို့ ပင့်ဆောင်နိုင်ရန် ရာဇဂြိုဟ်သို့ လာခဲ့ ၏။ ရာဇဂြိုဟ်သို့ တပေါင်းလဆန်း ရှစ်ရက်လောက်တွင် ရောက်လေ၏။ ရှေး အမတ်များ နည်းတူပင် ကာဠုဒါယီနှင့် နောက်ပါ အခြွေအရံ တစ်ထောင်တို့သည် လည်း မြတ်စွာဘုရား၏ တရားကို နာကြားရသောအခါ ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်သွားကြ၏။ သို့ရာတွင် ကာဠုဒါယီမထေရ်သည် သူ၏ လာရင်းကိစ္စကိုမူ မမေ့။ မမေ့သော်လည်း မြတ်စွာဘုရားအား မလျှောက်ထားသေးချေ။ အချိန်အခါ နှင့် အခြေအနေကို စောင့်လျက် ရှိလေ၏။

တပေါင်းလပြည့်နေ့ရောက်မှ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် ခြောက်ဆယ့်လေးဂါထာတို့ဖြင့် လျှောက်ထား၏။ မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူ ရာ၌ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်သည် သဗ္ဗာယ အကြောင်းဖြစ်၏။

မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါအပေါင်းတို့အား သံသရာဒုက္ခမှ ကယ်တင်နိုင်ရေးအတွက် တောထွက်၍ ဒုက္ကရစရိယာကို ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့ခြင်း ဖြစ်၏။ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်အောင် အားထုတ်ခဲ့ခြင်း ဖြစ်၏။ ကျွတ်ထိုက်သော သတ္တဝါတို့တွင် ခမည်းတော် သုဒ္ဓေါ ဒန မင်းကြီးနှင့် ဆွေတော်မျိုးတော် အပေါင်းတို့လည်း ပါဝင်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ကပိလဝတ် နေပြည်တော်သို့ ကြွ၍ ဆွေတော်မျိုးတော် အပေါင်းတို့အား သန္တိသုခကို မုချမသွေ ညွှန်ကြားတော်မူမည် ဖြစ်၏။

ထိုသို့ ညွှန်ကြားပြသရန် မြတ်စွာဘုရား၌ မဟာကရုဏာနှင့် သဗ္ဗညုတ ဉာဏ်တော် ရှိပါ၏။ သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူတတ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်လည်း ရှိတော်မူပါ၏။ သတ္တဝါတို့၏ အလိုနှင့်

စွမ်းရည်ကို သိတော်မူသော အာသယာနုသယဉာဏ်တော်လည်း ရှိပါ၏။ ထိုဉာဏ်တော်များအရ ဆွေတော်မျိုးတော်တို့အား သံသရာဝဋ်ဒုက္ခမှ ကယ်တင်ရန် မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူရာ၌ ကာဠုဒါယီမထေရ်၏ ဂါထာခြောက်ဆယ့်လေးဂါထာသည် သပ္ပာယ အကြောင်းဖြစ်သည် ဆိုခြင်း ဖြစ်၏။

ကပိလဝတ်နေပြည်တော် ဟူသည်ကား ထိုခေတ်က တိုင်းငယ်ပြည်ငယ်မျှသာ ဖြစ်၏။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့သည် သူတို့၏ ကပိလဝတ်နေပြည်တော်ကို တိုင်းကြီးပြည်ကြီး ဖြစ်စေလိုလှ၏။ ထိုစဉ်အချိန်တွင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ် နေပြည်တော်၌ ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော် မာယာဒေဝီတို့မှ ဖွားမြင်တော်မူလာလေရာ သကျသာကီဝင်တို့ ပျော်လိုက်သည့်ဖြစ်ခြင်းသည် ဖော်ပြ၍ မရလောက်အောင် ဖြစ်ခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် စကြဝတေးမင်း ဖြစ်နိုင်သော ဘုန်းလက္ခဏာနှင့် ပြည့်စုံသူ ဖြစ်၏။

ထို့ကြောင့် ကပိလဝတ်နိုင်ငံတော်သည် စကြဝတေးနိုင်ငံတော် ဖြစ်ပေတော့မည်။ သကျ သာကီဝင်တို့သည် ဤကမ္ဘာ၌ တလူလူ ကြွားနိုင်ပေတော့မည်။ ဤသို့ သူတို့သည် စကြဝတေးနိုင်ငံ၏ ချမ်းသာကို တွေးတွေးပြီး ပျော်ကြ၏။ စိတ်ကူးယဉ်ကြ၏။ အိပ်မက် မက်ကြ၏။ စကြဝတေးနိုင်ငံ၏ ချမ်းသာဟူသည်ကား နယ်နယ်ရရ ချမ်းသာမဟုတ်။ အလွန်တပ်မက်ဖွယ်ကောင်းလှသော ချမ်းသာ ဖြစ်၏။ ဤသို့ သူတို့ တွေးကြ၏။ သူတို့ ဤသို့ သိကြ၏။ သို့ရာတွင် သူတို့၏ အတွေးနှင့် သူတို့၏ အသိသည် သိဒ္ဓတ္ထမင်းသား၏ အတွေး၊ သိဒ္ဓတ္ထမင်းသား၏ အသိနှင့် မတူ။ အချင်းချင်း ခြားနား၏။

သိဒ္ဓတ္ထမင်းသား၏ အတွေးနှင့် သိဒ္ဓတ္ထမင်းသား၏ အသိကမူ တစ်မျိုး ဖြစ်၏။ စကြဝတေးနိုင်ငံ၏ ချမ်းသာဟူသည် တကယ်တမ်း စစ်မှန်သော ချမ်းသာ မဟုတ်။ ချမ်းသာဟူ၍ ထင်ရသော ဒုက္ခသာ ဖြစ်၏။ သန္တိသုခနိုင်ငံ၏ ချမ်းသာသည်သာလျှင် တကယ်တမ်း စစ်မှန်သော ချမ်းသာ ဖြစ်၏။ ဤသို့ ခြားနား၏။ ခြားနားသော်လည်း ခြားနားကြောင်းကို သိဒ္ဓတ္ထမင်းသားသည် သိရုံသာ သိ၏။ မပြတတ်။ ဘုရားဖြစ်မှသာ ပြတတ်၏။ သိဒ္ဓတ္ထမင်းသားသည် ယခု ဘုရားအဖြစ်သို့ ရောက်ပြီ။ ထို့ကြောင့် စကြဝတေးနိုင်ငံ၏ ချမ်းသာနှင့် သန္တိသုခနိုင်ငံ၏ ချမ်းသာကို ဖခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့အား လက်တွေ့ နှိုင်းယှဉ်၍ ပြတတ်ပြီ။ ပြတတ်သဖြင့်လည်း ပြလို၏။

ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လွှတ်လိုက်သော အမတ်ဆယ်ယောက်နှင့် အခြွေအရံ တစ်သောင်းတို့အား မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်

ဝေဠုဝန်ကျောင်းတိုက်၌ စကြဝဠာနိုင်ငံ၏ ချမ်းသာနှင့် သန္တိသုခနိုင်ငံ၏ ချမ်းသာကို နှိုင်းယှဉ်၍ ပြခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ကပိလဝတ်ပြည်သား တစ်သောင်းကျော်တို့သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူကြပြီး ရဟန္တာများ ဖြစ်သွားကြလေပြီ။ သန္တိသုခကို ကိုယ်တွေ့ ခံစားကြရလေပြီ။ ထို့ကြောင့် သူတို့အတွက် စကြဝဠာနိုင်ငံချမ်းသာနှင့် သန္တိသုခနိုင်ငံချမ်းသာတို့အပေါ် နှိုင်းယှဉ်ပြစရာ မလိုတော့။ သူတို့ ကိုယ်တိုင် သိကြပြီ။ သို့ရာတွင် နှိုင်းယှဉ်၍ ပြစရာ လိုသေးသော ပုဂ္ဂိုလ်များ ကပိလဝတ်နိုင်ငံ၌ ရှိသေး၏။ ထိုပုဂ္ဂိုလ်များကား ဖခမည်းတော် အမှူးပြုသော ဆွေတော်မျိုးတော်တို့ ဖြစ်၏။ ထိုတာဝန်ကို မြတ်စွာဘုရားသည် ဆောင်ရွက်မည် ဖြစ်၏။

ခမည်းတော် သုဒ္ဓေါဒနနှင့် ဆွေတော်မျိုးတော်တို့သည် လောကကို ကြည့်သောအခါ ပုဂ္ဂလ စက္ခုဖြင့်သာ ကြည့်ခြင်း ဖြစ်၏။ ဓမ္မ စက္ခုဖြင့် ကြည့်ခြင်း မဟုတ်။ ပုဂ္ဂလစက္ခုဖြင့် လောကကို ကြည့်သောအခါ ပုဂ္ဂိုလ်အဖြစ်ဖြင့် မြင်၏။ သတ္တဝါအဖြစ် မြင်၏။ ဓမ္မအဖြစ် မမြင်။ သင်္ခါရအဖြစ် မမြင်။ ထိုအခါ ချစ်စရာကို တွေ့၏။ ချစ်စရာကို တွေ့လျှင် ချစ်လိုက်၏။ မုန်းစရာကို တွေ့လျှင် မုန်းလိုက်၏။ လောကကို ပုဂ္ဂလစက္ခုဖြင့်သာ ကြည့်ပါက လောကတွင် များသောအားဖြင့် ချစ်စရာနှင့် မုန်းစရာ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို တွေ့မည်ဖြစ်၏။ ချစ်စရာကို တွေ့၍ ချစ်လျှင် ရာဂဖြစ်၏။ မုန်းစရာကို တွေ့၍ မုန်းလျှင် ဒေါသဖြစ်၏။ ထိုအခါ ဥပါဒါန်ဖြစ်၏။ ဘဝဖြစ်၏။ ဥပါဒါန်တို့ ဘဝတို့ ဖြစ်လေမှတော့ ဇာတိကို ရှောင်၍မရ။ ဇာတိကို ရှောင်၍မရလျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ကိုလည်း ရှောင်၍မရ။ သို့ဖြစ်လျှင် စကြဝဠာနိုင်ငံ၌ တကယ်တမ်း စစ်မှန်သော ချမ်းသာဟူသည် အဘယ်မှာ ရှိပါလေမည်နည်း။ ဤသို့ မြတ်စွာဘုရားက ဖခမည်းတော် မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား ဟောပြချင်၏။

အမှန်အားဖြင့် လောကကို ကြည့်သောအခါ ဓမ္မစက္ခုဖြင့် ကြည့်ဖို့ လို၏။ အကယ်၍ လောကကို ဓမ္မစက္ခုဖြင့်သာ ကြည့်ပါက သူများက ကာမဂုဏ်ဟူ၍ မြင်လျှင်လည်း မိမိက ကာမဂုဏ် ဟူ၍ မမြင်တော့။ ဓမ္မအဖြစ်သာ မြင်မည်။ သင်္ခါရအဖြစ်သာ မြင်မည်။ ဓမ္မအဖြစ်နှင့် သင်္ခါရအဖြစ်သာ မြင်ပါက ချစ်စရာလည်း မရှိ၊ မုန်းစရာလည်း မရှိ၊ အားလုံး အနိစ္စချည်း ဖြစ်၏။ အားလုံး ဒုက္ခချည်း ဖြစ်၏။ အားလုံး အနတ္တချည်း ဖြစ်၏။ အားလုံး အသုဘချည်း ဖြစ်၏။ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူ၍ မရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဟူ၍လည်း မရှိ။

ထိုသို့ မရှိပါဘဲလျက် အရှိလုပ်၍ မြင်သည်မှာ လောကကို ပုဂ္ဂလစက္ခုဖြင့်

ကြည့်မှသာ မြင်ခြင်း ဖြစ်၏။ အမှန်အားဖြင့် ဤလောကတွင် ကာမဂုဏ် ဟူ၍လည်း မရှိ၊ ရုပ်နာမ်ဓမ္မ သင်္ခါရများသာ ရှိ၏။ ရုပ်နာမ် သင်္ခါရများကိုပင် ကာမဂုဏ် ဟူ၍ မြင်နေခြင်းမှာလည်း ပုဂ္ဂလစက္ခုဖြင့် ကြည့်သောကြောင့် ဖြစ်၏။ ပုဂ္ဂလစက္ခုဟူသည် မွေးကတည်းက ပါလာသော မျက်စိ ဖြစ်၏။ ဓမ္မစက္ခုကား ပါရမီ ပါသူများသာ ရနိုင်သော မျက်စိဖြစ်၏။ အကယ်၍ လောကကို ဓမ္မစက္ခုဖြင့်သာ ကြည့်တတ်မည်ဆိုပါလျှင် ပရမတ္ထဆိုက်အောင် မြင်မည် ဖြစ်၏။ ထိုအခါ သန္တိသုခကို မြင်ဖို့ သေချာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား လောကကို ဓမ္မစက္ခုဖြင့် ကြည့်တတ်အောင် သင်ပေးရမည် ဖြစ်၏။ အကယ်၍သာ ဖခမည်းတော်မင်းကြီးနှင့် ဆွေတော်မျိုးတော်တို့သည် လောကကို ဓမ္မစက္ခုဖြင့်သာ ကြည့်တတ်မည်ဆိုပါလျှင် သူတို့ အထင်ကြီးခဲ့သော စကြဝတေးနိုင်ငံချမ်းသာသည် ဘာမျှ မဟုတ်ပါတကား ဟူ၍ သူတို့ ဆုံးဖြတ်နိုင်လာမည် ဖြစ်၏။ ထိုအခါ သိဒ္ဓတ္ထမင်းသား တောထွက်ခြင်းအပေါ် စိတ်မချမ်းမသာ ဖြစ်ခဲ့ကြသော ဖခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့သည် အမြင်မှန်ရပြီး စိတ်ချမ်းသာကြမည် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ဓမ္မခရီးကို ကြွတော်မူပေလိမ့်မည်။

## အခန်း ( ၉ )

## ခမ္ဘခရီးမှ အသီးအပွင့်များ

ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ကပိလဝတ္ထုသို့ နောက်ပါ ရဟန်းတော် နှစ်သောင်း ခြံရံလျက် ကြွတော်မူ၏။ ရဟန်းတော်ပေါင်း နှစ်သောင်းတို့မှာ အားလုံး ရဟန္တာချည်း ဖြစ်ကြ၏။ ရဟန္တာပေါင်း နှစ်သောင်းတွင် အင်္ဂတိုင်းနှင့် မဂဓတိုင်းသားက တစ်သောင်း၊ ကပိလဝတ်တိုင်းသားက တစ်သောင်း၊ အားလုံး စုစုပေါင်း နှစ်သောင်းဖြစ်၏။

မြတ်စွာဘုရား ကြွတော်မူသောနေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ ဖြစ်၏။ ရာဇဂြိုဟ်နှင့် ကပိလဝတ္ထုသည် ယူဇနာခြောက်ဆယ် ကွာဝေး၏။ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ကြွလေရာ ရက်ပေါင်း ခြောက်ဆယ်ကြာမှ မြတ်စွာဘုရားသည် ကပိလဝတ္ထုပြည်သို့ ရောက်တော်မူ၏။ မြတ်စွာဘုရား ရောက်တော်မူသော နေ့မှာ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်လျော် ၁ ရက်နေ့ ဖြစ်၏။

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ရောက်တော်မူသောအခါ မြို့၏ အနီးရှိ နိဂြောဓရုံဥယျာဉ်၌ ရဟန္တာနှစ်သောင်းနှင့်အတူ သီတင်းသုံးတော်မူ၏။ သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကို လာရောက် ကြိုဆို၍ နေရာချပေးကြ၏။ မြတ်စွာဘုရားကို ကြိုဆိုရာတွင် ပြည်သူပြည်သား လူငယ်များက ပထမ၊ မင်းသမီး မင်းသားငယ်များက ဒုတိယ၊ နောက်ဆုံးမှ သာကီဝင် မင်းသား မင်းသမီး လူကြီးများက နေရာယူ၍ ကြိုဆိုကြခြင်း ဖြစ်၏။ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူသော အခါ၌လည်း လူငယ်များကိုသာ ရှိခိုးစေပြီး မြတ်စွာဘုရားထက် အသက်အရွယ်တော်အားဖြင့် ကြီးသူများကမူ မြတ်စွာဘုရားကို ရှိမခိုးဘဲ နေကြ၏။ လောကဓမ္မတာအတိုင်း ကြီးသူများက မိမိထက် ငယ်သူများကို ရှိမခိုးသော သဘောပင် ဖြစ်၏။ ယင်း၌ အထင်မကြီးသော သဘောလည်း ပါ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် သာကီဝင်မင်းတို့ မာန်မာန ကျစေရန် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာကို ပြရ၏။ ထိုအခါမှ သုဒ္ဓေါဒနမင်းကြီး အမှူးပြု သော သာကီဝင်တို့သည် မြတ်စွာဘုရားကို ရှိခိုးကြ၏။ အမှန်အားဖြင့် ဖခမည်း တော် သုဒ္ဓေါဒနမင်းကြီး အနေဖြင့်မူ သိဒ္ဓတ္ထမင်းသား ဖွားသန့်စင်တော်မူစဉ် ကာလ ကာလဒေဝီလရသေ့၏ ဦးခေါင်းထက်သို့ ခြေတော်တင်စဉ်က တစ်ကြိမ်၊ လယ်ထွန်မင်္ဂလာ ဆင်းစဉ်ကာလ သပြေပင်ရိပ်၌ ရှိစဉ်က တစ်ကြိမ်၊ ယခု တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ် ရှိခိုးခြင်း ဖြစ်၏။ ထို့ကြောင့် ဖခမည်းတော် မင်းကြီး၏ ဇာတိမာန်ကား သားတော်နှင့် ပတ်သက်၍ အစ ကတည်းကပင် ကျပြီးသား ဖြစ်၏။

မြတ်စွာဘုရားကား ဉာတတ္ထစရိယအနေဖြင့် ကပိလဝတ္ထုပြည်ရှိ ဆွေ တော် မျိုးတော် အပေါင်းတို့အား သန္တိသုခဖြင့် ချီးမြှောက်ချင်သည်မှာ အမှန် ဖြစ်၏။ သို့ရာတွင် အချိန်ကာလ လိုသေးသဖြင့်သာ ယခုအချိန်တိုင်အောင် မချီးမြှောက်နိုင်သေးခြင်း ဖြစ်၏။ သစ္စာဉာဏ်ကို ရရန်အတွက် အချိန်ကာလသည် ဥပနိဿယအနေဖြင့် များစွာ အရေးကြီး၏။ အချိန်ရောက်ပါမှ ပါရမီ ရင့်၏။ ပါရမီ ရင့်ပါမှ ဣန္ဒြေရင့်၏။ ဣန္ဒြေရင့်ပါမှ သစ္စာဉာဏ်ကို ရ၏။

ထို့ကြောင့် မိမိ၏ ဆွေတော်မျိုးတော်များ၏ ဣန္ဒြေရင့်ချိန်ကို စောင့်ရင်း အခြားကျွတ်ထိုက်သူများအား ချွတ်နေရခြင်း ဖြစ်၏။ အချိန်ရောက်မှု မရောက်မှု နှင့် ပတ်သက်၍ မြတ်စွာဘုရားသည် အသိဆုံး ဖြစ်တော်မူ၏။ မြတ်စွာဘုရား သည် ထိုထိုသတ္တဝါတို့နှင့် ပတ်သက်၍ အချိန်ကို အသိဆုံး ကာလညူလည်း ဖြစ်တော်မူ၏။ အခြေအနေကို အသိဆုံး ခေတ္တညူလည်း ဖြစ်တော်မူ၏။ ယခု ဆွေတော်မျိုးတော်တို့အတွက် အချိန်ရောက်ပြီ။ အခြေအနေ ရောက်ပြီ။

အမှန်အားဖြင့် သာကီဝင်မင်းတို့သည် စကြဝတေးမင်း၏ ချမ်းသာကိုမှ ချမ်းသာဟူ၍ ထင်သူများ ဖြစ်ကြ၏။ နိဗ္ဗာန်၏ ငြိမ်းချမ်းမှုချမ်းသာ သန္တိသုခ ကိုမူ ချမ်းသာဟူ၍ ထင်သူများ မဟုတ်ကြ။ ယခုမူ မြတ်စွာဘုရားအနေဖြင့် နိဗ္ဗာန်၏ သန္တိသုခသည်သာ တကယ်တမ်း ချမ်းသာဖြစ်ကြောင်း၊ စကြဝတေးမင်း ၏ ချမ်းသာဟူသည် အမှန်အားဖြင့် ဒုက္ခဖြစ်ကြောင်း ဆွေတော်မျိုးတော်တို့အား လက်တွေ့အားဖြင့် ပြ၍ ရပြီ။ အကယ်၍ ပြလျှင်လည်း ဆွေတော်မျိုးတော်တို့ နားလည်နိုင်ပြီ။ ဤအချိန်ကို မြတ်စွာဘုရားသည် စောင့်ခဲ့ပါ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် စောင့်ခဲ့ပါ၏။

မြတ်စွာဘုရား ရောက်တော်မူစ ပထမနေ့တွင် နတ်ဗြဟ္မာများအား ချွတ် တော်မူရခြင်းဖြင့် အဆုံးသတ်၏။ ပထမနေ့၌ပင် မိမိ၏ ဆွေတော်မျိုးတော်တို့

အား မိမိ၏ အံ့ဖွယ် တန်ခိုးပြာဋိဟာကို ပြခြင်းအားဖြင့် မိမိအပေါ်၌ ဆွေတော် မျိုးတော်တို့၏ ယုံကြည်မှုကို စိုက်ထူနိုင်ခဲ့ပါ၏။ ဤသည်မှာ ပထမနေ့ လုပ်ငန်း ဖြစ်၏။

ဒုတိယနေ့တွင် မြတ်စွာဘုရားသည် မိမိ၏ နောက်ပါ ရဟန္တာနှစ်သောင်း နှင့်အတူ ကပိလဝတ္ထုမြို့တွင်းသို့ ဆွမ်းခံ ဝင်ကြွတော်မူ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် များစွာ ရှက်၏။ သုဒ္ဓေါဒနမင်းကြီးသည် သားတော် ဘုရား ဆွမ်းခံရာသို့ အလျင်အမြန်လိုက်ပြီး ထိုခေတ်ယဉ်ကျေးမှုအရ တောင်းရမ်း ခြင်း ဟူသည်မှာ သာကီဝင်တို့အတွက် ဂုဏ်သိက္ခာရှိသော အလုပ် မဟုတ်ပါ ကြောင်း၊ သာကီဝင်တို့၏ အမျိုးအစဉ်အလာ၌ တောင်းရမ်းခြင်းအလေ့ မရှိပါ ကြောင်း၊ ထို့ကြောင့် မြတ်စွာဘုရားအနေဖြင့် တောင်းရမ်းခြင်းကို မပြုသင့်ပါ ကြောင်း၊ မိမိ၏ နန်းတော်၌ ရဟန်းတော်နှစ်သောင်းကို ဆွမ်းကပ်နိုင်ပါကြောင်း ဖြင့် လျှောက်ထားရာ မြတ်စွာဘုရားက မိမိ၏ အနွယ်သည် သာကီဝင်အနွယ် မဟုတ်တော့ဘဲ မြတ်စွာဘုရားတို့ အနွယ်သာ ဖြစ်ကြောင်း၊ မြတ်စွာဘုရားတို့၏ အနွယ်၌ အိမ်စဉ် ဆွမ်းခံခြင်းသည် အကျင့်အာစရ ဖြစ်ကြောင်းဖြင့် အောက်ပါ အတိုင်း ဂါထာဖြင့် ဟောကြားတော်မူ၏။

- ရပ်၍ ရသောဆွမ်း၌ မမေ့လျော့ရာ၊
- ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံခြင်းအကျင့်ကို ကျင့်ရာ၏။
- ဆွမ်းခံအကျင့်ကို ကောင်းစွာ ကျင့်သော ရဟန်းသည်
- ပစ္စုပ္ပန်၌ လည်းကောင်း၊ တမလွန်၌ လည်းကောင်း ချမ်းသာစွာ နေထိုင်ရ၏။

ဤဂါထာသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား သောတာပတ္တိမဂ်ကို ရ၍ သောတာပန်အဖြစ်သို့ ရောက်စေသော ဂါထာဖြစ်၏။ အရိယသစ္စာဉာဏ်ကို ရရှိရာ၌ ဉာဏ်အမြင် သမ္မာဒိဋ္ဌိသည် များစွာ အရေးကြီး၏။ ဉာဏ်အမြင် သမ္မာဒိဋ္ဌိ သည် အပ္ပမာဒတရား၏ အထက်အနံ့ကို လိုက်၍ အဆင့်ဆင့် ဖြစ်၏။ ဆွမ်းခံ ရာတွင် ဆွမ်းကို မြင်ရာ၌ ဖြစ်စေ၊ အခြား ရူပါရုံကို မြင်ရာ၌ ဖြစ်စေ အပ္ပမာဒကို အခြေမခံလျှင် ဆွမ်းကို မြင်သည် သို့မဟုတ် မြင်စရာ အရာဝတ္ထုကို မြင်သည်ဟူ၍ သိ၏။ ဤအသိသည် အရိယသစ္စာသို့ ဦးတည်သော အသိ မဟုတ်။ သာမန် လောက သိမျိုးသာ ဖြစ်၏။

သာမန်လောကသိသည် သံသရာဘက်သို့ ဦးတည်၏။ သံသရာ ထွက် မြောက်ရာသို့ ဦးမတည်။ သံသရာသို့ ဦးတည်သော အသိကို ကံသိဟူ၍ ဆိုရ၏။ သံသရာမှ ထွက်မြောက်ရာသို့ ဦးတည်သော အသိကို ဉာဏ်သိဟူ၍ ဆိုရ၏။

ကံသိသည် ပညာကို သိ၏။ ဉာဏ်သိသည် ပရမတ်ကို သိ၏။ အပ္ပမာဒတရား မရင့်စဉ်က ဆွမ်းကို ဆွမ်းဟူ၍ပင် သိ၏။ အပ္ပမာဒတရား ရင့်လာသောအခါ ဆွမ်းကို ရုပ်၊ မြင်စရာ ရုပ်ဟူ၍ သိလာ၏။ ရုပ်ကို သိလာလျှင် ဉာဏ်ကိုလည်း သိလာ၏။ ဆွမ်းကို ဆွမ်းအဖြစ် သိရာမှ ဆွမ်းကို ရုပ်ဟူ၍ သိလာသည်မှာ မိမိရပ်၍ ရသောဆွမ်း၌ အပ္ပမာဒတရားကို ထားခြင်းကြောင့် ဖြစ်၏။ အပ္ပမာဒ ရင့်လာလျှင် ယထာဘူတဉာဏ်ကို ရလာ၏။

ယထာဘူတဉာဏ်ကို ရလာလျှင် ဆွမ်း၌ ရုပ်ကိုသာမက ရုပ်တို့၏ ဖြစ်ပျက်ကိုပါ မြင်လာ၏။ ထို့နောက် ရုပ်တို့၏ ဖြစ်ပျက်၌ ငြီးငွေ့လာ၏။ ထို့နောက် ရုပ်တို့၏ မဖြစ်ပျက်ရာ နိဗ္ဗာန်ကို မြင်လာ၏။ ထို့ကြောင့် အာရုံကို ကမ္မဋ္ဌာန်းအာရုံ အဖြစ်သို့ ရောက်အောင် လုပ်ရာ၌ အပ္ပမာဒတရားသည် များစွာ ပြဋ္ဌာန်း၏။ ကမ္မဋ္ဌာန်းအာရုံ ဟူသည်မှာ ရုပ်နာမ်မှ စ ရ၏။ အာရုံကို ရုပ်နာမ်အဖြစ် မမြင်သေးလျှင် ကမ္မဋ္ဌာန်းအာရုံ မဟုတ်သေး။ ထို့ကြောင့် ဆွမ်းခံရာ၌ အပ္ပမာဒတရားဖြင့် ဆွမ်းကို ကမ္မဋ္ဌာန်းအာရုံအဖြစ် ယူနိုင်ပါလျှင် ကောင်းသော ဆွမ်းခံအကျင့်ကို ကျင့်ခြင်းမည်၏။ ပစ္စုပ္ပန်နှင့် တမလွန် နှစ်တန်သော ကောင်းကျိုးကို ပေးနိုင်၏။

မြတ်စွာဘုရားက ဆွမ်းခံရင်း ဤဒေသနာတော်ကို ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား ဟောကြားတော်မူရာ သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန်အရိယာ ဖြစ်သွားလေ၏။ သုဒ္ဓေါဒနမင်းကြီးသည် သောတာပန် ဖြစ်သွားပြီးလျှင် မြတ်စွာဘုရား၏ လက်တော်မှ သပိတ်တော်ကို ယူ၍ နောက်ပါ ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားကို မိမိ၏ နန်းတော်သို့ ပင့်သွားလေ၏။ နန်းတော်၌ မြတ်စွာဘုရားနှင့်တကွ ရဟန္တာနှစ်သောင်းတို့ သီတင်းသုံး နေထိုင်တော်မူကြ၏။ ထို့နောက် ဆွမ်းမစားမီ မြတ်စွာဘုရားက သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီ အမှူးပြုသော ပရိသတ်အား ဒုတိယဂါထာကို အောက်ပါအတိုင်း ဟောကြားတော်မူပြန်၏။

- ကောင်းစွာကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်ရာ၏၊
- မကောင်းသဖြင့် ကျင့်အပ်သော ဆွမ်းခံအကျင့်ကို မကျင့်ရာ၊
- ကောင်းစွာကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်သော ရဟန်းသည်၊
- ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာစွာ နေရ၏။

ဆွမ်းခံခြင်းနှင့် ပတ်သက်၍ တရားဒေသနာကို မြတ်စွာဘုရားသည် မိမိ ဖခမည်းတော်၏ နန်းတော်၌ အရေးတကြီးထားပြီး ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားရာတွင် သံဃာ့အဖွဲ့အစည်းကို ဆွမ်းခံခြင်းကျင့်ဝတ်ပေါ်၌

အခိုင်အမာ တည်ဆောက်လိုသောကြောင့် လည်းကောင်း၊ ခမည်းတော်မင်းကြီးနှင့် မိထွေးတော်တို့၏ စရိုက်အရ ဤဒေသနာဖြင့် ယင်းတို့ကို အရိယာအဖြစ်သို့ ရောက်စေလိုသောကြောင့် လည်းကောင်း ဟောကြားတော်မူခြင်း ဖြစ်၏။ လုပ်ငန်းတိုင်းတွင် အတွင်းသရုပ်နှင့် အပြင်သဏ္ဍာန်ဟူ၍ နှစ်မျိုးရှိ၏။ လုပ်ငန်းတစ်ခုသည် အပြင်သဏ္ဍာန်အားဖြင့် အခြားလုပ်ငန်း တစ်ခုနှင့် တူတတ်သော်လည်း အတွင်းသရုပ်အားဖြင့်မူ တူချင်မှ တူ၏။

ဆွမ်းခံခြင်း၌လည်း အတွင်းသရုပ်နှင့် အပြင်သဏ္ဍာန်ဟူ၍ပင် နှစ်မျိုးရှိ၏။ အပ္ပမာဒတရားဖြင့် ဝန်းရံသော ဆွမ်းခံခြင်းသည် ကောင်းစွာကျင့်အပ်သော ဆွမ်းခံခြင်းမည်၏။ မိမိရအပ်သော ဆွမ်းကို အကြောင်းပြု၍ ရဟန်းသည် နာမရူပပရိစ္ဆေဒဉာဏ်၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဝိရာဂဉာဏ်တို့ဖြင့် သစ္စဉာဏ်ကို ရနိုင်၏။ အပ္ပမာဒတရားဖြင့် ဝန်းရံခြင်း မပြုပါက ရဟန်းသည် မိမိရသော ဆွမ်း၌ "ကောင်းသောဆွမ်း"ဟူ၍လည်း မြင်နိုင်၏။ မကောင်းသောဆွမ်း ဟူ၍လည်း မြင်နိုင်၏။ ကောင်းသောဆွမ်းဟူ၍ မြင်ပါက တဏှာသည် ဖြစ်တတ်၏။ မကောင်းသောဆွမ်း ဟူ၍မြင်ပါက နှလုံးမသာယာခြင်း ဒေါမနဿသည် ဖြစ်တတ်ပါ၏။ ဤသို့ တဏှာကို ဖြစ်စေ၊ ဒေါမနဿကို ဖြစ်စေ တစ်မျိုးမျိုးသော ကိလေသာကို ဖြစ်ပေါ်စေသော ဆွမ်းခံခြင်းကား မကောင်းသဖြင့် ကျင့်အပ်သော ဆွမ်းခံခြင်း မည်၏။ ထို့ကြောင့် မကောင်းသော ဆွမ်းခံခြင်းကို ရှောင်၍ ကောင်းသော ဆွမ်းခံခြင်းကို ပြုရာ၏။

ထိုဒေသနာတော်ကို နာကြားသောအခါ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ် ဖြစ်၍ မိထွေးတော် မဟာပဇာပတိဂေါတမီသည် သောတာပန် ဖြစ်လေ၏။ အမှန်အားဖြင့် ကြည့်တတ်သူများသည် နေရာတိုင်း၌ သစ္စာလေးပါးကို မြင်နိုင်ကြပါ၏။ မြတ်စွာဘုရားနှင့် ရဟန္တာနှစ်သောင်းတို့သည်လည်း နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူကြ၏။ သုဒ္ဓေါဒန အမှူးပြုသော သာကီဝင်တို့အား စကြဝတေးမင်း၏ သုခသည် သုခအသွင် ဆောင်နေသော ဒုက္ခသာ ဖြစ်၍၊ နိဗ္ဗာန်၏ သန္တိသုခသည်သာ တကယ်တမ်း စစ်မှန်သော သုခ ဖြစ်ကြောင်း မြတ်စွာဘုရားက လက်တွေ့ ပြနိုင်လေပြီ။

# အခန်း (၁၀)

## ယသော်ဓရာ စံနန်း ကြွချီမြန်း

မြတ်စွာဘုရားသည် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ ဆွမ်းဘုဉ်း ပေး၍ ပြီးလေပြီ။ သာကီဝင်မင်းသား၊ မင်းသမီးတို့သည် မြတ်စွာဘုရားကို လာ ရောက် ဖူးမြော်ကြ၏။ သို့ရာတွင် ထိုအထဲ၌ ယသောဓရာဒေဝီသည် မပါဝင်။ ယသောဓရာဒေဝီကို မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ရန် ရံရွေတော်များက တင်လျှောက်ကြပါသော်လည်း ယသောဓရာဒေဝီသည် မြတ်စွာဘုရားထံသို့ မသွား။ သူမ၏ ကျက်သရေတိုက်ခန်း၌သာ စံနေ၏။

သူမသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် မြတ်စွာဘုရားရှင် ၏ အပေါ်၌ သူမ၏ကျေးဇူး မည်မျှရှိသည်ကို သိ၏။ မြတ်စွာဘုရားရှင်ကလည်း သိမည်ပင် ဖြစ်၏။ ထိုကျေးဇူးကို မြတ်စွာဘုရားရှင်က မင်းပရိသတ်အလယ် ပေါ်ပေါ်ထင်ထင် ထုတ်ဖော်စေလို၏။ လောက၏ ကြမ္မာကို ဖန်တီးရာ၌ အမျိုး သမီးတို့၏ စွမ်းပကား မည်မျှ ကြီးမားစွာ ပါဝင်သည်ကို ဥဒါန်းတွင်ရစ် စေချင်၏။ ထို့ကြောင့် ယသောဓရာဒေဝီသည် မြတ်စွာဘုရားရှင် သီတင်းသုံးရာ နန်းတော်သို့ မကြွဘဲ သူမ၏ ကျက်သရေတိုက်ခန်း၌သာ စံနေခြင်း ဖြစ်၏။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်ထံတော်မှ နိယတ ဗျာဒိတ်ကို ရရှိတော်မူခဲ့၏။ ထိုသို့ ဗျာဒိတ်ကို ရခြင်းသည် သုမေဓာရှင်ရသေ့၏ အစွမ်းချည်း သက်သက်ကြောင့် မဟုတ်။ သုမိတ္တာ၏ အစွမ်းလည်း ပါ၏။ သို့ရာတွင် သုမိတ္တာ၏ အစွမ်းသည် မပေါ်လွင်ခဲ့။ အကယ်၍ ထိုစဉ်ကာလက သုမိတ္တာ၏ အစွမ်းသာ မပါဝင်ခဲ့လျှင် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာ ဘုရားထံတော်မှ နိယတ ဗျာဒိတ်ကိုပင် ရဖို့ မရှိ။ ဤသို့ လောက က သိချင်မှ သိမည်။ ယသောဓရာကတော့ သိစေချင်၏။

နိယတဗျာဒိတ်ကို ရနိုင်ရန် အရေးကြီးသော စိတ်ပိုင်းဆိုင်ရာ အင်အားနှစ်ရပ် ရှိဖို့ လို၏။ ထိုစိတ်ပိုင်းဆိုင်ရာ အင်အားနှစ်ရပ်သည် အထွတ်အထိပ်သို့ ရောက်အောင် ပြည့်စုံသွားခြင်းကိုပင် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းဟူ၍ ဆိုရ၏။ ပုဂ္ဂိုလ်အနေအားဖြင့် ဆိုရလျှင် သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်တော်မူခြင်း ဟူ၍ ဆိုရ၏။

ထိုစိတ်ပိုင်းဆိုင်ရာ အင်အားနှစ်ရပ်တို့တွင် တစ်ခုသော အင်အားမှာ ကရုဏာ ဖြစ်၏။ အခြားတစ်ခုသော အင်အားမှာ ပညာဖြစ်၏။ ကရုဏာသည် အမျိုးသမီးတို့၏ အတွင်းသရုပ် ဖြစ်၏။ ကရုဏာကို အစိုင်အခဲ ပြုလုပ်နိုင်၍ ပြုလုပ်ခဲ့ပါလျှင် အပြင်သဏ္ဌာန်အနေဖြင့် အမျိုးသမီးဟူ၍ ဖြစ်လာ၏။ ပညာသည် အမျိုးသမီးတို့၏ အတွင်းသရုပ် ဖြစ်၏။ ပညာကို အစိုင်အခဲ ပြုလုပ်နိုင်၍ ပြုလုပ်ခဲ့ပါလျှင် အပြင်သဏ္ဌာန်အနေဖြင့် အမျိုးသားဟူ၍ ဖြစ်လာ၏။ သင်္ကေတ အနေဖြင့် ဆိုရလျှင် လသည် အမျိုးသမီးတို့၏ သရုပ်ဖြစ်လျှင် နေသည် အမျိုးသားတို့၏ သရုပ်ဖြစ်၏။

လနှင့်နေ နှစ်ပါးစုံမှ လောကသည် သတ္တဝါတို့အား ကျေးဇူးပြုနိုင်၏။ အမျိုးသမီးနှင့် အမျိုးသား နှစ်ပါးစုံမှလည်း လောကအတွက် ထူးခြားသော သတ္တဝါစုသည် ဖြစ်ထွန်းရ၏။ ကရုဏာနှင့် ပညာ နှစ်ပါးစုံမှ လောကအတွက် အရိယာစုသည် ဖြစ်ထွန်းရ၏။ ကရုဏာနှင့် ပညာ၊ လနှင့် နေ၊ အမျိုးသမီးနှင့် အမျိုးသား ...ဤသည်တို့မှာ လောက၏ ကြမ္မာကို ဖန်တီးရာ၌ အစုံအင်အားများ ဖြစ်ကြ၏။ ဤသည်ကား ဓမ္မတာ။

ဤဓမ္မတာအရ သုမိတ္တာသည် သုမေဓာ ရှင်ရသေ့အား ဒီပင်္ကရာ မြတ်စွာဘုရားထံတော်မှ နိယတ ဗျာဒိတ်ကို ရနိုင်စေရန် ကရုဏာ၏ ကိုယ်စားလှယ် အနေဖြင့် ပံ့ပိုးခဲ့ခြင်း ဖြစ်၏။ ထိုမှစခဲ့သော ကရုဏာဓာတ်သည် သိဒ္ဓတ္ထမင်းသား ဘဝ၌ အထွတ်အထိပ်သို့ ရောက်၍ သဗ္ဗညုတဉာဏ်တော်ကို ရယူနိုင်စေခဲ့ပါ၏။ ဤသို့ ယသောဓရာ ဒေဝီသည် သိဒ္ဓတ္ထမင်းသားအနေဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရယူခဲ့ရာ၌ သူမ ပါဝင်ပတ်သက်ခဲ့သော သူမ၏ ကဏ္ဍကို သူမ သဘောပေါက်၏။

သုမိတ္တာက သတ်သတ်၊ သုမေဓာက သတ်သတ်၊ ဤသို့ သတ်သတ်စီ ဖြစ်နေရခြင်းမှာ ဒြပ်ရှိပိုင်း အနေဖြင့်သာ သတ်သတ်စီ ဖြစ်နေရခြင်း ဖြစ်၏။ ဒြပ်မဲ့ပိုင်း အနေဖြင့်မူ သုမိတ္တာနှင့် သုမေဓာတို့သည် ကရုဏာနှင့် ပညာတို့၏ စွမ်းအားအနေဖြင့် တစ်သားတည်း ဖြစ်ရ၏။ ယင်းကိုပင် အဒွိတ္တဟူ၍ ဆိုရ၏။

တစ်သားတည်း အဒွိတ္တဟူသည် သုခနှင့် ဒုက္ခတို့၌လည်း တစ်သားတည်း။

ကွေကွင်းရခြင်းတို့၌လည်း တစ်သားတည်း။ ယင်းတစ်သားတည်း အဒွိတ္တကို ခန္ဓာကိုယ်ဖြင့် ခွဲသော်လည်း ခွဲ၍မရ။ ကာလဖြင့် ခွဲသော်လည်း ခွဲ၍မရ။ ဒေသဖြင့် ခွဲသော်လည်း ခွဲ၍မရ။ ဘဝဖြင့် ခွဲသော်လည်း ခွဲ၍မရ။ ဤသဘောကို မြတ်စွာဘုရားသည် သိတော်မူ၏။

အမှန်အားဖြင့် သုမေဓာ ရှင်ရသေ့ဘဝ၌ ကရုဏာ၏ အထိမ်းအမှတ်အဖြစ် ပါဝင်ခဲ့သော သုမိတ္တာသည် သိဒ္ဓတ္ထမင်းသား၏ ဘဝတိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သိဒ္ဓတ္ထမင်းသား၏ သန္တာန်၌ အစဉ်တစိုက် ပါဝင်ခဲ့၏။ ယင်းကရုဏာသည် ယသောဓရာဒေဝီ အနေဖြင့် ကိုယ်ထင်ရှား ပြလာရ၏။ ဤသည်ကို အသိအမှတ်ပြုသောအားဖြင့် မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ယသောဓရာဒေဝီ၏ ကျက်သရေတိုက်ခန်းသို့ ကြွတော်မူ၍ ယသောဓရာဒေဝီ၏ ဖူးမြော်ခြင်းကို ခံယူတော်မူသောအားဖြင့် ကျေးဇူးဆပ်ခြင်း ဖြစ်၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သပိတ်တော်ကို ပွေ့လျက် လိုက်ပါလာ၏။ ကျက်သရေတိုက်ခန်းတွင် သားတော်မြတ်စွာဘုရားနှင့် သမီးတော် ယသောဓရာ ဒေဝီတို့သည် ခန္ဓာကိုယ်အားဖြင့် နှစ်ပါးဒွိတ္တဖြစ်သော်လည်း စိတ်အားဖြင့် မပြား၊ တစ်သားတည်း အဒွိတ္တဖြစ်နေပုံကို ဤသို့ လျှောက်ထား၏။

'ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား၊ အကျွန်ုပ်၏ သမီးသည် အရှင်ဘုရားတို့ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံတော်မူပြီဟူသော သတင်းကို ကြားရသည့် အချိန်ကစ၍ပင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ခဲ့ပါပြီ၊ အရှင်ဘုရားတို့ ဆွမ်းတစ်ထပ်သာ စားကြောင်း ကြားရလျှင်ပင် ထမင်းတစ်ထပ်ကိုသာ စားခဲ့ပါပြီ၊ အရှင်ဘုရားတို့ မြတ်သော အိပ်ရာနေရာကို စွန့်ပစ်ကြောင်း ကြားသိရလျှင်ပင် ကြိုးပြားရက် အိပ်ရာညောင်စောင်း၌သာ အိပ်ခဲ့ပါပြီ၊ အရှင်ဘုရားတို့ ပန်းနံ့သာ စသည်တို့မှ ရှောင်ကြဉ်ကြောင်း ကြားသိရလျှင်ပင် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့မှ ရှောင်ကြဉ်ခဲ့ပါပြီ၊ အခြား မင်းညီမင်းသားများက ဖြားယောင်းခဲ့သော်လည်း ငြင်းခဲ့ပါပြီ'

ထိုအခါ မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ လျှောက်ထားချက်ကို ဝန်ခံသောအားဖြင့် ပကိဏ္ဏကနိပါတ်၊ စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူ၏။ ဇာတ်လမ်းအကျဉ်းမှာ ဤသို့ ဖြစ်၏။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်သည် မင်းပြု၏။ ထိုမင်းသည် မိမိ၏ နိုင်ငံကို မှူးမတ်တို့အား အပ်နှင်းပြီး လက်နက်ငါးမျိုးဖြင့် ဟိမဝန္တာသို့ ဝင်၏။ ဟိမဝန္တာတွင် စန္ဒ ခေါ်သော ငွေတောင်သည် ရှိ၏။ ငွေတောင်၏ အောက်ခြေတွင်

ချောင်းငယ်တစ်ခုသည် စီးဆင်းလျက် ရှိ၏။ ဗြဟ္မဒတ်မင်းသည် ထိုချောင်းငယ် အတိုင်း အထက်သို့ ဆန်လျက် သွား၏။

စန္ဒ ခေါ် ငွေတောင်ထိပ်တွင် ကိန္နရီမောင်နှံ နေ၏။ ကိန္နရာကား ဘုရား အလောင်းဖြစ်၍ ကိန္နရီသည် ယသောဓရာအလောင်း ဖြစ်၏။ တစ်ခုသော နေ့ တွင် ကိန္နရီမောင်နှံသည် စန္ဒငွေတောင်မှ ဆင်းသက်၍ တောင်ခြေရှိ ချောင်းငယ် ၏ သဲသောင်ခုံထက်၌ မြူးပျော်ကြ၏။ ကိန္နရီက သီချင်းဆို၍ က၏။ ကိန္နရာက ရှုစား၏။

ဗြဟ္မဒတ်မင်းသည် ကိန္နရီ သီချင်းဆိုသံကို ကြား၍ ချောင်းမြောင်းကြည့် ရှုရာ ကိန္နရီကို တွေ့၏။ ထိုအခါ ကိန္နရီကို လိုချင်သဖြင့် ကိန္နရာကို လေးဖြင့် ပစ်လိုက်၏။ ကိန္နရာလည်း သတိမေ့မြောသွား၏။ ကိန္နရီလည်း လန့်ပြီး စန္ဒ ငွေတောင်ထိပ်ပေါ်သို့ ပြေး၍ ငိုကြွေး၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် မိမိ ချောင်းမြောင်းရာ ချုံကွယ်မှ ထွက်လာပြီး 'မိမိသည် မင်းဖြစ်ကြောင်း၊ ကိန္နရီမကို မိဖုရားကြီးအရာ၌ ထားမည်ဖြစ်ကြောင်း'ဖြင့် ဖြားယောင်းပြောဆို၏။ ကိန္နရီက လက်မခံသဖြင့် နောက်ဆုံး၌ ဗြဟ္မဒတ်မင်းသည် စိတ်လျှော့ပြီး ထိုနေရာမှ ထွက်ခွာ သွား၏။

ထိုအခါမှ ကိန္နရီသည် မိမိ၏ ချစ်လင် ကိန္နရာကို စန္ဒငွေတောင်ပေါ်သို့ သယ်ပိုးပြီး စွမ်းနိုင်သမျှ ပြုစု၏။ လောကပါလနတ်တို့အားလည်း တိုင်တည်၏။ 'လောကပါလနတ်တို့သည် လောကကို စောင့်ရှောက်မှန်ပါလျှင် လောက၌ အေးချမ်း စွာ အသက်မွေးကြသော မိမိတို့ကို အဓမ္မနှိပ်စက်ကလူ ပြုမူစော်ကားသော ဗြဟ္မ ဒတ်မင်း၏ အန္တရာယ်မှ စောင့်ရှောက်သင့်ပါကြောင်း'ဖြင့် တိုင်တည် ပန်ကြား လေရာ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် လာရောက်၍ ဆေးကုသပေး၏။ ကိန္နရာလည်း ဆိပ်လူးမြားဒဏ်ရာမှ ပျောက်ကင်းသွား၏။ ဤသည်မှာ ပါရမီ ဖြည့်ဖက်များအနေဖြင့် ဘဝအဆက်ဆက် ဇနီးမောင်နှံတို့၏ စိတ်ထား တစ်သား တည်း ဖြစ်ပုံကို ဖော်ပြခြင်း ဖြစ်၏။

တတိယနေ့တွင် မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ကြွ၍၊ ဇနပဒကလျာဏီနှင့် လက်ထပ်၍ အိမ်ရှေ့စံ အဘိသိက်ခံမည့် ဆဲဆဲဖြစ်သော ညီတော်နန္ဒမင်းသားကို ကျောင်းတော်သို့ ခေါ်ယူ၍ ရဟန်း ပြုပေး လိုက်၏။ သတ္တမနေ့တွင် သားတော် ရာဟုလာကို နန်းတော်မှ ဆွမ်းဘုဉ်းပေး ပြီး အပြန် ခေါ်ယူတော်မူခဲ့ပြီး သာမဏေ ပြုစေလိုက်၏။ ဤသည်မှာ ညီတော် နှင့် သားတော်တို့အား အစစ်အမှန် ချီးမြှောက်ခြင်း ဖြစ်၏။

အမှန်အားဖြင့်လည်း မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ကပိလဝတ်ပြည်သို့

ကြွလာတော်မူခြင်းမှာ ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ရန်သာ ဖြစ်ပါ၏။ ကာဠုဒါယီ ပင့်လျှောက်စဉ်ကလည်း ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ရန် ပင့်လျှောက်ခြင်း ဖြစ်၏။ ကာဠုဒါယီသည် ချီးမြှောက်ခြင်း၏ အနက်မှန်ကို သိသူဖြစ်၏။ ရဟန္တာဖြစ်၍လည်း ချီးမြှောက်ခြင်း၏ အနက်မှန်ကို သိခြင်း ဖြစ်၏။ သုဒ္ဓေါဒနမင်းကြီးကား သကဒါဂါမ် ဖြစ်၏။ သို့ပါသော်လည်း ချီးမြှောက်ခြင်း၏ အနက်မှန်ကို မသိခဲ့။ မင်းကြီး၌ အဝိဇ္ဇာ ရှိလေသေး၏။

အဝိဇ္ဇာ၌ သတ္တိနှစ်မျိုး ရှိ၏။ တစ်မျိုးသော သတ္တိမှာ "ဖော်ခြင်း" ဖြစ်၏။ ယင်းကို ဝိက္ခေပဟု ခေါ်၏။ နောက်တစ်မျိုးသော သတ္တိမှာ "ဖုံးခြင်း"ဖြစ်၏။ ယင်းကို အာဝရတိဟု ခေါ်၏။ ဝိက္ခေပသတ္တိအရ အဝိဇ္ဇာသည် မဟုတ်ကို အဟုတ် သဖွယ်ဖြစ်အောင် ဖော်ထုတ်၏။ အဓမ္မကို ဓမ္မသဖွယ်ဖြစ်အောင် ဖော်ထုတ်၏။ မထင်ရှားခြင်း သတ္တိကို ထင်ရှားခြင်း ဗျတ္တိဖြစ်အောင် ဖော်ထုတ်၏။ အာဝရတိ သတ္တိအရ အဝိဇ္ဇာသည် မဟုတ်ကို မဟုတ်မှန်း မသိရလေအောင် ဖုံးထား၏။ အဓမ္မကို အဓမ္မမှန်း မသိရလေအောင် ဖုံးထား၏။ ဗျတ္တိကို ဗျတ္တိမှန်း မသိရလေ အောင် ဖုံးထား၏။

ထိုသတ္တိနှစ်မျိုးကြောင့် အဝိဇ္ဇာ မကင်းကြသေးသူတို့သည် မိမိတို့၏ မဟုတ်ကို အဟုတ်ဟူ၍ ထင်မှတ်ကြခြင်း ဖြစ်၏။ မိမိတို့၏ အဓမ္မကို ဓမ္မဟူ၍ ထင်မှတ်နေကြခြင်း ဖြစ်၏။ မိမိတို့၏ ဗျတ္တိကို သတ္တိဟူ၍ ထင်မှတ်နေကြခြင်း ဖြစ်၏။ သတ္တိကို အနှစ်သာရဟူ၍ လည်းကောင်း၊ အတွင်းသရုပ်ဟူ၍ လည်း ကောင်း ဆိုရ၏။ ဗျတ္တိကို အသွင်သဏ္ဍာန် ဟူ၍ လည်းကောင်း၊ အပြင်သဏ္ဍာန် ဟူ၍လည်းကောင်း ဆိုရ၏။

မြတ်စွာဘုရားက သားတော် ရာဟုလာကို ရှင်သာမဏေ ပြုပေးလိုက် သောအခါ သုဒ္ဓေါဒနမင်းကြီးသည် များစွာ စိတ်မချမ်းမသာ ဖြစ်ရ၏။ မင်းကြီး သည် သားတော်ကြီး သိဒ္ဓတ္ထကို စကြဝတေးမင်းအဖြစ် မှန်းထား၏။ သားတော် ကြီးက သူမှန်းထားသည့်အတိုင်း ဖြစ်မလာ။ ထိုအခါကလည်း မင်းကြီးသည် များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရ၏။ နောက် သားတော်အငယ် နန္ဒကို စကြဝတေး မင်းအဖြစ် မှန်းလိုက်ပြန်၏။ သားတော်အငယ် နန္ဒကလည်း သူမှန်းထားသည့် အတိုင်း ဖြစ်မလာ။ မြေးတော် ရာဟုလာကို စကြဝတေးမင်းအဖြစ် မှန်းပြန်၏။ ယခု မြေးတော် ရာဟုလာကလည်း သူမှန်းထားသည့်အတိုင်း ဖြစ်မလာ။

သူ၏ မျှော်လင့်ချက်များသည် အားလုံး ကုန်ပြီ။ သာကီဝင်မင်းဆက်သည် ပြတ်လေပြီ။ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့တွေးပြီး ဆောက်တည်ရာမရ ဖြစ်ရ လေ၏။ ထို့ကြောင့် မင်းကြီးသည် စာနာစိတ်ဖြင့် မိဘများ၏ သဘောတူညီချက်

ကို မရဘဲ သားမြေးတို့ကို ရှင်ရဟန်း မပြုပေးရန် သားတော် မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားကလည်း ခမည်းတော်မင်းကြီး လျှောက်ထားသည့် အတိုင်းပင် သိက္ခာပုဒ် ပညတ်၍ သဘောတူလိုက်ပါ၏။

ကိလေသာများသည် ကြောက်မက်ဖွယ် ကောင်းလှပါ၏။ သကဒါဂါမိ မင်းကြီးသည်ပင် သူ၏ သောက ကိလေသာကို မထိန်းသိမ်းနိုင်ပါကြောင်း မြတ်စွာဘုရားအား လျှောက်ထားရ၏။ သောက ကိလေသာဟူသည် အဝိဇ္ဇာကိလေသာ၏ အုပ်ချုပ်မှုနယ်ပယ်အောက်၌ ရှိ၏။ ထို့ကြောင့် ပုထုဇဉ်များအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ 'ငါ မှန်တယ်၊ ငါတရားတယ်'ဟူ၍ ငြင်းခုံခြင်းသည် အဝိဇ္ဇာ၏ သတ္တိနှစ်မျိုးကြောင့်သာ ဖြစ်၏။ အဝိဇ္ဇာကင်းပြီးသူများအတွက် ငြင်းခုံခြင်းမည်သည် မရှိ။ ရှင်းပြခြင်းသာ ရှိ၏။ ငြင်းခုံခြင်းနှင့် ရှင်းပြခြင်းတို့၏ ခြားနားချက်ကို ဒေါသနှင့် အဒေါသတို့ဖြင့် ဆုံးဖြတ်အပ်၏။ ထို့ကြောင့် ပုထုဇဉ်များအနေဖြင့် 'ငါ မမှားဘူး'ဟူ၍ ဆိုခြင်းသည်ပင် "အမှား" ဖြစ်ကြောင်း သတိပြုရာ၏။

## အခန်း (၁၁)

## သကျမင်းသား ခြောက်ယောက်နှင့် ဆတ္တာသည်

မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ရန်အတွက် ကာဠုဒါယီ၏ ပင့်လျှောက်ချက်အရ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေထိုင်တော်မူစဉ် ညီတော်နန္ဒမင်းသားကိုလည်း ရဟန်းပြုခဲ့ပေးပြီးပြီ။ သားတော်ရာဟုလာကိုလည်း ရှင်သာမဏေ ပြုခဲ့ပေးပြီးပြီ။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအားလည်း အနာဂါမ် ဖြစ်စေခဲ့ပြီ။ မိထွေးတော် မဟာပဇာပတိ ဂေါတမီအားလည်း သောတာပန် ဖြစ်စေခဲ့ပြီ။

ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်သို့ ပြန်လည်၍ ကြွတော်မူ၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မရောက်သေးမီ မလ္လတိုင်း အနုပိယနိဂုံးအနီးရှိ အနုပိယ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ မေတ္တာရပ်ခံချက်အရ သာကီဝင်မင်းသား တစ်ထောင်တို့သည် မြတ်စွာဘုရား သီတင်းသုံးရာ မလ္လတိုင်း အနုပိယ နိဂုံးအနီး အနုပိယ သရက်ဥယျာဉ်သို့ သွားရောက်၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုကြလေ၏။

ထိုအချိန်တွင် မြတ်စွာဘုရား၏ သံဃာပရိသတ်သည် ၂၀,၀၀၀ ကျော်ခဲ့လေပြီ။ ထိုမျှ တိုတောင်းသော ကာလအတွင်း၌ ထိုမျှလောက် အရေအတွက်ရှိသော အမျိုးကောင်းသားများ သာသနာ့ဘောင်သို့ ဝင်ရောက်ကြခြင်းမှာ ဘဝအဆက်ဆက်က ဖြည့်ဆည်းလာခဲ့သော ပါရမီတော်တို့၏ စေ့ဆော်မှုအရ ငြိမ်းချမ်းမှု ချမ်းသာ သန္တိသုခကို လက်တွေ့ ခံစားရသောကြောင့် ဖြစ်၏။ ရှေးယခင်က ဆိုလျှင် သူတို့သည် ခံစားမှု ချမ်းသာ "ဝေဒယိတသုခ"ကိုသာ ခံစားဖူးကြ၏။ ငြိမ်းချမ်းမှုချမ်းသာ သန္တိသုခကို မခံစားဖူးချေ။

ယခု သူတို့ ချမ်းသာနှစ်မျိုး၏ ခြားနားချက်ကို သိကြပြီ။ အစဉ်အလာအရ သူတို့ အထင်ကြီးခဲ့သော စကြဝတေးမင်း၏ ခံစားမှုသုခ၏ နောက်ကွယ်၌

"သောက"သည် ရှိ၏။ ထို့ကြောင့် သောကရှိသော ချမ်းသာကို အထင်ကြီးသော သူများမှာ သူမိုက်များသာ ဖြစ်ကြ၏။ သူတို့ကိုယ်တိုင် သူမိုက်များ ဖြစ်ခဲ့ကြဖူး သည်ကို ရှေးယခင်က သူတို့ မသိကြချေ။

ယခု မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသော အခါမှသာ သောက မရှိသော ချမ်းသာကို သူတို့ကိုယ်တွေ့ ခံစားကြရပြီး သိကြခြင်း ဖြစ်၏။ ထိုချမ်းသာကား နိဗ္ဗာန်ချမ်းသာ ဖြစ်လေ၏။ နိဗ္ဗာန်ချမ်းသာကို ငြိမ်းချမ်းမှု ချမ်းသာ သန္တိသုခ ဟူ၍ ဆို၏။ ငြိမ်းချမ်းမှုချမ်းသာ သန္တိသုခ၏ နောက်ကွယ်၌ သောက ဟူ၍ မြူမျှ မရှိ။ ထို့ကြောင့် အသောက ဟူ၍ ဆိုရ၏။ အသောက၏ အနက်မှာ သောက ဟူ၍ လုံးဝ မရှိခြင်း ဖြစ်လေ၏။

သာကီဝင်မင်းသား တစ်ထောင်တို့သည် မြတ်စွာဘုရား သီတင်းသုံးရာ မလ္လတိုင်း အနုပိယနိဂုံးအနီး အနုပိယသရက်ဥယျာဉ်သို့ သွားရောက်၍ မြတ်စွာ ဘုရား ထံတော်၌ ရဟန်း ဝတ်ကြသောအခါ (၁) ဘဒ္ဒိယ၊ (၂) အနုရုဒ္ဓ၊ (၃) အာနန္ဒ၊ (၄) ဘဂု၊ (၅) ကိမိလ၊ (၆) ဒေဝဒတ္တ၊ ပေါင်း မင်းသား ခြောက်ယောက် တို့သည်လည်း ဆတ္တာသည် ဉပါလိနှင့် အတူ မြတ်စွာဘုရား သီတင်းသုံးရာ မလ္လတိုင်း အနုပိယ နိဂုံးအနီး အနုပိယ သရက်ဥယျာဉ်သို့ လိုက်သွားကြ၏။ သူတို့သည်လည်း မြတ်စွာဘုရား၏ ထံတော်၌ ရဟန်းပြုကြရန် ဖြစ်၏။

ဘဝ အဆက်ဆက်က ဆည်းပူးခဲ့သော ပါရမီတို့၏ စွမ်းအားပြမှုကို သူတို့ မသိကြ။ ဘေးက ကြည့်လျှင်လည်း သူတို့ဘာသာ သူတို့ ရဟန်းပြုချင်၍ သွားကြခြင်း ဖြစ်သည်ဟူ၍သာ ထင်မှတ်ဖွယ် ရှိ၏။ အမှန်အားဖြင့် ရဟန်းဝတ် ဖြစ်အောင် ဖန်တီးလာသော အကြောင်းသည် ရှိ၏။ အကြောင်းနှင့် ကင်း၍ သူတို့ ရဟန်းဝတ်ကြခြင်း မဟုတ်။ ထို ဖန်တီးလာသော အကြောင်းကား ပါရမီ ဖြစ်လေ၏။ ပါရမီ မရှိဘဲ မဖြစ်။ သို့ရာတွင် ပါရမီ ဟူသည်လည်း သူ့ဟာသူ ဖြစ်သည် မဟုတ်။ လုပ်မှသာ ဖြစ်၏။

ထို့ကြောင့် ပါရမီ ဟူသည် ရေစီးပမာသာ ဖြစ်၏။ အစက စီးခြင်းလည်း ဖြစ်နိုင်၏။ အလယ်က စီးခြင်းလည်း ဖြစ်နိုင်၏။ အဆုံးက စီးခြင်းလည်း ဖြစ်နိုင် ၏။ စီးရမည်ကတော့ သေချာ၏။ နေရာသာ မသေချာခြင်း ဖြစ်၏။

စားပွဲဖြစ်အောင် လုပ်ရာ၌ ပါရမီသည် သစ်သားနှင့် တူ၏။ ယင်းကို "ဥပါဒါန ကာရဏ"ဟူ၍ ဆို၏။ ဉာဏ်နှင့် ဝီရိယသည် လက်သမားနှင့် တူ၏။ ယင်းကို "နိမိတ္တ ကာရဏ"ဟူ၍ ဆို၏။ ထို့ကြောင့် စားပွဲဖြစ်အောင် လုပ်ရာ၌ သစ်သားလည်း လို၏။ သစ်သားမရှိလျှင်လည်း စားပွဲဖြစ်အောင် လုပ်၍ မရ။ သစ်သားသာရှိပြီး လက်သမား မရှိပြန်ပါကလည်း စားပွဲသည် ဖြစ်၍ လာမည်

မဟုတ်။ ဤ အကြောင်းနှစ်မျိုး ပြည့်စုံပါမှသာ အကျိုးတရားဟူသည် ဖြစ်ပေါ်ရ၏။ ဤသို့ ဆိုကြပါ၏။

ထို့ကြောင့် မင်းသားခြောက်ယောက်နှင့် ဆတ္တာသည် ဥပါလိတို့ ရဟန်းပြုကြခြင်းမှာ ဖော်ပြပါ အကြောင်းနှစ်မျိုးတို့ ပြည့်စုံ ညီညွတ်သောကြောင့် ဖြစ်လေ၏။ မင်းသားခြောက်ယောက်နှင့် ဆတ္တာသည် ဥပါလိတို့၏ အကြောင်းကား အကြောင်း မည်ကာမျှ မဟုတ်။ အလွန် အရည်အသွေးကောင်းသော အကြောင်းများသာ ဖြစ်ကြလေ၏။

ဤခုနစ်ယောက်တို့ မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်ရဟန်းပြုကြလေသောကြောင့် မြတ်စွာဘုရား၏ သာသနာတော်သည် တစ်မျိုးတစ်မည် ထူးခြားခြင်း ဖြစ်ရ၏။ အဆိုးနှင့် အကောင်းသည် ဒွန်တွဲလျက် ရှိချေ၏။ အာနန္ဒာနှင့် ဥပါလိတို့သည် အကောင်း၏ ပြယုဂ်များ ဖြစ်၍၊ ဒေဝဒတ္တသည် အဆိုး၏ ပြယုဂ် ဖြစ်ပါ၏။

မင်းသား ခြောက်ယောက်တို့နှင့် ဆတ္တာသည် ဥပါလိတို့သည် မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ ရောက်သောအခါ ရဟန်းပြုပေးတော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထားကြ၏။ ရဟန်းပြုပေးတော်မူခဲ့သောအခါ ဆတ္တာသည် ဥပါလိအား ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါရန်လည်း လျှောက်ထားကြပြန်၏။ ထိုစဉ်က မဇ္ဈိမဒေသတွင် ဇာတ်အယူသည် များစွာ ပြင်းထန်၏။ ဥပါလိသည်ကား ဇာတ်အားဖြင့် အနိမ့်ဆုံး ဖြစ်၏။ မင်းသား ခြောက်ယောက်တို့၏ အလုပ်သမားလည်း ဖြစ်၏။ ထို့ကြောင့် ထိုခေတ် ယဉ်ကျေးမှုအရ ဥပါလိက မင်းသားခြောက်ယောက်တို့အား ရှိသေရ၏။ လေးစားရ၏။

မင်းသား ခြောက်ယောက်တို့သည် သူတို့၏ လက်ရှိ ယဉ်ကျေးမှုကို တော်လှန်လိုကြ၏။ ယဉ်ကျေးမှုအရ လောကအမြင်ဟူသည် ကိုယ်ကျင့်သိက္ခာအပေါ်၌ အခြေမခံပါက ဘာမျှ ရေရာသည် မဟုတ်။ ဥပါဒါန်သာ ဖြစ်၏။ ထို့ကြောင့် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အစဉ်အလာ သတ်မှတ်ချက်အတိုင်း လိုက်နာ ကျင့်သုံးရခြင်း ဖြစ်၏။

ထို့ကြောင့် ဇာတ်အယူအပေါ် တည်ဆောက်ထားသော အယုတ်အမြတ်အယူသည် သစ္စာနှင့် ယှဉ်သည် မဟုတ်။ အကယ်၍ သစ္စာနှင့် ယှဉ်သည်ဆိုလျှင်လည်း သမ္မုတိ သစ္စာနှင့်သာ ယှဉ်ပေလိမ့်မည်။ သမ္မုတိ သစ္စာနှင့် ယှဉ်ရုံမျှနှင့် တကယ်တမ်း မှန်လှပြီ ဟူ၍ မဆိုကောင်း။ သာသနာတော်၌ ရဟန်းဘဝတွင် တစ်ခဏမျှ ကြီးသူကို ငယ်သူများ အားလုံးက အရိုအသေ ပြုကြရ၏။

ဤသတ်မှတ်ချက်မှာ မြတ်စွာဘုရား၏ သတ်မှတ်ချက် ဖြစ်၏။ မြတ်စွာ

ဘုရား၏ သတ်မှတ်ချက်မှာလည်း ကိုယ်ကျင့်သိက္ခာအပေါ် အခြေတည်သော ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက် ဖြစ်၏။ မင်းသား ခြောက်ယောက်တို့သည် ရဟန်းပြုကြတော့မည်ဆိုလျှင် ထိုသတ်မှတ်ချက်ကို လက်ခံနိုင်ဖို့ အရေးကြီး၏။

အမှန်အားဖြင့် အမြင်ဟူသမျှသည် ကြည့်သူ၏ နှလုံးသွင်းအပေါ်၌ တည်၏။ မြင်စရာ တစ်ခုတည်းကိုပင် မိမိ၏ နှလုံးသွင်းအရ အမျိုးမျိုး မြင်လေ၏။ ဥပါလိကိုပင် ဆတ္တာသည်အဖြစ် မြင်၍လည်း ရ၏။ လူအဖြစ် မြင်၍လည်း ရ၏။ ဆတ္တာသည်အဖြစ် မြင်ပါက ဥပါလိသည် အလေးထားစရာ မဟုတ်။ ဤအတူပင် လောက၌ လူတစ်ယောက်တည်းကိုပင် မင်းအဖြစ် မြင်သောအခါ ခံစားမှုသည် တစ်မျိုးဖြစ်၏။ ဗြာဟ္မဏအဖြစ် မြင်သောအခါ ခံစားမှုသည် တစ်မျိုး ဖြစ်၏။ သူဌေးအဖြစ် မြင်သောအခါ ခံစားမှုသည် တစ်မျိုး ဖြစ်၏။ သူဆင်းရဲဟူ၍ မြင်သောအခါ ခံစားမှုသည် တစ်မျိုးဖြစ်၏။

ဤအမြင်များသည် ကိုယ်ကျင့်သိက္ခာအပေါ် အခြေခံ၍ မြင်သော အမြင် မဟုတ်။ လောက သတ်မှတ်ချက်များအပေါ် အခြေခံ၍ မြင်သော အမြင်ဖြစ်၏။

ထို့ကြောင့် လူတစ်ယောက်အပေါ် သတ်မှတ်ထားသော သတ်မှတ်ချက်များ ခြားနားသည်နှင့်အမျှ မြင်ရသူ၏ ခံစားမှုများသည်လည်း ခြားနားသွားမည်ပင် ဖြစ်၏။

ထိုခေတ် ယဉ်ကျေးမှုအရ မင်းအဖြစ်မြင်လျှင် အနှစ်သက်ဆုံး ဖြစ်၏။ ဗြာဟ္မဏအဖြစ် မြင်လျှင် ပို၍ နှစ်သက်၏။ သူဌေးအဖြစ်မြင်လျှင် နှစ်သက်၏။ သူဆင်းရဲအဖြစ် မြင်လျှင်ကား မနှစ်သက်။ ထို့ကြောင့် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည် လူနှင့် မဆိုင်။ လူအပေါ်မှာ ကပ်ထားသော တံဆိပ်များနှင့်သာ ဆိုင်၏။

အမှန်အားဖြင့် လူသည် လူသာ ဖြစ်၏။ တံဆိပ် မဟုတ်။ တံဆိပ်သည်လည်း တံဆိပ်သာ ဖြစ်၏။ လူ မဟုတ်။ သို့ရာတွင် သူမိုက်တို့၏ အမြင်၌ တံဆိပ်နှင့်လူကို ထပ်တူပြု၍ လူလည်း တံဆိပ်၊ တံဆိပ်လည်း လူ ဖြစ်လေ၏။ လူနှင့် တံဆိပ်ကို တစ်သားတည်း ထပ်တူပြု၍ မြင်သော အမြင်ကို ပပဉ္စ အမြင်ဟူ၍ ဆိုရ၏။ ပပဉ္စအမြင် ဟူသည်ကား တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင်သာ ဖြစ်၏။

လူကို ကြည့်သောအခါ တံဆိပ်ကို မမြင်ဘဲ လူကိုချည်း မြင်ပါက ထိုအမြင်သည် ပို၍ မြင့်မား၏။ သူလည်း လူဖြစ်၏။ ငါလည်း လူဖြစ်၏။ လောက၌ တရုတ်လည်း မရှိ၊ ကုလားလည်း မရှိ၊ အင်္ဂလိပ်လည်း မရှိ။ တရုတ် ကုလား အင်္ဂလိပ် ဟူသည်တို့ကား လူအပေါ်၌ ကပ်ထားသော တံဆိပ်များသာ ဖြစ်ကြ၏။ လူမဟုတ်။ ဤသို့ မြင်ပါမှ သူနှင့်ငါ အတူတူ ဖြစ်၏။

ထိုနည်းအတူ ရှင်ဘုရင်၊ အမတ်ကြီး၊ စစ်သူကြီး၊ မင်းလုလင် ဟူသည်တို့ သည်လည်း လူအပေါ်၌ ကပ်ထားသော တံဆိပ်များပင် ဖြစ်၏။ ယင်းတံဆိပ်များ၏ နောက်ကွယ်၌ လူရှိ၏။ လူကို မြင်ပါမှ တစ်ယောက်နှင့် တစ်ယောက် ဘာမျှ မခြားနားသော လူချင်းအတူတူပင် ဖြစ်သဖြင့် တစ်ဦးအပေါ် တစ်ဦးက ချစ်သော စိတ်သည် ဖြစ်လာ၏။ ကြင်နာသော စိတ်သည် ဖြစ်လာ၏။ ဤသို့ ဖြစ်လာခြင်းကို ဗြဟ္မစိုရ်တရား ပွားများခြင်း ဟူ၍ ဆိုရ၏။ ဗြဟ္မစိုရ်တရား ပွားများရန် ဗြဟ္မစိုရ် မျက်စိဖြင့် လောကကို ကြည့်ဖို့ လို၏။

မင်းသားခြောက်ယောက်တို့ကား လူကို ကြည့်သောအခါ ပပဉ္စအမြင်ကိုလည်း ကျော်၍ မြင်ချင်၏။ ဗြဟ္မစိုရ်အမြင်ကိုလည်း ကျော်၍ မြင်ချင်၏။ ပပဉ္စအမြင်နှင့် ဗြဟ္မစိုရ်အမြင်တို့ကား လူ၏ အဇ္ဈတ္တကို ကြည့်၍ မြင်သော အမြင် မဟုတ်။ ဗဟိဒ္ဓကို ကြည့်၍ မြင်သော အမြင်ဖြစ်၏။ မင်းသား ခြောက်ယောက်တို့သည် လူကို ကြည့်သောအခါ လူကိုသာမက သူ၏ နှလုံးသားကိုပါ မြင်အောင် ကြည့်ချင်၏။ နှလုံးသားကို မြင်ပါမှ အယုတ်နှင့် အမြတ်ကို ခွဲခြား၍ သိမည် ဖြစ်၏။ အပေါ်ယံ ဗဟိဒ္ဓကို ကြည့်ရုံမျှနှင့် အယုတ်နှင့် အမြတ်ကို ခွဲခြား၍ သိရန် ခက်၏။

မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုခြင်း ဟူသည်ကား မိမိတို့၏ နှလုံးသား၌ သီလ သမာဓိ ပညာ ဟူသော မဂ္ဂင်တရားများ အမြဲကိန်းနေအောင် အားထုတ်ခြင်းပင် ဖြစ်၏။ ဤသို့ သူတို့က ယုံကြည်၏။ သို့ဖြစ်လေရာ ရဟန်းဘဝသို့ မရောက်မီကပင် ကြည့်သူ၏ နှလုံးသား၌လည်း သိက္ခာသုံးပါး ကိန်းနေအောင် ကြိုတင် အားထုတ်ဖို့ လို၏။ အကြည့်ခံရသူ၏ နှလုံးသား၌လည်း သိက္ခာသုံးပါး ကိန်းနေအောင် ကြိုတင် အားထုတ်ဖို့ လို၏။

ဤသို့ ဖြစ်လို မြင်လိုသဖြင့် မင်းသားခြောက်ယောက်တို့က မြတ်စွာဘုရားအား ဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးပါရန် လျှောက်ထားကြခြင်း ဖြစ်၏။ ဆတ္တာသည် ဥပါလိက အလျင်အဦး ရဟန်းဖြစ်သွားပါလျှင် မင်းသားခြောက်ယောက်တို့က ဥပါလိအား ရှိခိုးကြရမည် ဖြစ်၏။ ရဟန်းမပြုမီ လူ့ဘဝက ဆိုလျှင် ဥပါလိကသာ မင်းသားခြောက်ယောက်ကို ရှိခိုးရ၏။ ဤသည်မှာ လူ့ဘဝနှင့် ရဟန်းဘဝတို့၏ ခြားနားချက် ဖြစ်၏။ ဘဝချင်း ခြားနားမှတော့ အမြင်ချင်း ခြားနားရမည် ဖြစ်၏။ ထို့ကြောင့် မင်းသားခြောက်ယောက်တို့သည် မိမိတို့၏ ရှေးအမြင်ဟောင်းများကို တော်လှန်ရန် ကြိုးပမ်းလိုက်ကြခြင်း ဖြစ်လေ၏။

မြတ်စွာဘုရား၏ အထံတော်၌ မင်းသားခြောက်ယောက်တို့လည်း ရဟန်း

ဖြစ်ကြပြီ။ ဆတ္တာသည် ဥပါလိလည်း ရဟန်းဖြစ်လေပြီ။ သို့ရာတွင် မင်းသား ခြောက်ယောက်တို့၏ ဆန္ဒအတိုင်း ဥပါလိက အလျင်အဦး ရဟန်းဖြစ်၏။ ထို့ကြောင့် ရဟန်းသိက္ခာ ကြီး၏။ ထို့ကြောင့် မင်းသားခြောက်ယောက်တို့က ဥပါလိကို ရှိခိုးကြရ၏။ ဤသို့ ရှိခိုးခြင်းအားဖြင့် မင်းသားခြောက်ယောက်တို့သည် သူတို့၏ ဇာတိမာန်ကို အကြွမ်းဖျင်း ပယ်သတ်လိုက်၏။

မင်းသားခြောက်ယောက်တို့တွင် အာနန္ဒမင်းသားသည် မြတ်စွာဘုရား၏ ဦးလေးတော် အမိတောဒန၏ သားဖြစ်၍ မြတ်စွာဘုရားနှင့် ညီအစ်ကို တစ်ဝမ်းကွဲ တော်စပ်၏။ သူသည် ပထမ သင်္ဂါယနာတင်ပွဲ၌ **"ဓမ္မဝိသဇ္ဇက"** ဓမ္မနှင့် ပတ်သက်၍ ရှင်းလင်း ဖြေဆိုသူ ရှင်အာနန္ဒာအနေဖြင့် ဆောင်ရွက်ပေလိမ့်မည်။ ဆတ္တာသည် ဥပါလိကတော့ **"ဝိနယ ဝိသဇ္ဇက"** ဝိနည်းနှင့် ပတ်သက်၍ ရှင်းလင်း ဖြေဆိုသူ ရှင်ဥပါလိအနေဖြင့် ဆောင်ရွက်ပေလိမ့်မည်။ အမှန်အားဖြင့် မြတ်စွာဘုရား၏ သာသနာတော် ခေတ်အဆက်ဆက် တည်ရာ၌ ကပိလဝတ်ပြည်သား ဤမထေရ်မြတ် နှစ်ပါး၏ ကျေးဇူးတော်များကို မြင်အောင် ကြည့်ရာ၏။

## အခန်း (၁၂)

## လာလော့ သုဒတ္တ

မြတ်စွာဘုရားသည် မဟာကရုဏာရှင်လည်း ဖြစ်တော်မူ၏။ သဗ္ဗညုတ ဉာဏ်တော်ရှင်လည်း ဖြစ်တော်မူ၏။ မဟာကရုဏာရှင် ဖြစ်တော်မူသောကြောင့် အားလုံးသော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား သံသရာဒုက္ခမှ ကယ်တင်လို၏။ သို့ရာတွင် ကယ်တင်ချင်တိုင်း ကယ်တင်၍ ရသည်မဟုတ်။ ကယ်တင်ခွင့်ရှိသော ပါရမီ ကုသိုလ်ရှင်များကိုသာ ကယ်တင်နိုင်၏။ ထိုးဝါးမိသော လှေကိုသာ ကမ်းသို့ ရောက်အောင် ထိုးပေး၍ ရ၏။ ထိုးဝါးမမိက ဘာမျှ မတတ်နိုင်။ မြတ်စွာဘုရားသည် ဖန်ဆင်းရှင် မဟုတ်၊ လမ်းညွှန်ရှင်သာ ဖြစ်၏။

ထို့အပြင် မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်တော်မူသောကြောင့် သစ္စာလေးပါးကို သိနိုင်သော ပါရမီဉာဏ် ရှိသူများကိုသာ သူတို့၏ စရိုက်နှင့် လိုက်သော တရားဒေသနာတော်ကို ဟောကြားကာ သစ္စာလေးပါးကို သိတော်မူခြင်းအားဖြင့် ဘဝဒုက္ခမှ လွတ်မြောက်နိုင်အောင် ဆောင်ရွက်ပေးနိုင်၏။ မြင်မြင်သမျှ သတ္တဝါများကို သစ္စာလေးပါး သိအောင် ဟောကြား၍ ရသည် မဟုတ်။ မည်သို့ပင် ဟောကြားဟောကြား၊ သိနိုင်သော ဉာဏ်ရှိမှသာ သိနိုင်၏။ ဤကား ဓမ္မတာ။

ဤ ဓမ္မတာအရ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ တရားဓမ္မ ဟောကြားသင့်သူများအား တရားဓမ္မကို ဟောကြားတော်မူပြီး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူခြင်း ဖြစ်၏။ မြတ်စွာဘုရား အတွက် အချိန်သည် အလွန်အရေးကြီး၏။ ဝေနေယျတို့အား ကယ်တင်ရန် အတွက် မြတ်စွာဘုရား ရတော်မူသော အချိန် စုစုပေါင်းမှာ လေးဆယ့်ငါးနှစ်သာ ဖြစ်သဖြင့် အလွန်ပင် တိုတောင်းလှ၏။ ထို လေးဆယ့်ငါးနှစ်တာ ကာလအတွင်း၌ပင် ဘဝသုံးရပ် ဘုံသုံးထပ်၌ ရှိသော ကျွတ်ထိုက်သူများ ကျန်ရစ်မနေခဲ့စေရန် အချိန်ကို လု၍ တရားဒေသနာတော်များကို ဟောကြားတော်မူရ၏။

ကာလက လေးဆယ့်ငါးနှစ်။ လုပ်စရာတွေက အနန္တ။ အနန္တနှင့် လေးဆယ့်ငါးနှစ်ကို ကွက်တိဝင်အောင် ဆောင်ရွက်နိုင်သည်မှာ အနှိုင်းမဲ့ဖြစ်၍သာ ဆောင်ရွက်နိုင်ခြင်း ဖြစ်၏။ လေးဆယ့်ငါးနှစ်တာ ကာလသည် တိုတောင်းလွန်းလှပါသော်လည်း ထိုလေးဆယ့်ငါးနှစ်တာ ကာလကို ရဖို့ရန်ပင် နှစ်ပေါင်း

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ရင်းနှီးရ၏။ ထို့ကြောင့် လေးဆယ့်ငါးနှစ်တာ ကာလသည် မည်မျှ တန်ဖိုးရှိသည်ကို သချာပညာ ရိုးရိုးမျှဖြင့်ပင် တွက်ပြီး အဖြေထုတ်၍ ရ၏။

မြတ်စွာဘုရားသည် မိမိ၏ ဇာတိရပ်မြေ ကပိလဝတ်ပြည်၌ မဟာကရုဏာ အရ နေလိုပါသော်လည်း သဗ္ဗညုတဉာဏ်တော်အရ အချိန်ကို အချည်းနှီး မဖြုန်းနိုင်သောကြောင့် ရာဇဂြိုဟ်သို့ ပြန်လည်ကြွတော်မူလာခြင်း ဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် ကျေးဇူးကို သိတတ်ရာ၌လည်း အနှိုင်းမဲ့၊ စရိုက်ကို သိရာ၌လည်း အနှိုင်းမဲ့၊ အကျိုး ရှိ မရှိကို သိရာ၌လည်း အနှိုင်းမဲ့။ အရာရာတိုင်း၌ အနှိုင်းမဲ့ ဖြစ်တော်မူပါ၏။ သို့ဖြစ်၍သာ လုပ်ငန်းနှင့် အချိန်ကို အပိုအလို မရှိဘဲ ကွက်တိဝင်အောင် အသုံးချတော်မူနိုင်ခြင်း ဖြစ်ပါ၏။

မြတ်စွာဘုရား၏ သာသနာတော်၌ ဒါယကာထဲမှ အလွန်အရေးကြီးလာမည့် ပုဂ္ဂိုလ်တစ်ယောက်အတွက် မြတ်စွာဘုရားသည် အချိန်ကို လုရပေမည်။ သူ ကျန်နေရစ်ခဲ့၍ မဖြစ်။ ထို ပုဂ္ဂိုလ်ကား အနာထပိဏ္ဍိက ခေါ် အနာထပိဏ် သူဌေး ဖြစ်လေ၏။ မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးအား သောတာပန် ဖြစ်အောင် တရားဟောရန်အတွက် ရာဇဂြိုဟ်ပြည် သုသာန်အနီး သီတဝန တောအုပ်မှနေ၍ စောင့်နေတော်မူ၏။ အနာထပိဏ်သည်လည်း လေးဆယ့်ငါး ယူဇနာ ဝေးသော သာဝတ္ထိ နေပြည်တော်မှ ရာဇဂြိုဟ်ပြည် သီတဝန တောအုပ်သို့ အမှန်ပင် ရောက်လာပေတော့မည်။ သစ္စာလေးပါးကို သိရေး၌ ဥပနိဿယ ပစ္စည်း၏ ကြောင်းကျိုးဆက်သည် တိကျ မှန်ကန်ပါ၏။

အနာထပိဏ်သည် သာဝတ္ထိပြည်သား ကုန်သည်ဖြစ်၏။ သူသည် အလှူဒါန၌ ရက်ရော၏။ ရက်ရောရုံသာမက ကြင်လည်း ကြင်နာတတ်သူ ဖြစ်၏။ စားရမဲ့ သောက်ရမဲ့များကို အမြဲတမ်း ရက်ရက်ရောရော ပေးကမ်း စွန့်ကြဲတတ်၏။ ထို့ကြောင့် သူ၏ အမည်ရင်း သုဒတ္တပျောက်၍ အနာထပိဏ္ဍိက ဟု အမည်သစ် တွင်လာခြင်း ဖြစ်၏။ အနာထပိဏ္ဍိက၏ အနက်မှာ ကိုးကွယ်ရာမဲ့တို့အား ပေးကမ်း စွန့်ကြဲသူ ဟူ၍ ဖြစ်၏။

အမှန်အားဖြင့် အနာထပိဏ်သည် ဒါနနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ အဆုံးအမကို မနာကြားရသေးသော်လည်း သူပြုသော ဒါနသည် ဗုဒ္ဓဘာသာ စစ်စစ် ဒါန ဖြစ်၏။ ဗုဒ္ဓဘာသာ စစ်စစ် ဒါနဟူသည် မြင့်မြတ်သူတို့ ပြုသော ဒါန ဖြစ်၏။ ယင်းကို ပါရမီဒါန ဟူ၍ ဆို၏။ ပါရမီဒါနနှင့် ပတ်သက်၍ လယ်တီဆရာတော် ဘုရားကြီးက **ဥတ္တမပုရိသဒီပနီ**၌ အကျိုးကို လိုလားသော စိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်မှုတို့နှင့် ပြုသော ဒါနသည်

ပါရမီဒါန မဟုတ်၊ အကျိုးကို အလေးဂရုမပြုဘဲ လှူဒါန်းမှု၌သာ အလေးဂရု အထူးပြု၍ လှူဒါန်းမှသာ ပါရမီဒါန ဖြစ်သည် ဟူ၍ ဖော်ပြထား၏။

ထိုဖော်ပြချက်သည် အနာထပိဏ်၏ လှူဒါန်းမှုနှင့် ကွက်တိ ဝင်လေ၏။ ထို့ကြောင့် အနာထပိဏ်သည် ဒါနနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ အဆုံးအမကို မနာကြားရသေးသော်လည်း သူပြုသော ဒါနသည် ဗုဒ္ဓဘာသာစစ်စစ် ဒါန ဖြစ်သည်ဟူ၍ ဆိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ပါရမီသဘောအရ မိမိက အကျိုးကို ဂရုမစိုက်သောအခါ အကျိုးက မိမိကို ဂရုစိုက်လာ၏။ မိမိက အကျိုးကို တန်ဖိုးမထားသောအခါ အကျိုးက မိမိကို တန်ဖိုးထားလာ၏။

အနာထပိဏ်သည် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ လှည်းပေါင်း ငါးရာဖြင့် ကုန်များ ကူးသန်းရောင်းဝယ်ရေး အတွက် လာ၏။ ရာဇဂြိုဟ်တွင် သူ၏ ယောက်ဖတော်သူ ရှိ၏။ သူ၏ ယောက်ဖသည်လည်း သူဌေးပင် ဖြစ်၏။ သူ့ကို ရာဇဂြိုဟ်သူဌေးဟူ၍ ခေါ်၏။ အနာထပိဏ်သည် သူ၏ ယောက်ဖတော် ရာဇဂြိုဟ် သူဌေးအိမ်၌ တည်းခို၏။ ထိုအချိန်က ရာဇဂြိုဟ်သူဌေးသည် မြတ်စွာဘုရားနှင့် သံဃာတော်များအား ဆွမ်းစားပင့်ထားသဖြင့် ဆွမ်းကျွေးရန် ပြင်ဆင်နေချိန် ဖြစ်၏။ ရာဇဂြိုဟ်သူဌေးသည် မိတ်ဆွေလည်း ဖြစ်၊ ယောက်ဖလည်း ဖြစ်သူ အနာထပိဏ်ကို ရှေးယခင်ကလို ဧည့်ခံစကားမပြောနိုင်လောက်အောင်ပင် ဆွမ်းကျွေးပွဲ အတွက် အလုပ်များလျက် ရှိ၏။ ထိုအခါကျမှ လောက၌ မြတ်စွာဘုရား ပွင့်တော်မူနေကြောင်း အနာထပိဏ် သိလေ၏။

အမှန်အားဖြင့် လောက၌ မြတ်စွာဘုရား ပွင့်တော်မူနေသည်မှာ တစ်နှစ် ကာလပင် ကျော်လွန်ခဲ့လေပြီ။ ရာဇဂြိုဟ်နှင့် သာဝတ္ထိသည်လည်း သိပ်ဝေးလှသည် မဟုတ်။ ယူဇနာ လေးဆယ့်ငါးခန့်သာ ဝေးပါ၏။ သို့ပါလျက် ထိုခေတ် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများကြောင့် လည်းကောင်း၊ ဥပနိဿယတို့၏ မပြည့်စုံသေးခြင်းကြောင့် လည်းကောင်း အနာထပိဏ်သည် ရာဇဂြိုဟ်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူခြင်းကို မသိခြင်း ဖြစ်၏။ ယခုတော့ အနာထပိဏ် သိလေပြီ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်၏ အပြင်ဘက် သုသာန်အနီး သီတဝန တောအုပ်၌ သီတင်းသုံးနေတော်မူသည်ကို သိလျှင်သိချင်း ပါရမီ နှိုးဆော်ချက် အရ အနာထပိဏ်သည် သွားလိုလှ၏။ သို့ရာတွင် အချိန်ကလည်း အချိန်မဲ့ ဖြစ်၏။ ရာဇဂြိုဟ်သူဌေးကလည်း မြတ်စွာဘုရား ဆွမ်းစားကြွလာမှ ဖူးမြော်ရန် ပြော၏။ ထို့ကြောင့် အနာထပိဏ်သည် ညဦးတွင်းချင်း သွားလိုပါသော်လည်း မသွားနိုင်ဘဲ ရှိလေ၏။

သို့ရာတွင် အနာထပိဏ်သည် ရာဇဂြိုဟ် သူဌေးအိမ်သို့ မြတ်စွာဘုရား ဆွမ်းစားကြွလာသည်အထိ မဆိုင်းနိုင်တော့ဘဲ နံနက်စောစောထ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သီတဝန တောအုပ်သို့ သွားလေ၏။ အမှန်အားဖြင့် အနာထပိဏ်သည် မြတ်စွာဘုရားကို ဖူးမြော်လိုစိတ်ဖြင့် တစ်ညဉ့်လုံး အိပ်၍ မရနိုင်ဘဲ ရှိခဲ့၏။ ထို့ကြောင့် အနာထပိဏ်သည် သွားချိန်ရောက်သည်နှင့် ထ၍ သွားခြင်း ဖြစ်၏။ ကံ၏အရာသည် အစိန္တေယျပင် ဖြစ်လေ၏။

အနာထပိဏ်သည် မြတ်စွာဘုရားဆီသို့ လာစဉ် "ဤလောက၌ ဘုရား အမည်ခံသူများ ပေါများလှ၏။ မြတ်စွာဘုရားကိုလည်း မမြင်ဖူးသဖြင့် ဘယ်သူ့ ဆီ သွားရမှန်းမသိ၊ အကယ်၍ ဂေါတမမြတ်စွာဘုရားသည် ငါ၏ ငယ်နာမည် "သုဒတ္တ"ကို သိပြီး ငါ့ကို သုဒတ္တအမည်ဖြင့် နှုတ်ဆက်လျှင် ငါ့အနေဖြင့်လည်း မြတ်စွာဘုရားကို ဆည်းကပ်ရလွယ်မည် ဖြစ်၏။ မြတ်စွာဘုရားသည်လည်း မြတ်စွာဘုရား စစ်စစ် ဖြစ်မည်သာ ဖြစ်၏"ဟူ၍ တွေးတောရင်း လာလေ၏။

မြတ်စွာဘုရားသည် အနာထပိဏ်၏ စိတ်အကြံကို ကြိုတင်၍ သိတော်မူ၏။ ထို့အပြင် အနာထပိဏ်၏ ဥပနိဿယကိုလည်း သိပြီး ဖြစ်တော်မူ၏။ ထို့ကြောင့် အနာထပိဏ် လာသည်ကို မြတ်စွာဘုရား မြင်တော်မူသောအခါ စင်္ကြံ သွားနေရာမှ မြတ်စွာဘုရား၏ နေရာ၌ ထိုင်တော်မူပြီး 'လာ သုဒတ္တ' ဟူ၍ နှုတ်ဆက်လိုက်ရာ အနာထပိဏ်သည် များစွာ ဝမ်းမြောက်သွား၏။ မမြင်ဖူးဘဲလျက် ယောင်ကန်းကန်း ရမ်း၍ လာရသဖြင့် ခံစားနေရသော ပူပန်မှုမှ လွတ်မြောက်သွားသောကြောင့် လည်းကောင်း၊ သူ၏ ငယ်နာမည် သုဒတ္တကို တရင်းတနှီး ခေါ်လိုက်သံ ကြားလိုက်ရသဖြင့် လည်းကောင်း အနာထပိဏ် ဝမ်းမြောက်သွားခြင်း ဖြစ်၏။

ဗုဒ္ဓ အဘိဓမ္မာအရ ဝမ်းမြောက်ခြင်းသည် ငြိမ်းအေးခြင်း၏ အကြောင်း ဖြစ်၏။ ငြိမ်းအေးခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ ချမ်းသာခြင်း သည် သမာဓိရခြင်း၏ အကြောင်းဖြစ်၏။ သမာဓိ ရခြင်းသည် ယထာဘူတဉာဏ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်၏။ ယထာဘူတဉာဏ် ဖြစ်လျှင် မဂ်ဉာဏ်ဖြစ်ဖို့ နီးကပ်သွားလေပြီ။ အနာထပိဏ်အတွက် အရိယာသစ္စာပန်း ပွင့်ပေတော့မည်။

နံနက်စောစော မြတ်စွာဘုရားသည် ဟင်းလင်းပြင် လွင်တီးခေါင်၌ စင်္ကြံ လျှောက်နေတော်မူသည်ကို အနာထပိဏ်သည် သူလာစဉ်က တွေ့၏။ အနာ ထပိဏ်၏ စိတ်ထဲ၌ "မြတ်စွာဘုရား ကျိန်းစက်မပျော်၍များ စင်္ကြံ လျှောက်နေ ခြင်း ဖြစ်လေသလား"ဟူ၍ တွေးမိသဖြင့် 'ချမ်းသာစွာ ကျိန်းစက်တော်မူရပါရဲ့ လား'ဟူ၍ အနာထပိဏ်က မြတ်စွာဘုရားအား မေးလျှောက်လေရာ၊ မြတ်စွာ ဘုရားက အနာထပိဏ်အား ဤသို့ ပြန်လည် မိန့်တော်မူ၏။

'ကာမဂုဏ်တို့၌ မလိမ်းကျံသော၊ ဝဋ်ဒုက္ခမှ ကင်းဝေးပြီး ဖြစ်၍ ငြိမ်းအေးသော၊ ကိလေသာဟူသမျှ ချုပ်ငြိမ်းပြီးသူသည် အမြဲတမ်း ချမ်းသာစွာ အိပ်ရ၏။

'အာရုံငါးပါးတို့၌ တပ်မက်တတ်သော တဏှာကို ပယ်ပြီး၍၊ နှလုံး၌ ကိလေသာအပူကို ငြိမ်းပြီး၍၊ နိဗ္ဗာန်သို့ အရဟတ္တဖိုလ်ဖြင့် ရောက်ပြီး၍ ငြိမ်းချမ်းမှုကို ရပြီးသူသည် ချမ်းသာစွာ အိပ်ရ၏'

ထိုသို့ ပြန်လည် မိန့်ကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် အနာထပိဏ်အား သစ္စာလေးပါး တရားတို့ကို ဒါနမှစ၍ အစဉ်အတိုင်း ဟောကြားတော် မူ၏။ ထိုအခါ အနာထပိဏ်သည် ရုပ်နာမ်တို့ကို မြင်နိုင်သော သမာဓိဉာဏ်မျက်စိကို ရလေ၏။ ထို့နောက် ရုပ်နှင့် နာမ်ကို ခွဲခြား၍ သိသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ယင်းတို့၏ အကြောင်းကို သိသော ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ရလေ၏။ ထို့နောက် ရုပ်နာမ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကို သိသော ဝိပဿနာဉာဏ်ကို ရလေ၏။ ထို့နောက် မဂ်ဉာဏ်ကို ရလေ၏။

ထိုအခါ အနာထပိဏ်သည် နိဗ္ဗာန်ကို မြင်၏။ ယင်းကို "ဒိဋ္ဌဓမ္မော"ဟူ၍ ဆို၏။ အဝေးမှ လှမ်း၍ မြင်ခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ရောက်သောအားဖြင့် မြင်ခြင်းမျိုး ဖြစ်၏။ ယင်းကို "ပတ္တ ဓမ္မော"ဟူ၍ ဆို၏။ ခန္ဓာကိုယ်ဖြင့် ရောက်ခြင်းမျိုး မဟုတ်ဘဲ မဂ်ဉာဏ်ဖြင့် ရောက်ခြင်းမျိုး ဖြစ်၏။ ယင်းကို "ဝိဒိတဓမ္မော"ဟူ၍ ဆို၏။ အပေါ်ယံ မဟုတ်ဘဲ အောက်ခြေတိုင်အောင် အားလုံးကို မြင်ခြင်းမျိုး ဖြစ်၏။ ယင်းကို "ပရိယောဂါဠ္ဓဓမ္မော"ဟူ၍ ဆို၏။ သံသယဟူသမျှကို ပယ်ပြီးလေပြီ။ ယင်းကို "တိဏ္ဏဝိစိကိစ္ဆော" ဟူ၍ ဆို၏။ ဟိုလိုလား၊ ဒီလိုလား ဟူ၍ ပြောစရာ မရှိတော့ပြီ။ ယင်းကို "ဝိဂတကထံကထော" ဟူ၍ ဆို၏။ စိတ်ရှင်းလက်ရှင်းနှင့် ရဲရဲတင်းတင်း ရှိလေပြီ။ ယင်းကို "ဝေသာရဇ္ဇပတ္တော"ဟူ၍ ဆို၏။ သူတစ်ပါး အားကိုး၍ ယုံခြင်းမျိုး မဟုတ်ဘဲ မိမိကိုယ်တွေ့ကြုံရ ယုံရခြင်းမျိုး ဖြစ်၏။ ယင်းကို "အပရပ္ပစ္စယော" ဟူ၍ ဆို၏။

ယခု အနာထပိဏ်သည် သောတာပန် ဖြစ်လေပြီ။ ပဒုမုတ္တရ မြတ်စွာဘုရားထံတော်၌ ပန်ခဲ့သော ဆုသည် ပြည့်ပေတော့မည်။ ယင်းဆုကား ဒါယကာတဒဂ် ဖြစ်၏။ အနာထပိဏ်သည် ဥပါသကာအဖြစ် ခံယူပြီး မြတ်စွာဘုရားအမှူးပြုသော သံဃာတော်များအား ဆွမ်းပင့်လေ၏။ အနာထပိဏ်အတွက် ပဒုမုတ္တရ မြတ်စွာဘုရား ထံတော်၌ သူ စိုက်ပျိုးခဲ့သော အရိယာ သစ္စာပန်းသည် ယခု ပွင့်လေပြီ။

## အခန်း ( ၁၃ )

## သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း

အနာထပိဏ် သူဌေးသည် ယခု သောတာပတ္တိမဂ်ကို ရ၍ သောတာပန် အရိယာ ဖြစ်သွားခဲ့လေပြီ။ သောတာပန် ဖြစ်သွားသည်နှင့်အမျှ အနာထပိဏ် သူဌေး၏ အမြင်များသည်လည်း ပြောင်းလဲသွားခဲ့ပြီ။ ဗုဒ္ဓ၏ အဆုံးအမကို မရမီ ယခင်က ဆိုလျှင် သူသည် လောကကို ဝေဒ၏ သွန်သင်ချက်များအတိုင်းသာ ကြည့်တတ်၏။ မြင်တတ်၏။ ယခု ဗုဒ္ဓ၏ အဆုံးအမကို ရ၍ သောတာပန် အရိယာ ဖြစ်သွားသောအခါ သူသည် လောကကို ဗုဒ္ဓ၏ သွန်သင်မှုများအတိုင်းသာ ကြည့်တော့၏။ မြင်တော့၏။ ကြည့်စရာ လောက မပြောင်းလဲစေကာမူ သူ၏ အမြင်များကမူ အပြောင်းအလဲကြီး ပြောင်းလဲသွားလေ၏။

ဝေဒ၏ အဆုံးအမများ လွှမ်းမိုးချိန်၌ မွေးဖွားလာခဲ့ရသူပီပီ သူသည် ဝေဒ၏ သွန်သင်ချက်များအတိုင်း လိုက်နာခဲ့ရ၏။ ကျင့်သုံးခဲ့ရ၏။ ဝေဒ၏ သွန်သင်ချက်အရ လူသားတစ်ယောက်တွင် ကျေးဇူးဆပ်ရမည့် ကျေးဇူးရှင် ငါးမျိုး ရှိ၏။ ကျေးဇူးရှင်ငါးမျိုးကြောင့် ဤလောကမြေပြင်၌ လူဖြစ်လာရခြင်း ဖြစ်သဖြင့် ထိုကျေးဇူးရှင် ငါးမျိုးတို့အပေါ် ပြန်လည်၍ ကျေးဇူးဆပ်ရန် လူသားတိုင်း၌ တာဝန်ရှိ၏။ ဤသို့ ဝေဒက သတ်မှတ်ထား၏။

ဝေဒ၏ သတ်မှတ်ချက်အရ ကျေးဇူးရှင် ငါးမျိုးတွင် ပထမ ကျေးဇူးရှင်မှာ တရားဓမ္မ ဖြစ်၏။ တရားဓမ္မ ဆိုသည်မှာ ဝေဒဓမ္မပင် ဖြစ်၏။ ဝေဒဓမ္မကို ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ ဝေဒဓမ္မကို ပျောက်ပျက်မသွားအောင် တတ်နိုင်သလို ထိန်းသိမ်းခြင်းနှင့် ဝေဒဓမ္မ၏ သွန်သင်ချက်အတိုင်း လိုက်နာကျင့်သုံးခြင်း ဖြစ်၏။ ထိုသို့ ဆောင်ရွက်ပါမှ လူသည် တာဝန်ကျေ၏။ လူသည် မိမိအပေါ် ကျရောက်နေသော မိမိ၏ တာဝန်ကို ကျေပွန်ပါမှသာ လောကသည် ငြိမ်းချမ်းမည် ဖြစ်၏။ သာယာမည် ဖြစ်၏။

ဒုတိယ ကျေးဇူးဆပ်ရမည့် ကျေးဇူးရှင်မှာ ဝေဒဓမ္မကို ထိန်းသိမ်းစောင့်ရှောက်နေသော သူတော်စင်များ ဖြစ်၏။ သူတော်စင်များအား ကျေးဇူးဆပ်ခြင်းဟူသည်မှာ ထိုပုဂ္ဂိုလ်များအား လှူဒါန်းကျွေးမွေးခြင်း ဖြစ်၏။ သူတော်စင်များအစာ အာဟာရနှင့် ပတ်သက်၍ ပူပင်ကြောင့်ကြမှု မရှိပါမှသာ သူတို့သည် ဝေဒဓမ္မကို သင်အံနိုင်မည် ဖြစ်၏။ ဝေဒဓမ္မကို သင်အံနိုင်မှ ဝေဒဓမ္မသည် မပျောက်ပျက်ဘဲ ဤလောက၌ တည်ရှိနိုင်မည် ဖြစ်၏။

တတိယ ကျေးဇူး ဆပ်ရမည့် ကျေးဇူးရှင်မှာ မိဘမျိုးရိုး ဖြစ်၏။ မိဘမျိုးရိုးကြောင့်သာ မိမိသည် ဤလောက၌ လူလာဖြစ်ရခြင်းမှာ အငြင်းပွားစရာ မရှိ။ ထို့ကြောင့် လူတိုင်း မိမိ၏ မျိုးရိုးကို တိမ်ကော ပျောက်ပျက်မသွားရအောင် ထိန်းသိမ်းဖို့ တာဝန်ရှိ၏။ မိမိ၏ မျိုးရိုးကို ထိန်းသိမ်းခြင်း ဆိုသည်မှာ သက်ရှိမိဘများကို လုပ်ကျွေးစောင့်ရှောက်ခြင်း၊ ကွယ်လွန်ပြီးသော မိဘများကို ရည်စူး၍ ကောင်းမှုကုသိုလ်များကို ပြုလုပ်ခြင်း၊ မိဘမျိုးရိုး၏ ဂုဏ်သိက္ခာ ကျဆင်းမသွားအောင် နေထိုင်ကျင့်ကြံခြင်းပင် ဖြစ်၏။ မိဘ ဆိုရာ၌ ဘိုးဘွား ဦးကြီး ဦးလေး မိကြီး မိထွေး စသော ဉာတိများ အားလုံးပါဝင်၏။

စတုတ္ထ ကျေးဇူးဆပ်ရမည့် ကျေးဇူးရှင်မှာ မိမိ၏ ပတ်ဝန်းကျင်ရှိ လူသားများ ဖြစ်ကြ၏။ မိမိ၏ ပတ်ဝန်းကျင်ရှိ လူသားများ၏ ကျေးဇူးကြောင့်သာ မိမိသည် အသက်ရှင်နေနိုင်ခြင်း ဖြစ်သည်မှာ ယုံမှားစရာ မရှိ။ အကယ်၍ မိမိ၏ ပတ်ဝန်းကျင် လူသားများကသာ မိမိကို ကျေးဇူးပြုမနေဘူး ဆိုပါလျှင် မိမိသည် ဤလောက မြေအပြင်၌ အသက်ရှင်နေနိုင်စရာ အကြောင်းမရှိ။ ထို့ကြောင့် မိမိ အသက်ရှင်နေသမျှ ကာလပတ်လုံး မိမိ၏ ကျေးဇူးရှင်ဖြစ်သော ပတ်ဝန်းကျင် လူသားများကို စွမ်းအားရှိသမျှ ပြန်လည်၍ ကျေးဇူးဆပ်ရ၏။ မိမိ၏ ပတ်ဝန်းကျင်ရှိ လူသားများအား ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ ကာယအား၊ ဉာဏအားဖြင့်လည်းကောင်း၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် လည်းကောင်း တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခြင်း ဖြစ်၏။ သူတို့အတွက် အနစ်နာခံခြင်း ဖြစ်၏။ အကယ်၍ မိမိ၏ ပတ်ဝန်းကျင်ရှိ လူသားများအပေါ် မိမိက မောက်မာနေမည် ဆိုလျှင်၊ အကယ်၍ မမောက်မာစေကာမူ လျစ်လျူရှုနေမည်ဆိုလျှင် မိမိသည် ငြိမ်းချမ်းသာယာစွာ နေဖို့ ခက်ပေလိမ့်မည်။

ထိုနောက် ပဥ္စမ ကျေးဇူးဆပ်ရမည့် ကျေးဇူးရှင်မှာ ရေ မြေ တောတောင်နှင့် ကျေးငှက်တိရစ္ဆာန်များ ဖြစ်၏။ ယင်းတို့သည်လည်း မိမိဘဝ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကြီးမားစွာ ကျေးဇူးပြုကြသည်ပင် ဖြစ်၏။ ထို့ကြောင့် ယင်းတို့အပေါ် လူတိုင်း ပြန်၍ ကျေးဇူးဆပ်ဖို့ တာဝန်ရှိ၏။ ဝတ္တရား ရှိ၏။

ယင်းတို့အပေါ် ပြန်လည်၍ ကျေးဇူးဆပ်ခြင်း ဟူသည်မှာ ရေတွင်း ရေကန် တူးခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်တို့အား အစာရေစာ ကျွေးမွေးခြင်း တို့ပင် ဖြစ်၏။

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားထံမှ တရားဒေသနာတော်ကို နာကြား၍ သောတာပန် မဖြစ်မီ ရှေးကာလက ဖော်ပြပါ ကျေးဇူးရှင် ငါးမျိုးကို ပြန်လည်၍ ကျေးဇူးဆပ်သူ ဖြစ်၏။ သူ၏ စိတ်ထဲ၌လည်း ကျေးဇူးရှင် ငါးမျိုးကို တာဝန်ဝတ္တရားအတိုင်း ပြန်လည်၍ ကျေးဇူးဆပ်ခြင်း ဖြစ်သည်ဟူ၍သာ ခံယူထားလေ၏။ ထိုထက် ပို၍ ထူးထူးခြားခြား အနက်ကိုလည်း မသိ။ အဓိပ္ပာယ်ကိုလည်း နားမလည်။ အမှန်အားဖြင့် အနာထပိဏ် သူဌေးသည် ပါရမီရှင် ဖြစ်၏။ ဆရာကောင်းနှင့်တွေ့လျှင် အနက်အဓိပ္ပာယ်ကို ထိုထက်ပို၍ နားလည်နိုင်ကောင်း၏။ သို့ရာတွင် အနာထပိဏ်သည် ဆရာကောင်းနှင့် မတွေ့ရသေးသဖြင့် မိမိ၏ ထာဝရကျေးဇူးရှင် ငါးမျိုးအား မိမိကိုယ်တိုင် ပြန်လည်၍ ကျေးဇူးဆပ်နေပါလျက် ထိုသို့ ကျေးဇူးဆပ်ခြင်း၏ အနက်အဓိပ္ပာယ်ကို အများသိနေကျထက် ပို၍ မသိသေးခြင်း ဖြစ်၏။

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားနှင့် တွေ့ပြီး မြတ်စွာဘုရားထံမှ တရားဒေသနာကို ကြားနာရ၍ သောတာပန်ဖြစ်ပြီးနောက်မှ လူတို့၏ ထာဝရ ကျေးဇူးရှင် ငါးမျိုးအား ပြန်လည် ကျေးဇူးဆပ်ခြင်း၏ အနက်အဓိပ္ပာယ်ကို ပို၍ သိမြင်လာ၏။ ပို၍ နားလည်လာ၏။ အမှားများကိုလည်း ပြင်နိုင်လာ၏။ ထို့ကြောင့်ပင် သူသည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန် အရိယာ ဖြစ်သွားရခြင်း ဖြစ်၏။

ဝေဒ၏ သတ်မှတ်ချက်အတိုင်း မိမိတို့၏ ထာဝရကျေးဇူးရှင် ငါးမျိုးအား ပြန်လည်၍ ကျေးဇူးဆပ်ခြင်းသည် သာမန်ကုသိုလ်ကောင်းမှုကို ပြုရာသာ ရောက်၏။ မွန်မြတ်သော ပါရမီကုသိုလ်ကောင်းမှုမျိုးကို ပြုရာမရောက်။ အမှန်အားဖြင့် မွန်မြတ်သော ပါရမီကုသိုလ်ကောင်းမှုမျိုးကို ပြုရာရောက်အောင် အနာထပိဏ် သူဌေးသည် မလုပ်တတ်သေး။ ယခုတော့ သူ လုပ်တတ်ပြီ။ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာလိုက်ရခြင်းကြောင့်သာ သူ လုပ်တတ်သွားခြင်း ဖြစ်၏။ "ညောင်ပင်ကြီးလောက် လှူပါလျက် ညောင်စေ့လောက်သာ ရ၍ ညောင်စေ့လောက်သာ လှူပါလျက် ညောင်ပင်ကြီးလောက် ရသည်" ဟူသော နိယာမကို မြတ်စွာဘုရား၏ အဆုံးအမတော်ကြောင့် အနာထပိဏ် သိလေပြီ။

အသပြာ ကုဋေကုဋာချီ၍ အကုန်အကျခံကာ လှူကြသော ကောင်းမှုရှင်များကို သူ တွေ့ဖူး၏။ အကယ်၍သာ သူတို့သည် မြတ်စွာဘုရား၏ သွန်သင်

ချက်အတိုင်း လှူမည်ဆိုပါက ညောင်စေ့လောက် လှူရုံမျှနှင့် ညောင်ပင်ကြီးလောက် အကျိုးကို ရသည်ဆိုပါလျှင် ယခုလို ကုဋေကုဋာချီ၍ အကုန်အကျခံကာ လှူခြင်း ဖြစ်သဖြင့် အဘယ်မျှလောက် ကြီးမားသော အကျိုးကို ရချေမည်နည်း။ ဤသို့ သူ တွေး၏။

ကုသိုလ် ကောင်းမှုတို့၏ သဘောသည် အရေအတွက်သည် ပဓာန မဟုတ်၊ အရည်အချင်းသာ ပဓာန ဖြစ်၏။ မည်မျှ အကုန်အကျခံ၍ လှူစေကာမူ နှလုံးသွင်း မှန်ကန်မှုကြောင့် သာမန်ကုသိုလ်ကောင်းမှုမျိုး သဘောသာ သက်ရောက်ပါက အကျိုးပေးသည် နည်း၏။ အနည်းငယ်မျှပင် အကုန်အကျခံ၍ လှူဒါန်းပါသော်လည်း နှလုံးသွင်း မှန်ကန်မှုကြောင့် မြင့်မြတ်သော ပါရမီ ကုသိုလ် ကောင်းမှုမျိုး သဘော သက်ရောက်ပါက အကျိုးပေးသည် ကြီးမား၏။ ဒေသနာတော်၌–

သဗ္ဗလောကာ ဓိပစ္စေန

သောတာပတ္တိဖလံ ဝရံ

"ရိုးရိုး ကာမာဝစရ ကုသိုလ်ကြောင့် လောကကြီးတစ်ခုလုံးကို အစိုးရသော အကျိုးထက် ပါရမီကုသိုလ်ကြောင့် သောတာပန် ဖြစ်ရခြင်း အကျိုးက ပို၍ မြတ်သည်" ဟူ၍ လာရှိ၏။ ထို့ကြောင့် ကုသိုလ်နှစ်မျိုးတို့ အကျိုးပေးမှု ခြားနားကြောင်းကို အနာထပိဏ်သူဌေးသည် ကိုယ်တွေ့ သိရပြီ။ သူသည် ပစ္စည်း ဥစ္စာ အားဖြင့် ချမ်းသာသည် မှန်၏။ အားလုံးကလည်း သူ့ကို သူဌေးကြီးဟူ၍ အသိအမှတ် ပြုကြ၏။ သူဌေးကြီး ဖြစ်သဖြင့် သူဌေးစည်းစိမ်အရ သူသည် ချမ်းသာပါ၏။ သို့ရာတွင် ထိုချမ်းသာကား သောက လွှမ်းသော ချမ်းသာ ဖြစ်၏။ ယခု သူခံစားရသော သောတာပတ္တိဖိုလ်၏ ချမ်းသာမှု တကယ့်ချမ်းသာ ဖြစ်၏။ ဤသို့သော ခြားနားခြင်းကို သူသည် ကိုယ်တွေ့သိ၏။ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားထံမှ တရားဒေသနာတော်ကို ကြားနာရပြီး သောတာပန် အရိယာ ဖြစ်ချိန်မှစ၍ သူ၏ ဘဝသည် အစစအရာရာ အားလုံး ပြောင်းလဲခဲ့လေပြီ။

ရှေးယခင်က သူကျေးဇူးဆပ်ခဲ့သော ဝေဒဓမ္မနှင့် ဗြာဟ္မဏများ၏ နေရာ၌ ယခု ရတနာသုံးပါးတို့က နေရာယူပြီး ဖြစ်ကြပြီ။ ရှေးယခင်က အနာထပိဏ် သူဌေးသည် ကောင်းမှုကုသိုလ်များကို ရက်ရက်ရောရော လုပ်ခဲ့ပါ၏။ ကိုးကွယ်ရာမဲ့တို့အား ကျွေးမွေးရာ၌ သူမတူအောင် ရက်ရော၏။ ထို့ကြောင့်လည်း သူ့ကို အနာထပိဏ္ဍိက ဟူ၍ အများက သမုတ်ကြခြင်း ဖြစ်၏။ အနာထပိဏ္ဍိက၏ အနက်မှာ ကိုးကွယ်ရာမဲ့တို့အား ကျွေးမွေးသူ ဟူ၍ ဖြစ်၏။

အနာထပိဏ်သူဌေးသည် ဒါနပြုခြင်းအားဖြင့် အသက်ရှည်ခြင်း၊ ကျွဲနွား

များ ပေါ်များခြင်း၊ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်း နေရခြင်း၊ သေပြီးနောက် နတ်ပြည်၌ ဖြစ်ရခြင်း အကျိုးများကို ရသည်ဟူသော ဝေဒအဆိုကိုသာ ကြားနာခဲ့ ရာမှ မည်သို့သော ကုသိုလ်ကောင်းမှုမျိုးကို လုပ်သည်ဖြစ်စေ "နေက္ခမ္မ"သဘော ပါလျှင် ပါရမီ ကုသိုလ် ဖြစ်သည်။ ပါရမီကုသိုလ်ဖြစ်လျှင် ဖော်ပြပါ အကျိုးများ ထက် အဆပေါင်းများစွာ သာလွန်သော အရိယာသစ္စဉာဏ်ကို ရခြင်း အကျိုး၌ အားကြီးသော အထောက်အပံ့ ဖြစ်သည်ဟူသော ဗုဒ္ဓ၏ အဆုံးအမကို သူ ရသွား ပြီ။

နေက္ခမ္မ သဘောပါခြင်း ဟူသည်မှာ တုံ့ပြန်မှုကို မမျှော်ကိုးဘဲ "ဝတ္တရား" ဟူ၍ သဘောထားကာ စေတနာ သန့်သန့်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်၏။ ဤ သဘောကို တပ်မက်ခြင်း တဏှာမှ ထွက်မြောက်မှု နေက္ခမ္မ ပါရမီ ဟူ၍ ဆို၏။ မြတ်စွာဘုရား၏ ဤသွန်သင်ချက်ကို အနာထပိဏ်သည် များစွာ သဘောပေါက် ၏။ သဘောပေါက်သည့် အလျောက်လည်း သစ္စာဆိုက်အောင် သိပြီး သောတာ ပန် ဖြစ်သွား၏။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် ဤအသိမျိုးကို သူ၏ သာဝတ္ထိပြည်သားများနှင့် တကွ လူအပေါင်းအား သိစေချင်လှ၏။ သိစေချင်လှ သော်လည်း သူ ဘာမျှ မလုပ်တတ်။ သူ၏ အပေါင်းအသင်းများအား သူသိသမျှ ဟောပြောရုံသာ ရှိ၏။ သို့ရာတွင် ရေရေလည်လည် ဟောပြောတတ်ဖို့ကလည်း လိုသေး၏။ အနာထပိဏ်သူဌေး၏ အသိကား အသိထူး ဖြစ်၏။ အရိယသစ္စာသိ ဖြစ်၏။ သို့ရာတွင် သူကား ကုန်သည်သာ ဖြစ်၏။ ဓမ္မကထိက မဟုတ်။ အနာ ထပိဏ်သည် သူ၏ ဇာတိရပ်မြေ သာဝတ္ထိကို ဗဟိုပြု၍ အသိထူး အရိယသစ္စာသိ ကို လောကအား ဖြန့်ဝေရန် သူ ကြံစည်လေ၏။

အနာထပိဏ်သည် အကြံကောင်းကို ရလေပြီ။ သာဝတ္ထိပြည်၌ ကျောင်း ဆောက်၍ မြတ်စွာဘုရားအား လှူဒါန်းရန် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် တပည့်သာဝကများနှင့် အတူ သာဝတ္ထိပြည်၌ သီတင်းသုံးပြီး လောကအား အရိယ သစ္စ ဒေသနာကို ဟောကြားတော်မူပေလိမ့်မည်။ ထိုအခါ ဝေနေယျ သတ္တဝါ များသည် အသိထူး အရိယသစ္စာသိဖြင့် အနှိုင်းမဲ့ချမ်းသာကို ရကြပေလိမ့်မည်။ အနှိုင်းမဲ့ချမ်းသာ ဟူသည်ကား နိဗ္ဗာန်ချမ်းသာ ဖြစ်၏။

အနာထပိဏ်သည် အနှိုင်းမဲ့ချမ်းသာကို မြတ်စွာဘုရားမှတစ်ဆင့် ဇာတိ ဌာနေ မွေးရပ်မြေကို ဗဟိုပြု၍ လောကအား မျှဝေနိုင်ရန် ကျောင်းဆောက်ပြီး မြတ်စွာဘုရားအား လှူဒါန်းရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် မြတ်စွာဘုရားအား ကျောင်းတော်ကို အလှူခံယူတော်မူပါရန် လျှောက်ထား၏။ မြတ်စွာဘုရားက လည်း အလှူခံယူရန် သဘောတူတော်မူလိုက်၏။ ထို့နောက် အနာထပိဏ်သူဌေး

သည် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ပြန်လာပြီး၊ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်ပြီး မြတ်စွာဘုရားအား လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကို စာတုဒ္ဒိသာ သံဃိကအဖြစ် အလှူခံယူတော်မူ၏။ ဇေတဝန်ကျောင်းတော်သည် အကျယ်အားဖြင့် ရှစ်ပယ်ခန့် ရှိ၏။ တန်ဖိုးအားဖြင့် ငါးဆယ့်လေးကုဋေ ကုန်ကျ၏။

အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းရာ၌ နေက္ခမ္မ ပါရမီသဘောအရ သူ့အတွက် ပဓာန မဟုတ်၊ လောကအတွက် ပဓာန ဖြစ်၏။ ထို့ကြောင့် လောကအား အရိယသစ္စာသိကို မြတ်စွာဘုရားမှ တစ်ဆင့် ဖြန့်ဝေပေးရန်အတွက် ဖြစ်၏။ အနာထပိဏ်သူဌေး၏ ရည်ရွယ်ချက် အောင်မြင်ကြောင်းကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဟူသော အမည်သည် ယနေ့တိုင် သက်သေခံလျက် ရှိပါ၏။

## အခန်း ( ၁၄ )

## ပန်းဆက်သမား သုမန

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူစဉ် ကာလက ဖြစ်၏။ တစ်ခုသောနေ့တွင် ရာဇဂြိုဟ်ပြည်တွင်းသို့ နောက်ပါ ရဟန်းသံဃာတော်များနှင့် ဆွမ်းခံဝင်တော်မူ၏။ ထိုနေ့ ဆွမ်းခံဝင်ခြင်းကား ထူးခြား၏။ ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်လျက် ဆွမ်းခံဝင်တော်မူခြင်းကြောင့် ထူးခြားသည်ဟူ၍ ဆိုရ၏။ ရောင်ခြည်တော် ခြောက်သွယ် လွှတ်၍ ဆွမ်းခံဝင်ခြင်း၏ အနက်အဓိပ္ပာယ်ကို မြတ်စွာဘုရားနှင့် တန်ခိုးရှင် ဗြဟ္မာများသာ သိကြ၏။

အမှန်အားဖြင့် ထူးခြားခြင်း၌ အကြောင်းရှိ၏။ ရာဇဂြိုဟ်ပြည်သား သုမန ပန်းသည်သည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၌ သုမနိဿရ အမည်ဖြင့် ပစ္စေကဗုဒ္ဓ ဖြစ်တော်မူမည်ကို မြင်တော်မူသဖြင့် မြတ်စွာဘုရားသည် ယနေ့၌ ထူးခြားစွာ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်၍ ဆွမ်းခံကြွတော်မူခြင်း ဖြစ်၏။ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူသော မြတ်စွာဘုရားကို မြင်တော်မူမှလည်း ရာဇဂြိုဟ်ပြည်သား သုမန ပန်းသည်သည် ထက်စွာသော သဒ္ဓါတရားဖြင့် မိမိ၏ အသက်ကို စွန့်၍ မုလေးပန်း ဒါနကို ပြုမည် ဖြစ်၏။ ထိုသို့ ပြုပါမှလည်း ပစ္စေကဗုဒ္ဓ ဖြစ်မည် ဖြစ်၏။ ထို့ကြောင့် အသက်ကို စွန့်၍ ဒါနပြုနိုင်စေရန် မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်တိုင် ပါရမီများကို ဖြည့်ကျင့်ပါမှ ဝေနေယျ သတ္တဝါများကို သံသရာ ဆင်းရဲမှ ကယ်တင်ရန်အတွက် နှစ်ပေါင်း ၄၅ နှစ်သာ အချိန်ရ၏။ အချိန်သည် နည်းပါးလွန်းလှ၏။ ထို နှစ်ပေါင်း ၄၅ နှစ်အတွင်း မြတ်စွာဘုရားသည် မနားမနေ အလုပ်ကို လုပ်ရပေတော့မည်။ ယခုတော့ သုမနပန်းသည်အတွက် အလုပ်လုပ်ခြင်း ဖြစ်သော်လည်း

သူနှင့် ရေစက်ဆုံသူ ဝေနေယျ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့သည် ကျွတ်တမ်းဝင်ကြပေလိမ့်မည်။ အမှန်အားဖြင့် မြတ်စွာဘုရားသည် ချီးမြှောက်ထိုက်သော သူများကို ချီးမြှောက်ခြင်း၌လည်း အနှိုင်းမဲ့ ဖြစ်တော်မူပါပေ၏။

သုမန ပန်းသည်သည် ဗိမ္ဗိသာရမင်းကြီး၏ ပန်းတော်ဆက် ဖြစ်၏။ သူသည် တစ်နေ့လျှင် မုလေးပန်း ရှစ်ကွမ်းစားကို မင်းကြီးအား နေ့စဉ် ဆက်ရ၏။ မင်းကြီးထံမှ အသပြာ ရှစ်အသပြာကိုလည်း ဆုတော်အဖြစ် နေ့စဉ်ပင်ရ၏။ သုမနပန်းတော်ဆက်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကား ပန်းတော်ဆက် လုပ်ငန်း ဖြစ်၏။ ထိုနေ့ နံနက်တွင် သုမနပန်းသည်သည် မုလေးပန်းများကို ယူဆောင်ကာ မိမိအိမ်သို့ သွားရန် မြို့သို့ ဝင်လာ၏။ ထိုအချိန်တွင် မြတ်စွာဘုရားသည်လည်း ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်လျက် နောက်ပါ ရဟန်းသံဃာတော်များနှင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာတော်မူ၏။ အချိန်ချင်း တိုက်ဆိုင်လွန်းလှ၏။ ထိုတိုက်ဆိုင်ခြင်းသည် ကံကြမ္မာ၏ လျှို့ဝှက်ခန်းကို ဖွင့်သည့် "သော့တံ"ပင် ဖြစ်၏။

သုမနပန်းသည်သည် မြတ်စွာဘုရားကို ဖူးတွေ့ရလေသောအခါ များစွာကြည်ညိုသွား၏။ ရှေးယခင်က သုမနပန်းသည်သည် မြတ်စွာဘုရားကို ယခုလို ဖူးတွေ့ရခြင်း မရှိသေး။ အမှန်အားဖြင့် အချိန် မရောက်သေး၍ပင် ဖြစ်၏။ သုမန ပန်းသည်သည် ရာဇဂြိုဟ်ပြည်၌ ရှိသည်ကို မြတ်စွာဘုရားကလည်း သိပြီး ဖြစ်၏။ သုမန ပန်းသည်ကလည်း မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူကြောင်းကို သိသည်ပင် ဖြစ်၏။ အကြောင်းမတိုက်ဆိုင်သေး၍သာ ယခုလို မကြုံတွေ့ရခြင်း ဖြစ်၏။ အကြောင်းမတိုက်ဆိုင်ခြင်း ဟူသည်မှာ သုမန ပန်းသည်အတွက် ပစ္စေကဗုဒ္ဓအဖြစ် နိယတဗျာဒိတ်တော်ကို ရရှိရန် အချိန် မရောက်သေးခြင်းပင် ဖြစ်၏။ အချိန်မကျသေးဘဲ လုပ်ပါကလည်း ဥစ္ဆေဒဒိဋ္ဌိသဘော ဖြစ်၏။ အချိန်လွန်ပြီးမှ လုပ်ပါကလည်း သဿတဒိဋ္ဌိ သဘောဖြစ်၏။ ထို့ကြောင့် အချိန်နှင့် ပတ်သက်လျှင် သမ္မာဒိဋ္ဌိ သဘောဖြစ်ပါမှ အချိန်သည် တန်ဖိုးရှိ၏။ ယခုတော့ အချိန်ရောက်လေပြီ။ အချိန်ရောက်သဖြင့်လည်း မြတ်စွာဘုရားသည် သုမနပန်းသည်အတွက် ရည်စူး၍ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ကာ ဆွမ်းခံ ကြွတော်မူခြင်း ဖြစ်၏။ အကြောင်းမဲ့ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ကာ ဆွမ်းခံကြွတော်မူခြင်း မဟုတ်။

သုမနပန်းသည်၏ စိတ်ကို နတ်ဗြဟ္မာများက ဆုပ်ကိုင်ထား၏။ သိမ်းပိုက်ထား၏။ ယင်းကို ပါဠိဝေါဟာရဖြင့် ပဒေသိတစိတ္တ ဟု ခေါ်၏။ ထို့ကြောင့် သူ၏ စိတ်သည် ဆုံးဖြတ်စရာများနှင့် တွေ့ကြုံသောအခါ ယောင်ဝါးဝါး မဖြစ်။

ပြက်ပြက်ထင်ထင် ဖြစ်၏။ သူသည် မြတ်စွာဘုရား၌ ကြည်ညို၏။ ကြည်ညိုသည့် အလျောက်လည်း လှူဒါန်းလို၏။ သူ့၌ လှူဒါန်းစရာဆို၍ မုလေးပန်း ရှစ်ကွမ်းစားသာ ပါ၏။ မုလေးပန်း ရှစ်ကွမ်းစားကား ဗိမ္ဗိသာရမင်းကြီးအား ဆက်သရန်သာ ဖြစ်၏။ သူပိုင် မဟုတ်။

ထို့ကြောင့် သုမနပန်းသည်သည် ဗိမ္ဗိသာရမင်းကြီး၏ မုလေးပန်း ရှစ်ကွမ်းစားကို သူသည် ဝယ်ရန် ဆုံးဖြတ်လိုက်၏။ မုလေးပန်း ရှစ်ကွမ်းစား၏ တန်ဖိုးကား သူ၏ အသက်ပင် ဖြစ်နိုင်၏။ ထို့ထက် လျှော့ချင်လည်း လျှော့နိုင်၏။ အကယ်၍ မုလေးပန်း ရှစ်ကွမ်းစားကို မြတ်စွာဘုရားအား လှူလိုက်မည် ဆိုပါက မင်းကြီးသည် ပန်းဖိုးအနေဖြင့် သူ၏ အသက်ကို သတ်နိုင်၏။ ထို့ထက် လျှော့၍ ယူမည်ဆိုပါလျှင် သူ့ကို တိုင်းပြည်မှ နှင်ထုတ်နိုင်၏။ ထို့ထက် လျှော့၍ ယူမည်ဆိုပါလျှင် သူ့ကို ထောင်သွင်း၍ အကျဉ်းချထားနိုင်၏။

ဤသုံးမျိုးသော ပန်းဖိုးတို့တွင် တစ်မျိုးမျိုးကို ပေးဆပ်ရမည် ဖြစ်၏။ ဤသည်မှာ ရာဇဂြိုဟ်နိုင်ငံတော်၏ တည်ဆဲဥပဒေ ဖြစ်၏။ ထို ဥပဒေကို သုမနပန်းသည်သည် သိ၏။ သိသဖြင့်လည်း လိုက်နာရန် အဆင်သင့် ဖြစ်၏။ ထို့ကြောင့် သုမန ပန်းသည်၏ သဒ္ဓါကား သာမည သဒ္ဓါမဟုတ်။ မတုန်လှုပ်သော အစလ သဒ္ဓါမျိုးဖြစ်၏။ ထို သဒ္ဓါမျိုးကြောင့်ပင် သုမနပန်းသည်သည် ပစ္စေကဗုဒ္ဓ ဖြစ်နိုင်ခြင်း ဖြစ်၏။ ပစ္စေကဗုဒ္ဓ ဖြစ်နိုင်သော အင်္ဂါများတွင်–

(၁) မြတ်စွာဘုရားနှင့် တွေ့ဆုံခြင်း၊

(၂) ခဲယဉ်းလှစွာသော ပူဇော်သက္ကာရကို ပြုခြင်း၊

(၃) ပစ္စေကဗုဒ္ဓဖြစ်ရန် ထက်သန်သော အလိုဆန္ဒရှိခြင်း

ဟူ၍ သုံးမျိုး ရှိလေရာ မုလေးပန်းကို မြတ်စွာဘုရားအား လှူဒါန်းခြင်းသည် အသက်ကိုပင် စွန့်၍ လှူဒါန်းခြင်း ဖြစ်သဖြင့် ခဲယဉ်းလှစွာသော ပူဇော်သက္ကာရကို ပြုခြင်း မည်၏။

သုမနပန်းသည်သည် မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ သူ၏ လက်ဝယ်ရှိ မုလေးပန်း ရှစ်ကွမ်းစားအနက်မှ ရှေးဦးစွာ မုလေးပန်း နှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏ အထက်သို့ ပင့်မြှောက်၍ ပူဇော်လိုက်၏။ ထိုမုလေးပန်းတို့သည် မြတ်စွာဘုရား၏ ဦးခေါင်းတော်အထက်၌ မျက်နှာကြက်သဖွယ်ဖြစ်၍ တည်ကြကုန်၏။ နောက်ထပ် မုလေးပန်း နှစ်ဆုပ်စီတို့ကို မြတ်စွာဘုရား၏ လက်ယာဘက်တော်နှင့် လက်ဝဲဘက်တော်တို့သို့ ပစ်မြှောက်၍ ပူဇော်လိုက်ပြန်၏။ ထိုမုလေးပန်းတို့သည် ကန့်လန့်ကာအသွင်ဖြင့် တည်ကြကုန်၏။ ကျန်မုလေးပန်း နှစ်ဆုပ်ကို မြတ်စွာဘုရား၏ နောက်တော်ဘက်သို့ ပစ်မြှောက်ပူဇော်လိုက်ရာ

ထိုမုလေးပန်းတို့သည်လည်း ကန့်လန့်ကာအသွင်ဖြင့်ပင် တည်ကြကုန်၏။ သုမန ပန်းသည်သည် မုလေးပန်း ရှစ်ကွမ်းစားလုံးကို ရှစ်ဆုပ်ပြု၍ ပူဇော်ပြီးလေပြီ။

မြတ်စွာဘုရားကလည်း ဆွမ်းခံ ကြွဆဲပင် ဖြစ်၏။ မုလေးပန်းတို့သည် လည်း မြတ်စွာဘုရား၏ နောက်တော်သို့ ဝန်းရံ၍ လိုက်ဆဲပင် ဖြစ်ကြ၏။ ရာဇဂြိုဟ်ပြည်သားတို့သည် အံ့သြကာ ကြည်ညိုသောစိတ်ဖြင့် မြတ်စွာဘုရား၏ နောက်တော်က လိုက်ကြလေ၏။ သဘာဝ၏ ခွင့်ပြုချက်အရ အရာရာတို့သည် ဖြစ်ကြရ၏။ တန်ခိုးတော်နှင့် ပတ်သက်လာလျှင် ဖြစ်ဖြစ်သမျှကို သဘာဝက ခွင့်ပြုရသည်ချည်း ဖြစ်၏။

အမှန်အားဖြင့် သဘာဝကလည်း အစိန္တေယျ ဖြစ်၏။ တန်ခိုးတော်က လည်း အစိန္တေယျပင် ဖြစ်၏။ အစိန္တေယျ ဖြစ်သော သဘာဝက အစိန္တေယျ ဖြစ်သော တန်ခိုးတော်ကို ခွင့်ပြုနိုင်သည်မှာကတော့ အံ့သြစရာ မဟုတ်။ သူ သူ ငါ ငါ နားလည်လောက်သည့် စိန္တေယျသာ ဖြစ်ပါ၏။

သုမနပန်းသည်သည် သူ၏ ဒါနနှင့် ပတ်သက်၍ စိုးစဉ်းမျှ နောင်တရမှု မရှိ။ အလွန်ဝမ်းမြောက်၏။ အလွန် ကျေနပ်၏။ သူသည် သူ၏ အသက်ကိုပင် မင်းကြီးအား ပေးအပ်ရန် အဆင်သင့် ဖြစ်၏။ သို့ရာတွင် သူ၏ ဒါနနှင့် ပတ်သက် ၍ မကျေနပ်သူကတော့ ရှိ၏။ ထိုမကျေနပ်သူကား သူ၏ ဇနီးဖြစ်၏။ သုမန ပန်းသည်၏ ဇနီးသည် သူမ၏ ခင်ပွန်းကို ပန်းမပါဘဲ လက်ချည်းဖြင့် အိမ်သို့ ပြန်လာသောအခါ ရင်ထိတ်လှ၏။ မြတ်စွာဘုရားအား သူ၏ မုလေးပန်းများကို အားလုံးလှူခဲ့ကြောင်း ကြားသိရသောအခါ သူမသည် ဆောက်တည်ရာ မရ လောက်အောင် စိုးရွံ့လှ၏။ သူမ၏ ခင်ပွန်းသည် သုမနပန်းသည် မင်းပြစ်မင်း ဒဏ် ခံရသည်က အရေးမကြီး။ သူ၏ ဇနီးသည်အနေဖြင့် သူမပါရောပြီး မင်းပြစ် မင်းဒဏ် ခံရမည်ကိုတော့ ကြောက်၏။ ဇနီးနှင့် ခင်ပွန်းတို့၏ ဤကဲ့သို့သော မေတ္တာမျိုးလည်း လောက၌ ရှိလေသေး၏။

သုမနပန်းသည်၏ ဇနီးသည် သုမနပန်းသည်နှင့် ကွာရှင်းရန် ဆုံးဖြတ် လိုက်၏။ ထို့ကြောင့် သူမသည် သားသမီးများကို ခေါ်ကာ မင်းကြီး၏ နန်းတော် သို့ သွားပြီး အကျိုးအကြောင်း အစုံအလင်ကို မင်းကြီးအား လျှောက်ထားလေ၏။ သုမနပန်းသည်၏ ဇနီးသည် မိမိ၏ ခင်ပွန်းနှင့် အေးအတူ ပူအမျှ မဖြစ်လိုသော် လည်း မိခင်မေတ္တာဖြင့်မူ မိမိ၏ သားသမီးများနှင့် အေးအတူ ပူအမျှ ဖြစ်လိုသော စိတ်ကတော့ ရှိပါ၏။ ထို့နောက် သုမနပန်းသည်၏ ဇနီးက မိမိသည် မိမိ၏ ခင်ပွန်းသည် သုမနပန်းသည်နှင့် ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း မင်းကြီးအား လျှောက်တင်လိုက်၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးကလည်း သုမနပန်းသည်၏

ဇနီးအား သုမနပန်းသည်ကို သင့်လျော်သလို စိစစ်ပြီး လိုအပ်သလို အရေးယူမည် ဖြစ်ကြောင်း ပြောကြားကာ ပြန်လွှတ်လိုက်၏။ ယခုတော့ သုမနပန်းသည်၏ ဇနီးသည် သူမ၏ ဆောင်ရွက်ချက် မှန်ကန်ကြောင်း တွေးပြီး ဝမ်းမြောက်လေ၏။ သို့ရာတွင် သူမသည် သူမ၏ ဆောင်ရွက်ချက်များ မှားယွင်းကြောင်း တွေ့ရှိရပြီး မကြာမီ ကာလအတွင်း ဝမ်းနည်းရမည်ကိုတော့ မသိရှာ။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် အဆောတလျင်ပင် နန်းတော်မှ ထွက်၍ မြတ်စွာဘုရားထံတော်သို့ သွားရောက်ရှိခိုးပြီး မြတ်စွာဘုရားနှင့် အတူတကွ သာလျှင် နောက်တော်မှ လှည့်လည် လိုက်ပါလေ၏။ မြတ်စွာဘုရားသည် မင်းကြီး၏ နန်းတော်သို့ ကြွတော်မူပြီး မင်းရင်ပြင်၌ နောက်ပါ ရဟန်းသံဃာတော်များနှင့် အတူ သီတင်းသုံးတော်မူ၏။ မင်းကြီးသည် မြတ်စွာဘုရားနှင့်တကွ နောက်ပါ ရဟန်းသံဃာတော်များအား ဆွမ်းလုပ်ကျွေးလေ၏။ မြတ်စွာဘုရားသည် မင်းနှင့် တကွသော ပရိသတ်အား ဆွမ်းအနုမောဒနာ တရားတော်ကို ဟောကြားတော်မူပြီး ဝေဠုဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ သုမနပန်းသည် လှူဒါန်းလိုက်သော မုလေးပန်းများသည်လည်း ဝေဠုဝန်ကျောင်းတော်သို့ တိုင်အောင် လိုက်သွားလေ၏။ တန်ခိုးတော်၏ အရာကား အံ့ဖွယ် ရှိပေစွ။ ထို့ကြောင့် အစိန္တေယျ ဟူ၍ ဆိုခြင်း ဖြစ်ရာ၏။

ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ ပြန်ရောက်သောအခါ သုမနပန်းသည်ကို ခေါ်၍ မြတ်စွာဘုရားအား မုလေးပန်းများ လှူဒါန်းခြင်းအကြောင်းကို မေးစိစစ်၏။ ထိုအခါ သုမနပန်းသည်က မင်းကြီးအား 'မင်းကြီးသည် သတ်မူလည်း သတ်စေ၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်စေ၊ အကျဉ်းချထားမူလည်း ချထားစေ ဟူ၍ အောက်မေ့ကာ အရှင်မင်းကြီးအား ဆက်သရန်ရှိသော မုလေးပန်း ရှစ်ကွမ်းစားကို မြတ်စွာဘုရားအား လှူဒါန်းလိုက်ခြင်း ဖြစ်ပါကြောင်း' ပြန်လည် လျှောက်တင်လိုက်လေ၏။

ထိုစဉ်အခါက ဗိမ္ဗိသာရမင်းကြီးသည် သောတာပန် ဖြစ်ပြီးလေပြီ။ ထို့ကြောင့် မင်းကြီးသည် သုမနပန်းသည်၏ မတုန်မလှုပ်သော အစလသဒ္ဓါတရားကို နားလည်သိမြင်ကာ သုမနပန်းသည်အား 'ယောကျ်ားမြတ်ပေတကား' ဟူ၍ ဝမ်းမြောက်စကားကို ပြောကြားပြီး (၁) ဆင်ရှစ်စီး၊ (၂) မြင်းရှစ်စီး၊ (၃) ကျွန်ယောကျ်ား ရှစ်ယောက်၊ (၄) ကျွန်မိန်းမ ရှစ်ယောက်၊ (၅) အဆင်းတန်ဆာ ရှစ်စုံ၊ (၆) အသပြာ ရှစ်ထောင်၊ (၇) အမျိုးသမီး ရှစ်ယောက်၊ (၈) ရွာကြီးရှစ်ရွာ၊ စုစုပေါင်း ရှစ်မျိုး ရှစ်မျိုးစီ ပါဝင်သော "သဗ္ဗဋ္ဌက" ဆုကို ချီးမြှင့်တော်မူလိုက်လေ၏။

သုမနပန်းသည်၏ မုလေးပန်း ဒါနသည် မိမိ၏ အသက်ကို ရက်ရက်ကြည်ဖြူ စွန့်လှူသော ဒါန ဖြစ်၏။ ထို့ကြောင့် သုမနပန်းသည်သည် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဒုဂ္ဂတိသို့ မလားဘဲ လူ့ပြည်နှင့် နတ်ပြည်တို့၌သာ အဖန်ဖန် ကျင်လည်၍ အဆုံးဘဝ၌ "သုမနိဿရ"အမည်တော်ဖြင့် ပစ္စေကဗုဒ္ဓါ ဖြစ်ပေလိမ့်မည် ဟူ၍ မြတ်စွာဘုရားက ရှင်အာနန္ဒာအား ဗျာဒိတ်စကား မြွက်ကြားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် သုမနပန်းသည်၏ ဒါနနှင့် စပ်လျဉ်း၍ ဓမ္မသဘင်၌–

- ကောင်းမှုကို ပြုလုပ်၏။ မိမိပြုလုပ်သော ကောင်းမှုနှင့် ပတ်သက်၍ မှားလေပြီလား ဟူ၍ နောင်တရခြင်း မရှိ။
- အမြဲတမ်း ဝမ်းမြောက်နေ၏။ ထိုကောင်းမှုသည် တကယ်တမ်း ကောင်း၏။ ထိုကောင်းမှု၏ အကျိုးကို အဖန်ဖန် ခံစားရ၏။

ဟူ၍ ဟောကြားတော်မူရာ ဝေနေယျ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် တို့သည် တရားသိမြင် ကျွတ်တမ်းဝင်ကြလေ၏။

## အခန်း (၁၅)
## အင်္ဂုဒတ္တနှင့် သူ၏ဘပည့်များ

အင်္ဂုဒတ္တသည် မဟာကောသလမင်းကြီး၏ ပုရောဟိတ် ဖြစ်၏။ မဟာကောသလ မင်းကြီး နတ်ရွာစံသောအခါ သားတော် ပသေနဒီ ကောသလမင်းသားက နန်းတက်၏။ ပသေနဒီကောသလ မင်းကလည်း ဖခမည်းတော်လက်ထက်က အတိုင်းပင် အင်္ဂုဒတ္တကို ပုရောဟိတ်ရာထူး၌ပင် ဆက်လက် သူကောင်းပြုပါ၏။ သို့ရာတွင် ပုရောဟိတ် အင်္ဂုဒတ္တသည် ရင့်သော အရွယ်သို့ ရောက်လေပြီ။

အင်္ဂုဒတ္တကား မြတ်စွာဘုရား၌ ကြည်ညိုသူ မဟုတ်။ ဗြာဟ္မဏ ဝါဒအရ ဖြူဟ္မာ၌သာ သက်ဝင်ယုံကြည်သူ ဖြစ်၏။ ဗြာဟ္မဏဝါဒအရ လူသားတစ်ယောက်အတွက် အရွယ်ကို လေးပိုင်း ပိုင်းထား၏။ ထိုလေးပိုင်းတွင် ပထမပိုင်းမှာ ဗြဟ္မစရိယပိုင်း ဖြစ်၏။ ဗြဟ္မစရိယပိုင်းအရ သူသည် ပညာကို သင်ကြားရ၏။ အရွယ်အားဖြင့် ၂၅ နှစ်တိုင်အောင် ဖြစ်၏။ ဗြဟ္မစရိယ ဟူသည်မှာ မြတ်သော အကျင့်ကို ကျင့်ခြင်းဖြစ်၏။ မြတ်သောအကျင့်ကို ကျင့်ခြင်း ဟူသည်မှာ မေထုန်မှ ရှောင်ကြဉ်ခြင်း ဖြစ်၏။

ထို့နောက် ဒုတိယအပိုင်းမှာ ဂဟဋ္ဌပိုင်း ဖြစ်၏။ ဂဟဋ္ဌပိုင်းအရ သူသည် အိမ်ထောင်ပြုရ၏။ အိမ်ထောင်တာဝန်ကို ထမ်းဆောင်ရ၏။ အရွယ်အားဖြင့် နှစ် ၅၀ နှစ်တိုင်အောင် ဖြစ်၏။ ထို့နောက် တတိယပိုင်းမှာ ဝါနပဋ္ဌပိုင်း ဖြစ်၏။ ဝါနပဋ္ဌပိုင်းအရ သူသည် တောထွက်၍ တရားဘာဝနာများကို ကျင့်ကြံအားထုတ်ရ၏။ အရွယ်အားဖြင့် ၇၅ နှစ်တိုင်အောင် ဖြစ်၏။ စတုတ္ထပိုင်းမှာ သညာသပိုင်း ဖြစ်၏။ သညာသအရ သူသည် လွတ်မြောက်မှု မောက္ခ ရရေးအတွက် အားထုတ်ခြင်းမှ တစ်ပါး ကျန် ရေးရာအားလုံးအတွက် အားထုတ်ခြင်းကို စွန့်ရ၏။ အရွယ်အားဖြင့် ဘဝတွင် ကျန် အသက်အပိုင်းအခြား အားလုံး ဖြစ်၏။

သားတော် ပသေနဒီ ကောသလမင်းသား နန်းတက်သောအခါ အင်္ဂုဒတ္တ သည် တတိယအရွယ်သို့ ရောက်လေပြီ။ ထို့ကြောင့် သူသည် မင်းထံ ခွင့်ပန်၍ တောထွက်ကာ ရသေ့ ပြုလေ၏။

သူသည် ဝါနပဋ္ဌ၏ တာဝန် ဝတ္တရားအတိုင်း တပည့်များကို မွေး၏။ ပညာသင်ကြားပေး၏။ တရားဘာဝနာကို ကိုယ်တိုင်လည်း အားထုတ်၏။ တပည့်များအားလည်း သင်ပေး၏။ သူ၏ တပည့်ပေါင်းမှာ တစ်သောင်း ဖြစ်လေ၏။ ထိုခေတ် ပညာရေးစနစ်အရ ကျောင်းသားများအနေဖြင့် အတတ်ပညာရပ်များကို လည်း သင်ယူရ၏။ အကျင့်များကိုလည်း ကျင့်ရ၏။ ဝိဇ္ဇာနှင့် စရဏ နှစ်မျိုးလုံး ကို ပေါင်းစည်းသည့် သဘောဖြစ်၏။ အင်္ဂုဒတ္တနှင့် သူ၏ တပည့် တစ်သောင်း တို့သည် အားလုံး ရသေ့အဝတ်ကို ဝတ်ကြ၏။

ထိုခေတ်က ထိုကဲ့သို့သော ပညာသင်ကြားရာ ဌာနများ ရှိကြ၏။ ထိုဌာန များကို ဂုရုကုလ ဟူ၍ ခေါ်၏။ အင်္ဂုဒတ္တ၏ ဂုရုကုလ၌ တရားဘာဝနာကျင့်မှု နှင့် ပတ်သက်၍ သူတို့သည် အာရဏကနှင့် ဥပနိသျှဒ် ကျင့်စဉ်များအတိုင်း ကျင့်ကြ၏။ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်သို့ ကပ်ရောက်၍ ဗြဟ္မာကို မြင်အောင် ကျင့်ရ၏။ သူတို့၏ အယူအရ ဗြဟ္မာကို မြင်ခြင်းဟူသည်မှာ ကသိုဏ်း ပေါက်ခြင်းပင် ဖြစ်၏။ ဗြဟ္မာ၏ အနက်မှာ ကြီးမားခြင်း ဖြစ်၏။ ပထဝီကသိုဏ်း ပေါက်ပါက လောကတစ်ခုလုံးသည် ပထဝီချည်း ဖြစ်၏။ အာပေါကသိုဏ်း ပေါက်ပါက လောကတစ်ခုလုံးသည် ရေချည်း ဖြစ်၏။ ဤသို့လျှင် လောက တစ်ခုလုံးသည် မိမိရှုပွားသော ကသိုဏ်းအာရုံအတိုင်း ဖြစ်သွားခြင်းကိုပင် ဗြဟ္မာ ဖြစ်သွားခြင်း ဟူ၍ လည်းကောင်း၊ ဗြဟ္မာကို မြင်ခြင်း ဟူ၍ လည်းကောင်း ဆို၏။ အမှန်အားဖြင့် ဈာန်သမာပတ် ရခြင်း အဆင့်ကိုပင် ဗြဟ္မာဖြစ်သွားခြင်း ဟူ၍ လည်းကောင်း၊ ဗြဟ္မာကို မြင်ခြင်း ဟူ၍ လည်းကောင်း ဗြာဟ္မဏဝါဒအရ ဆိုခြင်းဖြစ်၏။ သူတို့အတွက် ဈာန်သမာပတ် အဆင့်သည်ပင် လောကမှ လွတ် မြောက်မှု မောက္ခအဆင့် ဟူ၍ သူတို့က ထင်မှတ်နေခြင်း ဖြစ်၏။

သူတို့၏ လမ်းစဉ်အတိုင်း သူတို့သည် ကျင့်ကြ၏။ ကာမဝိတက် မဝင်နိုင် အောင်လည်း ကျင့်ရ၏။ ဗျာပါဒဝိတက် မဝင်နိုင်အောင်လည်း ကျင့်ရ၏။ ဝိဟိံ သာ ဝိတက် မဝင်နိုင်အောင်လည်း ကျင့်ရ၏။ ထိုသို့ ကျင့်ရာတွင် အကယ်၍ ကာမဝိတက် ဖြစ်စေ၊ ဗျာပါဒဝိတက်ဖြစ်စေ၊ ဝိဟိံသ ဝိတက်ဖြစ်စေ မိစ္ဆာသင်္ကပ္ပ ခေါ် မိစ္ဆာဝိတက် တစ်ပါးပါးသည် မိမိတို့၏ သန္တာန်၌ ဖြစ်ပွားလာပါက အပြစ် ဖြေသည့် အနေဖြင့် သတ်မှတ်ထားသည့် နေရာ၌ ဒဏ်ထမ်းသောအားဖြင့် သဲများ ကို စုပုံ၍ ထားရ၏။ ယင်းကို သဲဒဏ်ထမ်းခြင်း ဟူ၍ ခေါ်၏။ မိစ္ဆာဝိတက်

တစ်ကြိမ်ဖြစ်လျှင် သဲပုံတစ်ပုံကို သွား၍ ပုံရ၏။ နှစ်ကြိမ်ဖြစ်လျှင် သဲပုံ နှစ်ပုံကို သွား၍ ပုံရ၏။ မိစ္ဆာဝိတက်ဖြစ်သည့် အကြိမ် အရေအတွက်အလိုက် သဲပုံများကို ပုံရ၏။

အမှန်အားဖြင့် သူတစ်ပါး သန္တာန်၌ မိစ္ဆာဝိတက် ဖြစ်သည်ကို ဆရာကြီး အင်္ဂုဒတ္တလည်း မသိ။ အခြား ရသေ့များလည်း မသိ။ မိမိသန္တာန်၌ ဖြစ်သူကသာ သူ့ဘာသာ သူသိ၏။ သိသည့်အလျောက်လည်း ဖုံးကွယ်ခြင်း မရှိ။ ကျရောက်သော သဲဒဏ်ကို ထမ်းကြ၏။ သို့ဖြစ်၍ သူတို့သည် ရိုးသားကြ၏။ ဖြောင့်မတ်ကြ၏။ ကာယကံနှင့် ဝစီကံတို့၌ ရိုးသားဖြောင့်မတ်ခြင်းကို "ဥဇု"ဟူ၍ ခေါ်၏။ မနောကံ၌ ဖြောင့်ခြင်းကို "သုဟုဇု"ဟူ၍ ခေါ်၏။ အင်္ဂုဒတ္တနှင့် တပည့်ရသေ့ တစ်သောင်းတို့သည် အားလုံး ရိုးသားဖြောင့်မတ်ကြ၏။ ရိုးသားဖြောင့်မတ်ခြင်းသည် သစ္စာ၏ အားကြီးသော အထောက်အပံ့ ဥပနိဿယ ဖြစ်၏။ သစ္စာ၏ အနက်မှာလည်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ တစ်ဖြောင့်တည်း ကျခြင်းပင် ဖြစ်၏။ ထို့ကြောင့် သူတို့အားလုံးသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုဖို့ အတွက် ပါရမီပြည့်ကြလေပြီ။ သို့ရာတွင် သူတို့သည် သူတို့၌ ပါရမီပြည့်ကြောင်းကို သူတို့ မသိကြ။

အင်္ဂုဒတ္တနှင့် တပည့် ရသေ့တစ်သောင်းသည် သူတို့၏ သန္တာန်၌ မိစ္ဆာဝိတက်များ မဖြစ်ပွားရလေအောင် အားထုတ်ကြပါ၏။ သို့ရာတွင် သူတို့၏ အားထုတ်နည်းကား မချိမပင်ပြဒါ မကျချေ။ စိတ်ကို အထိန်းအကွပ် မရှိ လွှတ်ပေးမိသည့် အခါလည်း ရှိ၏။ ထိုအခါ သူတို့၏ အားထုတ်နည်းသည် ကာမသုခလ္လိကာ နုယောဂ၌ ဝင်လေ၏။ စိတ်ကို အတင်းအဓမ္မ ထိန်းချုပ်သည့် အခါလည်း ရှိ၏။ ထိုအခါ သူတို့၏ အားထုတ်နည်းသည် အတ္တကိလမထာနုယောဂ၌ ဝင်လေ၏။ အမှန်အားဖြင့် စိတ်ကို သတိဖြင့် မစောင့်စည်းဘဲ သူ့အလို သူ့ဆန္ဒ အတိုင်း လွှတ်ပေးခြင်းသည်လည်း ကောင်းသောနည်း မဟုတ်။ စိတ်ကို အတင်း အဓမ္မ ချုပ်ထိန်းခြင်းသည်လည်း ကောင်းသောနည်း မဟုတ်။ နှစ်မျိုးလုံး အစွန်း ရောက်သည်သာ ဖြစ်၏။

စိတ်ဟူသည် ပုထုစဉ်တို့၏ ဓမ္မတာအရ မကောင်းမှု၌ မွေ့လျော်တတ်၏။ ထို့ကြောင့် ပါပသ္မိံ ရမတိ မနော ဟူ၍ ဒေသနာတော်၌ ဟောကြားတော်မူထားခြင်း ဖြစ်၏။ အမှန်အားဖြင့် သစ္စာရှုထောင့်မှ ဆိုရလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဟူ၍ ဒြပ်ရှိအနေဖြင့် မြင်ခြင်းသည် မှားသော ဝိပ္ပလ္လာသ အမြင် ဖြစ်၏။ သို့ဖြစ်လေရာ စိတ်ကို မိမိထားလိုသော အာရုံ၌ ကြိုးစား၍ ထားပါသော်လည်း မိမိ ထားသည့်အတိုင်း စိတ်က နေချင်မှ နေ၏။ ထိုအခါ သတိကို ဦးစား

ပေးရ၏။ စိတ်သွားတိုင်း သတိက လိုက်နေဖို့ လို၏။ သတိက လိုက်နေလျှင် စိတ်ဟူသော အာရုံကို သိနေမည် ဖြစ်၏။ အကယ်၍ စိတ်က မကောင်းသော အကုသိုလ် အာရုံကို ယူမိလျှင်လည်း အကုသိုလ်အာရုံမှန်း သတိရှိပါက သိ၏။ ထိုသို့ သိခြင်းသည်ပင် ဉာဏ် ဖြစ်၏။ ယင်းဉာဏ်ကို ယထာဘူတဉာဏ် ဟူ၍ ခေါ်ရ၏။

အကုသိုလ်အာရုံ ဖြစ်လျှင်လည်း အကုသိုလ် အာရုံ ဖြစ်မှန်း သိရ၏။ ကုသိုလ်အာရုံဖြစ်လျှင်လည်း ကုသိုလ်အာရုံဖြစ်မှန်း သိရ၏။ ဤသည်ပင် ယထာဘူတဉာဏ်၏ လုပ်ငန်းဖြစ်၏။ ယထာဘူတဉာဏ် ဖြစ်လျှင် အာရုံတို့၏ သာယာဖွယ် အဿာဒကိုလည်း သိ၏။ မသာယာဖွယ် အာဒီနဝကိုလည်း သိ၏။ မသာယာဖွယ် အာဒီနဝကို သိလာလျှင် ဘဝ၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သည် ဖြစ်၏။ ထို့နောက် တပ်မက်မှု ကင်းခြင်း ဝိရာဂဉာဏ်သည် ဖြစ်လာမည် ဖြစ်၏။ ဤသို့ ဖြစ်နိုင်သော အားထုတ်နည်းသည်သာ မဇ္ဈိမပဋိပဒါကျသော နည်းဖြစ်၏။ အဂ္ဂိဒတ္တနှင့် သူ၏ တပည့် ရသေ့ တစ်သောင်းတို့သည် တရားဘာဝနာ ပွားများ အားထုတ်ရာ၌ မဇ္ဈိမ ပဋိပဒါကို မသုံးဘဲ အန္တ ပဋိပဒါကိုသာ သုံးကြ၏။

အန္တပဋိပဒါအရ အားထုတ်လျှင် အာရုံကို ကာမဂုဏ်အဖြစ်သာ မြင်၏။ မဇ္ဈိမ ပဋိပဒါအရ အားထုတ်မှ အာရုံကို သင်္ခါရအဖြစ် မြင်၏။ အာရုံကို သင်္ခါရ အဖြစ် မြင်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့၏။ အနိစ္စကို တွေ့လျှင် မာန ကွာ၏။ ဒုက္ခကို တွေ့လျှင် တဏှာ ကွာ၏။ အနတ္တကို တွေ့လျှင် အတ္တ ကွာ၏။ အဂ္ဂိဒတ္တနှင့် သူ၏ တပည့်တစ်သောင်းတို့သည် အာရုံကို သင်္ခါရအဖြစ် မမြင်လေသောကြောင့် မိစ္ဆာဝိတက်များကို မတားဆီးနိုင်ဘဲ သံဒဏ်ချည်း ထမ်းနေရသဖြင့် သံပုံကြီး ဖြစ်လာရ၏။ ထိုသံပုံကြီး၌ အဟိဆတ္တ နဂါးသည် စိုးစံလေ၏။ အဟိဆတ္တ နဂါးကား တန်ခိုးကြီးသော နဂါးတည်း။

ထိုစဉ်ကာလက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိ၏။ ရှင်မောဂ္ဂလာန်လည်း မြတ်စွာဘုရားနှင့် အတူ ဇေတဝန်ကျောင်းတော်၌ပင် ရှိ၏။ မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်၌ အဂ္ဂိဒတ္တရသေ့နှင့် တပည့်ရသေ့ပေါင်း တစ်သောင်းတို့သည် ထင်လာကြ၏။ သူတို့၏ သန္တာန်၌ သစ္စာပန်းတို့ ပွင့်ကြပေတော့မည်။ ပွင့်ချိန်သို့ ရောက်လေပြီ။ ဒေသနာတည်းဟူသော နေရောင်ခြည်ကို ငံ့လျက် ရှိကြ၏။ နေရောင်ခြည်ကို ရ၍ နေရောင်ခြည် ထိလိုက်သည်နှင့် တစ်ပြိုင်နက် သစ္စာပန်းများသည် သူတို့၏ သန္တာန်၌ ငွားငွားစွင့်စွင့် ပွင့်ကြကာ သူတို့အားလုံးသည် ပဋိသမ္ဘိဒါ လေးပါးနှင့်

တကွ ရဟန္တာအရှင်မြတ်များ ဖြစ်ကြပေတော့မည်။ နေရောင်ခြည်နှင့် တူသော ဒေသနာတော်ကို ဟောကြားဖို့ကား မြတ်စွာဘုရား၏ တာဝန်သာ ဖြစ်၏။

မြတ်စွာဘုရားသည် အင်္ဂုလိမာလ်နှင့် သူ၏ တပည့်တစ်သောင်းတို့၏ ဥပနိဿယကို မြင်၍ သူတို့၏ ဤရွေ့ကြောင့်ကြိုက်ချိန်ကို သိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်အား ရှေ့ကသွား၍ ရသေ့တို့အား ဆုံးမနှင့်ရန် လွှတ်လိုက်၏။ ရသေ့တို့နေရာကား အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကုရုတိုင်းတို့၏ ဆုံရာဒေသ၌ ရှိ၏။ ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား၏ ညွှန်ကြားချက်အတိုင်း အင်္ဂုလိမာလ်နှင့် သူ၏ တပည့်များကို ဆုံးမရန် သူတို့၏ နေရာသို့ ကြွသွားလေ၏။ ရှင်မောဂ္ဂလာန်သည် ထိုရသေ့တို့၏ နေရာသို့ ရောက်သောအခါ သူတို့က ရှင်မောဂ္ဂလာန်အား သူတို့၏နေရာ သခ်မ်းကျောင်း၌ တည်းခိုခွင့် မပေးချေ။

နောက်ဆုံး၌ အဟိဆတ္တ နဂါးမင်းစံရာ သဲပုံ၌ နေသင့် မသင့် မိမိဘာသာ စဉ်းစားဆုံးဖြတ်ရန် အင်္ဂုလိမာလ် ရသေ့ထံမှ ခွင့်ရလျှင် ရှင်မောဂ္ဂလာန်သည် အဟိဆတ္တ နဂါးမင်းရှိရာ သဲပုံသို့ သွားလေ၏။ အဟိဆတ္တ နဂါးမင်းနှင့် ရှင်မောဂ္ဂလာန်တို့ အချင်းချင်း တန်ခိုးပြိုင်ကြရာ ရှင်မောဂ္ဂလာန်က နိုင်၏။ အဟိဆတ္တနဂါးမင်းသည် သဲပုံကို အခွေများဖြစ်အောင် ပတ်ပြီး ပါးပျဉ်းကို ထီးဖြူပမာပြု၍ ရှင်မောဂ္ဂလာန်ကို သဲပုံထက်၌ သီတင်းသုံးစေတော်မူ၏။ ထိုအခါ ရသေ့တို့သည် အဟိဆတ္တ နဂါးမင်းထက် တန်ခိုးကြီးသော ရှင်မောဂ္ဂလာန်ကို တွေ့သောအခါ ရှင်မောဂ္ဂလာန် အပေါ်၌ ရိုသေလေးစား လာကြ၏။ သူတို့၏ မာနလည်း ကျသွားလေ၏။

ယခုအခါ မြတ်စွာဘုရားအနေဖြင့် အင်္ဂုလိမာလ် ရသေ့နှင့် သူ၏ တပည့်များအား တရားဟောရန် အချိန်ရောက်ပြီ။ မြတ်စွာဘုရားသည် လောကကို သံသရာဝဋ်ဒုက္ခမှ ကယ်မရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ပါမှ ၄၅ နှစ်တာ ကာလကိုသာ ရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် မိမိ ရသလောက်ကာလကလေးကို ခဏတိုင်း၊ စက္ကန့်တိုင်း အချည်းနှီး မဖြစ်စေဘဲ အသုံးကျအောင် အသုံးချတော်မူရခြင်း ဖြစ်၏။ မြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့် ဉာဏ်တော်သည် မြတ်နိုးဖွယ် ဖြစ်ပါ၏။

မြတ်စွာဘုရားသည် အင်္ဂုလိမာလ်နှင့် သူ၏ တပည့် တစ်သောင်းကို ချေချွတ်ရန် ကြွတော်မူလာရာ ရှင်မောဂ္ဂလာန်က ခရီးဦး ကြိုဆိုတော်မူ၏။ ရသေ့တို့ကား တပည့်ဖြစ်သော ရှင်မောဂ္ဂလာန်၏ တန်ခိုးကို လက်တွေ့ အထောက်အထား ပစ္စက္ခသိဒ္ဓအနေဖြင့် မြင်ပြီး ဖြစ်ရာ ဆရာဖြစ်သူ မြတ်စွာဘုရား၏ တန်ခိုးကိုမူ ဆင်ခြင်အထောက်အထား အနုမာနသိဒ္ဓအနေဖြင့် မြင်ပြီး များစွာ ကြည်ညိုကြ၏။

များစွာ လေးစားကြ၏။ ထိုအချိန်သည် သူတို့အတွက် ဣန္ဒြေအထက်ဆုံးနှင့် အညီမျှဆုံး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤအချိန်ကို ရွေးချယ် အသုံးချတော်မူခြင်း ဖြစ်၏။

လူသည် ဓမ္မတာအားဖြင့် လွတ်မြောက်မှု မောက္ခ၊ မသေမှု အမတ၊ ကိုးကွယ်ရာ သရဏ၊ ဤသုံးပါးကို တောင့်တမြဲ ဖြစ်၏။ ဤသုံးပါးကို တစ်စု တည်း၊ တစ်ပေါင်းတည်း ရခြင်း ဟူသည် ဒုက္ခမှ လွတ်မြောက်ခြင်းပင် ဖြစ်၏။ ဒုက္ခမှ လွတ်မြောက်ရေးအတွက် ဤသုံးပါးတို့၏ တစ်စုတည်း၊ တစ်ပေါင်းတည်း ကိန်းဝပ်ရာကို ရှာရာတွင် အဂ္ဂိဒတ္တသည် အာရာမ်၊ သစ်ပင်၊ တောတောင်၊ နတ်ကွန်း တို့ကို တွေ့၏။ ဤသို့ တွေ့ခြင်းမှာ ဝေဒကျမ်းလာ အာရညက ဝါဒအရ ဖြစ်၏။

မြတ်စွာဘုရားသည် အပဟိဆတ္တ သဲပုံထက်မှ နေ၍ အဂ္ဂိဒတ္တနှင့် သူ၏ တပည့်တစ်သောင်းတို့အား ဒုက္ခဟူသမျှ တကယ်တမ်း လွတ်မြောက်မှု မောက္ခ၊ မသေမှု အမတ၊ ကိုးကွယ်မှု သရဏတို့ကို လိုချင်ပါက ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကိုသာ ကိုးကွယ်ဆည်းကပ်ရမည်ဖြစ်ကြောင်း ဟောကြားတော်မူ လိုက်ရာ အဂ္ဂိဒတ္တနှင့် သူ၏ တပည့်တစ်သောင်းတို့သည် ပဋိသမ္ဘိဒါ လေးပါးနှင့် ရဟန္တာများ ဖြစ်သွားကြလေ၏။ မြတ်စွာဘုရားသည် လောကကို ကယ်တင်ရန် အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ပါမှ ၄၅ နှစ်မျှသာ ရရှိခဲ့ရာ ထို ၄၅ နှစ်ထဲမှ တစ်မိနစ်သော ခဏကို ထိုက်တန်စွာ အသုံးချလိုက် ခြင်းပင် ဖြစ်ပါ၏။

## အခန်း ( ၁၆ )

## ဝန်တိုမှု၏ သောရာနှင့် လားရာ ( သို့မဟုတ် )
## တက္ကတွန်းကြီး ဇမ္ဗုက

ထိုစဉ်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူ၏။ တစ်ခုသောနေ့တွင် မြတ်စွာဘုရားသည် နံနက် မိုးသောက်ချိန်၌ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါများကို ကြည့်ရှု ဆင်ခြင်လေသောအခါ ဇမ္ဗုက တက္ကတွန်းသည် မြတ်စွာဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော် ကွန်ရက်၌ ထင်လာလေ၏။ အမှန်အားဖြင့် ဇမ္ဗုက တက္ကတွန်း သည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်ရန် ပါရမီများ ပြည့်လေပြီ။

ဇမ္ဗုက၏ အတိတ်ကို ပြန်လည် ဖော်ပြရလျှင် သူသည် ကဿပ မြတ်စွာ ဘုရား လက်ထက်တော်အခါက တောရွာတစ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီး ဖြစ်၏။ ရဟန်းကျင့်ဝတ် သိက္ခာပုဒ်များကို ရိုသေလေးစားစွာ လိုက်နာ ကျင့်သုံး၏။ သို့ဖြစ်၍ သူ၏ ကျောင်းဒါယကာကလည်း သူ့အပေါ် များစွာ ကြည်ညို၏။ ပစ္စည်းလေးပါးဖြင့် အမြဲ ဖိတ်ကြားထား၏။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီး သည် ကျောင်းဒါယကာ၏ အိမ်၌ နေ့စဉ် ဆွမ်းခံ၏။ ကျောင်းဒါယကာကလည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို နေ့စဉ်လောင်းလှူ၏။ ကျောင်းထိုင်ဘုန်းကြီး သည် သူ၏ ကျောင်း၌ လည်းကောင်း၊ သူ၏ ကျောင်းဒါယကာအပေါ်၌ လည်း ကောင်း များစွာ ကျေနပ်၏။ အမှန်အားဖြင့် ကျောင်းထိုင်ဘုန်းကြီးကလည်း ရဟန်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်သူ ဖြစ်၏။ ကျောင်းဒါယကာကလည်း မိမိ ကိုးကွယ်ဆည်းကပ်သော ကျောင်းထိုင်ဘုန်းကြီးအပေါ် စေတနာ ရောက်သူ ဖြစ်၏။

ဤနည်းအားဖြင့် ဆရာနှင့် ဒါယကာ နှစ်ဦးနှစ်ဖက်လုံး မိမိတို့ တာဝန်ကို မိမိတို့ ကျေပွန်ကြလေ၏။ ဤအတိုင်းသာ အစဉ်တစိုက် ဖြစ်ခဲ့ပါလျှင် ဇမ္ဗုက မည်သော ကျောင်းထိုင်ဘုန်းကြီးသည် ကဿပမြတ်စွာဘုရား လက်ထက်တော်၌

အရိယာအဖြစ်သို့ ရောက်နိုင်၏။ အကယ်၍ အရိယာအဖြစ်သို့ပင် မရောက်စေကာမူ ကောင်းရာ သုဂတိသို့ ရောက်မည်ကား မလွဲဧကန် အမှန် ဖြစ်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ကား မဖြစ်ခဲ့။ ဇမ္ဗူကမည်သော ကျောင်းထိုင်ဘုန်းကြီးသည် သေသည်၏ အခြားမဲ့၌ ငရဲသို့ ကျသွားရှာလေ၏။

သူသည် ကဿပ မြတ်စွာဘုရားသာသနာတော်၌ နှစ်ပေါင်းနှစ်သောင်း တိုင်တိုင် ရဟန်းဝတ်ဖြင့် နေ၏။ ရဟန်းသိက္ခာပုဒ်တော်များကို မကျိုးမပေါက် အောင် စောင့်ထိန်း၏။ အမှန်အားဖြင့် သူသည် အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းကောင်းတစ်ပါးပင် ဖြစ်ပါ၏။ သို့ဖြစ်၍လည်း ကျောင်းဒါယကာ သူကြွယ် က သူ့ကို ကျောင်းထိုင်ဘုန်းကြီးအဖြစ် ကိုးကွယ်ခြင်း ဖြစ်၏။ ပစ္စည်းလေးပါးဖြင့် နေ့စဉ် ပြုစုလုပ်ကျွေးခြင်း ဖြစ်၏။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ပြောရာတွင် အပြင်ပုံသဏ္ဌာန်ပိုင်းနှင့် အတွင်းသရုပ်ပိုင်း ဟူ၍ နှစ်မျိုးရှိ၏။

ဤအပိုင်းနှစ်ပိုင်းအနက် အပြင် ပုံသဏ္ဌာန်ပိုင်းနှင့် ပတ်သက်လျှင် ဇမ္ဗူက မည်သော ကျောင်းထိုင်ဘုန်းကြီးသည် ပြောစရာ အပြစ်ဟူ၍ ဘာမျှ မရှိ။ အားလုံး ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီ နေထိုင်၏။ ကျောင်းသခ်မ်းနှင့် ပတ်သက်၍ ပြုသင့်သော ဝတ်ကြီးဝတ်ငယ်များကို ပြု၏။ ကျောင်း၌ တံမြက်လှည်း၏။ သောက်ရေ သုံးရေတို့ကို ဖြည့်၏။ ဆွမ်းခံချိန်၌ ခေါင်းလောင်းကို ထိုး၏။ ဤသည်မှာ အပြင်ပုံသဏ္ဌာန်ပိုင်းနှင့် ပတ်သက်၍ မြင်ရသော ကြည်ညိုဖွယ်ရာများ ဖြစ်၏။

ဤအပိုင်းကို သီလပိုင်းဟူ၍ ဆိုရ၏။ သီလပိုင်းအရ မကောင်းမှုကို မပြုလုပ်ဘဲ သတ်မှတ်ထားသော ဝိနည်းသိက္ခာပုဒ်တော်များကို လုံခြုံအောင် ထိန်းသိမ်းနိုင်လျှင်ပင် သီလနှင့် ပြည့်စုံသူ ဖြစ်ပါ၏။ သီလပိုင်းသည် ဝီတိက္ကမ ကိလေသာနှင့် ပတ်သက်၏။ ဝီတိက္ကမ ကိလေသာ ဟူသည်မှာ သီလဆိုင်ရာ သိက္ခာပုဒ်တော်များကို ကျူးလွန်ခြင်း ဖြစ်၏။ သီလဆိုင်ရာ သိက္ခာပုဒ်တော်များ ကို ဖောက်ဖျက်ကျူးလွန်လျှင် သီလမရှိသူ ဖြစ်၏။ သီလဆိုင်ရာ သိက္ခာပုဒ်တော် များကို စောင့်ထိန်းလိုက်နာလျှင် သီလရှိသူ ဖြစ်၏။ ဤသတ်မှတ်ချက်အရ ဆိုလျှင် ဇမ္ဗူက မည်သော ကျောင်းထိုင်ဘုန်းကြီးသည် သီလရှိသူ ဖြစ်လေ၏။ အမှန်အားဖြင့် သီလ ဆိုသည်ကား ကိုယ်နှင့်နှုတ်ကို စောင့်ထိန်းနိုင်ရုံမျှနှင့်ပင် လုံလောက်လေ၏။

ဇမ္ဗူက မည်သော ကျောင်းထိုင်ဘုန်းကြီးသည် သီလအရ ကျေနပ်ဖွယ် ဖြစ်ပါသော်လည်း သမာဓိအရ ကျေနပ်ဖွယ် မဖြစ်ချေ။ သမာဓိအရ ကျေနပ်ဖွယ် ဖြစ်ရလေအောင် ကိုယ်နှင့် နှုတ်ကို ထိန်းသိမ်းရုံမျှနှင့် မလုံလောက်သေးဘဲ စိတ်ကို

ပါ ထိန်းသိမ်းဖို့ လို၏။ စိတ်ကို ထိန်းသိမ်းဖို့ ဆိုသည်မှာ မိမိ၏ သန္တာန်၌ ကုသိုလ်များကို ဖြစ်ပွားနေအောင် အားထုတ်ဖို့ပင် ဖြစ်၏။ အကျဉ်းအားဖြင့် ဆိုရလျှင် ကိုယ်နှုတ်နှလုံး သုံးပါးတို့တွင် ကိုယ်နှင့် နှုတ်ကို ထိန်းသိမ်းခြင်းသည် သီလ၏ လုပ်ငန်းဖြစ်၏။ နှလုံးကို ထိန်းသိမ်းခြင်းသည် သမာဓိ၏ လုပ်ငန်း ဖြစ်၏။

အမှန်အားဖြင့် သီလနှင့် သမာဓိ ပြည့်စုံသောအခါ ဝီတိက္ကမ ကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာကို ထိန်းနိုင်၏။ အနုသယ ကိလေသာကို မထိန်းနိုင်သေးချေ။ ပညာနှင့် ပြည့်စုံပါမှ အနုသယ ကိလေသာကို ထိန်းနိုင်လေ၏။ အနုသယ ကိလေသာကို ထိန်းထားနိုင်မှသာ ဘဝတွင် လားရာဂတိနှင့် ပတ်သက်၍ စိတ်ချရ၏။

ကျမ်းဂန်များတွင်မူ သီလစင်ကြယ်မှု သီလဝိသုဒ္ဓိနှင့် စိတ်ထားစင်ကြယ်မှု စိတ္တဝိသုဒ္ဓိ ဖြစ်ရုံမျှနှင့်တော့ စူဠသောတာပန် ဖြစ်သည်ဟူ၍ မဆို။ စူဠသောတာပန် မဖြစ်လျှင် တမလွန်နှင့် ပတ်သက်၍ လားရာဂတိ စိတ်မချရ။ လားရာဂတိ စိတ်မချရလျှင် အပါယ် ဒုဂ္ဂတိသို့ ကျရောက်နိုင်၏။ ဉာဏ်အမြင် စင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏာဝိသုဒ္ဓိရှိမှသာ စူဠသောတာပန် ဖြစ်နိုင်၏။ စူဠသောတာပန် ဖြစ်ပါမှ တမလွန်နှင့် ပတ်သက်၍ လားရာဂတိ စိတ်ချရ၏။ လားရာဂတိ စိတ်ချရလျှင် အပါယ်ဒုဂ္ဂတိသို့ မကျရောက်တော့။ သုဂတိသို့သာလျှင် ကျရောက်မည် ဖြစ်၏။

ဇမ္ဗုက မည်သော ကျောင်းထိုင်ဘုန်းကြီးသည် သီလစင်ကြယ်မှု သီလဝိသုဒ္ဓိအဆင့်၌သာ ရှိ၏။ စိတ်ထားစင်ကြယ်မှု စိတ္တဝိသုဒ္ဓိ အဆင့်လည်း မရှိ။ ဉာဏ်အမြင်စင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိ အဆင့်နှင့် ကင်္ခါဝိတရဏာ ဝိသုဒ္ဓိအဆင့်လည်း မရှိ။ ထို့ကြောင့် သူသည် လာဘ သက္ကာရ သိလောကနှင့် ပတ်သက်လာလျှင် သည်းခံနိုင်မှု မရှိဘဲ ဖြစ်လေ၏။ ဤတွင် လာဘ ဟူသည်မှာ လာဘ်လာဘပင် ဖြစ်၏။ သက္ကာရ ဟူသည်မှာ "ငါသည် ကျောင်းထိုင် ဖြစ်၏။ ထို့ကြောင့် ကျောင်းဒါယကာသည် ကြည်ညိုခြင်း ကြည်ညိုလျှင် ငါ့ကိုသာ ကြည်ညိုရမည်" ဟူ၍ အလေးအမြတ်ပြုခြင်းနှင့် အရှိန်အဝါရှိခြင်း ဖြစ်၏။ သိလောက ဟူသည်မှာ ထင်ပေါ်ကျော်ကြားမှု ဖြစ်၏။

ဤလာဘသက္ကာရ သိလောကတို့သည် ကိုယ်ကျင့်သိက္ခာ မြင့်မားခြင်းနှင့် ပတ်သက်လာလျှင် တိုင်းတာစရာ ကိုက်တံများ ဖြစ်ကြ၏။ အချို့သူများသည် လာဘ်လာဘဒဏ်ကို ခံနိုင်၏။ သက္ကာရဒဏ်နှင့် သိလောကဒဏ်ကို မခံနိုင်ကြ။ အချို့သူများကား သက္ကာရဒဏ်ကို ခံနိုင်၏။ လာဘဒဏ်နှင့် သိလောကဒဏ်ကို

မခံနိုင်ကြ။ အချို့သူများမှာ သီလောကဒဏ်ကို ခံနိုင်၏။ လာဘဒဏ်နှင့် သက္ကာရဒဏ်ကို မခံနိုင်ကြ။ ထိုသို့ မခံနိုင်ခြင်းသည် ကိုယ်ကျင့်သိက္ခာ မမြင့်မားခြင်းကြောင့် ဖြစ်၏။ တကယ်တမ်း ကိုယ်ကျင့်သိက္ခာ မြင့်မားသူများသည် လာဘ်လာဘဖြင့် သိမ်းသွင်း၍လည်း မရ။ ရာထူးဌာနန္တရများဖြင့် စည်းရုံး၍လည်း မရ။ ဘွဲ့ထူးဂုဏ်ထူးများဖြင့် ဖြားယောင်း၍လည်း မရ။ ရာထူးဌာနန္တရဖြင့် စည်းရုံးခြင်းသည် သက္ကာရဖြင့် စည်းရုံးခြင်း၌ အကျုံးဝင်၏။ ဘွဲ့ထူးဂုဏ်ထူးဖြင့် ဖြားယောင်းခြင်းသည် သီလောကဖြင့် ဖြားယောင်းခြင်း၌ ပါဝင်၏။

ဇမ္ဗုကမည်သော ကျောင်းထိုင်ဘုန်းကြီးသည် တစ်ခုသောနေ့တွင် သူ၏ ကျောင်းဒါယကာသူကြွယ်၏ အိမ်၌ ရဟန္တာတစ်ပါးနှင့် ဆုံမိ၏။ ရဟန္တာကား လောကကို ချီးမြှောက်ရန်အတွက် ဒေသစာရီ ကြွချီလာရင်း ဇမ္ဗုကမည်သော ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးရာ ရွာသို့ ရောက်လာခြင်း ဖြစ်၏။ ဇမ္ဗုက မည်သော ကျောင်းထိုင်ဘုန်းကြီး၏ ကျောင်းဒါယကာသည် ရဟန္တာမထေရ်ကို အလွန်ကြည်ညို၏။ ထို့ကြောင့် ကျောင်းဒါယကာသည် ရဟန္တာမထေရ်ကြီးအား ဆွမ်းကိုလည်း လှူ၏။ သင်္ကန်းကိုလည်း လှူ၏။ ဩောင်စောင်းကိုလည်း လှူ၏။ ဆတ္တာသည်ကို ခေါ်ပြီး ရဟန္တာမထေရ်ကြီး၏ ဆံတို့ကိုလည်း ရိတ်ချစေ၏။ ကျောင်းဒါယကာသည် မိမိကိုယ်တိုင် မိမိ၏ ကျောင်းထိုင်ဘုန်းကြီးနှင့် ဧည့်သည် အာဂန္တု ရဟန္တာမထေရ်ကြီးကို မိမိ၏ ကျောင်းသို့ လိုက်၍ ပို့၏။ ထို့နောက် နှစ်ပါးလုံးကိုပင် နောက်နေ့၌ မိမိ၏ အိမ်သို့ ဆွမ်းခံကြွပါရန် ဖိတ်ကြားလိုက်၏။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီးသည် များစွာ စိတ်မချမ်းမသာ ဖြစ်ရလေ၏။ အမှန်အားဖြင့် သူသည် သီလရှိသူသာ ဖြစ်၏။ သမာဓိရှိသူ မဖြစ်။ ပညာရှိသူလည်း မဖြစ်။ ထို့ကြောင့် သူသည် ရဟန္တာမြတ်အပေါ်၌ ဝန်တိုမစ္ဆရိယ များစွာ ဖြစ်မိခြင်း ဖြစ်လေ၏။

အစပထမ၌ သူသည် ကြိတ်မှိတ်၍ နေ၏။ သူသည် သူ၏ မစ္ဆရိယစိတ်ကို ပြေပျောက်သွားစေရန် ကြိုးစားပါ၏။ အချိန်တို့သည် တရွေ့ရွေ့ ကုန်ကြလေပြီ။ ညဉ့်ကျိန်းစက်ချိန်သို့ ရောက်ပေပြီ။ ရဟန္တာမထေရ်ကြီးလည်း သူ၏ ဩောင်စောင်း၌ ကျိန်းစက်ပေပြီ။ ကျောင်းထိုင်ဘုန်းကြီးလည်း သူ၏ ဩောင်စောင်း၌ ကျိန်းစက်ပေပြီ။ သို့ရာတွင် ကျောင်းထိုင်ဘုန်းကြီးသည် ကျိန်းစက်မရဘဲ ရှိလေ၏။ မစ္ဆရိယ ဟူသည် ကြောက်မက်ဖွယ် ကောင်းပေစွ။ သူသည် ဝိနည်းသိက္ခာပုဒ်တော်များကို ကာယကံနှင့် ဝစီကံတို့အရ ရှောင်ကြဉ်နိုင်ပါသော်လည်း မနောကံဖြစ်သော ဝန်တိုမစ္ဆရိယကိုမူ မရှောင်ကြဉ်နိုင်ပေ။ ထို့ကြောင့် သူသည် ဧည့်သည် အာဂန္တုဖြစ်သော ရဟန္တာမထေရ်ကြီး ကျိန်းစက်ရာ ဩောင်စောင်းသို့ သွား၍–

(၁) သူ့ကျောင်းဒါယကာ၏ ဆွမ်းကို ဘုဉ်းပေးခြင်း၊
(၂) ဆတ္တာသည်ဖြင့် ဆံကို အရိတ်ခံခြင်း၊
(၃) ကျောင်းဒါယကာ လှူသော သင်္ကန်းကို ဝတ်ခြင်း၊
(၄) ကျောင်းဒါယကာ လှူသော ညောင်စောင်း၌ ကျိန်းစက်ခြင်း

တို့နှင့် ပတ်သက်၍ ဆဲရေးတိုင်းထွာလေ၏။ ထိုအခါ ရဟန္တာမြတ်သည် ကျောင်းဒါယကာ၏ ဆွမ်းကို အလှူမခံဘဲ စောစောထ၍ အခြားအရပ်သို့ ကြွသွားတော် မူလေ၏။

ကျောင်းထိုင်ဘုန်းကြီးသည် ရဟန္တာမထေရ်မြတ် ကြွသွားမှန်း မသိသေးချေ။ သူသည် နံနက် စောစောပင် ထ၍ ကျောင်းနှင့် ပတ်သက်သော ဝတ်ကြီးဝတ်ငယ်များကို ပြုပြီး ဆွမ်းခံချိန်၌ လက်သည်းခွံဖြင့် ခေါင်းလောင်းကို ထိုး၍ ကျောင်းဒါယကာ၏ အိမ်သို့ မိမိတစ်ဦးတည်း ဆွမ်းခံကြွလေ၏။ ကျောင်းဒါယကာ၏ အိမ်၌ ကျောင်းဒါယကာက အာဂန္တုမထေရ်မြတ်နှင့် ပတ်သက်၍ မေးသောအခါ 'အိပ်တုန်း ရှိသေးသည်'ဟု ပြော၏။ ကျောင်းဒါယကာက ကျောင်းထိုင်ဘုန်းကြီးကို မိမိအိမ်၌ပင် ဆွမ်းဆက်ကပ်ပြီး ဧည့်သည် အာဂန္တုရဟန္တာမြတ်အတွက် ပါလာသော သပိတ်၌ ဆွမ်းများကို လောင်းလှူလိုက်၏။

ကျောင်းထိုင်ဘုန်းကြီးသည် မိမိ၏ ကျောင်း၌ ဧည့်သည် ရဟန္တာ အရှင်မြတ် ကြာရှည် တည်းခိုမည်ကို စိုးရိမ်ပြီး မိမိ၏ သပိတ်ထဲ၌ ပါလာသော ဆွမ်းများကို လမ်းတွင် သွန်ပစ်လိုက်၏။ ထို မစ္ဆရိယ အကုသိုလ်ကံကား ကြီးမားပေစွ။ အနှစ် နှစ်သောင်းတိုင်တိုင် ကျင့်ခဲ့သော ရဟန်းတရားသည် ထိုမစ္ဆရိယ အကုသိုလ်ကံကို မကျော်လွှားနိုင်ခဲ့။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီး ကွယ်လွန်စုတေသောအခါ မဟာအဝီစိငရဲ၌ ကျရောက်သွားရခြင်း ဖြစ်လေ၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော အခါမှသာ ငရဲမှ လွတ်ပြီး ရာဇဂြိုဟ်ပြည်၌ လူလာဖြစ်၏။ သူ၏ မိဘများကား ဆင်းရဲသူများ မဟုတ်ကြ။ စားနိုင် သောက်နိုင်သူများ ဖြစ်ကြ၏။ သူ၏ အမည်မှာ ဇမ္ဗုက ဖြစ်၏။ ဇမ္ဗုကသည် သူ၏ မစ္ဆရိယကံအဟုန်ကြောင့် ထမင်းကို မစားချင်ဘဲ မစင်ကိုသာ စားချင်၏။ အဝတ်ကို မဝတ်ချင်ဘဲ ကိုယ်တုံးလုံးသာ နေချင်၏။ တက္ကတွန်းကျောင်းသို့ မိဘများက ပို့လိုက်သောအခါ ဇမ္ဗုကကို တက္ကတွန်း ပြုပေး၏။ တက္ကတွန်း ပြုသောအခါ ဆံကို မရိတ်ဘဲ နုတ်၏။ ကျောင်းသခ်မ်း၌ မနေရဘဲ မြေ၌ အိပ်ရ၏။ သို့ရာတွင် ဇမ္ဗုကကား နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် ရဟန်းပြုပြီး ရဟန်းကျင့်ဝတ် သိက္ခာပုဒ်တော်များကို ထိန်းသိမ်းလာသူ ဖြစ်၏။ ထိုကုသိုလ်များ၏ အကျိုးပေးခွင့်သည် ယခု ရောက်လေပြီ။ ဇမ္ဗုကသည် အယူမှား

သည့် တက္ကတွန်းဖြစ်သော်လည်း ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရရန် ပါရမီများ ပြည့်လေပြီ။ ထို့ကြောင့် ဇမ္ဗုကသည် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် ကွန်ရက်၌ လာရောက်၍ ထင်ခြင်း ဖြစ်လေ၏။ သို့ရာတွင် ဇမ္ဗုကကား နှစ်ပေါင်း ၅၅ နှစ်တိုင်တိုင် ဤကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ဝဋ်ဒုက္ခကို ခံစားရရှာ၏။

ထိုစဉ်အခါက ဇမ္ဗုကသည် ရာဇဂြိုဟ်ပြည်၏ အပြင်ဘက် ကျောက်ဖျာကြီး၌ သီတင်းသုံးနေထိုင်၏။ မြတ်စွာဘုရားသည် ဇမ္ဗုကကို ချွတ်ရန် ဇမ္ဗုကထံ၌ တစ်ညဥ့်တာ သီတင်းသုံး နေတော်မူ၏။ မြတ်စွာဘုရား၏ ကရုဏာတော်ကား မည်မျှ ကြီးမားလေသနည်း။ အံ့ဖွယ်ရှိပေစွ။ ကိုယ်တိုင်ကြွသွား၍ ချွတ်ရမည့် ဝေနေယျများထံသို့လည်း ကိုယ်တိုင် ကြွသွား၍ ချွတ်တော်မူ၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် လောကသုံးပါး၏ ကျေးဇူးရှင်စစ်စစ် ဖြစ်ပါ၏။ မြတ်စွာဘုရားကြောင့်သာလျှင် မဂ်ဖိုလ်ကို ရသူတို့က ရကြပြီး၊ အကယ်၍ မဂ်ဖိုလ်ကို မရလျှင်လည်း ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားပြီး သိနိုင်ကြသူများက သိနိုင်ကြခြင်း ဖြစ်လေ၏။ အမှန်အားဖြင့် ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားပြီး သိနိုင်ခြင်းသည် ဘဝတွင် ကြီးစွာသော အကျိုးတရား ဖြစ်ပါ၏။ အကယ်၍သာ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားပြီး မသိနိုင်ပါလျှင် ကုသိုလ်ရမည်ထင်ပြီး အကုသိုလ်ကို လုပ်မိကာ သံသရာ၌ အနစ်မွန်းကြီး နစ်မွန်းရပေလိမ့်မည်။

မြတ်စွာဘုရားသည် ဇမ္ဗုက၏ ခွင့်ပြုချက်အရ ကျောက်ဖျာအနီးရှိ တောင်ကုန်းတစ်ခု၌ ဇမ္ဗုကကို ချွတ်ရန်အတွက် တစ်ညဥ့်တာ သီတင်းသုံးတော်မူပြီး ဇမ္ဗုကကို ချွတ်တော်မူရ၏။ ထိုအခါမှ ဇမ္ဗုကသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ဧဟိဘိက္ခု ရဟန္တာ ဖြစ်တော်မူပါ၏။ သို့ဖြစ်၍သာ လောကအပေါ် အနစ်နာခံ၍ ကျေးဇူးပြုခြင်း၌ မြတ်စွာဘုရားကို အနှိုင်းမဲ့ ဟူ၍ ဆိုခြင်း ဖြစ်လေ၏။

# အခန်း ( ၁၇ )

## ဘုရားမှ တစ်ပါး

ဝေသာလီပြည်သည် မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်ချိန်တွင် အလွန်ပင် စည်ကားလျက် ရှိလေပြီ။ ဝေသာလီပြည်၏ စည်ကားခြင်းသည် ရာဇဂြိုဟ်နှင့် သာဝတ္ထိတို့၏ စည်ကားခြင်းထက် အောက်မကျပါချေ။

သို့ရာတွင် အောက်ကျသောအရာကား ရှိ၏။ ထိုအောက်ကျသော အရာကား မြတ်စွာဘုရား၏ သာသနာတော်သည် ဝေသာလီပြည်၌ မထွန်းကားသေးခြင်းပင် ဖြစ်၏။ ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သာသနာတော် မထွန်းကားသေးသော်လည်း ဗြာဟ္မဏ သာသနာနှင့် တိတ္ထိယတို့၏ သာသနာတော်ကား ထွန်းကားလျက် ရှိပါလေပြီ။

ထိုအချိန်တွင် ဝေသာလီမင်းဆက် (၇၇၀၇)ဆက် ရှိပြီ ဖြစ်၏။ ဝေသာလီပြည်၏ အုပ်ချုပ်ရေး စနစ်သည် ထူးခြား၏။ ထိုခေတ်အမြင်နှင့် ဆိုရလျှင် ရှားပါးသော အုပ်ချုပ်ရေး စနစ်ဖြစ်၏။ ယနေ့အမြင်ဖြင့် ဆိုရလျှင် ဝေသာလီပြည်၏ အုပ်ချုပ်ရေးစနစ်သည် ပဒေသရာဇ်စနစ် မဟုတ်ဘဲ ဒီမိုကရေစီ စနစ်မျိုး ဖြစ်၏။ ရွေးချယ်ခြင်း ခံရသူက နိုင်ငံတော်ကို အုပ်ချုပ်ရ၏။ အုပ်ချုပ်ရာတွင်လည်း ဘစ်ဦးတစ်ယောက်တည်း၏ ဆန္ဒဖြင့် အုပ်ချုပ်သည် မဟုတ်ဘဲ အဖွဲ့အစည်းဖြင့် တိုင်ပင်ဆွေးနွေးပြီး အများစု၏ ဆုံးဖြတ်ချက်အရ အုပ်ချုပ်ခြင်း ဖြစ်ပါ၏။ အများစုဖြင့် တိုင်ပင်ဆွေးနွေးခြင်းကို ပါဠိဝေါဟာရအားဖြင့် "အပရိဟာနိယဓမ္မ" ဟူ၍ ခေါ်၏။ အပရိဟာနိယဓမ္မတို့သည် စုစုပေါင်း ခုနစ်ပါး ရှိကြ၏။

ယင်းတို့မှာ–

(၁) ဆန္ဒပေးခွင့်ရှိသူများ စည်းဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ခြင်း၊
(၂) သတ်မှတ်အရေးအတွက် ပြည့်အောင် တက်ရောက်သော အစည်းအဝေးက ဆုံးဖြတ်ခြင်းမျိုး ဖြစ်ရခြင်း၊
(၃) အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်း၊
(၄) ဥပဒေ၊ နည်းဥပဒေ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများကို မကျော်လွန်ခြင်း၊
(၅) အနိုင်ကျင့်ဝါဒကို မကျင့်သုံးခြင်း၊
(၆) ယုံကြည်မှုအရ လွတ်လပ်စွာ ပြောဆိုတင်ပြခြင်းနှင့် ထိုပြောဆိုတင်ပြချက်ကို အားလုံးက အလေးအနက်ထားခြင်း၊

(၇) ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် "ရက္ခာဝရဏပတ္တိ" အရဖြင့် တရားသဖြင့် ဖြစ်ရလေအောင် ကာကွယ်စောင့်ရှောက်သော အားဖြင့် အကောင်အထည်ဖော်ခြင်း

တို့ ဖြစ်ကြ၏။ အပရိဟာနိယဓမ္မများကို လိုက်နာကျင့်သုံးရာတွင် ဝေသာလီပြည်သည် ထိုခေတ်က ဦးဆောင်နိုင်ငံ ဖြစ်ခဲ့၏။ သို့ဖြစ်၍လည်း မြတ်စွာဘုရားလက်ထက်တော်တိုင်အောင် ဝေသာလီပြည်သည် စည်ကားနိုင်ခဲ့ခြင်း ဖြစ်၏။ အမှန်အားဖြင့် ဝေသာလီပြည်သည် ထူးခြားသော အုပ်ချုပ်ရေး စနစ်ကြောင့်ပို၍ ထင်ရှားခြင်းလည်း ဖြစ်နိုင်ပါ၏။

နောက်ပိုင်း ရောက်သောအခါ လောကဓံ တရားများအတိုင်း ဝေသာလီပြည်သည် ယိုယွင်းလာလေ၏။ ထိုသို့ ယိုယွင်းလာခြင်းမှာလည်း အပရိဟာနိယဓမ္မကို မှန်မှန်ကန်ကန် လိုက်နာမှု ပျက်ပြားသောကြောင့် ဖြစ်သည်ဟု ကျမ်းဂန်များက ဆိုပါ၏။ အပရိဟာနိယဓမ္မကို လိုက်နာကျင့်သုံးမှု အားနည်းလာသည်နှင့်အမျှ ဝေသာလီပြည်သည် အခြေအနေ အရပ်ရပ်တွင် ယိုယွင်းလာလေ၏။ နောက်ဆုံး၌ ကပ်ကြီးသုံးပါး ဆိုက်ရောက်လာသည်အထိ ဝေသာလီပြည်သည် ယိုယွင်းလာလေသည်။ အမှန်အားဖြင့် ကပ်ဆိုက်ခြင်းသည် ဗုဒ္ဓ ဒေသနာတော်အရ ဆိုလျှင် အကုသိုလ်ကံ၏ အကျိုးတရား ဖြစ်၏။ အကုသိုလ်ကံကို ကျူးလွန်ပါက အကုသိုလ် ကံ၏ အကျိုးတရားသည် မုချမသွေ ရောက်လာမည် ဖြစ်၏။ မည်သည့်အချိန်တွင် ရောက်လာမည်ကို မသိခြင်းသာ ရှိ၏။ ရောက်လာမည်ကတော့ သေချာ၏။ ဤကမ္မနိယာမကို မည်သူမျှ မလွန်နိုင်။ ကမ္မနိယာမနှင့် ပတ်သက်၍–

ကမ္မဝိပါကော နာမ မယာဝါ ကေနစိဝါ ပဋိဗာဟိတုံ န သက္ကာ။

ကံ၏ အကျိုးကို ငါ ဘုရားဖြစ်စေ၊ အခြားသူ တစ်ဦးဦးဖြစ်စေ တားမြစ်ခြင်းငှာ မတတ်ကောင်း ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူထားကြောင်း မှတ်သားဖူး၏။

အရာဝတ္ထု ဟူသမျှတွင် မြင်ရသော အပိုင်းနှင့် မမြင်ရသော အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်း ပါရှိမြဲ ဖြစ်၏။ ပါဠိ ဝေါဟာရအားဖြင့် မြင်ရသော အပိုင်းကို "ဗျတ္တိ"ပိုင်း ဟူ၍ ဆိုရ၏။ မမြင်ရသော အပိုင်းကို "သတ္တိ"ပိုင်းဟူ၍ ဆိုရ၏။ သိပ္ပံနယ်ပယ်၌ စွမ်းအင်နှင့် ဒြပ်သဖွယ်ပင် ဖြစ်၏။ သတ္တိပိုင်းသည် စွမ်းအင်နှင့်တူ၏။ ဗျတ္တိပိုင်းသည် ဒြပ်နှင့်တူ၏။ ဗုဒ္ဓအဘိဓမ္မာ ဝေါဟာရအားဖြင့် သတ္တိပိုင်းသည် "ကံ"ဖြစ်၍၊ ဗျတ္တိပိုင်းသည် ကမ္မဖလ (ဝါ) ကမ္မဝိပါက ဖြစ်လေ၏။ လောက ဝေါဟာရအားဖြင့် ဆိုရလျှင် "ကံ"သည် အကြောင်းဖြစ်၍၊ ကမ္မဖလ (ဝါ) ကမ္မဝိပါကသည် အကျိုးဖြစ်၏။

စကားပြောရာတွင်လည်း ထိုနည်းအတူပင် ကြားရသော အပိုင်းနှင့် မကြား

ရသော အပိုင်းဟူ၍ နှစ်ပိုင်းပင် ပါရှိ၏။ ကြားရသော အပိုင်းသည် ဗျတ္တိပိုင်း ဖြစ်၍၊ မကြားရသော အပိုင်းသည် သတ္တိပိုင်း ဖြစ်၏။ သတ္တိပိုင်းနှင့် ဗျတ္တိပိုင်းတို့၏ အကြား၌ အဝိဇ္ဇာက ကန့်လန့်ကာအဖြစ် ဆောင်ရွက်လေ၏။ အဝိဇ္ဇာသည် "ဖုံး"သော သတ္တိနှင့် "ဖော်"သော သတ္တိ နှစ်မျိုးလုံးကို ပိုင်ဆိုင်၏။ ဖုံးသော သတ္တိကို ပါဠိဝေါဟာရအားဖြင့် "အာဝရဏ" ဟူ၍ ဆို၏။ "ဖော်" သတ္တိကို "ဝိက္ခေပ"ဟူ၍ ဆို၏။ သတ္တိနှစ်မျိုးလုံးကပင် တစ်နည်းနည်းဖြင့် အမှားကို သိအောင် ဆောင်ရွက်၏။ အမှားကို သိအောင် ဆောင်ရွက်ခြင်း ဟူသည်မှာ အမှန်ကို အမှန်အတိုင်း "မသိနိုင်"အောင် ဖုံးပြီး အမှားကို အမှန်ထင်ရလေအောင် ဖော်ခြင်း ဖြစ်ပါ၏။

ထို့ကြောင့် အကုသိုလ်လုပ်ငန်းက ကုသိုလ်အကျိုးကို ရသည့်သဖွယ်လည်းကောင်း၊ ကုသိုလ်လုပ်ငန်းက အကုသိုလ်အကျိုးကို ရသည့်သဖွယ် လည်းကောင်း လောက၌ မြင်ရခြင်း ဖြစ်၏။ သို့ဖြစ်၍သာ ဤလောက၌ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သူများက ဆင်းရဲမွဲတေပြီး မဖြောင့်မတ် မမှန်ကန်စွာ ဆောင်ရွက်သူများက တစ်နည်းနည်းဖြင့် ကြီးပွားကြခြင်း ဖြစ်၏။ ထို့ကြောင့် ကံနှင့် အကျိုးတရားတို့၏ ဆက်သွယ်မှုသည် မျက်စိလည်စရာ ဖြစ်၏။ မျက်စိလည်အောင်လည်း ကံနှင့် အကျိုးတရားတို့၏ ဆက်သွယ်မှု တည်းဟူသော အဝိဇ္ဇာက ဆောင်ရွက်လေ၏။

အကယ်၍သာ အဝိဇ္ဇာကန့်လန့်ကာကို ဖယ်ပြီး မြင်လေအောင် ကြည့်နိုင်မည် ဆိုပါက အကျိုးတရား တစ်ခု၏ အကြောင်းတရားကို မှန်ကန်စွာ မြင်နိုင်မည် ဖြစ်၏။ ယင်းတို့နှင့် ပတ်သက်၍ အတိတ်ကို ကြည့်လည်း မြင်နိုင်မည် ဖြစ်၏။ အနာဂတ်ကို ကြည့်လည်း မြင်နိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက လောကတွင် အဆန်းတကြယ်နှင့်သာ တွေ့နေရမည် ဖြစ်၏။ အတုအယောင်များနှင့်သာ တွေ့နေရမည် ဖြစ်၏။ အမှန်အားဖြင့်လည်း လောကဟူသည်ကပင် အဆန်းတကြယ်လည်း ဖြစ်၏။ အတုအယောင်လည်း ဖြစ်ပါ၏။

ထို့ကြောင့် ပညာရှိများသည် အဝိဇ္ဇာကို ဖယ်ရှားပြီး ဗျတ္တိ၏ နောက်က သတ္တိကို လည်းကောင်း၊ ဖလ (ဝါ) ဝိပါက၏ နောက်က ကမ္မကို လည်းကောင်း၊ အကျိုး၏ နောက်က အကြောင်းကို လည်းကောင်း မြင်အောင် ကြည့်နိုင်ရန် ကြိုးပမ်းကြခြင်း ဖြစ်၏။ ကြိုးပမ်းသည့်အတိုင်းသာ မြင်အောင် ကြည့်နိုင်ပါက လောကဟူသည် "ရယ်စရာပါတကား"ဟူ၍ မြင်ပေလိမ့်မည်။

အကယ်၍သာ ကြားရသော စကားသံများနှင့် မကြားရသော စကားသံများ၏ အကြားရှိ အဝိဇ္ဇာကန့်လန့်ကာကို ဖယ်ရှားပြီး မကြားရသော စကားသံများကို ကြားနိုင်မည် ဆိုပါလျှင် လူတို့ ပြောကြသော၊ ကြားရသော စကားသံ

များ၏ အနက်အဓိပ္ပာယ်နှင့် သူတို့၏ ရင်ထဲ၌သာ ရှိသော မကြားရသော စကား များ၏ အနက်အဓိပ္ပာယ်သည် မည်မျှလောက် အချင်းချင်း ဆန့်ကျင်နေကြ သည်ကို တွေ့ပေလိမ့်မည်။ ထို့ကြောင့် ပညာရှိများသည် လောကကို စက်ဆုပ်ကြ ခြင်း ဖြစ်တန်ရာ၏။

ဝေသာလီပြည်သားများသည် အဝိဇ္ဇာ၏ သတ္တိကြောင့် အမှန်ကို အမှား၊ အမှားကို အမှန်ထင်ပြီး အပရိဟာနိယဓမ္မများကို ပစ်ပယ်ခဲ့ရာမှ ကပ်ကြီးသုံးပါး ဆိုက်ကြခြင်း ဖြစ်၏။ အစ ပထမတွင် ဝေါ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ် ဆိုက်၏။ ဒုဗ္ဘိက္ခန္တရကပ် ဟူသည်မှာ အစာရေစာ ရှားပါးခြင်း ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ တရားမစောင့်သော နိုင်ငံတွင် တကယ်တမ်း ကြွယ်ဝချမ်းသာသည်ဟူ၍ မရှိ ကောင်းချေ။ ထို့ကြောင့် ဝေသာလီပြည်သည် အပရိဟာနိယဓမ္မကို မစောင့်သော အခါ မူလ ကြွယ်ဝချမ်းသာနေရာမှ ယခု ဝေါ်မွတ်ခေါင်းပါးလာခြင်း ဖြစ်၏။

ယင်းသို့ အစာရေစာ ဝေါ်မွတ်သောအခါ ဝေသာလီပြည်တွင် အစာရေစာ မပြည့်စုံကြသော ဆင်းရဲသားများသည် ဦးစွာ သေပျောက်ကြလေ၏။ ထိုခေတ် ထိုစနစ်အတိုင်း သူသေကောင်များကို မြို့ပြင်၌ စွန့်ပစ်ကြကုန်၏။ ထိုအခါ သူသေကောင်များ၏ စက်ဆုပ်ဖွယ်ကောင်းသော အနံ့တို့ကို အကြောင်းပြု၍ ဘီလူးတို့သည် ဝေသာလီပြည်တွင်းသို့ ဝင်ရောက်ကြကုန်၏။ လူတို့ကို ပူးဝင် နှိပ်စက်ကြကုန်၏။ ဤဘေးကို အမနုဿဘေးဟူ၍ ဆို၏။ အမနုဿ ဟူသည် မှာ ဘီလူးဟူ၍ ဖြစ်၏။ ဤသို့လျှင် ဝေသာလီပြည်တွင် ဒုတိယ ဘေးသည် ဆိုက်ရောက်လာပြန်၏။

ဝေသာလီပြည်တွင် အစာရေစာကလည်း ဝေါ်မွတ်ပြန်၊ ဘီလူးများက လည်း နှိပ်စက်ပြန် ဖြစ်လေသောကြောင့် လူတို့သည် ရေးကထက်ပို၍ အသေ အပျောက် များကြ၏။ ထိုအခါ လူတို့သည် မအိပ်နိုင်၊ မစားနိုင် ဖြစ်ကြ၏။ စိတ်ဓာတ် ပျက်ပြားကြ၏။ တုန်လှုပ်ချောက်ချားကြ၏။ ထိုအခါ ကူးစက်ရောဂါ တစ်မျိုး ဖြစ်လာပြန်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "အဟိဝါတ" ဟူ၍ ဆို၏။ ယဉ်းနာဟူ၍ မြန်မာပြန်ကြ၏။ အလွန် အသေအပျောက် မြန်သော ကပ်ရောဂါ ဖြစ်ကြ၏။ ဤနည်းအားဖြင့် တတိယဘေးသည် ဆိုက်ရောက်ပြန်၏။

ဝေသာလီပြည်တွင် ဤသို့ ကပ်ဆိုက်သည်မှာ အုပ်ချုပ်သူ မင်းမြတ်အနေ ဖြင့် မင်းကျင့်တရားနှင့်အညီ မအုပ်ချုပ်သောကြောင့် ဖြစ်သည်ဟူ၍ ယူဆပြီး ဝေသာလီ ပြည်သူပြည်သားများသည် ဘုရင်မင်းမြတ်ထံသွား၍ လျှောက်ထားကြ ၏။ ဘုရင်မင်းမြတ်ကလည်း သူ၏ အုပ်ချုပ်ရေးသည် တရားနှင့်အညီ အုပ်ချုပ် သော အုပ်ချုပ်ရေး ဟုတ် မဟုတ် စစ်ဆေးရန် အမိန့်ပေးပါ၏။ ပြည်သူပြည်သား များက ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေးကို အစမှ အဆုံးတိုင်အောင် စိစစ်ကြည့်ရှု

သောအခါ ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေးသည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သော အုပ်ချုပ်ရေးဖြစ်ကြောင်း တွေ့မြင်ကြရလေ၏။ ထို့ကြောင့် ဝေသာလီပြည်၏ ဤဘေးကား လက်ရှိမင်း၏ အုပ်ချုပ်ရေးကြောင့် မဟုတ်ကြောင်း တွေ့မြင်လာသောအခါ ဤဘေးသုံးပါးကို ငြိမ်းအေးအောင် ဆောင်ရွက်ရန် ကြံစည်ကြကုန်၏။ အချင်းချင်း တိုင်ပင်ကြကုန်၏။

နောက်ဆုံး၌ ဝေသာလီပြည်သားတို့သည် မြတ်စွာဘုရားကို ပင့်၍ တရားကို နာယူခြင်းအားဖြင့်သာ ဤဘေးဆိုးကြီး သုံးမျိုးကို ဖယ်ရှားရန် သဘောတူကြ၏။ မြတ်စွာဘုရားမှ တစ်ပါး အခြား မည်သူတစ်ဦးတစ်ယောက်မျှ ဤဘေးဆိုးကြီး သုံးမျိုးကို ကင်းပျောက်အောင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း သူတို့ သဘောပေါက်ကြလေ၏။ ထို့ကြောင့် သူတို့သည် မြတ်စွာဘုရားကို လျှောက်ထားပြီး ဝေသာလီပြည်သို့ မြတ်စွာဘုရားကို ပင့်၍ တရားနာယူရန် ဆုံးဖြတ်ကြခြင်း ဖြစ်၏။ သို့ရာတွင် သူတို့သည် မြတ်စွာဘုရားကိုလည်း ဖူးမြင်ရဖူးခြင်း မရှိ။ မဖူးမြင်ဘူးကြသည့်အပြင် မြတ်စွာဘုရားသည် မည်သည့်ဒေသ၌ သီတင်းသုံးလျက် ရှိသည်ကိုပင် မသိကြ။

အမှန်အားဖြင့် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ရှိပါ၏။ ရာဇဂြိုဟ်နှင့် ဝေသာလီသည် ကိုးယူဇနာ ကွာဝေး၏။ အကြား၌ ဂင်္ဂါမြစ် ခြား၏။ နောက်ဆုံး၌ ဝေသာလီပြည်သားတို့သည် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိကြောင်း သိရှိကြပြီး၊ လိစ္ဆဝီမင်းတို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရထံ အနူးအညွတ် ခွင့်ပန်ပြီး မြတ်စွာဘုရားကို ဝေသာလီပြည်သို့ ပင့်ဆောင်ကြ၏။ ဗိမ္ဗိသာရမင်းကလည်း သောတာပန်ဖြစ်သည့် အားလျော်စွာ အစွမ်းကုန် ကူညီပါ၏။

မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ရောက်တော်မူသောအခါ အရှင်အာနန္ဒာအား ကပ်ကြီးသုံးပါးကို ငြိမ်းပျောက်အောင် ဆောင်ရွက်နိုင်စိမ့်သောငှာ ဤသို့ မိန့်တော်မူ၏။

'ချစ်သား အာနန္ဒာ၊ ဤရတနသုတ္တန်ကို သင် ချစ်သား သင်ကြားပြီးလျှင် ဗလိနတ်စာ ပူဇော်ဖွယ်ရာများကို အသီးသီး ယူဆောင်စေလျက် လိစ္ဆဝီမင်းသားတို့နှင့် အတူတကွ ဝေသာလီပြည်၏ တံတိုင်းသုံးထပ်အကြား၌ လှည့်လည်၍ ပရိတ် အရံအတားကို ပြုလုပ်ရမည်'

အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရား သင်ကြားပေးတော်မူသည့်အတိုင်း ရတနသုတ် ပရိတ်တော်ကို နှုတ်တက်ရွရွ ဌာန်ကရိုဏ်းပီသစွာ ရွတ်ဆိုတော်မူလျက်၊ မြတ်စွာဘုရား၏ သပိတ်တော်ဖြင့် ရေအပြည့် ထည့်၍ ယူဆောင်တော်မူပြီးလျှင် ဝေသာလီပြည် တစ်ပြည်လုံးကို ရေစက်ပေါက်များ

ပက်ဖျန်းတော်မူလျက် လှည့်လည်တော်မူလေ၏။ ဤနည်းအားဖြင့် ဝေသာလီပြည်၌ ကပ်ရောဂါများသည် ကင်းစင်လွတ်မြောက် သွားကြလေသည်။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်၏ မြို့တော်အလယ် လွှတ်ရုံးခန်းမဆောင်၌ ရတနသုတ် ပရိတ်တော်ကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူရာ ပရိသတ်အပေါင်း ငါးသိန်း ရှစ်သောင်း ရှစ်ထောင်တို့သည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်တော်မူကြ၍ အကျွတ်တရား ဝင်ကြ၏။

မြတ်စွာဘုရား၏ ဒေသနာတော်ကို လေ့လာကြည့်သောအခါ အုပ်စုအနေဖြင့် ကျင့်စဉ်သုံးမျိုးတို့ ပါဝင်ကြောင်း တွေ့ရ၏။ ပါဠိဝေါဟာရအားဖြင့် ဆိုရလျှင် ယာနပဋိပဒါ၊ ကမ္မပဋိပဒါ၊ ဉာဏပဋိပဒါတို့ပင် ဖြစ်ကြ၏။ ယာနပဋိပဒါ ဟူသည်မှာ ပရိတ်တော်များကဲ့သို့ လက်တွေ့ အသုံးကျသော ဒေသနာတော်များ ဖြစ်၏။ မန္တန်သဘောရှိသည် ဟူ၍လည်း ဆိုနိုင်ပါ၏။ ယင်းသဘောကို အထဗ္ဗဝေဒ၌လည်း တွေ့နိုင်၏။ အထဗ္ဗဝေဒကား သစ္စာလေးပါးသဘော မရှိ၊ မန္တန်သက်သက်သာ ဖြစ်၏။

မြတ်စွာဘုရား၏ ယာနပဋိပဒါ ဒေသနာတော်များသာ မန္တန်လိုလည်း အသုံးကျ၏။ သစ္စာလေးပါးကိုလည်း ထိုးထွင်း၍ သိစေနိုင်၏။ အမှန်အားဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိစေနိုင်သော သဘောကား အထဗ္ဗဝေဒ၌ မရှိ။ မြတ်စွာဘုရား၏ ယာနပဋိပဒါ ဒေသနာတော်၌သာ ရှိ၏။ ကမ္မပဋိပဒါ ဟူသည်မှာ ကံနှင့် ကံ၏ အကျိုးကို ပြသော ဒေသနာတော်များ ဖြစ်ကြ၏။ ယင်းသဘောကို ယဇုရဝေဒ၌လည်း တွေ့နိုင်၏။ ယဇုရဝေဒ၌ တွေ့နိုင်သော ကံနှင့် ကံ၏ အကျိုးကား သံသရာနှင့်သာ ပတ်သက်၏။ သံသရာမှ လွတ်မြောက်ရာ သစ္စာလေးပါးနှင့် မပတ်သက်။ မြတ်စွာဘုရား၏ ကမ္မပဋိပဒါ ဒေသနာတော်ကား ကံနှင့် ကံ၏ အကျိုးကိုလည်း သိစေ၏။ သစ္စာလေးပါးကိုလည်း သိစေ၏။ ဉာဏပဋိပဒါ ဟူသည်ကား ဝိပဿနာ ကျင့်စဉ်သက်သက်သာတည်း။ မြတ်စွာဘုရား၏ ဒေသနာတော်များ၌သာ ရှိ၏။ အခြား မည်သို့သော ကျမ်းဂန်စာပေများ၌မျှ မရှိ။

ဤသို့လျှင် မြတ်စွာဘုရားသည် ယာနပဋိပဒါ အုပ်စု၌ ပါဝင်သော ရတနသုတ္တန် ဒေသနာတော်ဖြင့် ဝေသာလီပြည်သားများ၏ ပစ္စက္ခဘေးကိုလည်း ငြိမ်းစေခဲ့၏။ သစ္စာလေးပါးကိုလည်း သိစေတော်မူခဲ့၏။ ဤသည်မှာ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်နှင့် မဟာကရုဏာတော်တို့ကြောင့် ဖြစ်ပါသည်။

## အခန်း ( ၁၈ )

## တိုင်ထိပ်ဖျားက တရားရှင်

ထိုစဉ်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ တစ်ခုသောနေ့၌ မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် မြတ်စွာဘုရားသည် သတ္တလောကကို ကြည့်ရှုတော်မူလေရာ သဗ္ဗညုတ ရွှေဉာဏ်တော် ကွန်ရက်၌ ဥဂ္ဂသေန သူဌေးသားသည် ထင်ပေါ်လာလေ၏။ အမှန်အားဖြင့် ဥဂ္ဂသေန သူဌေးသားသည် ပါရမီများ ပြည့်သဖြင့် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုချိန် ရောက်ပေပြီ။

မြတ်စွာဘုရားသည် အနှိုင်းမဲ့ ဖြစ်သော်လည်း ဝေနေယျ သတ္တဝါများနှင့် ဆက်ဆံတော်မူရာတွင် မိမိကိုယ်ကို မိတ်ဆွေကောင်း ကလျာဏမိတ္တအဖြစ်သာ သဘောထား၍ ဆက်ဆံတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါများရှိရာ ဌာနသို့ ကိုယ်တော်တိုင် ကြွတော်မူပြီး သစ္စဒေသနာကို ဟောကြားတော်မူခြင်း ဖြစ်၏။ ကျွတ်ထိုက်သော သတ္တဝါသည် လယ်သမား ဖြစ်လျှင်လည်း လယ်တောသို့ ကြွ၍ တရားဟောတော်မူ၏။ ဘားကျွမ်းသမား ဖြစ်လျှင်လည်း ဘားကျွမ်းဇာတ်ရုံသို့ ကြွတော်မူ၍ တရားဟောတော်မူ၏။ ဤသည်မှာ တရားဟောကြားမှုနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ ဓမ္မတာ ဖြစ်၏။ မြတ်စွာဘုရားသည် အဘယ်မျှလောက် မိတ်ဆွေကောင်း ပီသပါလေသနည်း။

ဥဂ္ဂသေနသည် ပါရမီပြည့်သူ ဖြစ်သော်လည်း ယခုအချိန်တွင်မူ ဘားကျွမ်းသမား ဖြစ်၍ သူ ကပြရာ ဘားကျွမ်းဇာတ်ရုံသို့ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကြွတော်မူပြီး ဥဂ္ဂသေန သူဌေးသားအား ချွတ်ရပေဦးမည်။ ဝေနေယျ သတ္တဝါများ အနေဖြင့် အဘယ်မျှလောက် အားကိုးထိုက်၊ ကျေးဇူးတင်ထိုက်သော မြတ်စွာဘုရား ဖြစ်ပါလေသနည်း။ အမှန်အားဖြင့် ဝေနေယျ သတ္တဝါများဘက် ကသာ မြတ်စွာဘုရားကို မေ့ချင်မေ့မည်။ မြတ်စွာဘုရားဘက်ကမူ ဝေနေယျ သတ္တဝါများကို မည်သည့်အခါမျှ မေ့လိမ့်မည် မဟုတ်။ ထိုကဲ့သော မမေ့တတ် သော အကျင့်ကို ရအောင်ပင် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီအကျင့်မြတ်ကို ဖြည့်ကျင့်တော်မူခဲ့ရခြင်း ဖြစ်လေ၏။ ဓမ္မတာ

အားဖြင့်လည်း မြင့်မြတ်သူ ဖြစ်လေ လောကအပေါ် ကြင်နာသူ ဖြစ်လေပင် ဖြစ်ပါ၏။ ထို့ကြောင့် လောကအပေါ် ကြင်နာတတ်လေ မြင့်မြတ်သူဖြစ်လေ ဟူ၍ ဆိုရ၏။

ထိုခေတ်က ယဉ်ကျေးမှု ဝေယျာအရ ဖွဲ့စည်းထားသော ဘားကျွမ်းအဖွဲ့ကြီးများနှင့် ဇာတ်အဖွဲ့ကြီးများသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်၏ ရှေ့တော်မှောက်၌ ကပြအသုံးတော် ခံရ၏။ ထိုသို့ ကပြ အသုံးတော်ခံရာတွင် အနည်းဆုံးအားဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ဖြစ်လေ၏။ ဘုရင်၏ ရှေ့တော်မှောက်၌ ကပြ အသုံးတော်ခံခြင်း ဖြစ်သော်လည်း တိုင်းသူပြည်သားများ အနေဖြင့်လည်း ထိုပွဲတော်ကို လာရောက်ကြည့်ရှုနိုင်၏။ ကြည့်လည်း ကြည့်ရှုကြပါ၏။

ထိုအချိန်က အဖွဲ့ဝင် ငါးရာပါသော ကျွမ်းဘားအဖွဲ့ကြီး တစ်ဖွဲ့သည် ရာဇဂြိုဟ်ပြည်၌ ကပြ အသုံးတော် ခံနေ၏။ ပွဲတော်ရက်မှာလည်း ခုနစ်ရက်တိုင်တိုင် ဖြစ်၏။ ထိုပွဲတော်သို့ ဘုရင်မင်းမြတ်လည်း ကြွလာတော်မူ၏။ တိုင်းသူပြည်သားများလည်း လာရောက်ကြ၏။ တိုင်းသူပြည်သားများတွင် ဥဂ္ဂသေန သူဌေးသားလည်း ပါဝင်၏။ သို့ရာတွင် ဥဂ္ဂသေနကား တစ်ယောက်တည်း မဟုတ်၊ အဖော် တစ်ယောက်လည်း ပါဝင်၏။ အမှန်အားဖြင့် ပွဲကို ကြည့်တတ်ပါလျှင် သြတ္တပ္ပသံဝေဂလည်း ရနိုင်၏။ ဉာဏသံဝေဂလည်း ရနိုင်၏။ အမှန်အားဖြင့် ဇာတ်ပွဲဟူသည် လောကဓံ စက်ဝန်း၏ သရုပ်ဖြစ်၏။ ထို့ကြောင့် ဇာတ်ပွဲကို လောကဓံစက်ဝန်း၏ သရုပ်အနေဖြင့် ကြည့်တတ်ပါလျှင် ဇာတ်ပွဲကြည့်သူများအတွက် များစွာ အကျိုးရှိ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ နှစ်ဦးသည်လည်း ရာဇဂြိုဟ်ပြည် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရာမှ သံဝေဂရပြီး သစ္စာဉာဏ်ကို ရရှိသွားသူများ ဖြစ်ကြ၏။

အမှန်အားဖြင့် လောကဓံစက်ဝန်း၏ သရုပ်ဟူသည်မှာ ဘဝသရုပ်ပင် ဖြစ်၏။ ဘဝသရုပ်အနေဖြင့် ဇာတ်ပွဲဟူသမျှ၌ လာဘ်ရခြင်းကိုလည်း တွေ့နိုင်၏။ လာဘ်မရခြင်းကိုလည်း တွေ့နိုင်၏။ အခြံအရံများခြင်းကိုလည်း တွေ့နိုင်၏။ အခြံအရံ နည်းပါးသွားခြင်းကိုလည်း တွေ့နိုင်၏။ ကဲ့ရဲ့ခြင်းကိုလည်း တွေ့နိုင်၏။ ချီးမွမ်းခြင်းကိုလည်း တွေ့နိုင်၏။ ပျော်ရွှင်ခြင်း သုခကိုလည်း တွေ့နိုင်၏။ ဆင်းရဲခြင်း ဒုက္ခကိုလည်း တွေ့နိုင်၏။ အမှန်အားဖြင့် ဇာတ်ပွဲ၌ တွေ့ရသမျှအားလုံးသည် ဘဝ၌ တွေ့ရသမျှ အားလုံး၏ သရုပ်ဖြစ်ချေ၏။ အတုတွေ့နည်းနှင့် အစစ်တွေ့နည်းသာ ကွာခြား၏။ တွေ့ရသည့် လောကဓံကတော့ အတူတူပင် ဖြစ်၏။

ဘားကျွမ်းပွဲတွင် ဥဂ္ဂသေန စိတ်အဝင်စားဆုံးသူမှာ ဘားကျွမ်းဆရာကြီး

၏ သမီးဖြစ်၏။ သမီးသည် ဝါးတန်းကျွမ်းစင်ပေါ်သို့ တက်၍ ထိုဝါးတန်းကျွမ်းစင်ပေါ်၌ ကျွမ်းထိုး၏။ အစွန်အဖျားသို့ လျှောက်သွား၏။ ထို့အပြင် ကလည်း က၏။ သီလည်း သီဆို၏။ ဘားကျွမ်းမယ်ကလေး၏ လှပ်ရှားမှုဟူသမျှသည် သူဌေးသား ဥဂ္ဂသေနအတွက် ရင်ထိတ်ဖွယ်ချည်း ဖြစ်၏။ ထို့ကြောင့် ဥဂ္ဂသေနသည် ဘားကျွမ်းမယ်ကလေးအပေါ် များစွာ စိတ်ဝင်စားသွားလေ၏။ အမှန်အားဖြင့်လည်း ဥဂ္ဂသေနနှင့် ဘားကျွမ်းမယ်ကလေးသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါကစ၍ ပါရမီဖြည့်ဖက် ဇနီးမောင်နှံများ ဖြစ်ခဲ့ကြဖူး၏။ တစ်ဦးအပေါ် တစ်ဦး ချစ်ခြင်းမေတ္တာဖြင့် ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ အကြောင်းရင်းကို ရှာရာတွင် ရှေးဘဝ၌ ပေါင်းသင်းဆက်ဆံခြင်းသည်လည်း အကြောင်းရင်းတစ်ပါး ဖြစ်၏။ ဤဘဝ၌ တစ်ဦးအပေါ် တစ်ဦးက အကျိုးပြုခြင်းသည်လည်း အကြောင်းရင်း တစ်ပါးဖြစ်၏။ ဤသို့ အကြောင်းရင်း နှစ်မျိုးတို့တွင် တစ်မျိုးမျိုးနှင့် ပြည့်စုံပါက ချစ်ခြင်းမေတ္တာသည် ဖြစ်ပေါ်လာရ၏။ ဥဂ္ဂသေနက ဘားကျွမ်းမယ်ကလေးအပေါ် ဖြစ်ပေါ်လာသော ချစ်ခြင်းမေတ္တာကား ရှေးဘဝက ဘားကျွမ်းမယ်ကလေးနှင့် အတူတကွ ပေါင်းသင်း ဆက်ဆံဖူးခြင်း ကြောင့်သာ ဖြစ်ပါ၏။

ဥဂ္ဂသေနသည် ဘားကျွမ်းမယ်ကလေးကို မရလျှင် မနေနိုင်သည့် အဆင့်သို့ ရောက်သွားတော့၏။ ထို့ကြောင့် ဥဂ္ဂသေနသည် မိဘနှစ်ပါးအား ဖွင့်ပြောရလေ၏။ ထိုအခါ မိဘများက သဘောမတူ။ အတန်တန် တားမြစ်၏။ ထိုခေတ်တွင် ဇာတ်နိမ့် ဇာတ်မြင့် အယူသည် များစွာ ပြင်းထန်၏။ ထို့ကြောင့် ဥဂ္ဂသေန၏ မိဘနှစ်ပါးက အကြောက်အကန် ငြင်းဆန်ခြင်း ဖြစ်၏။ ထိုအခါ ဥဂ္ဂသေနသည် မစားနိုင် မသောက်နိုင် ဖြစ်လာ၏။ မိဘနှစ်ပါးက အကြိမ်ကြိမ် နားချပါသော်လည်း ဥဂ္ဂသေနကမူ နားမဝင်။ နောက်ဆုံး၌ ဥဂ္ဂသေနသည် ဘားကျွမ်းမယ်ကလေးကိုမှ မရလျှင် သေဆုံးတော့မည့် အခြေအနေသို့ ရောက်လာလေရာ မိဘနှစ်ပါးတို့သည် ဇာတ်အယူကို ပစ်ပယ်ပြီး ဥဂ္ဂသေန အလိုကို လိုက်ရလေတော့၏။ မိဘနှစ်ပါး အနေဖြင့် ဥဂ္ဂသေန သေဆုံးသွားမည့်အစား မိမိတို့၏ သားကို ဘားကျွမ်းမယ်၏ ခင်ပွန်းအဖြစ် မြင်နေရသည်ကမှ ကောင်းသေးသည် ဟူ၍ ဆုံးဖြတ်ပြီး ဥဂ္ဂသေန၏ သူငယ်ချင်းအား ငွေအသပြာ တစ်ထောင်ပေး၍ ဘားကျွမ်းမယ်ကလေးကို ဥဂ္ဂသေနနှင့် ထိမ်းမြားရန်အတွက် သူမ၏ ဖခင် ဘားကျွမ်းဆရာကြီးထံမှ တောင်းယူရန် လွှတ်လိုက်လေ၏။

ဥဂ္ဂသေန၏ သူငယ်ချင်းသည် ဘားကျွမ်းဆရာကြီးထံသို့ သွားပြီး ငွေအသပြာ တစ်ထောင်ကို ပေး၍ ဘားကျွမ်းမယ်ကလေးကို တောင်း၏။

ဥဂ္ဂသေန၏ အခြေအနေကိုလည်း ဘားကျွမ်းဆရာကြီးအား ပြောပြ၏။ ထိုအခါ ဘားကျွမ်းဆရာကြီးက မိမိသည် ငွေအသပြာ တစ်ထောင်ကို ယူပြီး မိမိ၏ သမီးကို မပေးနိုင်ကြောင်း၊ အကယ်၍ ဥဂ္ဂသေန သူဌေးသားသည် မိမိ၏ သမီးကို မရလျှင် အသက်ရှည်ရန် မစွမ်းနိုင်ပါက မိမိတို့ အဖွဲ့နှင့် အတူ သွားလေရာကို လိုက်ပါနိုင်ပါမှ မိမိ၏ သမီးကို ဥဂ္ဂသေန သူဌေးသားနှင့် ပေးစားနိုင်မည် ဖြစ်ကြောင်း ပြန်ကြားလိုက်၏။

မိဘနှစ်ပါးက ဘားကျွမ်းမယ်ကို လက်ထပ်ရေးနှင့် စပ်လျဉ်း၍ ဥဂ္ဂသေန၏ သူငယ်ချင်း ပြောသည့်အတိုင်း သားဖြစ်သူ ဥဂ္ဂသေနအား ပြောပြ၏။ ထိုအခါ ဥဂ္ဂသေနသည် ဘားကျွမ်းမယ်ကလေးကို ရဖို့ရန်အတွက် သူဌေးသားဘဝကို စွန့်ပြီး ဘားကျွမ်းအဖွဲ့ကြီးနှင့် အရပ်တကာသို့ လှည့်လည်လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ အမှန်အားဖြင့် ဥဂ္ဂသေနနှင့် ဘားကျွမ်းမယ်ကလေးတို့၏ တစ်ဦးအပေါ် တစ်ဦးက တွယ်တာသော အချစ်သည် အလွန်ခိုင်မြဲသော ပါရမီချစ် ဖြစ်၏။ ထို့ကြောင့် ဥဂ္ဂသေနသည် မိမိ၏ သူဌေးသားဘဝကို စွန့်နိုင်ခြင်း ဖြစ်၏။ မိဘနှစ်ပါးကလည်း ဇာတ်နိမ့် ဇာတ်မြင့် မခွဲခြားနိုင်တော့ဘဲ မိမိတို့၏သား စိတ်ချမ်းသာ နိုင်ရေးအတွက် သူ၏ ဆန္ဒအတိုင်း ဆောင်ရွက်ရန် ခွင့်ပြုလိုက်ရလေ၏။

ဥဂ္ဂသေနသည် သူချစ်သော ဘားကျွမ်းမယ်ကလေးနှင့် လက်ထပ်ကာ ဘားကျွမ်းအဖွဲ့ကြီးနှင့် အတူ ရွာနိဂုံး၊ မင်းနေပြည်တော်တို့သို့ လှည့်လည်သွားလာလေ၏။ ထိုသို့ လှည့်လည်သွားလာနေရသော်လည်း ဥဂ္ဂသေနကား ဘားကျွမ်းအတတ်ကို တတ်မြောက်သူ ပညာရှင်အနေဖြင့် လှည့်လည်သွားလာ နေရခြင်း မဟုတ်။ ဘားကျွမ်းအဖွဲ့ကြီး၏ ဝေယျာဝစ္စကို ဆောင်ရွက်ရသူ အလုပ်သမားအဖြစ်နှင့်သာ လှည့်လည်သွားရခြင်း ဖြစ်၏။ သို့ရာတွင် ဥဂ္ဂသေနသည် သူ့ဘဝကို သူ ကျေနပ်ပါ၏။ ဇနီးသည်က ဘားကျွမ်းအတတ်ပညာရှင်၊ သူက ဘားကျွမ်းအဖွဲ့ကြီး၏ အောက်ခြေသိမ်း အလုပ်သမား၊ တစ်ဦးနှင့် တစ်ဦး အဆင့်ချင်း မည်မျှ ခြားနားနေပါသနည်း။ သို့ရာတွင် ဥဂ္ဂသေနသည် ဂရုမစိုက်၊ ချစ်ရသူနှင့် နေရခြင်းသည်ပင် သူ့အတွက် မင်္ဂလာဖြစ်၍ နေလေ၏။

ဥဂ္ဂသေနသည် ဘားကျွမ်းအဖွဲ့ကြီးနှင့်အတူ အရပ်တကာသို့ လှည့်လည်၍ သွားလာနေရစဉ် ဘားကျွမ်းမယ်ကလေးနှင့် သားတစ်ယောက် ရ၏။ သားတစ်ယောက် ရပါသော်လည်း ဥဂ္ဂသေနသည် ဘားကျွမ်းပညာကို မသင်ခဲ့။ အောက်ခြေသိမ်း အလုပ်သမားတစ်ယောက်အနေဖြင့် ကျေနပ်လျက် ရှိပါ၏။ သို့ရာတွင် ဇနီးဖြစ်သူကမူ မကျေနပ်။ ခင်ပွန်းသည်တစ်ယောက်အနေဖြင့် ဤဘားကျွမ်းအဖွဲ့တွင် လျှမ်းလျှမ်းတောက် အတတ်ပညာရှင် ဖြစ်စေချင်၏။ ဖြစ်စေချင်သည့်

အတိုင်းလည်း ခင်ပွန်းဖြစ်သူ ဥဂ္ဂသေနအား တိုက်တွန်း၏။ သို့ရာတွင် ဥဂ္ဂသေနကား မဖြုံ။ သူ၏ ရည်ရွယ်ချက်မှာလည်း ဇနီးသည်နှင့်အတူ နေရရေးသာ ဖြစ်၏။ အခြား မည်သည့် အရေးကိုမျှ စိတ်မဝင်စား။

သူသည် ငွေပုံပေါ်၌ ထိုင်ဖူးသူ ဖြစ်သဖြင့် ငွေကို မကိုးကွယ်လို။ ငွေကို အစေအပါး အဖြစ်သာ သဘောထား၏။ ဥဂ္ဂသေနသည် သူ၏ ဘဝတစ်လျှောက်လုံး ကိုးကွယ်ရာကို ရှာခဲ့၏။ ငွေကိုလည်း တွေ့ခဲ့၏။ အတတ်ပညာရပ်များကို တွေ့ခဲ့၏။ ငွေလည်း သူ၏ ကိုးကွယ်ရာ မဟုတ်။ အတတ်ပညာရပ်များသည်လည်း သူ၏ ကိုးကွယ်ရာ မဟုတ်။ ယခုတော့ သူ၏ ကိုးကွယ်ရာကို တွေ့လေပြီ။ သူ၏ ကိုးကွယ်ရာကား အချစ်သာ ဖြစ်လေ၏။ သို့ရာတွင် နောက်ပိုင်း၌ အချစ်သည်လည်း ကိုးကွယ်ရာ မဟုတ်ကြောင်း သူသည် လက်တွေ့သဘောအရ သိလာမည် ဖြစ်၏။ ယခုတော့ မသိသေး။ အချိန်က လိုသေး၏။

ဇနီးဖြစ်သူက ဥဂ္ဂသေနအား ဘားကျွမ်းအတတ်ကို သင်ယူပါရန် တိုက်တွန်းပါသော်လည်း အချည်းနှီးသာ ဖြစ်နေသဖြင့် တိုက်ရိုက် မတိုက်တွန်းတော့ဘဲ သွယ်ဝိုက်၍ တိုက်တွန်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဇနီးသည်က မိမိ၏ သားငယ်ကို ချော့မော့၍ သိပ်သောအခါ ဥဂ္ဂသေနကို ရည်ရွယ်၍ 'လှည်းစောင့်ကြီး၏ သား၊ အထုပ်အပိုးထမ်းကြီး၏ သား၊ ပညာမဲ့သူ၏ သား'ဟု စောင်းမြောင်း၍ သီဆိုပြီး သားငယ်ကို အိပ်အောင် ချော့မော့၍ သိပ်လေ၏။ ထိုအခါ ဥဂ္ဂသေနသည် မိမိကို စောင်းမြောင်း၍ ဆိုနေကြောင်း ရိပ်မိသောအခါ မိမိ၏ ဇနီးသည်အား မိမိကို စောင်းဆိုခြင်း ဟုတ် မဟုတ် မေးမြန်း၏။ ဇနီးသည်ကလည်း ဟုတ်မှန်ကြောင်း ပြန်ကြား၏။ ထိုအခါ ဥဂ္ဂသေနသည် ဇနီးသည်က မိမိကို ဒီအတိုင်းသာ နေပါက ပစ်သွားနိုင်ကြောင်း စိုးရိမ်ကာ ယောက္ခမဖြစ်သူ ဘားကျွမ်းဆရာကြီးထံမှ အတတ်ကို သင်ယူလေ၏။

ဥဂ္ဂသေနသည် ပါရမီရှင်ဖြစ်သည့် အားလျော်စွာ ဘားကျွမ်းအတတ်ကို အပြီးတိုင် သင်ယူတတ်မြောက်သွားလေ၏။ ယခုအခါ ဥဂ္ဂသေနသည်လည်း ဘားကျွမ်း ပညာရှင်တစ်ယောက်အနေဖြင့် အရပ်တကာကို လှည့်လည်ကပြလေ၏။ ဥဂ္ဂသေန၏ ဘားကျွမ်းအဖွဲ့သည် ရာဇဂြိုဟ်ပြည်သို့ တစ်ဖန် ပြန်ရောက်လာပြန်၏။ အမှန်အားဖြင့် ဥဂ္ဂသေနသည် ယနေ့၌ပင်လျှင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ဧဟိဘိက္ခု ရဟန္တာ ဖြစ်ပေလိမ့်မည်။ ရဟန္တာလောင်းတို့၏ ဘဝ၌ အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းမှုကား အံ့ဖွယ်ရှိပါ၏။

ဘားကျွမ်းပြပွဲကား စလေပြီ။ ဥဂ္ဂသေနသည် သူ၏ ဘားကျွမ်းအတတ်

ပညာကို ပြရန် အတောင်ခြောက်ဆယ်မြင့်သော ဝါးလုံးတိုင်ပေါ်၌ ရပ်၏။ ထို နောက် ကောင်းကင်၌ ခုနစ်ပတ် ဘားကျွမ်းပစ်ပြီး ဝါးလုံးတိုင်ထိပ်ဖျား၌ ရပ်ပြန် လေ၏။ ထိုအချိန်ခန့်တွင်ပင် မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ဥဂ္ဂသေနကို ကျွတ်တန်းဝင်အောင် တရားဟောရန်အတွက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ ပရိသတ်သည် ဥဂ္ဂသေနကို မကြည့်ဘဲ မြတ်စွာ ဘုရားကိုသာ ကြည့်တော်မူ၏။ ထိုအခါ ဥဂ္ဂသေနသည် သူ့ကို အားပေးမည့် ပရိသတ် မရှိသဖြင့် စိတ်ဓာတ်ကျဆင်းလျက် ရှိလေရာ မြတ်စွာဘုရား၏ ညွှန်ကြား ချက်အရ ရှင်မောဂ္ဂလာန်က ဥဂ္ဂသေနအား ဘားကျွမ်းကို ဆက်လက်ပြရန် ပြော လိုက်ရာ ဥဂ္ဂသေနသည် အားတက်ကာ ဝါးလုံးတိုင်ထိပ်ဖျားမှ နေ၍ ကောင်းကင် ၌ ကျွမ်း ၁၄ ပတ် ပစ်လျက် ဝါးလုံး ထိပ်ဖျားပေါ်၌ပင် ရပ်လေ၏။ ထိုအခါ မြတ်စွာဘုရားက ဥဂ္ဂသေနအား အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူ၏။

'ချစ်သား ဥဂ္ဂသေန၊ ပညာရှိမည်သည် ဖြစ်ပြီးသော ခန္ဓာငါးပါး၌လည်း တပ်မက်တတ်သော တဏှာကို ပယ်သတ်ရန် အားထုတ်၏။ ဖြစ်လတ္တံ့သော ခန္ဓာငါးပါး၌လည်း တပ်မက်တတ်သော တဏှာကို ပယ်သတ်ရန် အားထုတ်၏။ ဖြစ်ဆဲ ခန္ဓာငါးပါး၌လည်း တပ်မက်တတ်သော တဏှာကို ပယ်သတ်ရန် အား ထုတ်၏။

'ကာလသုံးပါး၌ ဖြစ်သော၊ ခန္ဓာငါးပါးလုံး၌ တွယ်တာတတ်သော တဏှာကို ပယ်သတ်ပြီးဖြစ်သဖြင့် လွတ်မြောက်သော စိတ်ရှိသူသည် ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၏'

ဟူ၍ တရားဒေသနာတော်ကို ဟောကြားတော်မူလေရာ ဥဂ္ဂသေနသည် ဒေသနာတော်၏ အနက်ကို သစ္စာတိုင်အောင် သိ၍ ဝါးလုံးပေါ်၌ ရပ်ရင်းပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးလျှင် ဧဟိဘိက္ခု ရဟန္တာ ဖြစ်သွားလေ၏။ ဘားကျွမ်းမယ်ကလေးသည်လည်း ဘိက္ခုနီမတို့ထံ၌ ရဟန်းမ ပြုပြီး တရားအားထုတ်လေရာ ရဟန္တာမ ဖြစ်သွားလေ၏။

ဤသို့ပင် အနှိုင်းမဲ့ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ထံသို့ ကိုယ်တော်တိုင် ကြွသွား၍ တရားဟောကြားတော် မူခြင်း အားဖြင့် အနှိုင်းမဲ့ ကရုဏာနှင့် ပညာကို ပြသတော်မူလေ၏။

# အခန်း ( ၁၉ )

## ရောဟင်ဂျာမြစ်နားက တရားရေအေးလျှင်

မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကပင် မဇ္ဈိမဒေသ၌ ကမ္မဝါဒသည် ရှိခဲ့၏။ ကောင်းသော ကုသိုလ်လုပ်ငန်းကို လုပ်လျှင် ကောင်းသော အကျိုးကို ရ၏။ မကောင်းသော အကုသိုလ်လုပ်ငန်းကို လုပ်လျှင် မကောင်းသော အကျိုးကို ရ၏။ ကောင်းသော အကျိုးဟူသည်မှာ ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ ဖြစ်ကြ၏။ မကောင်းသော အကျိုး ဟူသည်မှာ ဘဝဝိပ္ပတ္တိနှင့် ဘောဂဝိပ္ပတ္တိတို့ ဖြစ်ကြ၏။ ဘဝသမ္ပတ္တိ ဟူသည်မှာ ကောင်းသော သုဂတိ ဘဝကို ရခြင်းဖြစ်၍ ဘောဂ ဘဝသမ္ပတ္တိ ဟူသည်မှာ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း ဖြစ်၏။ ထို့နှင့် ဆန့်ကျင်ဘက် အားဖြင့် ဘဝဝိပ္ပတ္တိ ဟူသည်မှာ မကောင်းသော ဒုဂ္ဂတိဘဝကို ရခြင်းဖြစ်၍ ဘောဂ ဝိပ္ပတ္တိ ဟူသည်မှာ စည်းစိမ်ဥစ္စာ ချို့တဲ့ခြင်း ဖြစ်၏။ ယင်းကို ကမ္မဝါဒဟု ခေါ်၏။

ကမ္မဝါဒသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ဝေဒခေတ်ကပင် ရှိ၏။ ထို့ကြောင့် ကမ္မဝါဒအရ ကောင်းသောကုသိုလ် အလုပ်ကို လုပ်လျှင် ကောင်းရာ သုဂတိဘဝကို ရ၏။ မကောင်းသော အကုသိုလ်အလုပ်ကို လုပ်လျှင် မကောင်းသော ဒုဂ္ဂတိဘဝကို ရ၏။ ထို့ပြင် ကောင်းသော ကုသိုလ်အလုပ်ကို လုပ်လျှင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ မကောင်းသော အကုသိုလ် အလုပ်ကို လုပ်လျှင် စည်းစိမ်ဥစ္စာ ချို့တဲ့၏။ သို့ဖြစ်လေရာ လောက၌ ကောင်းရာမွန်ရာ သုဂတိရချင် လျှင် ဖြစ်စေ၊ ဖြစ်လေရာ ဘဝတိုင်း၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံချင်လျှင် ဖြစ်စေ ကောင်းသော ကုသိုလ်လုပ်ငန်းကို လုပ်ရ၏။ အမှန်အားဖြင့် လောက၌ မကောင်း သော ဘဝကို ရချင်သူ ဟူ၍လည်း မရှိ၊ စည်းစိမ်ဥစ္စာ ချို့တဲ့ချင်သူ ဟူ၍လည်း မရှိ။ ထိုသို့ မရှိပါသော်လည်း လူတို့သည် ကောင်းသော ကုသိုလ်လုပ်ငန်းကိုမူ မလုပ်ချင်ကြ။ ထို့ကြောင့် မကောင်းသော ဒုဂ္ဂတိဘဝကို မလိုချင်လျှင်၊ စည်းစိမ် ဥစ္စာ မချို့တဲ့ချင်လျှင် လူတို့အနေဖြင့် မကောင်းသော အကုသိုလ်လုပ်ငန်းကို မလုပ်ကြဘဲ ကောင်းသော ကုသိုလ်လုပ်ငန်းကို လုပ်ကြရန် ကမ္မဝါဒအရ ဝေဒ ကျမ်းများက သွန်သင်ကြ၏။ ထို့ကြောင့် ဝေဒကျမ်းများ၏ ကမ္မဝါဒသည် မြတ်စွာ ဘုရား ပွင့်တော်မမူမီ ကာလအထိ လောကတွင် အကောင်းဆုံးဝါဒ ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌သာ ကမ္မဝါဒသည် အကောင်းဆုံး မဟုတ်တော့။ ယင်းထက်ကောင်းသော ဉာဏဝါဒသည် ပေါ်လာ၏။ ကမ္မဝါဒ အရ ကောင်းသော လုပ်ငန်းကို လုပ်လျှင် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ကို ရသည်မှန်၏။ ဉာဏဝါဒအရ ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့သည် စင်စစ် အားဖြင့် ဒုက္ခသာ ဖြစ်၏။ တကယ်တမ်း သုခ မဟုတ်။ ဒုက္ခကိုပင် လူတို့က သုခ ဟူ၍ ထင်မှတ်နေကြခြင်း ဖြစ်၏။ ထိုသို့ ဒုက္ခကို သုခဟူ၍ ထင်မှတ်နေခြင်း မှာ လူတို့၏ သန္တာန်၌ တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာတို့ ကိန်းနေသောကြောင့်ပင် ဖြစ်၏။ အကယ်၍ တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာများ မကိန်းနိုင်အောင် ပယ်သတ်လိုက်လျှင် ဘဝသမ္ပတ္တိ ဟူသည်မှာ လည်း ဒုက္ခပင် ဖြစ်၏။ ဘောဂသမ္ပတ္တိ ဟူသည်မှာလည်း ဒုက္ခပင် ဖြစ်သည်။ အမှန်အားဖြင့် ဉာဏဝါဒအရ လောကကို ကြည့်လျှင် လူမင်းဘဝ၊ နတ်မင်းဘဝ၊ ဗြဟ္မာမင်း ဘဝတို့နှင့် လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ်တို့ သည် အားလုံး ဒုက္ခချည်းသာ ဖြစ်၏။ တကယ်တမ်း သုခ မဟုတ်။ ထို့ကြောင့် သုခစစ်စစ်ကို လိုချင်လျှင် ဘဝဟူသမျှ လည်းကောင်း၊ ဘောဂဟူသမျှ လည်း ကောင်း လွတ်မြောက်အောင် လုပ်ရမည် ဖြစ်၏။ လွတ်မြောက်အောင်လုပ်ခြင်း ဟူသည်မှာ မိမိတို့၏ သန္တာန်၌ ကိန်းနေသော တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာတို့ကို ပယ်သတ်ခြင်းသာ ဖြစ်၏။ ယင်းတို့ကို ပယ်သတ်လိုက်သည် နှင့် တစ်ပြိုင်နက် ဘဝဟူသမျှကို လည်းကောင်း၊ ဘောဂ ဟူသမျှကို လည်းကောင်း ဒုက္ခအဖြစ်ဖြင့် မြင်လာမည် ဖြစ်၏။ ဒုက္ခအဖြစ် မြင်ခြင်းနှင့်အတူ တကယ်တမ်း သုခအဖြစ် မြင်ခြင်းလည်း အလိုအလျောက် ဖြစ်ပေါ်လာ၏။

သုခကား တကယ်တမ်း စစ်မှန်သော သုခ ဖြစ်၏။ ယင်းကို သန္တိသုခ ဟူ၍လည်း ဆို၏။ သစ္စာအနေဖြင့် ဆိုပါက သန္တိသုခကို နိရောဓသစ္စာဟူ၍ ဆိုရ၏။ နိရောဓသစ္စာဆိုက်လျှင် ဒုက္ခကို သိခြင်း ကိစ္စလည်း ပြီး၏။ သမုဒယကို ပယ်သတ်ခြင်း ကိစ္စလည်း ပြီး၏။ မဂ္ဂကို ပွားများခြင်း ကိစ္စလည်း ပြီး၏။ သစ္စာလေးပါးတို့၏ ကိစ္စအားလုံး တစ်ပြိုင်နက် ပြီးလေ၏။ ဤသို့ တစ်ပြိုင်နက် ပြီးအောင် ဉာဏဝါဒအရ လောကကို ကြည့်ရ၏။ ဤ၌ ဉာဏဝါဒ ဟူသည်မှာ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ပင် ဖြစ်၏။

အမှန်အားဖြင့် ဉာဏဝါဒ ဟူသည်မှာ မြတ်စွာဘုရား ပွင့်တော်မူသော အခါမှ ဖြစ်ပေါ်လာသော ဝါဒဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရှေးက ရှိနှင့်ပြီးသော ကမ္မဝါဒအပေါ် အထွတ်တင်သောအားဖြင့် ဉာဏဝါဒကို ဟောကြားတော်မူခြင်း ဖြစ်၏။ ထို့ကြောင့် ကမ္မဝါဒအရ မည်သည့်လုပ်ငန်းကို

လုပ်လုပ် ဉာဏဝါဒအရ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ကို အထွတ်တင်ရ၏။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ကို အထွတ်တင်ခြင်း ဟူသည်မှာ မိမိ၏ သန္တာန်၌ ကိန်းနေသော တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာများကို သတ်ခြင်းပင် ဖြစ်၏။

တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာများကို သတ်ရာတွင် အခိုက်အတန့် သတ်နည်းလည်း ရှိ၏။ ယင်းကို တဒင်္ဂပဟာန်ဟူ၍ ဆိုရ၏။ အတော်ကြာကြာ သတ်နည်းလည်း ရှိ၏။ ယင်းကို ဝိက္ခမ္ဘန ပဟာန် ဟူ၍ ဆိုရ၏။ မြစ်ပြတ်သတ်နည်းလည်း ရှိ၏။ ယင်းကို သမုစ္ဆေဒ ပဟာန် ဟူ၍ ဆိုရ၏။ သမုစ္ဆေဒပဟာန်ဖြင့် သတ်နိုင်မှ သန္တိသုခကို အရိယာအနေဖြင့် မျက်မှောက် ပြုရ၏။ သို့မဟုတ်ပါက ကလျာဏပုထုဇဉ်အနေဖြင့် အနုမာနသဘော အရသာ သန္တိသုခကို ရရှိမည် ဖြစ်၏။ အမှန်အားဖြင့် သန္တိသုခ ရရှိရေးသည် ဉာဏဝါဒ၏ နောက်ဆုံး ရည်ရွယ်ချက် ဖြစ်၏။ ထို့ကြောင့် သန္တိသုခကို တဒင်္ဂပဟာန်ဖြင့် ရသည်ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ရသည်ဖြစ်စေ၊ သမုစ္ဆေဒ ပဟာန်ဖြင့် ရသည်ဖြစ်စေ မည်သည့် ပဟာန်ဖြင့် ရရ သန္တိသုခကို ရရှိရေးသည် ပဓာန ဖြစ်၏။

ထိုသို့ ရရှိအောင် မြတ်စွာဘုရားက ၄၅ ဝါတို့ ကာလပတ်လုံး တရားဒေသနာတော်များကို ဟောကြားတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားဒေသနာတော်များကို ကြည့်လျှင် မည်သည့်ဒေသနာတော်များ၌ ဖြစ်စေ ပဟာန် တစ်မျိုးမျိုးဖြင့် သန္တိသုခသို့ ဦးတည်ထားသည်ကိုချည်း တွေ့ရမည် ဖြစ်၏။ ထိုသို့ ဦးတည်ထားပါမှလည်း ဉာဏဝါဒအရ ဝိပဿနာသဘောနှင့် မဂ်ဖိုလ်သဘောကို ဆောင်မည် ဖြစ်ပါ၏။

မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလက ကမ္မဝါဒအရ ကောင်းသော ကုသိုလ်လုပ်ငန်းကို လုပ်ခြင်းသည် လူတို့၏ ဘဝနေနည်း ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မူသော အခါမှစ၍ ဉာဏဝါဒအရ လုပ်ငန်းများကို လုပ်ရာတွင် ကောင်းသော ကုသိုလ်လုပ်ငန်းပင် ဖြစ်စေ ယင်းလုပ်ငန်းနှင့် ပတ်သက်၍ တပ်မက်တတ်သော တဏှာ၊ မောက်မာတတ်သော မာန၊ အခိုင်အမာ ပြုတတ်သော ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာတို့ကို အသိဖြင့် ဖြစ်စေ၊ အကျင့်ဖြင့် ဖြစ်စေ ပယ်သတ်နိုင်အောင် အားထုတ်ခြင်းသည် သာသနာတွင်းကာလ ဘဝနေနည်း ဖြစ်၏။ ဤနေရာ၌ အသိဖြင့် ပယ်ခြင်း ဟူသည်မှာ စာသိ ပေသိ ပရိယတ္တိအသိဖြင့် ပယ်ခြင်း ဖြစ်၏။ အကျင့်ဖြင့် ပယ်ခြင်း ဟူသည်မှာ ကိုယ်တိုင် အားထုတ်ခြင်း ပဋိပတ္တိဖြင့် ပယ်ခြင်း ဖြစ်၏။

မြတ်စွာဘုရား၏ ဒေသနာတော်၌ လူ့ဘဝ လူ့စည်းစိမ်ကို ဖြစ်စေ၊ နတ်ဘဝ နတ်စည်းစိမ်ကို ဖြစ်စေ၊ ဗြဟ္မာဘဝ ဗြဟ္မာ့စည်းစိမ်ကို ဖြစ်စေ ရရာရကြောင်း နည်းလမ်းကောင်းများကို တွေ့နိုင်ပါ၏။ သို့ရာတွင် ထိုနည်းလမ်းကောင်းများသည် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ကို ပန်းတိုင်အဖြစ် ရည်ညွှန်းလိုရင်း မဟုတ်။ ယင်းတို့မှ တစ်ဆင့် သန္တိသုခကိုသာ ပန်းတိုင်အဖြစ် ရည်ညွှန်းလိုရင်း ဖြစ်၏။ ထို့ကြောင့် သာသနာပ ကမ္မဝါဒနှင့် သာသနာတွင်း ကမ္မဝါဒတို့သည် အချင်းချင်း မတူကြခြင်း ဖြစ်၏။ သာသနာပ ကမ္မဝါဒသည် တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာတို့ဖြင့် ကံကို ပွားအောင် အားထုတ်၏။ သာသနာတွင်း ကမ္မဝါဒသည် ဉာဏ်ဖြင့် တဏှာ မာန ဒိဋ္ဌိတို့ ဦးဆောင်သော ကိလေသာတို့ကို ပယ်သတ်ပြီး ကံကို ကုန်ခန်းအောင် အားထုတ်၏။ မြတ်စွာဘုရား၏ ဒေသနာတော်တိုင်း၌ ဤသဘောကို တွေ့နိုင်ပါ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် ရှိပြီးသား ကမ္မဝါဒ အပေါ်၌ ဉာဏဝါဒဖြင့် သစ္စာလေးပါးကို အထွတ်တင်ခြင်း ဖြစ်၏။ ထိုသို့ အထွတ်တင်ပါသော်လည်း ပုထုဇဉ်တို့သည် မိမိတို့၏ ပါရမီအလျောက် မြင်နိုင်သမျှကိုသာ မြင်မည်ဖြစ်၏။ သို့ဖြစ်၍ ဒေသနာတော် တစ်ပုဒ်ကို နာကြားရာ၌ အချို့က လူချမ်းသာ၊ နတ်ချမ်းသာ ရရာရကြောင်း အနက်အဓိပ္ပာယ်တိုင်အောင် သိ၏။ ဒေသနာတော်က တစ်ပုဒ်တည်း။ ထို တစ်ပုဒ်တည်းသော ဒေသနာတော်က အနက်အဓိပ္ပာယ် အမျိုးမျိုးကို ဖော်ပြလေ၏။ နာကြားသူများက မိမိတို့၏ ပါရမီအလျောက် သိမြင်ကြပြီး ကလျာဏ ပုထုဇဉ်မှသည် ရဟန္တာတိုင်အောင် ဖြစ်ကြလေ၏။ ဤသဘောအတိုင်း မြတ်စွာဘုရားသည် ကပိလဝတ် သာကီဝင်မင်းများနှင့် ကောလိယ သာကီဝင်မင်းများအား တရားဒေသနာတော်ကို ဟောကြားခဲ့ပါ၏။

ထိုစဉ်ကာလက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ဓမ္မတာအတိုင်း မြတ်စွာဘုရားသည် မိုးသောက်အားကြီး လင်းခါနီး၌ သတ္တလောကကို ကြည့်တော်မူသောအခါ ကပိလဝတ်ပြည်ထောင်နှင့် ကောလိယပြည်ထောင်တို့ စစ်ခင်းကြမည်ကို မြင်တော်မူ၏။ ထိုစစ်ပွဲကို ရပ်အောင် မြတ်စွာဘုရားသည် တရားဒေသနာတော်များကို ဟောကြားတော်မူရန် နှစ်ပြည်ထောင်တို့၏ အကြားသို့ ကြွတော်မူ၏။ နှစ်ပြည်ထောင် စစ်ခင်းခြင်း၏ အကြောင်းမှာ ဤသို့ ဖြစ်၏။

ကပိလဝတ်ပြည်နှင့် ကောလိယပြည်၏ အကြား၌ ရောဟိဏီမြစ်သည် ရှိ၏။ ထိုမြစ်မှ မြစ်ရေကို နှစ်ပြည်ထောင် လယ်သမားတို့သည် မိမိတို့၏ စိုက်ခင်းများအတွက် မျှ၍ ယူကြ၏။ ထိုသို့ မျှ၍ ယူရာတွင် နှစ်ပြည်ထောင်လုံး ရေကို

အလုံအလောက် ရသဖြင့် ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်း မရှိခဲ့ချေ။ နှစ်ပြည်ထောင်လုံး အေးအေးချမ်းချမ်းပင် ဖြစ်၏။

ထိုနှစ်တွင် မိုးခေါင်သဖြင့် ရောဟိဏီ မြစ်ရေသည် နယုန်လ၌ နည်းပါးလေ၏။ နှစ်ပြည်ထောင်အတွက် မလောက်မင ဖြစ်၏။ တစ်ပြည်ထောင်အတွက်သာ လောက်င၏။ ထိုအခါ နှစ်ပြည်ထောင် လယ်သမားတို့သည် အချင်းချင်း ညှိနှိုင်းကြ၏။ ကောလိယပြည်က ပျိုးခင်းများအတွက် မြစ်ရေကို တစ်ကြိမ်သွင်းရုံမျှနှင့် ကောက်စပါးများ အောင်မည် ဖြစ်၏။ ထို့ကြောင့် ကောလိယပြည်က လယ်သမားများက ထိုနှစ်အတွက် မြစ်ရေကို သူတို့အား ပေးရန် တင်ပြကြ၏။

ထိုနည်းအတူပင် ကပိလဝတ်ပြည်က လယ်သမားကလည်း ရောဟိဏီ မြစ်ရေကို တစ်ကြိမ်သွင်းရုံမျှနှင့် သူတို့၏ ကောက်စပါးများသည် အောင်မည် ဖြစ်၏။ ထို့ကြောင့် ထိုနှစ်အတွက် မြစ်ရေကို သူတို့သာ လိုချင်၏။ မြစ်ရေကလည်း နှစ်ပြည်ထောင်အတွက် မလောက်။ တစ်ပြည်ထောင် အတွက်သာ လောက်၏။ ထို့ကြောင့် မြစ်ရေကို သူ့ဘက်က ယူမည်၊ ငါ့ဘက်က ယူမည် ဟူ၍ အငြင်းပွားကြ၏။ နှုတ်ဖြင့် အငြင်းပွားရုံမက ကိုယ်ထိလက်ရောက် ကျူးလွန်သည်အထိ ဖြစ်လာ၏။ နောက်ပိုင်း၌ ရေပြဿနာသည် အုပ်ချုပ်သည့် မင်းများအထိ ရောက်လာ၏။ ထိုအခါ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းရန် ရောဟိဏီ သောင်ပြင်သို့ ချီတက်ကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည် နှစ်ပြည်ထောင်မင်းတို့၏ အလယ်၌ သီတင်းသုံးတော်မူပြီးလျှင် အဖိုးမတန်သော၊ ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ အဖိုးတန်လှသော ခတ္တိယမင်းတို့၏ ဘဝကို ဖျက်ဆီးရန် စစ်ခင်းကြရာ၌ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၏ အပြစ်ကို လည်းကောင်း၊ အချင်းချင်း ခိုက်ရန် မဖြစ်ပွားဘဲ စည်းလုံး ညီညွတ်ခြင်း၏ အကျိုးကို လည်းကောင်း ငါးရာ့ငါးဆယ်လာ ဇာတ်တော်များဖြင့် ဟောကြားတော်မူ၏။ ထိုအခါ နှစ်ပြည်ထောင် မင်းတို့သည် စစ်ပြေငြိမ်းကြကုန်၏။

ထို့နောက် မြတ်စွာဘုရား၌ ကြည်ညိုသဒ္ဓါ ပွားကြသဖြင့် နှစ်ပြည်ထောင်မင်းတို့သည် မိမိတို့၏ လက်နက်များကို ပယ်စွန့်ပြီးလျှင် တစ်ပြည်ထောင်လျှင် နှစ်ရာ့ငါးဆယ်စီဖြင့် စုစုပေါင်း မင်းသား ငါးရာတို့ကို မြတ်စွာဘုရားအား ပေးလှူကြကုန်၏။ မြတ်စွာဘုရားသည် မင်းသား ငါးရာတို့ကို ဟေဘိက္ခု ရဟန်းပြုပေးတော်မူ၏။

ရဟန်းငါးရာတို့သည် မိမိတို့၏ ဆန္ဒအလျောက် ရဟန်းပြုကြသည် မဟုတ်၊ မိဘ ဆွေမျိုးစကားကို မဖယ်ရှားလို၍သာ ရဟန်းပြုကြရခြင်း ဖြစ်၏။

ထို့ကြောင့် သူတို့အားလုံးပင် သာသနာတော်၌ မပျော်ပိုက်ကြ။ သာသနာတော်၌ မပျော်ပိုက်ခြင်းမှာ သူတို့သည် သာသနာတော်၌ အလှကို မတွေ့သောကြောင့် ဖြစ်၏။ အမှန်အားဖြင့် အရာရာတိုင်း၌ အလှသည် ရှိ၏။ မကြည့်တတ်၍သာ မမြင်ခြင်း ဖြစ်၏။ မရှိ၍ မမြင်ခြင်း မဟုတ်။ မီးမှာလည်း မီးအလှနှင့် မီး၊ ရေမှာလည်း ရေအလှနှင့် ရေ၊ အားလုံး သူ့အလှနှင့် သူချည်း ဖြစ်၏။ ထို့ကြောင့် အာရုံငါးပါးကို ကာမဂုဏ်ဟူ၍ ခေါ်ခြင်း ဖြစ်၏။ ကာမဂုဏ်၏ အနက်မှာ နှစ်သက်ဖွယ်အစု ဟူ၍ ဖြစ်၏။

အမှန်အားဖြင့် အာရုံငါးပါးကို ကာမဂုဏ်အဖြစ် မြင်သောအခါ, နှစ်သက်ဖွယ် အစု သဘောအရ သာယာဖွယ်ကို တွေ့၏။ သာယာဖွယ်ကို အဿာဒ ဟူ၍ ခေါ်၏။ ကာမဂုဏ်ကိုပင် သင်္ခါရအဖြစ် မြင်သောအခါ ဖြစ်ပျက်သဘောအရ မသာယာဖွယ်ကို တွေ့၏။ မသာယာဖွယ်ကို အာဒီနဝ ဟူ၍ ခေါ်၏။ ကာမဂုဏ်၌ မသာယာဖွယ် အာဒီနဝကို တွေ့မြင်သောအခါ ယင်းမှ လွတ်မြောက်မှုကို ရှာ၏။ လွတ်မြောက်မှုကို နိဿရဏ ဟူ၍ ခေါ်၏။ အမှန်အားဖြင့် သာယာဖွယ် အဿာဒ၊ မသာယာဖွယ် အာဒီနဝ၊ လွတ်မြောက်မှု နိဿရဏတို့သည် သူ့ ရှုထောင့်နှင့် သူ အားလုံး အလှချည်း ဖြစ်ကြ၏။ သို့ရာတွင် လွတ်မြောက်မှု နိဿရဏကို တွေ့မှ ပြည့်စုံသော အလှဖြစ်၏။

ကာမဂုဏ်၌ သာယာဖွယ် အဿာဒ၊ မသာယာဖွယ် အာဒီနဝနှင့် လွတ်မြောက်မှု နိဿရဏကို တွေ့မြင်သောအခါ မြတ်စွာဘုရား သာသနာတော်၌ မည်သူမဆို ပျော်ပိုက်ကြလေပြီ။ သာကီဝင်မင်းသား ရဟန်းငါးရာတို့သည် ကာမဂုဏ်၌ သာယာဖွယ် အဿာဒကိုသာ တွေ့ကြသေး၏။ မသာယာဖွယ် အာဒီနဝနှင့် လွတ်မြောက်မှု နိဿရဏကို မတွေ့ကြသေးချေ။ ထို့ကြောင့် သူတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ မပျော်ပိုက်ကြခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် သာကီဝင် မင်းသား ရဟန်းငါးရာတို့အား ကာမဂုဏ်၌ သာယာဖွယ် အဿာဒကို လည်းကောင်း၊ မသာယာဖွယ် အာဒီနဝကို လည်းကောင်း၊ လွတ်မြောက်မှု နိဿရဏကို လည်းကောင်း ကိုယ်တိုင် ကိုယ်ကျ မြင်ရလေအောင် ဟောကြားတော်မူသောအခါ ရဟန်းငါးရာလုံးပင် ပဋိသမ္ဘိဒါပတ္တ ဆဠာဘိည ရဟန္တာများ ဖြစ်သွားကြလေ၏။ သစ္စာလေးပါးမှ လွတ်သော တရားဒေသနာ ဟူ၍ မရှိသောကြောင့် သာကီဝင်မင်းသား ရဟန်းငါးရာတို့သည် မြတ်စွာဘုရား၏ ဒေသနာတော်၌ သစ္စာလေးပါးကို မြင်၍ ရဟန္တာများ ဖြစ်သွားကြခြင်း ဖြစ်၏။

## အခန်း ( ၂၀ )
## မိထွေးတော် ဂေါတမီနှင့် ဘဝအသိ၊ ဘဝအမြင်

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူစဉ်ကပင် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သောတာပန် ဖြစ်ခဲ့၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အနာဂါမ် ဖြစ်ခဲ့၏။ ထိုစဉ်ကပင် မိထွေးတော်သည် ခန္ဓာငါးပါးကို ဒုက္ခသစ္စာအဖြစ် အမှန်အတိုင်း သိခဲ့၏။ ထို့ကြောင့် မိထွေးတော်သည် ခန္ဓာငါးပါး၌ ငြီးငွေ့လေပြီ။ ဘဝမှ လွတ်မြောက်လိုပေပြီ။ သောတာပန် မဖြစ်မီကဆိုလျှင် မိထွေးတော်သည် ခန္ဓာငါးပါး၌ တွယ်တာလှ၏။ ဘဝ၌ မက်မောလှ၏။ ယခု ထိုသို့ မဟုတ်တော့။ သစ္စဉာဏ်ကို ရခဲ့လေပြီ။

အမှန်အားဖြင့် ဘဝဟူသည် အိပ်မက်သဖွယ်သာ ဖြစ်၏။ အိပ်မက်ထဲ၌ ဖြစ်ချင်သလို ဖြစ်နိုင်၏။ ကောင်းကင်၌လည်း လမ်းလျှောက်နိုင်၏။ ရေထဲ၌လည်း လမ်းလျှောက်နိုင်၏။ ရှင်ဘုရင်လည်း ဖြစ်နိုင်၏။ ထီးတော်မိုးလည်း ဖြစ်နိုင်၏။ သူဌေးလည်း ဖြစ်နိုင်၏။ ဆင်းရဲသားလည်း ဖြစ်နိုင်၏။ ဘာပဲဖြစ်ဖြစ် အိပ်မက်ထဲ၌ ဖြစ်ဖြစ်သမျှသည် မနိုးမီကာလအထိ အားလုံး အမှန်ချည်းသာ ဖြစ်၏။ ကိုယ်တိုင်လည်း ခံစားရ၏။ ကိုယ်တိုင်လည်း တွေ့ကြုံရ၏။ ထို့ကြောင့် အိပ်မက် အတွေ့အကြုံများကို မနိုးမီ အိပ်မက်ကာလအတွင်း၌ အားလုံး အမှန်ချည်းဟူ၍ ယူ၏။ နည်းနည်းမျှ သံသယ မဖြစ်။ နိုးသော အခါမှသာ အိပ်မက် အတွေ့အကြုံများသည် အားလုံး အမှားချည်းဖြစ်ကြောင်း သိလာရ၏။ ထိုနည်းအတူ ပုထုဇဉ်များ၏ ဘဝအတွေ့အကြုံများသည်လည်း အိမ်မက် အတွေ့အကြုံများလို ဖြစ်ချင်သလို ဖြစ်ကြ၏။ အမှန် မဟုတ်။

မိထွေးတော် ဂေါတမီသည် ယခု နိုးလေပြီ။ ပုထုဇဉ်ဘဝက မြင်ခဲ့ရသမျှ၊ ကြားခဲ့ရသမျှ၊ သိခဲ့ရသမျှ၊ ခံစားခဲ့ရသမျှ အားလုံးသည် အရိယသစ္စဉာဏ် အမြင်အရ အိပ်မက်ချည်းသဖွယ် ဖြစ်၏။ တွယ်တာစရာ မဟုတ်သော ခန္ဓာငါးပါးကို

လည်း တွယ်တာစရာအဖြစ် တွယ်တာမိခဲ့၏။ မက်မောစရာ မဟုတ်သော ဘဝကို လည်း မက်မောစရာအဖြစ် မက်မောခဲ့၏။ မိထွေးတော်သည် ယခု အရိယသစ္စ ဉာဏ်ကို ရပြီ။ သောတာပန် ဖြစ်ပြီ။ အိပ်ရာမှ နိုးခဲ့လေပြီ။ ဘဝအပေါ် ပုထုဇဉ် မြင်သလို မမြင်တော့။ ဘဝဟူသည် တွယ်တာစရာ မဟုတ်။ ငြီးငွေ့စရာသာ ဖြစ်၏။

ဘဝဟူသည် သုခ မဟုတ်။ ဒုက္ခသာ ဖြစ်၏။ ဒုက္ခမှ တကယ့် ဒုက္ခ ဖြစ်၏။ တကယ့် ဒုက္ခကိုပင် ပုထုဇဉ်အမြင်အရ သုခဟု မြင်နေခြင်း ဖြစ်၏။ ထို့ကြောင့် ဘဝကို ရှည်လျားသော အိပ်မက်ဟူ၍ ဆိုရခြင်း ဖြစ်၏။ သစ္စာလေးပါး ကို မသိသဖြင့် အဝိဇ္ဇာ တည်းဟူသော အိပ်ပျော်ခြင်းမှ သစ္စာလေးပါးကို သိသဖြင့် ဝိဇ္ဇာတည်းဟူသော နိုးကြားခြင်းသို့ မရောက်မီ ကာလအထိတော့ ပုထုဇဉ်များ အတွက် ဘဝဟူသည် နှစ်သက်မြတ်နိုးစရာ အဖြစ်ဖြင့်သာ ရှိနေပေဦးတော့မည်။

လက်တွေ့အားဖြင့် နံနက်မိုးလင်း၍ အိပ်ရာမှ ထလိုက်သည်နှင့် တစ်ပြိုင် နက် မျက်နှာသစ်ရ၏။ အပေါ့အပါး သွားရ၏။ အစာအာဟာရ စားရ၏။ ညောင်းလျှင် လမ်းလျှောက်ရ၏။ ဖျားလျှင် ဆေးကုရ၏။ ညစ်ပတ်လျှင် ရေချိုး ရ၏။ အချိန်ရှိသရွေ့ ကာလပတ်လုံး ခန္ဓာကိုယ်၏ အလုပ်များကို မနားတမ်း လုပ်နေရ၏။ ခန္ဓာကိုယ်ကို ပြုပြင်နေရ၏။ ခန္ဓာကိုယ် ချမ်းသာအောင် ဆောင် ရွက်နေရ၏။ အားလုံး ခန္ဓာကိုယ်၏ အလုပ်များသာ ဖြစ်ကြ၏။ နားရသည် ဟူ၍ မရှိ။ ခန္ဓာကိုယ် ချမ်းသာဖို့အတွက် အလုပ်ကို တစ်ခုမဟုတ် တစ်ခု လုပ်နေ ရ၏။ ခန္ဓာကိုယ်ကလည်း အလုပ်ကို တစ်ခုမဟုတ် တစ်ခု ခိုင်းနေသည်သာ ဖြစ်၏။

ဤသည်များမှာ ခန္ဓာကိုယ်က ပေးသော ဒုက္ခဖြစ်၏။ သို့ပါလျက် သတ္တဝါ တို့သည် ခန္ဓာကိုယ်က ခိုင်းတိုင်း ခန္ဓာကိုယ် ကျေနပ်အောင် လုပ်ပေးနေရခြင်းကို ပင် ကျေနပ်စရာအဖြစ် မှတ်ထင်နေကြ၏။ ခန္ဓာကိုယ်က "ဒုက္ခပေးနိုင်ရန်ကော" ဟူ၍ ခန္ဓာကိုယ်အပေါ် မုန်းတီးခြင်း မရှိ။ ခန္ဓာကိုယ်အပေါ် မြတ်နိုးခြင်းသာ ရှိပါ၏။ ခန္ဓာကိုယ်အပေါ် မုန်းတီးခြင်း မရှိသေးသရွေ့ ကာလပတ်လုံး ခန္ဓာကိုယ် ကို ဒုက္ခအဖြစ် မမြင်နိုင်။ ခန္ဓာကိုယ်ကို ဒုက္ခအဖြစ် မမြင်သရွေ့ ကာလပတ်လုံး ဒုက္ခသစ္စာကို ပိုင်းခြားသိရန် မဖြစ်နိုင်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ မသိသမျှ ကာလပတ်လုံး အရိယာဖြစ်ဖို့ လမ်းမရှိ။ မိထွေးတော် မဟာပဇာပတိ ဂေါတမီ ကား ခန္ဓာကိုယ်၌ ငြီးငွေ့ပြီး ခန္ဓာကိုယ်ကို ဒုက္ခအဖြစ် မြင်ပြီ။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီ။

သို့ရာတွင် မိထွေးတော် မဟာပဇာပတိ ဂေါတမီ ခန္ဓာကိုယ်ကို ပိုင်းခြား၍

သိသည် ဆိုပါသော်လည်း သူမ၏ အသိသည် မပြည့်စုံသေး။ အဆင့်နိမ့်သေး၏။ သောတာပန် အသိမျှသာ ရှိ၏။ ထို့ကြောင့် မဟာပဇာပတိ ဂေါတမီသည် ပြည့်စုံသော အသိကို ရချင်၏။ ပြည့်စုံသော အသိဟူသည်မှာ အရဟတ္တမဂ်ဉာဏ် ဖြစ်၏။ အရဟတ္တမဂ်ဉာဏ်ကို ရလျှင် ခဏမခြားဘဲ အရဟတ္တဖိုလ်ဉာဏ်ကို ရမည် ဖြစ်၏။ အရဟတ္တဖိုလ်ဉာဏ်ကို ရလျှင် ရဟန္တာမ ဖြစ်မည် ဖြစ်၏။ ရဟန္တာမ ဖြစ်လျှင် ဘဝမှ လွတ်မြောက်ပြီ။ နောက်တစ်ကြိမ် ပဋိသန္ဓေနေရခြင်း မရှိပြီ။ မဟာပဇာပတိဂေါတမီသည် ရဟန္တာမ ဖြစ်သွားလျှင် နောက်တစ်ကြိမ် ပဋိသန္ဓေ နေရခြင်း မရှိတော့သဖြင့် ခန္ဓာကိုယ်က သူမကို မခိုင်းနိုင်တော့။ ခန္ဓာကိုယ်၏ တာဝန်များအားလုံးမှ လွတ်မြောက်လေပြီ။ ထိုအခါ မိထွေးတော်သည် ငြိမ်းချမ်းခြင်း သန္တိသုခကို ရမည် ဖြစ်၏။

အမှန်အားဖြင့် သန္တိသုခမှသာ တကယ့် သုခဖြစ်၏။ သန္တိသုခ၏ နောက်ကွယ်၌ သောကလည်း မရှိ။ ပရိဒေဝလည်း မရှိ။ ထို့ကြောင့် တကယ်တမ်း ငြိမ်းချမ်းခြင်း ဖြစ်၏။ ပုထုဇဉ်ဘဝ အိပ်မက်ကာလအတွင်းက ဘဝနှင့် ပတ်သက်၍ ခံစားမှု ချမ်းသာသုခကို ရသည်ပင် ဖြစ်၏။ သို့ရာတွင် ထိုချမ်းသာသုခကား ခံစားမှု ဝေဒယိတ သုခသာ ဖြစ်၏။ ငြိမ်းချမ်းမှု သန္တိသုခ မဟုတ်။ ဝေဒယိတ သုခ၏ နောက်ကွယ်၌ သောကသည် ရှိ၏။ ပရိဒေဝသည် ရှိ၏။ ထို့ကြောင့် ဝေဒယိတ သုခကို ငြိမ်းချမ်းသောသုခ မဟုတ်ဟူ၍ ဆိုရ၏။

မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ ဒေသနာတော်ကို နာကြားရသဖြင့် သောတာပန် ဖြစ်သွားပြီးနောက် အရဟတ္တမဂ်ကို ရ၍ ရဟန္တာမ ဖြစ်ချင်၏။ အရဟတ္တမဂ်ကို ရရန် တရားအားထုတ်နေရာ၌ မဟာပဇာပတိ ဂေါတမီသည် သူမ၏ ပါရမီတော်အရ သင်္ကန်းဝတ်ဖြင့် အားထုတ်ချင်၏။ ထို အချိန်က မြတ်စွာဘုရား၏ တပည့်သား၊ သာဝကများကို ကြည့်လိုက်လျှင် အားလုံး သင်္ကန်းဝတ် ရဟန်းယောကျ်ားချည်းသာ ဖြစ်၏။ အမျိုးသမီး သင်္ကန်းဝတ် မိန်းမဟူ၍ တစ်ယောက်မျှ မတွေ့ရ။ သို့ရာတွင် မဟာပဇာပတိ ဂေါတမီသည် သူမ၏ ဉာဏ်အင်အားကို သိ၏။ သူမ၏ ဉာဏ်သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်စွမ်း ရှိ၏။

အမှန်အားဖြင့် မဟာပဇာပတိ ဂေါတမီသည် ပဒုမုတ္တရ မြတ်စွာဘုရားထံမှ ရတ္တညူတေဒဂ် ဗျာဒိတ်တော်ရပြီးသူ ဖြစ်၏။ မိထွေးတော်သည် ပါရမီတော်များ၏ နှိုးဆော်မှုကြောင့် သင်္ကန်းဝတ်လိုခြင်း ဖြစ်၏။ မိထွေးတော်၏ အမြင်အရ အမျိုးသားများသာ သင်္ကန်းဝတ်ခွင့် ရသင့်သည် မဟုတ်၊ အမျိုးသမီးများသည်လည်း ပါရမီတော်အရ သင်္ကန်းဝတ်ခွင့်ကို ရသင့်သည်ပင် ဖြစ်၏။

ဤသို့ မဟာပဇာပတိ ဂေါတမီက တွေး၏။ သားတော် နန္ဒမင်းသားသည်လည်း သူမ၏ မျက်စိအောက်၌ပင် သင်္ကန်းဝတ်သွား၏။ မြေးတော် ရာဟုလာ မင်းသားသည်လည်း သူမ၏ မျက်စိအောက်၌ပင် သင်္ကန်းဝတ်သွား၏။ သူမ၏ အမြင်အရ အမျိုးသားများ သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သလို အမျိုးသမီးများသည်လည်း သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ပါက အမျိုးသားများလိုပင် အမျိုးသမီးများသည်လည်း သင်္ကန်းဝတ်ခွင့် ရှိသင့်ပါ၏။

ထိုအချိန်က မြတ်စွာဘုရား၏ သာသနာတော်၌ အမျိုးသားများသာ သင်္ကန်းဝတ်နှင့် ရှိကြသေး၏။ အမျိုးသမီးများအနေဖြင့် သင်္ကန်းဝတ်နှင့် မရှိကြသေး။ သို့ရာတွင် အမျိုးသမီးများ အနေဖြင့်လည်း သင်္ကန်းဝတ်ခွင့် ရှိသင့်ပါက မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ သာသနာတော်၌ သင်္ကန်းဝတ်ပြီး ရဟန်းမ အဖြစ်ဖြင့် မြတ်သောအကျင့် "ဗြဟ္မစရိယ"ကို ကျင့်ကြံရန် ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ရန် မဟာပဇာပတိ ဂေါတမီသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့ သွားလေ၏။ နိဂြောဓာရုံ ကျောင်း၌ မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ မိထွေးတော် မဟာပဇာ ပတိ ဂေါတမီသည် အမျိုးသားများကို မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းဝတ်ခွင့် ပြုသလို အမျိုးသမီးများကိုလည်း မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းဝတ်ခွင့် ပြုတော်မူပါရန် မြတ်စွာ ဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက မိထွေးတော်၏ လျှောက်ထားချက်ကို ပယ်မြစ် တော်မူ၏။ မိထွေးတော်ကလည်း အားမလျှော့။ သုံးကြိမ်တိုင်တိုင် တောင်းပန် လျှောက်ထား၏။ မြတ်စွာဘုရားကလည်း သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူ၏။ ထိုအခါမှ မိထွေးတော်သည် လက်လျှော့ကာ နန်းတော်သို့ ပြန်ခဲ့လေ၏။

လောကုတ္တရာ ရေးရာ၌ပင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးကို မရနိုင်တကားဟု သဘောပေါက်ပြီး မိထွေးတော် သည် ဘဝကို နားလည်လာသည်။ ဘဝကို နားလည်ခြင်းသည် ကံနှင့် ကံ၏ အကျိုးကို နားလည်ခြင်းပင် ဖြစ်၏။ ကံနှင့် ကံ၏ အကျိုးကို နားလည်လျှင် အခွင့်အရေးကိုလည်း နားလည်၏။ အခွင့်အရေးကို နားလည်လျှင် "ငါသာ အနစ်နာအခံဆုံး၊ ငါသာ ကျေးဇူးအများဆုံး။ ထို့ကြောင့် အခွင့်အရေးနှင့် ပတ်သက်၍ ရခြင်းရလျှင် ငါသာ အရထိုက်ဆုံး" ဟူသော ခံယူချက်များ ပေါ်မလာ တော့။

အမှန်အားဖြင့် ထိုခံယူချက်မျိုးသည် "ပပဉ္စ"အမြင်ဖြင့် ကြည့်ပါမှ မြင်

ရသော ခံယူချက်မျိုး ဖြစ်၏။ ပပဉ္စအမြင် ဟူသည်မှာ တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင် ဖြစ်၏။ မိထွေးတော်ကား လောကဖြစ်စဉ်များအပေါ် သမ္မာဒိဋ္ဌိ အမြင်ဖြင့်သာ ကြည့်သူဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားအပေါ် မိမိသည် အနစ်နာအခံဆုံး၊ မြတ်စွာဘုရားအပေါ် မိမိသည် ကျေးဇူးအများဆုံး၊ သို့ဖြစ်၍ မိမိတောင်းသော အခွင့်အရေးကို မြတ်စွာဘုရားထံမှ မိမိသာ အရထိုက်ဆုံး ဟူသော အမြင်ကို မိထွေးတော် ဂေါတမီအနေဖြင့် မမြင်ခြင်း ဖြစ်၏။

အမျိုးသမီးများ အနေဖြင့် မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုခွင့် ပေးပါရန် မြတ်စွာဘုရားအား တောင်းဆိုခြင်းသည် တောင်းထိုက်သော အခွင့်အရေးလည်း ဖြစ်၏။ ရထိုက်သော အခွင့်အရေးလည်း ဖြစ်၏။ သို့ပါလျက် မြတ်စွာဘုရားက မိထွေးတော်အား ထိုအခွင့်အရေးကို မပေးခြင်းသည် အချိန်လိုသေး၍သာ ဖြစ်မည်။ အခြား အကြောင်းထူး ဟူ၍ မရှိနိုင်ဟု မိထွေးတော်က ယုံကြည်၏။ အမှန်အားဖြင့် သူတစ်ပါး၏ ကျေးဇူးကို သိရာ၌ မြတ်စွာဘုရားသည် အနှိုင်းမဲ့ပင် ဖြစ်၏။ ထို့ကြောင့် အချိန်ကျသောနေ့တွင် ထိုအခွင့်အရေးကို မြတ်စွာဘုရားထံမှ ရမည် ဟူ၍လည်း မိထွေးတော်က ယုံကြည်၏။ ထိုယုံကြည်ချက်အတိုင်းပင် အချိန်အခါနှင့် အခြေအနေကို မိထွေးတော်သည် ကပိလဝတ် နန်းတော်ကပင် စောင့်လျက် နေလေ၏။

ဣဒ္ဓိပါဒ်ဒေသနာတော်အရ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆန္ဒလည်း တကယ်ရှိမည်၊ ကြိုးစားမှုလည်း ရှိမည်၊ စိတ်ဓာတ်လည်း ခိုင်မာမည်၊ အမြော်အမြင်လည်း ရှိမည်ဆိုပါလျှင် ထိုလုပ်ငန်းသည် အောင်မြင်မည်သာ ဖြစ်၏။ ဣဒ္ဓိပါဒ် လေးပါးလုံးပင် မိထွေးတော်၌ ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်တွင်းသို့ ဝင်ရောက်၍ အမျိုးသမီးများအား ရဟန်းပြုခွင့်ပေးပါရန် မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ တောင်းဆိုချက်သည် မုချမသွေ ရမည့် တောင်းဆိုချက်သာ ဖြစ်ပါ၏။

ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် သာကီဝင်မင်းတို့ စစ်ခင်းခါနီးတွင် မြတ်စွာဘုရား ကြွသွားတော်မူ၏။ ငြိမ်းချမ်းရေး တရားဒေသနာတော်ကို ဟောကြားခြင်းဖြင့် နှစ်ပြည်ထောင် ငြိမ်းအေးပြီး မိဘဆွေမျိုးတို့၏ ဆန္ဒအရ တစ်ပြည်ထောင်လျှင် နှစ်ရာ့ငါးဆယ်ဖြင့် စုစုပေါင်း သာကီဝင် ငါးရာတို့သည် မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရဟန်းပြုကြ၏။ အားလုံး ပဋိသမ္ဘိဒါပတ္တ ဆဋ္ဌာဘိည ရဟန္တာချည်း ဖြစ်သွားကြလေ၏။ ထိုအခါ သာကီဝင် မင်းသား ငါးရာတို့၏ ဇနီးများဖြစ်သော သာကီဝင် မင်းသမီး ငါးရာတို့သည်လည်း မြတ်စွာဘုရား၏ သာသနာတွင်းသို့

ဝင်ရောက်၍ ရှင်ရဟန်းပြုကြရန် ဆုံးဖြတ်ကြလေ၏။ သို့ရာတွင် သာကီဝင် မင်းသမီး ငါးရာတို့သည် သူတို့ချည်း စွမ်းဆောင်နိုင်သော ကိစ္စ မဟုတ်သဖြင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီထံ သွားရောက်၍ မြတ်ဘုရားထံမှ ရှင်ရဟန်း ဝတ်ခွင့်ရအောင် တောင်းပေးပါရန် လျှောက်ထားကြ၏။

မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သာကီဝင် မင်းသမီးငါးရာတို့၏ လျှောက်ထားချက်ကို လက်ခံလိုက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတော်၌ ပဥ္စမ ဝါကပ်တော်မူ၏။ မိထွေးတော်သည် အမျိုးသမီးများအနေဖြင့် မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်း ဝတ်ခွင့်ပြုပါရန် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရားအား လျှောက်ထား တောင်းဆိုခဲ့သော်လည်း မရခဲ့ကြောင်းကို သာကီဝင်မင်းသမီး ငါးရာတို့သည်လည်း အသိပင် ဖြစ်၏။ သို့ပါလျက် သာကီဝင် မင်းသမီး ငါးရာတို့က ယခု မိထွေးတော်အား တိုက်တွန်းကြပြန်၏။ တောင်းပန်ကြပြန်၏။ သာကီဝင်မင်းသမီး ငါးရာတို့အတွက် မိထွေးတော် မဟာပဇာပတိ ဂေါတမီမှတစ်ပါး တခြား အားကိုးစရာ မရှိပြီ။ ထို့ကြောင့် မိထွေးတော်သည် သာကီဝင်မင်းသမီး ငါးရာတို့၏ အားကိုးစရာအဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

မိထွေးတော်သည် ဆတ္တာသည်ကို နန်းတွင်းသို့ ခေါ်၍ အားလုံး ခေါင်းတုံး ရိတ်လိုက်၏။ မြတ်စွာဘုရားကို ရည်မှန်း၍ ဖန်ရည်စွန်းသော အဝတ်ဖြင့် ရဟန်းမ အသွင်ကို ယူလိုက်ကြ၏။ မိထွေးတော်၏ ဆုံးဖြတ်ချက်ကား ပြတ်သား၏။ နောက်ပြန်ဆုတ်၍ မရသော ဆုံးဖြတ်ချက် ဖြစ်၏။ ကပိလဝတ်နှင့် ဝေသာလီ (၅၁) ယူဇနာ ဝေး၏။ သူတို့သည် မြတ်စွာဘုရားကို ရှိသေသောအားဖြင့် ယာဉ်မစီးဘဲ ကပိလဝတ်မှ ဝေသာလီ (၅၁) ယူဇနာ ခရီးကို ခြေကျင်သွားကြ၏။ မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ရဟန်းမအဖြစ် ရလိုသော သူတို့၏ ဆန္ဒကား အံ့ဖွယ်ရှိပါ၏။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုသော သူတို့၏ သဒ္ဓါတရားကား ကြက်သီးထဖွယ် ဖြစ်ပါ၏။ မြတ်စွာဘုရားသည် ပဥ္စမဝါအဖြစ် သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက် တံခါးမုခ်သို့ ရောက်သောအခါ သူတို့၏ ခြေများသည် ဖူးဖူးရောင်လျက် ရှိကြ၏။ သူတို့၏ ခန္ဓာကိုယ်တို့သည် မြူအလိမ်းလိမ်း ကပ်လျက် ရှိကြ၏။ သူတို့၏ မျက်နှာတို့သည် အသွယ်သွယ် စီးသော မျက်ရည်တို့ဖြင့် ပြည့်လျက် ရှိကြ၏။ သို့ရာတွင် သူတို့သည် ကျောင်းတိုက်အတွင်းသို့ မဝင်ဝံ့ကြ။ ကျောင်းတိုက်၏ အပြင်ဘက်၌သာ နေကြလေ၏။

ထိုအကြောင်းကို ရှင်အာနန္ဒာကြားလျှင် ကျောင်းတိုက်အပြင်သို့ ထွက်လာပြီး မိထွေးတော်နှင့်တကွ သာကီဝင်မင်းသမီးများကို နှုတ်ဆက်စကား ဆို၏။ နှစ်သိမ့်စကားကို ပြော၏။ ထို့နောက် ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံတော်သို့ သွား၍ မဟာပဇာပတိ ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီး ငါးရာတို့နှင့် ပတ်သက်ပြီး အခြေအနေ အရပ်ရပ်ကို လျှောက်ထား၍ သူတို့အား ရှင်ရဟန်းမ ဝတ်ခွင့်ပြုပါရန် လျှောက်ထား၏။ မြတ်စွာဘုရားက ပယ်၏။ ရှင်အာနန္ဒာက အကြိမ်ကြိမ် လျှောက်ထား၏။ မြတ်စွာဘုရားက အကြိမ်ကြိမ် ပယ်၏။ နောက်ဆုံးမှ မြတ်စွာဘုရားက ခွင့်ပြုလိုက်၏။ ရှင်အာနန္ဒာ၏ ကျေးဇူးကြောင့် ဘိက္ခုနီမ သာသနာသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်၌ မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်းသမီး ငါးရာတို့မှ စ ခဲ့ပါ၏။

## အခန်း ( ၂၁ )

## အတ္တဝါဒ (သို့မဟုတ်) သစ္စက၏ ကျဆုံးခန်း

မြတ်စွာဘုရား ပွင့်တော်မမူမီ ခေတ်အဆက်ဆက်က မဇ္ဈိမဒေသတွင် အတ္တဝါဒ သည် ကြီးစိုးလျက် ရှိ၏။ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် အနတ္တဝါဒကို ထုတ်ဖော် ဟောကြားတော်မူလိုက်သောအခါ မဇ္ဈိမဒေသသည် ပြင်းစွာ တုန်လှုပ် သွား၏။ ထိုသို့ တုန်လှုပ်သူများတွင် သစ္စကသည် တစ်ယောက် အပါအဝင် ဖြစ်၏။ အမှန်အားဖြင့် သစ္စကသည် မြတ်စွာဘုရား၏ အနတ္တဝါဒနှင့် ပတ်သက် ၍ ခြေခြေမြစ်မြစ် သိသူ မဟုတ်။ ခြေခြေမြစ်မြစ် မသိရုံမက တစ်စုံတစ်ရာ လေ့လာဖူးခြင်းလည်း မရှိချေ။ သို့ပါလျက် သစ္စကသည် အခြားဝါဒရေးရာ ပညာရှင်များနှင့် ရော၍ တုန်လှုပ်ခြင်း ဖြစ်၏။ တုန်လှုပ်သည် ဆိုသော်လည်း သစ္စကသည် သူ့ကိုယ်သူ ယုံကြည်ချက်အပြည့် ရှိ၏။ "တစ်နေ့တော့ ရှင်ဂေါတမ နဲ့ တွေ့ကြသေးတာပေါ့"ဟူ၍သာ သစ္စကသည် စိတ်ထဲက တေးထားလေ၏။

သစ္စကသည် မျိုးရိုးအားဖြင့် ပညာရှင် မျိုးရိုးမှ ဆင်းသက်သူ ဖြစ်၏။ သစ္စက၏ ဖခင်နှင့် မိခင် နှစ်ဦးလုံးပင် ပညာရှင်များ ဖြစ်ကြ၏။ သစ္စက၏ ဖခင်သည် ဝါဒ ငါးရာ၌ ပါရဂူမြောက် ကျွမ်းကျင်သူ ဖြစ်၏။ ထိုနည်းအတူပင် သစ္စက၏ မိခင်သည်လည်း ဝါဒ ငါးရာ၌ ပါရဂူမြောက် ကျွမ်းကျင်သူ ဖြစ်၏။ သစ္စကကား ဖခင်၏ ဝါဒငါးရာနှင့် မိခင်၏ ဝါဒငါးရာ၊ စုစုပေါင်း ဝါဒ တစ်ထောင် တို့၌ ပါရဂူမြောက် ကျွမ်းကျင်သူ ဖြစ်၏။ ဝါဒ တစ်ထောင်လုံးပင် အတ္တအပေါ် အခြေခံ၍ တည်ဆောက်ထားသော အတ္တဝါဒချည်းသာ ဖြစ်လေ၏။ သစ္စကတွင် အစ်မလေးယောက် ရှိကြသေး၏။ အစ်မလေးယောက်တို့သည်လည်း မိဘအမွေအနှစ်ဖြစ်သော ဝါဒတစ်ထောင်တို့၌ ပါရဂူမြောက် ကျွမ်းကျင်သူများ ဖြစ်ကြ၏။ သို့ရာတွင် မောင်အငယ်ဆုံးဖြစ်သော သစ္စကကား အစ်မလေးယောက် တို့ထက် ပို၍ တော်၏။ ပို၍လည်း တတ်၏။ သစ္စကသည် ဝါဒတစ်ထောင်တို့၌ သာမက အခြားသော သာသနာပ အတ္တဝါဒများ၌ပါ နှံ့စပ်ကျေပွန်သူ ဖြစ်၏။

ထို့ကြောင့် သစ္စကသည် ဝါဒရေးရာနှင့် ပတ်သက်လျှင် မာနတံခွန်ထူခြင်း ဖြစ်၏။ ထူမည် ဆိုလျှင်လည်း ထူလောက်ပါ၏။

သစ္စက၏ မိဘနှစ်ဦးမှာ ပရိဗိုဇ်များ ဖြစ်ကြ၏။ ထိုခေတ်က ပရိဗိုဇ်များမှာ သစ္စာတရားကို ရှာဖွေနေသော သူတော်စင်များ ဖြစ်ကြ၏။ ထို့ကြောင့် ပရိဗိုဇ်တို့သည် အိမ်ထောင်မပြုကြဘဲ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ လှည့်လည်သွားလာကာ ဒါယကာတို့ထံမှ ပစ္စည်းဝတ္ထုများကို အလှူခံ စားသောက်ရင်း ခြေသလုံးအိမ်တိုင် နေထိုင်သူများ ဖြစ်ကြ၏။ အမှန်အားဖြင့် ပရိဗိုဇ်များသည် ထိုခေတ်က ဒဿနပညာရှင်များပင် ဖြစ်ကြ၏။ သို့ရာတွင် အချို့သော ပရိဗိုဇ်များက အိမ်ထောင်ပြုကြသေး၏။ သစ္စက၏ မိဘနှစ်ဦးမှာ အိမ်ထောင်ပြုသော ပရိဗိုဇ်များ ဖြစ်ကြ၏။ သစ္စက၏ မိဘနှစ်ဦးလုံးသည် ဝေသာလီ ဇာတိ မဟုတ်။ အခြားအရပ်ဒေသမှ ဝေသာလီသို့ ရောက်လာပြီး လိစ္ဆဝီမင်းသားတို့၏ ကိုးကွယ်အားထားရာ ပါမောက္ခ ဖြစ်လာကြသူများ ဖြစ်ကြ၏။ ထို့အပြင် လိစ္ဆဝီမင်းသားတို့၏ စီမံဖန်တီးမှုကြောင့် အိမ်ထောင်ရှင်ဘဝသို့ ရောက်လာကြသူများလည်း ဖြစ်ကြ၏။

မိဘနှစ်ဦးလုံးက ပညာဖြင့် အသက်မွေးသော ပရိဗိုဇ်များ ဖြစ်ကြသည့်အလျောက် သစ္စကတို့ မောင်နှမ ငါးဦးလုံးပင် ပညာဖြင့် အသက်မွေးသော ပရိဗိုဇ်များ ဖြစ်ကြ၏။ သူတို့သည် အိမ်ရာတည်ထောင်သော ပရိဗိုဇ်အုပ်စုၩ ပါဝင်၏။ အစ်မလေးယောက်တို့သည် မိမိတို့၏ ဝါဒတစ်ထောင်ကို စွဲကိုင်ကာ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ လှည့်လည်ရင်း ထိုခေတ် ပညာရှင်တို့၏ ဓလေ့အတိုင်း အခြား ပညာရှင်များနှင့် ဝါဒပြိုင်ရင်း သစ္စာကို ရှာဖွေကြလေ၏။ နောက်ဆုံး၌ သစ္စက၏ အစ်မလေးယောက်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရှင်သာရိပုတ္တရာနှင့် ဝါဒပြိုင်ကြလေရာ ပရိဗိုဇ်မ လေးယောက်တို့ ရှုံးကြ၏။ ထို့နောက် ဥပ္ပလဝဏ်ထေရီမထံ၌ "ရဟန်းမ" ပြုပြီး တရားအားထုတ်သောအခါ ပရိဗိုဇ်မလေးဦးစလုံးပင် အရဟတ္တဖိုလ်သို့ ရောက်ကြ၏။ ထိုအခါမှသာ သူတို့သည် အမှန်ဆုံး အရိယသစ္စာကို တွေ့မြင်ကြပြီး အချမ်းသာဆုံး သန္တိသုခကို ရကြလေ၏။

မောင်ဖြစ်သူ သစ္စကကား အစ်မများလို ဒေသတစ်ခုမှ ဒေသတစ်ခုသို့ လှည့်လည်သွားလာခြင်း မပြုဘဲ ဝေသာလီပြည်၌ပင် အခြေစိုက် နေထိုင်ကာ လိစ္ဆဝီမင်းသားတို့အား ဝါဒရေးရာများကို သင်ကြား ပို့ချလျက် ရှိ၏။ လိစ္ဆဝီမင်းသားတို့ကလည်း ဆရာသစ္စက အပေါ်၌ လေးစားကြပါ၏။ သစ္စကသည် လိစ္ဆဝီမင်းသားတို့အား အတ္တနှင့် ပတ်သက်၍ ပုဂ္ဂိုလ် အတ္တကိုလည်း သင်ပေး၏။

မိသားစု အတွက်ကိုလည်း သင်ပေး၏။ လူမျိုးအတွက်ကိုလည်း သင်ပေး၏။ နိုင်ငံတော် အတွက်ကိုလည်း သင်ပေး၏။ ထိုအခါ လိစ္ဆဝီတို့သည် ငါမှ ငါ၊ ငါ့မိသားစုမှ မိသားစု၊ ငါ့လူမျိုးမှ လူမျိုး၊ ငါ့နိုင်ငံမှ ငါ့နိုင်ငံ ဟူ၍ မှတ်ယူလာကြ၏။

သစ္စက၏ အတ္တဝါဒကြောင့် လိစ္ဆဝီတို့သည် မိမိကိုယ်ကို ပို၍ မြတ်နိုးလာကြ၏။ ပို၍ တန်ဖိုးထား လာကြ၏။ မိမိတို့၏ မိသားစုကို ပို၍ မြတ်နိုးလာကြ၏။ ပို၍ တန်ဖိုးထား လာကြ၏။ မိမိ၏ လူမျိုးကို ပို၍ မြတ်နိုးလာကြ၏။ ပို၍ တန်ဖိုးထားလာကြ၏။ မိမိ၏ နိုင်ငံကို ပို၍ မြတ်နိုးလာကြ၏။ ပို၍ တန်ဖိုးထားလာကြ၏။ ထိုအခါ ဝေသာလီနိုင်ငံသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေး စသော ရေးရာ အဖြာဖြာတို့၌ ကျစ်လျစ်လာ၏။ သိပ်သည်းလာ၏။ ထို့ကြောင့် ဝေသာလီနိုင်ငံသည် ထိုခေတ်က ရှေ့တန်းနိုင်ငံ တစ်နိုင်ငံ ဖြစ်နေခြင်း ဖြစ်၏။ ထို့ကြောင့်လည်း လိစ္ဆဝီမင်းသားတို့သည် သစ္စကကို လေးစားကြခြင်း ဖြစ်၏။ အမှန်အားဖြင့် တပည့်ကောင်းလျှင် ဆရာကောင်း ရှိ၍သာ ဖြစ်လေ၏။

လိစ္ဆဝီမင်းသားတို့သည် နိုင်ငံတော် ကြီးပွားရေးနှင့် ပတ်သက်၍ ဝေဒယိတ သုခအမြင်အရ သစ္စကကို ဆရာအဖြစ် ရခြင်းသည် ကောင်းသော ရခြင်းပင် ဖြစ်၏။ သစ္စက၏ ဝါဒသည် အတ္တဝါဒပင် ဖြစ်၏။ ထို့ကြောင့် သန္တိသုခအမြင်ဖြင့် ဆိုရလျှင် သစ္စက၏ ဝါဒသည် မကောင်းသော ဝါဒ ဖြစ်၏။ ဤဝါဒကြောင့်ပင် သစ္စကသည် မြတ်စွာဘုရားနှင့် တွေ့၍ မြတ်စွာဘုရားထံမှ မဟာသစ္စကသုတ်နှင့် စူဠသစ္စကသုတ်၊ ပေါင်း သစ္စကသုတ် နှစ်သုတ်တို့ကို ကြားနာရပါလျက် မဂ်ဖိုလ်ကိုလည်း မရ၊ ရဟန်းလည်း မပြု၊ အယုတ်ဆုံးအားဖြင့် သရဏဂုံကိုမျှပင် မဆောက်တည်နိုင်ခြင်း ဖြစ်၏။

သို့ရာတွင် အတ္တဝါဒသည် မဂ်ဖိုလ်ကို တားမြစ်သော်လည်း နတ်ရွာ သုဂတိမူ မတားမြစ်ချေ။ ထို့ကြောင့် သစ္စကသည် သူ ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်သွားရခြင်း ဖြစ်လေ၏။

သစ္စက၏ ဝါဒသည် အတ္တဝါဒဖြစ်သည် မှန်၏။ သို့ရာတွင် သူသည် သူ၏ အတ္တဝါဒကို အကျင့်စရဏဖြင့် ထိန်း၏။ သစ္စကသည် ပရိဗိုဇ်ဖြစ်သည့် အလျောက် သူ့၌ ကောင်းမွန်သော ကိုယ်ကျင့်တရား ရှိ၏။ ထို့ကြောင့် သစ္စကသည် သူ၏ ကောင်းမွန်သော ကိုယ်ကျင့်တရားအပေါ် အခြေတည်၍ သူ၏ အတ္တဝါဒကို ဝေသာလီပြည် လိစ္ဆဝီမင်းတို့အား သင်ကြားပေးခြင်း ဖြစ်၏။ လိစ္ဆဝီမင်းတို့သည်လည်း ကိုယ်ကျင့်တရားနှင့် ယှဉ်သော အတ္တဝါဒကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မြတ်နိုးသော စိတ်ဖြင့် နိုင်ငံတော် တိုးတက်သည်ထက် တိုးတက်အောင် အားထုတ်ကြပါသော်လည်း အခြားနိုင်ငံတော်များနှင့် အခြားလူမျိုးများ

ကို ရန်မပြုကြခြင်း ဖြစ်၏။ မကျူးကျော်ကြခြင်း ဖြစ်၏။ မထိမဲ့မြင် မပြုကြခြင်း ဖြစ်၏။ အမှန်အားဖြင့် ကိုယ်ကျင့်တရားနှင့် ယှဉ်သော အတ္တဝါဒသည်ချာန် အဘိညာဉ်ကိုပင် မတားမြစ်သဖြင့် သန္တိသုခ အမြင်အရ မကောင်းစေကာမူ ဝေဒယိတ သုခအမြင်အရ ကောင်းပါ၏။ သူ့အမြင်နှင့် သူ့အကောင်းပင် ဖြစ်၏။

ထိုစဉ်အခါက မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ တစ်ခုသော နံနက်ခင်းတွင် ရှင်အဿဇိသည် ဝေသာလီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ သစ္စက ပရိဗိုဇ်သည် ရှင်အဿဇိသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ဝါဒကို မေးရာ ရှင်အဿဇိက မြတ်စွာဘုရား၏ ဝါဒသည် အနတ္တဝါဒဖြစ်ကြောင်း ပြန်လည်မိန့်ကြားလိုက်၏။

ထိုအခါ အတ္တဝါဒ၌ သက်ဝင်ယုံကြည်သော သစ္စကသည် သူ၏ အတ္တဝါဒကို မြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာဘုရား၏ အနတ္တဝါဒကို ချေဖျက်ရန် တပည့် လိစ္ဆဝီမင်းသား ငါးရာ ခြံရံလျက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်သို့ သွား၏။ ဝါဒရေးရာ၌ စိတ်ဝင်စားကြသော ဝေသာလီပြည်သားများသည်လည်း သစ္စက၏ နောက်က လိုက်သွားကြ၏။ သစ္စက က မှ သူနိုင်မည်ဟူ၍ ယုံကြည်ထား၏။ ယုံကြည်မည်ဆိုလျှင်လည်း ယုံကြည်စရာပင်။ ထိုစဉ်က မဇ္ဈိမဒေသ တစ်ခုလုံးသည် အတ္တဝါဒီချည်း ဖြစ်ကြ၏။

သစ္စက လာမည်မှန်း သိသဖြင့် မြတ်စွာဘုရားသည် ကြိုတင်၍ စောင့်နေ၏။ အမှန်အားဖြင့် သစ္စကသည် မြတ်စွာဘုရား ဆုံးမတော်မူမှ အမြင်မှန်ကို ရနိုင်မည့်သူ ဗုဒ္ဓဝေနေယျ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက သစ္စကကို ဆုံးမရန် အသင့်စောင့်နေခြင်း ဖြစ်၏။ သစ္စကသည် မြတ်စွာဘုရား ထံတော်မှောက်သို့ ရောက်၍ မြတ်စွာဘုရား၏ ဝါဒကို မေးလျှောက်လေသောအခါ မြတ်စွာဘုရားက သစ္စကပရိဗိုဇ်အား စူဠသစ္စကသုတ်နှင့် မဟာသစ္စကသုတ်တို့ဖြင့် အနတ္တဝါဒကို ဟောကြားတော်မူ၏။ အတ္တဝါဒ မာန်ကြီးလှသော သစ္စကပရိဗိုဇ်သည် သူ၏ အတ္တဝါဒ မှားပါကြောင်း မြတ်စွာဘုရားအား ဝန်ခံလေ၏။

သို့ရာတွင် ထိုအချိန်၌ သစ္စကသည် ဣန္ဒြေ မရင့်ကျက်သေးသဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း မရ၊ ရဟန်းအဖြစ်ကိုလည်း မရ၊ အယုတ်ဆုံးအားဖြင့် သရဏဂုံတို့၌သော်မှ မတည်။ သို့ရာတွင် ထိုကောင်းမှုကြောင့် သစ္စက ပရိဗိုဇ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် နှစ်ပေါင်း ၂,၀၀၀ ကျော်လွန်သောအခါ သီဟိုဠ်ကျွန်း၌ တိဿမင်းကြီး စိုးစံစဉ် စေတိယတောင်ကျောင်းတွင်

ကာလဗုဒ္ဓရက္ခိတ အမည်ဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ပေလိမ့်မည်။ လောကတွင် ဓမ္မတာအားဖြင့် ပွင့်ချိန်တန်မှ ပွင့်၏။ သီးချိန်တန်မှ သီးပါ၏။

မဟာသစ္စကသုတ်နှင့် စူဠသစ္စကသုတ်၏ အဓိပ္ပာယ်ကို ယနေ့ခေတ်နားလည်အောင် အကြမ်းဖျင်းအားဖြင့် ဆိုရလျှင် ရုပ်ကို "ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေနှင့်"ဟု အာဏာထား၍ မရ။ ထို့ကြောင့် ရုပ်သည် အတ္တမဟုတ်။ အလားတူပင် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို "ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေနှင့်" ဟု အာဏာထား၍ မရ။

ထို့ကြောင့် ခန္ဓာငါးပါးသည် အတ္တမဟုတ်။ ခန္ဓာငါးပါးမှ တစ်ပါး အတ္တဟူ၍လည်း သီးခြားမရှိ။ ခန္ဓာငါးပါးတို့၏ ပေါင်းစည်းမှုကို အကြောင်းပြု၍ အတ္တသည် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ခန္ဓာငါးပါးတို့၏ ပေါင်းစည်းမှုသာ မရှိလျှင် အတ္တဟူ၍ ရှိလာမည် မဟုတ်။ ဓာတုဗေဒ ဝေါဟာရဖြင့် ဆိုရလျှင် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့၏ ပေါင်းစည်းမှုကို အကြောင်းပြု၍ ရေသည် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့၏ ပေါင်းစည်းမှုသာ မရှိလျှင် ရေဟူသည် ဖြစ်ပေါ်လာမည် မဟုတ်။ ခန္ဓာငါးပါးနှင့် အတ္တ၏ ဆက်စပ်မှုသည်လည်း ဤသဘောအတိုင်းပင် ဖြစ်၏။ ထို့ကြောင့် အတ္တသည် ပရမတ္ထ သစ္စာအားဖြင့် မရှိ၊ သမ္မုတိ သစ္စာအားဖြင့်သာ ရှိ၏။

ခန္ဓာငါးပါး ဟူသည်မှာ ပဓာနအားဖြင့် အနုသယ ကိလေသာကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်လေရာ အနုသယ ကိလေသာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပယ်သတ်နိုင်သောကြောင့် အနုသယ ကိလေသာ မရှိတော့လျှင် ခန္ဓာ ဟူ၍လည်း မရှိတော့ ဟူ၍ ဆိုနိုင်ပါ၏။ တစ်ဖန် ခန္ဓာဟူ၍ မရှိတော့လျှင် ခန္ဓာငါးပါးတို့၏ ပေါင်းစည်းမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသော အတ္တ ဟူသည်လည်း တကယ်တမ်းအားဖြင့် မရှိကောင်းတော့ပါချေ။

ဤသည်မှာ မြတ်စွာဘုရားက သစ္စကပရိဗိုဇ်အား ဟောကြားတော်မူသော စူဠသစ္စကသုတ်နှင့် မဟာသစ္စကသုတ်တို့၏ လိုရင်း အဓိပ္ပာယ် အကျဉ်းဖြစ်ပါ၏။

# အခန်း ( ၂၂ )
## ရဟန္တာဖြစ်သူ မှသာ

ထိုစဉ်ကာလက ရာဇဂြိုဟ်တွင် မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ တိတ္ထိကြီးများသည်လည်း ရာဇဂြိုဟ်တွင် ရှိကြ၏။ တိတ္ထိကြီးများသည် မိမိတို့ ကိုယ်ကို ဘုရားအဖြစ် ဝန်ခံကြ၏။ တိတ္ထိကြီးများ၏ ပရိသတ်ကား နည်းလှသည် မဟုတ်။ တိတ္ထိကြီးများကို ကြည်ညိုသူများသည် လူတန်းစားအားဖြင့် မင်းမှ ဆင်းရဲသားတိုင်အောင် ရှိ၏။ အမှန်အားဖြင့် ထိုအချိန်က ဉာဏ်ပညာရှိသူများ အားလုံးလိုလိုပင် သစ္စာကို ရှာဖွေခြင်း၌ စိတ်ဝင်စားကြ၏။ ထို့ကြောင့် ကမ္ဘာ့ သမိုင်းတွင် ထိုခေတ်ကို အသိဉာဏ် အဆင့်အရ ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသော ခေတ်ဟူ၍ ဆိုခြင်း ဖြစ်၏။

သတ္တဝါ ဟူသမျှသည် ဒုက္ခကို ကြောက်၏။ ဒုက္ခမှ လွတ်မြောက်လိုကြ၏။ ထို့ကြောင့် သတ္တဝါတို့သည် ဒုက္ခမှ လွတ်မြောက်ရေးအတွက် အားကိုးရာကို ရှာကြ၏။ ထိုအခါ မိမိကိုယ်ကိုပင် မိမိ၏ အားကိုးရာအဖြစ် တွေ့မြင်သူများလည်း ရှိကြ၏။ နတ်ဗြဟ္မာ၊ ထာဝရဘုရား စသည်အားဖြင့် ပြင်ပတွင် အားကိုးရာကို တွေ့မြင်သူများလည်း ရှိကြ၏။ တိတ္ထိကြီးများကား မိမိကိုယ်ကို မိမိ အားကိုးသူများ ဖြစ်ကြ၏။ တိတ္ထိကြီးများသည် ဒုက္ခကို သိ၏။ ဒုက္ခ အကြောင်းကိုလည်း သိ၏။ ဒုက္ခ၏ အကြောင်းမှာ တဏှာဖြစ်၏။ ဤသို့ သူတို့ သိကြ၏။ သို့ရာတွင် သူတို့ သိသော အသိမှာ ဆင်ခြင်သိသာ ဖြစ်၏။ မျက်မှောက် ပြုသိ မဟုတ်။ ဆင်ခြင်သိ ဟူသည်မှာ အဖုံးအဝိဇ္ဇာကို မခွာဘဲ သိသော အသိ ဖြစ်၏။ မျက်မှောက်ပြုသိ ဟူသည်မှာ အဖုံးအဝိဇ္ဇာကို ဖယ်ခွာပြီး သိသော အသိ ဖြစ်၏။ အဖုံးအဝိဇ္ဇာကို မဖယ်ခွာဘဲ တဏှာကို ကြည့်သောအခါ တဏှာကို တိုက်ရိုက် မမြင်ရဘဲ အဝိဇ္ဇာမှ တစ်ဆင့် မြင်ရသဖြင့် အဝိဇ္ဇာ၏ ဖန်တီးမှုကို လိုက်၍ တဏှာကို မြင်ရခြင်း ဖြစ်၏။

အဝိဇ္ဇာ ဟူသည်ကား အလွန် စွမ်းအင်ကြီးမား၏။ "အဟုတ်"ကိုလည်း "အဟုတ်"မှန်း မသိရအောင် ဖုံး၏။ "အဟုတ်"ကို "မဟုတ်"ဟု ထင်ရအောင် ဖော်၏။ "မဟုတ်"ကိုလည်း "မဟုတ်"မှန်း မသိရအောင် ဖုံး၏။ "မဟုတ်"ကို "အဟုတ်" ထင်ရအောင် ဖော်၏။ ဤသို့လျှင် အဝိဇ္ဇာက ဖုံးလည်း ဖုံးတတ်၏။ ဖော်လည်း ဖော်တတ်၏။ ထို့ကြောင့် တိတ္ထိကြီးများသည် တဏှာကို မြင်ကြသည်

မှန်၏။ သို့ရာတွင် သူတို့သည် တဏှာကို အဝိဇ္ဇာမှ တစ်ဆင့် မြင်ကြခြင်း ဖြစ်လေသောကြောင့် တဏှာကို သေအောင် မှန်မှန်ကန်ကန် မသတ်နိုင်ဘဲ လွဲမှား စွာ သတ်ကြလေ၏။

သူတို့သည် ပြင်းထန်သော တပအကျင့်များဖြင့် တဏှာကို သတ်ကြ၏။ ထိုအခါ တဏှာ မသေပါဘဲလျက် တဏှာသေပြီဟု ယူဆပြီး သူတို့ကိုယ် သူတို့က ဘုရားအဖြစ်ကို ဝန်ခံကြ၏။ ဘုရားအဖြစ် ကြွေးကြော်ကြ၏။ ကြွေးကြော်သည့်အတိုင်း ယုံကြည်သူများက ယုံကြည်၏။ ဤနည်းအားဖြင့် တိတ္ထိကြီးများသည် မင်းမှ ဆင်းရဲသားတိုင်အောင် လူပေါင်းများစွာကို မိမိတို့၏ တပည့်ပရိသတ်များအဖြစ် စည်းရုံးနိုင်ကြခြင်း ဖြစ်၏။

အဝိဇ္ဇာမှ တစ်ဆင့် တဏှာကို မြင်ရခြင်း ဖြစ်သဖြင့် တဏှာကို သတ်ရာတွင် မှန်မှန်ကန်ကန် မသတ်နိုင်ဘဲ ရှိကြ၏။ မြွေဟောက်ကို သတ်ရာတွင် သေကွင်း သေကွက်ကို မိအောင် မသတ်နိုင်သူကဲ့သို့ ဖြစ်၏။ ထိုအခါ မြွေဟောက်သည် မသေဘဲ သေပြီဟု ထင်နေသူများအတွက် များစွာ အန္တရာယ် ကြီးသကဲ့သို့ တဏှာမသေဘဲ တဏှာသေပြီဟု ထင်နေကြသော တိတ္ထိကြီးများအတွက် များစွာ အန္တရာယ် ကြီးပါ၏။ ဒုက္ခကို ကြောက်ပြီး ချမ်းသာကို ရှာရာမှ ချမ်းသာကို မတွေ့ဘဲ ကြီးစွာသော ဒုက္ခကို တွေ့ကြရ၏။ တိတ္ထိကြီးများ၏ တပည့်များ၊ ဒါယကာများသည်လည်း ကြီးစွာသော ဒုက္ခကို တွေ့ကြရ၏။ အဝိဇ္ဇာမှ တစ်ဆင့် တဏှာကို မြင်ကြသော စာပေပညာရှင်များသည်လည်း တဏှာကို သတ်ရာတွင် သေကွင်း သေကွက်ကို မိအောင် မသတ်နိုင်ဘဲ တဏှာကို သေပြီဟု ထင်တတ်ကြ၏။ အကယ်၍ မသေတောင် တဏှာကို ထိန်းနိုင်ပြီဟု ထင်တတ်ကြ၏။ ဤသည်မှာ မှားသော အထင် ဖြစ်၏။ ထိုမှားသော အထင်ကြောင့် ဤလောကတွင် အပြောတစ်မျိုး အလုပ်တစ်မျိုးဖြင့် ကမောက်ကမနိုင်လှသော စာပေပညာရှိများကို တွေ့မြင်နေရခြင်း ဖြစ်၏။

တဏှာကို အဝိဇ္ဇာက ဖုံးထားလေရာ တဏှာကို မြင်အောင်ကြည့်ဖို့ လိုပါလျှင် အဝိဇ္ဇာကို တတ်နိုင်သမျှ ဖယ်ခွာပြီးမှ ကြည့်ရမည် ဖြစ်၏။ အဝိဇ္ဇာကို ဖယ်ခွာနိုင်သည်နှင့်အမျှ တဏှာကို မှန်မှန်ကန်ကန် မြင်နိုင်မည် ဖြစ်၏။ တဏှာကို မှန်မှန်ကန်ကန် မြင်နိုင်မှလည်း သေကွင်း သေကွက်ကို မှန်မှန်ကန်ကန် မိအောင် သတ်နိုင်မည် ဖြစ်၏။ ထိုအခါမှသာ ဒုက္ခနှင့် လွတ်အောင် ရှောင်နိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက ဒုက္ခနှင့် ပက်ပင်းတိုးနိုင်၏။

တဏှာ ဟူသည်ကား သူကိုယ်တိုင်က နှစ်သက်ဖွယ် အရောင်အဆင်း ရှိ၏။ ထို့ကြောင့် တဏှာကို "နန္ဒိရာဂ သဟဂတာ"ဟူ၍ ဆိုခြင်း ဖြစ်၏။

"နန္ဒိရာဂ သဟဂတာ"၏ အနက်အဓိပ္ပာယ်မှာ နှစ်သက်ဖွယ် အရောင်အဆင်းနှင့် တကွ ဖြစ်သည်ဟူ၍ ဖြစ်၏။ တဏှာသည် သူကိုယ်တိုင်က နှစ်သက်ဖွယ် အရောင် အဆင်း ရှိသည် မဟုတ်သေး။ သူနှင့် ပတ်သက်ရာ ဟူသမျှကိုလည်း နှစ်သက် ဖွယ် ဖြစ်ရလေအောင် ပြုနိုင်စွမ်း ရှိ၏။ ထို့ကြောင့် တဏှာကို "တတြတတြာဘိနန္ဒိနီ"ဟူ၍ ဆိုခြင်း ဖြစ်၏။ "တတြတတြာဘိနန္ဒိနီ"၏ အနက်မှာ တဏှာသည် မိမိနှင့် ပတ်သက်သမျှ နှစ်သက်ဖွယ် ရှိရလေအောင် ပြုစွမ်းနိုင်သည် ဟူ၍ ဖြစ်၏။

ထို့ကြောင့် အဝိဇ္ဇာကို ဖယ်ခွာရန် အားမထုတ်ဘဲ အဝိဇ္ဇာမှ တစ်ဆင့် တဏှာကို မြင်သူများသည် တဏှာ၏ အစွမ်းသတ္တိကြောင့် 'ငါသာ အမှန်၊ ငါ့ဥစ္စာက ပိုကောင်းသည်၊ ငါ့အမြင်က ပိုကြည်လင်သည်'ဟူ၍ စွဲယူမိတတ်လေ ၏။ ထိုသို့ စွဲယူတတ်ခြင်းမှာ တဏှာက နှစ်သက်စရာကောင်းအောင် ဆိုးပေးထား သော အရောင်အဆင်းကြောင့် ဖြစ်၏။

အဝိဇ္ဇာကို ဖယ်ခွာ၍ တဏှာကို မြင်အောင် ကြည့်ရှုရသည်မှာ လွယ်ကူ သည်တော့ မဟုတ်။ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း 'ငါမှ ငါ' ဟူသော အယူကို ပယ်ဖျောက်ပြီး အများအတွက် "အသာစ်"သည့်ဘက်မှ မနေဘဲ "အနာခံ" သည့်ဘက်မှ နေနိုင်အောင် ကျင့်ပြီး တဏှာကို ကြည့်ပါမှသာ တဏှာကို အမှန်အတိုင်း မြင်မည် ဖြစ်၏။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တို့ ကာလပတ်လုံး အများအတွက် "အသာစ်"သည့်ဘက်မှ မနေဘဲ "အနာခံ" သည့်ဘက်မှနေပြီး တဏှာကို ကြည့်ခဲ့လေရာ ဗောဓိပင်နှင့် ရွှေပလ္လင်တော်ပေါ် ရောက်မှ တဏှာကို မျက်ဝါးထင်ထင် မြင်ကြောင်းကို "အနေကဇာတိ သံသာရံ" ဖြင့် ဥဒါန်းကျူးတော်မူလေ၏။

ထို့ကြောင့် တဏှာကို မြင်အောင် ကြည့်ပြီး တဏှာကို သတ်နိုင်ဖို့ ဆိုသည် မှာ လွယ်သည်တော့ မဟုတ်။ မလွယ်သော်လည်း မြတ်စွာဘုရား၏ လမ်းညွှန်ချက် အတိုင်း လိုက်နာ ကျင့်သုံးမည်ဆိုပါက တဏှာကို သတ်နိုင်သည်သာ ဖြစ်၏။ အကယ်၍ မသတ်နိုင်တောင် ပါးသည်ထက် ပါးအောင် လုပ်၍ ရကောင်း၏။ အမှန်အားဖြင့် တဏှာ ပါး၍ ပါး၍ သွားခြင်းသည်ပင် "ဝါနတော နိက္ခန္တန္တံ" အရ နိဗ္ဗာန်သို့ ရောက်၍ ရောက်၍ သွားခြင်း မည်ပါ၏။

ထိုအချိန်က ဘုရား အမည်ခံသူတွေ၊ ရဟန္တာ အမည်ခံသူတွေ များလွန်း သဖြင့် မည်သူ့ကိုမျှ မယုံကြည်သူ၊ မည်သူ့ကိုမျှ မကိုးကွယ်သူ တစ်ယောက် ရှိ၏။ သူကား ရာဇဂြိုဟ်ပြည်၌ နေသော ရာဇဂြိုဟ်သူဌေး ဖြစ်၏။ ရာဇဂြိုဟ် သူဌေးသည် ဂင်္ဂါမြစ်တွင် ရေဆင်းချိုးရာမှ စန္ဒကူးနီသား အနှစ်တစ်တုံးကို ရ၏။ စန္ဒကူးနီနှစ်ကို သပိတ်ပြုလုပ်၏။ အတောင်ခြောက်ဆယ်မြင့်သော ကောင်းကင်၌

တိုင်ထူကာ တွဲလျား ချိတ်ဆွဲထား၏။ ထိုနောက် ရာဇဂြိုဟ်သူဌေးသည် ဤသို့ ကြေညာ၏။ 'ဤလောကဌ် ရဟန္တာစစ်စစ်ဖြစ်သော သူသည် ကောင်းကင်ခရီးဖြင့် ကြွလာကာ ဤသပိတ်ကို ယူစေသတည်း'။

ရာဇဂြိုဟ်သူဌေးကား ကိုယ်တွေ့မှ ယုံကြည်သူ ဖြစ်၏။ ထို့ကြောင့် ဤလောကဌ် ရဟန္တာ ရှိ မရှိကို စန္ဒကူးနံ့သပိတ်ဖြင့် ကိုယ်တွေ့ စမ်းသပ်ခြင်း ဖြစ်၏။ ကိုယ်တွေ့ကြောင့် ယုံကြည်ရခြင်းကို "ပစ္စက္ခသိဒ္ဓ"ဟု ခေါ်၏။ ကြောင်းကျိုး ဆက်နွယ်မှုကြောင့် ယုံကြည်ရခြင်းကို "အန္ဝယ သိဒ္ဓ"ဟု ခေါ်၏။ သစ္စာဉာဏ်ကြောင့် ယုံကြည်ရခြင်းကို "သစ္စိကရဏသိဒ္ဓ"ဟု ခေါ်၏။

ရာဇဂြိုဟ်သူဌေးကား ဉာဏ်ကြီးသူ မဟုတ်။ ထို့ကြောင့် သူသည် လောကဌ် ရဟန္တာ ရှိ မရှိကို ကြောင်းကျိုးဆက်နွယ်မှုဖြင့်လည်း မြင်အောင် မကြည့်တတ်၊ သစ္စာဉာဏ်ဖြင့်လည်း မြင်အောင် မကြည့်တတ်၊ ကိုယ်တွေ့ဖြင့်သာ မြင်အောင် ကြည့်တတ်သူ ဖြစ်၏။ သူ၏ စမ်းသပ်မှုအရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကောင်းကင် ခရီးဖြင့် ကြွလာကာ စန္ဒကူးနံ့ သပိတ်ကို ယူနိုင်ပါက ထိုပုဂ္ဂိုလ်ကို ရဟန္တာစစ်စစ် ဖြစ်သည်ဟု မှတ်ယူကာ မိသားစုနှင့်တကွ ကိုးကွယ်မည် ဖြစ်၏။ ရဟန္တာ မဟုတ်ပါဘဲလျက် လောကီစျာန်အဘိညာဉ်ရ ပုထုဇဉ်တို့သည်လည်း ကောင်းကင် ခရီးဖြင့် ကြွနိုင်သည်ကို ရာဇဂြိုဟ်သူဌေးသည် မသိ။ သို့ရာတွင် ရာဇဂြိုဟ်သူဌေးသည် သူ့အစီအစဉ်ကို သူ ကျေနပ်၏။

ထိုအချိန်တွင် ရာဇဂြိုဟ်ဌ် တိတ္ထိဆရာကြီး ခြောက်ဦးစလုံး သီတင်းသုံးနိုက် ဖြစ်၏။ သူတို့သည် မိမိတို့ကိုယ်ကို ရဟန္တာဟု ဝန်ခံနေသူများ ဖြစ်ကြ၏။ သူတို့ ဝန်ခံသည့်အတိုင်း ယုံကြည် ကိုးကွယ်ကြသူများလည်း ရှိကြ၏။ တိတ္ထိဆရာကြီး ခြောက်ဦးစလုံး စန္ဒကူးနံ့သပိတ်ကို လိုချင်လှသည်တော့ မဟုတ်။ သို့ရာတွင် ရဟန္တာမဟုတ် ဟူ၍ လူအများက သတ်မှတ်သွားမည် စိုးရိမ်၏။ ထို့ကြောင့် တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် တစ်နေ့လျှင် တစ်ဦး ရာဇဂြိုဟ်သူဌေးထံ သွားရောက်၍ မိမိတို့ ရဟန္တာဖြစ်ကြောင်း ပြောဆိုကာ စန္ဒကူးနံ့သပိတ်ကို အလှူခံကြ၏။ ရာဇဂြိုဟ်သူဌေးကလည်း သူ၏ ကြေညာချက်အတိုင်း ကောင်းကင်သို့ တက်၍ သပိတ်ကို ယူရန်သာ ပြန်ကြား၏။ တိတ္ထိဆရာကြီး ခြောက်ဦးတို့ကလည်း ကောင်းကင်သို့ တက်၍ စန္ဒကူးနံ့ သပိတ်ကို မယူနိုင်ဘဲ ရှိလေရာ ရာဇဂြိုဟ်သူဌေး၏ စမ်းသပ်ချက်အရ ဤလောကတွင် ရဟန္တာဟူသည် မရှိသကဲ့သို့ ဖြစ်လေ၏။

ခုနစ်ရက်မြောက်နေ့ဌ် အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ် နှစ်ပါးတို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် ဝေဠုဝန်ကျောင်း

တော်မှ ထွက်ကြွတော်မူခဲ့ကြပြီး ရာဇဂြိုဟ်ပြည် အနီးရှိ ကျောက်ဖျာပေါ်၌ သက်န်း ရုံတော်မူကြ၏။ ထိုအခါ ရာဇဂြိုဟ်မြို့တွင်း၌ လူအများ အုတ်အုတ်ကျက်ကျက် ဤသို့ ပြောဆိုကြ၏။

'လောက၌ ရဟန္တာဟူ၍ ရှိလျှင် ကောင်းကင်ခရီးဖြင့် ကြွလာကာ ယူရန် အတောင်ခြောက်ဆယ်မြင့်သော ကောင်းကင်၌ ရာဇဂြိုဟ်သူဌေးသည် စန္ဒကူးနီ သပိတ်ကို တိုင်ထူကာ တွဲလျား ချိတ်ဆွဲထားသည်မှာ ယနေ့ဆိုလျှင် ခုနစ်ရက် မြောက် ရှိပြီ။ မည်သူမျှ မယူနိုင်ကြ။ ထို့ကြောင့် လောက၌ တကယ်တမ်း ရဟန္တာဟူ၍ မရှိပြီ'

ထိုသို့ ပြောဆိုကြသော အုတ်အုတ်ကျက်ကျက်သံကို မထေရ်နှစ်ပါး ကြား သောအခါ သံဝေဂ ဖြစ်ကြ၏။ ရဟန္တာကို ရဟန္တာ မဟုတ်ဟု ပြောဆိုခြင်းနှင့် ရဟန္တာမဟုတ်သူကို ရဟန္တာဟု ပြော့ဆိုခြင်းသည် အဝိဇ္ဇာ ဖုံးလွှမ်းသော ဆုံးဖြတ် ချက်ကြောင့်ချည်းသာ ဖြစ်၏။ ထို့ကြောင့် အပြစ်ကြီး၏။ ရာဇဂြိုဟ်ပြည်သားတို့ အား ထိုအပြစ်မှ ကင်းလွတ်စေရန် အရှင်မောဂ္ဂလာန်က အရှင်ပိဏ္ဍောလဘာရဒွါဇ အား ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးနီ သပိတ်ကို တန်ခိုးဖြင့် ယူရန် တိုက်တွန်း၏။

အရှင်မောဂ္ဂလာန်၏ တိုက်တွန်းချက်အရ အရှင်ပိဏ္ဍောလဘာရဒွါဇသည် အဘိညာဉ်တန်ခိုးဖြင့် မိမိတို့ သက်န်းရုံရာ ကျောက်ဖျာကို ကောင်းကင်၌ တက် စေ၏။ ရာဇဂြိုဟ်မြို့ပေါ်၌ ခုနစ်ပတ် လှည့်လည်စေတော်မူ၏။ ကျောက်ဖျာသည် သုံးဂါဝုတ် ရှိသဖြင့် ရာဇဂြိုဟ်မြို့ပေါ်၌ အဖုံးသဏ္ဍာန် ရှိလေ၏။ ထိုအခါ ရာဇ ဂြိုဟ် မြို့သားတို့သည် မိမိတို့အပေါ် ကျောက်ဖျာ ပြုတ်ကျသွားမှာ များစွာ ထိတ်လန့်ကြလေ၏။

ထို့နောက် အရှင် ပိဏ္ဍောလဘာရဒွါဇ မထေရ်သည် ကျောက်ဖျာကို မူလနေရာ၌ ပြန်လည်တည်စေပြီး ရာဇဂြိုဟ်သူဌေး၏ အိမ်အထက် ကောင်းကင် ၌ ရပ်တော်မူ၏။ သူဌေးသည် မထေရ်ကို မြင်လျှင် ရင်ဖြင့်ဝပ်၍ မိမိ၏ အိမ်သို့ ကြွရန် ပင့်လျှောက်၏။ ထို့နောက် ရာဇဂြိုဟ်သူဌေးသည် စန္ဒကူးနီသပိတ်ကို ချပြီး စတုမဓု အပြည့်ထည့်ကာ မထေရ်အား လှူဒါန်း၏။ မထေရ်သည်လည်း စန္ဒကူးနီ သပိတ်ကို ခံယူ၍ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိတော်မူသောအခါ ရဟန်း တို့အား တန်ခိုးပြာဋိဟာ မပြရန် ပညတ်တော်မူ၏။ အမှန်အားဖြင့် မြတ်စွာဘုရား ပွင့်တော်မူလာခြင်းမှာ ဝေနေယျတို့အား အံ့ဖွယ်သရဲကို ပြရန် မဟုတ်။ ဝေနေယျ တို့၏ သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများကို ငြိမ်းသတ်စေနိုင်ရန်သာ ဖြစ်ပါ၏။

# အခန်း ( ၂၃ )

## သိလျက်နှင့်ပင်

မြတ်စွာဘုရားသည် ပဌမဝါကို ဗာရာဏသီပြည် မဟာဝုန်တော၌ ကပ်၍၊ ဆဋ္ဌမဝါကို မကုဋတောင်ကျောင်း၌ ကပ်တော်မူ၏။ ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ကြွလာတော်မူ၏။ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ရာဇဂြိုဟ်သူဌေး၏ စန္ဒကူး သပိတ်ကို တန်ခိုးပြာဋိဟာပြ၍ အလှူခံယူတော်မူသော ရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်ကို အကြောင်းပြု၍ မိမိ၏ တပည့် သာဝကတို့အား တန်ခိုးပြာဋိဟာ မပြရန် မြတ်စွာဘုရားသည် ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

အမှန်အားဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်အရ တန်ခိုးပြာဋိဟာသည် ပဓာန ကျလှသည် မဟုတ်။ မိမိတို့၏ သန္တာန်၌ ကိလေသာ ကင်းစင်ရေးသည်သာ ပဓာန ကျလေ၏။ ထို့ကြောင့် တန်ခိုးပြာဋိဟာ ရှိသူများကို အားကျမည့်အစား ကိလေသာ ကင်းစင်သူများကို အားကျပြီး လိုက်နာကျင့်ကြံ အားထုတ်နိုင်စေရန် သိက္ခာပုဒ်ကို ပညတ်ခြင်း ဖြစ်၏။ အမှန်အားဖြင့်လည်း တန်ခိုး ဣဒ္ဓိပါဒ်ရှိရုံနှင့် တကယ်တမ်း ချမ်းသာသည် မဟုတ်။ ကိလေသာ ကင်းစင်မှသာ တကယ်တမ်း ချမ်းသာ၏။ သတ္တဝါများ၏ သန္တာန်၌ ကိလေသာ ကင်းစင်အောင် ကျင့်ကြံအားထုတ်နိုင်ရေးအတွက် ဟောကြားတော်မူရန် ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာခြင်း ဖြစ်၏။

မိမိ၏ တပည့်သာဝကတို့အား တန်ခိုးပြာဋိဟာ မပြရန် မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ်လိုက်သောအခါ တိတ္ထိကြီးများသည် ဝမ်းသာကြ၏။ ထို သိက္ခာပုဒ် ပညတ်ခြင်းကို အကြောင်းပြု၍ အမြတ်ထုတ်ရန် တိတ္ထိကြီးများသည် စိတ်ကူးရကြ၏။ အမှန်အားဖြင့် တိတ္ထိကြီးများသည် သံသရာဒုက္ခမှ လွတ်မြောက်လိုကြသူများ ဖြစ်ကြသည်မှာ မှန်ပါ၏။ ထိုကဲ့သို့ လွတ်မြောက်နိုင်ရေးအတွက် ပြင်းထန်သော တပ အကျင့်များကို ကျင့်ကြံအားထုတ်ကြသည်မှာလည်း မှန်ပါ၏။ သို့ရာတွင် သူတို့၏ အကျင့်သည် မှားယွင်း၏။ မှားယွင်းကြောင်းကိုလည်း သူတို့သိကြပါ၏။ မှားယွင်းကြောင်း သူတို့ သိကြပါသော်လည်း သူတို့သည် သူတို့၏ အမှားကို ပြင်ရန် ဝန်လေးကြလေ၏။ ဤသည်မှာ သူတို့၏ မိုက်မဲမှု ဖြစ်၏။ ဤမိုက်မဲမှုကြောင့် တိတ္ထိကြီးများသည် သူတို့၏ မှားယွင်းသော အယူကို မြဲမြံစွာ ဖက်တွယ်ထားကြ၏။ ထို့ကြောင့် သူတို့ကို ပါဠိဝေါဟာရအားဖြင့် “အာစာ

နဂ္ဂါဟီ”ဟူ၍ ဆိုရ၏။ ထို့အပြင် တိတ္ထိကြီးတို့သည် သူတို့၏ မှားယွင်းသော အယူကို စွန့်လွှတ်ဖို့ ခဲယဉ်းကြ၏။ ထို့ကြောင့် သူတို့ကို ပါဠိဝေါဟာရအားဖြင့် “ဒုပ္ပဋိနိဿဂ္ဂီ”ဟူ၍ ဆိုရ၏။

သူတော်ကောင်း ဖြစ်လိုသူ ဟူသမျှသည် မိမိ၏ အမှားကို ပြင်ရဲရ၏။ မိမိတို့သည် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ “မောဟ”များ မကင်းကြ။ မောဟ မကင်းသေးသမျှ အနည်းနှင့် အများ မှားနေကြမည်သာ ဖြစ်၏။ ထို့ကြောင့် သေသည့်တိုင် “မောဟ”မကင်းလျှင် သေသည့်တိုင် ပြင်ကြရမည် ဖြစ်၏။ တိတ္ထိကြီးတို့ကား ထိုသို့ မဟုတ်။ သူတို့သည် သူတို့၏ အမှားကို မှားမှန်း မသိမီကလည်း မြဲမြံစွာ ဖက်တွယ်ထားကြ၏။ မှားမှန်းသိပါသော်လည်း သူတို့၏ အမှားကို မစွန့်လွှတ်ချင်ကြ။ ထို့ကြောင့် သူတို့သည် တကယ်တမ်း သူတော်စင် ဖြစ်လိုသူများ မဟုတ်ကြ။ တိတ္ထိကြီးများသည် ဝါဒရေးရာနယ်ပယ်၌ သူ့နည်း သူ့ဟန်အရ ခေါင်းဆောင်များ ဖြစ်နိုင်ကြပါ၏။ သို့ရာတွင် သူတို့သည် သူတော်စင်များ မဖြစ်နိုင်ခဲ့ကြသည်မှာ သေချာပါ၏။

တိတ္ထိကြီးတို့သည် လာဘ်လာဘ၌လည်း မက်မောကြ၏။ လူတို့၏ အလေးအမြတ် ပြုခံရမှု၌လည်း မက်မောကြ၏။ ထင်ပေါ်ကျော်ကြားမှု၌လည်း မြတ်နိုးကြ၏။ ထို့ကြောင့် သူတို့သည် လာဘ်ရရေး၌လည်း နည်းလမ်းကို အမြဲတမ်း ရှာကြံနေကြ၏။ လူတို့၏ အလေးအမြတ် ပြုခံရမှု၌လည်း နည်းလမ်းကို အမြဲတမ်း ရှာကြံနေကြ၏။ ယခုတော့ သူတို့သည် နည်းလမ်းကောင်းကို တွေ့ကြပြီ။ ထိုနည်းလမ်းကား မြတ်စွာဘုရားနှင့် ပြိုင်၍ တန်ခိုးပြာဋိဟာပြရန် ကြွေးကြော်ခြင်း တည်း။

မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်ပြီးဖြစ်သဖြင့် တန်ခိုးပြာဋိဟာကို ပြတော့မည် မဟုတ်ဟု တိတ္ထိတို့က ယူဆကြ၏။ သူတို့ ယူဆကြသည့်အတိုင်း မြတ်စွာဘုရားက တန်ခိုးပြာဋိဟာကို မပြတော့လျှင် သူတို့က နိုင်မည် ဖြစ်၏။ ထိုအခါ သူတို့သည် လာဘ်လာဘကိုလည်း ရနိုင်၏။ လူတို့၏ အလေးအမြတ် ပြုခြင်းကိုလည်း ရနိုင်၏။ ထင်ပေါ် ကျော်ကြားမှုကိုလည်း ရနိုင်၏။ ဤသို့ သူတို့က တွေး၏။ ဤသို့ တွေးပြီးမှ ကြွေးကြော်ခြင်း ဖြစ်၏။

တကယ်တမ်း လက်တွေ့တွင် သူတို့၏ အတွေးသည် မှားလေ၏။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည် “ကဏ္ဍမ္ဗ” သရက်ပင်ရင်းတွင် တိတ္ထိတို့နှင့် ပြိုင်၍ တန်ခိုးပြာဋိဟာကို ပြတော်မူမည်ဟု မိန့်မြွက်တော်မူလိုက်သောအခါ တိတ္ထိကြီးတို့သည် များစွာ အခက်ကြုံကြလေ၏။ ထင်ထားသည်က တစ်မျိုး၊ လက်တွေ့ဖြစ်လာသည်က တစ်မျိုး၊ မြတ်စွာဘုရားသည် သူပညတ်တော်မူထားသည့် သိက္ခာပုဒ်အတိုင်း လိုက်နာလိမ့်မည်ဟု

တိတ္ထိတို့က ထင်ထား၏။ တိတ္ထိတို့ကသာ ထိုကဲ့သို့ ထင်သည် မဟုတ်၊ သောတာပန် ဗိမ္ဗိသာရမင်းကြီးကလည်း တိတ္ထိကြီးတို့ ထင်ထားသည့်အတိုင်းပင် ထင်လေ၏။

အမှန်အားဖြင့် သိက္ခာပုဒ်ဟူသည် စကြဝဠာ ကုဋေတစ်သိန်း၌ အာဏာနှံ့တော်မူသော မြတ်စွာဘုရားအတွက် မဟုတ်။ တပည့်သာဝကတို့အတွက်သာ ဖြစ်၏။ ဤသို့ သူတို့ မသိကြ။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွလေ၏။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူသောအချိန်မှာ မဟာသက္ကရာဇ် ၁၀၈ ခုနှစ် တပေါင်းလပြည့် ဝန်းကျင် ဖြစ်၏။

တကယ်တမ်းအားဖြင့် တိတ္ထိတို့သည် မြတ်စွာဘုရားနှင့် ပြိုင်၍ တန်ခိုးမပြနိုင်သည်ကို သိကြပါ၏။ သို့ရာတွင် တိတ္ထိတို့သည် မြတ်စွာဘုရားတို့၏ ဓမ္မတာကို မသိကြသဖြင့် မဝါကြွားသင့်သည်ကို ဝါကြွားမိသောကြောင့် သောကရောက်ကြရ၏။ ထို့ကြောင့် တိတ္ထိတို့သည် မြတ်စွာဘုရား တန်ခိုး ပြာဋိဟာကို မပြနိုင်စိမ့်သောငှာ သာဝတ္ထိပြည်၏ ပတ်ဝန်းကျင် တစ်ယူဇနာအတွင်း၌ ပေါက်ရောက်နေသော သရက်ပင် ဟူသမျှကို ဖျက်ဆီးပစ်ကြလေ၏။ အယုတ်သဖြင့် ထိုနေ့မှ ပေါက်သစ်စ ဖြစ်သော သရက်ပင်ကိုပင် ဖျက်စီးပစ်ကြ၏။ တိတ္ထိတို့သည် မိမိတို့ တတ်နိုင်သည့်ဘက်မှ တန်ခိုးပြာဋိဟာပြပွဲ ဖြစ်ပေါ်မလာနိုင်စေရန် ကြိုးပမ်းခြင်း ဖြစ်၏။ တန်ခိုးပြာဋိဟာပြရန် သတ်မှတ်ချက်ကား ဓမ္မတာအရ သတ်မှတ်ချက် ဖြစ်၏။ ဤသတ်မှတ်ချက်အတိုင်းပင် အရာရာသည် ဖြစ်ပေါ်လာရလေ၏။

ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကျောင်းတော်မှ ထွက်ကြွတော်မူ၏။ သာဝတ္ထိပြည်တွင်းသို့ မရောက်မီ လမ်းခရီး၌ "ကဏ္ဍ"မည်သော ဥယျာဉ်မှူးနှင့် တွေ့၍ သရက်သီးမှည့်တစ်လုံးကို "ကဏ္ဍ"က ကောသလမင်းကြီးအား မဆက်တော့ဘဲ မြတ်စွာဘုရားအား လှူ၏။ ရှင်အာနန္ဒာသည် ထိုသရက်သီးကို ဖျော်ရည်ပြုပြီးလျှင် မြတ်စွာဘုရားအား ဆက်ကပ်၏။ ထို့နောက် မြတ်စွာဘုရားက ထိုသရက်စေ့ကို ထိုနေရာ၌ပင် "ကဏ္ဍ"အား စိုက်ပျိုးစေ၏။ မြတ်စွာဘုရားသည် သရက်စေ့ပေါ်၌ လက်ဆေးရည်ကို သွန်းချလိုက်ရာ သရက်စေ့မှ ခက်မငါးဖြာနှင့် ပြည့်စုံသော သရက်ပင်သည် ချက်ချင်း ဖြစ်ပေါ်လာ၏။ ထို့အပြင် ချက်ချင်း ပွင့်၍ ချက်ချင်း သီးလာ၏။ ရဟန်းတို့သည်လည်း သရက်သီးမှည့်ကို သုံးဆောင်ကြရ၏။ သေသောက်ကြူးသူတို့သည်လည်း ထိုသရက်ပင်မှ သရက်သီးများကို မိမိတို့နှစ်သက်သလောက် စားကြရ၏။

"ကဏ္ဍ"ဟူသည်မှာ ကောသလမင်းကြီး၏ ဥယျာဉ်မှူး ဖြစ်၏။ ဥယျာဉ်

မှုး "ကဏ္ဍာ" စိုက်ပျိုးသော သရက်ပင် ဖြစ်သောကြောင့် ထိုသရက်ပင်ကို "ကဏ္ဍာမ္ဗ" သရက်ပင် ဟူ၍ ခေါ်၏။ ကောသလမင်းကြီးသည် "ကဏ္ဍာမ္ဗ" သရက်ပင်အကြောင်းကို ကြားရသောအခါ တိတ္ထိတို့ မဖျက်ဆီးနိုင်စိမ့်သောငှာ အစောင့်အရှောက်ကို ထူထပ်စွာ ချထားလေ၏။

ယခုတော့ တိတ္ထိကြီးတို့သည် ဘာမျှ မတတ်နိုင်တော့။ သူတို့ ဆောက်လုပ်ထားသော မဏ္ဍပ်လည်း လေဒဏ် မိုးဒဏ်ကြောင့် ပျက်ခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် တိတ္ထိကြီးတို့သည် သာဝတ္ထိပြည်မှ ထွက်ပြေးရုံမှ တစ်ပါး တခြား လုပ်စရာ ဟူ၍ ဘာမျှ မရှိတော့။ သို့ဖြစ်၍ တိတ္ထိကြီးတို့သည် သာဝတ္ထိပြည်မှ မိမိတို့၏ ခြေဦးတည့်ရာသို့ ထွက်ပြေးကြလေ၏။

သိကြားမင်းသည် ဝိသုကြံနတ်သားအား "ကဏ္ဍာမ္ဗ" သရက်ပင်ရင်း၌ ရတနာ မဏ္ဍပ်ကို ဆောက်လုပ်စေ၏။ မြတ်စွာဘုရားသည် ညနေချမ်းအချိန်တွင် ဇေတဝန် ကျောင်းတော်မှ ရတနာမဏ္ဍပ်သို့ တန်ခိုးပြာဋိဟာ ပြရန် ကြွတော်မူ၏။ ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့သည် စုစုပေါင်း ၃၆ ယူဇနာ အဝန်း ရှိကြကုန်၏။ စကြဝဠာပေါင်း တစ်သောင်းမှ နတ်ဗြဟ္မာတို့သည်လည်း တစ်ပြိုင်နက်တည်း စုဝေး ပေါင်းစုကြကုန်၏။ ထိုတန်ခိုးပြာဋိဟာ ပြပွဲတွင် ဃာရဏီ အမျိုးသမီး၊ စူဠအနာထပိဏ်၊ စိရာသာမဏေမ၊ စုန္ဒသာမဏေ၊ ဥပ္ပလဝဏ်ထေရီမ၊ ရှင်မောဂ္ဂလာန်တို့က မြတ်စွာဘုရားကိုယ်စား တန်ခိုး ပြာဋိဟာကို ပြခွင့်ပြုပါရန် လျှောက်ထားကြ၏။ မြတ်စွာဘုရားက ခွင့်ပြုတော် မမူချေ။

မြတ်စွာဘုရားသည် စကြဝဠာတိုက်ပေါင်း တစ်သောင်း အလျားရှိသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၏။ စင်္ကြံတော်၌ စင်္ကြံလျှောက်တော်မူရင်း မိမိကိုယ်တော်မှ ရေမီးအစုံလိုက် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုခေတ် အယူအရ ရေသည်လည်း အညစ်အကြေးကို စင်ကြယ်စေနိုင်၏။ မီးသည်လည်း အညစ်အကြေးကို စင်ကြယ်စေနိုင်၏။ ထို့ကြောင့် ရေနှင့် မီးသည် ကြီးမားသော အာနုဘော် ရှိ၏။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ရေမီးအစုံကို မိမိ၏ ကိုယ်တော်မှ ထွက်စေခြင်းအားဖြင့် "ယမကပါဋိဟာရိယ"မည်သော တန်ခိုး ပြာဋိဟာကို ပြတော်မူခြင်း ဖြစ်၏။ ငရဲသူ ငရဲသားများနှင့်တကွ လူနတ်ဗြဟ္မာ သတ္တဝါတို့ အချင်းချင်း မြင်ရသော "လောကဝိဝရဏ"မည်သော တန်ခိုး ပြာဋိဟာကိုလည်း ပြတော်မူ၏။ ရောင်ခြည်တော် ခြောက်သွယ်ကိုလည်း လွှတ်တော်မူ၏။ တရား ဒေသနာတော်ကိုလည်း ဟောကြားတော်မူ၏။ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြပွဲ၌ စုစုပေါင်း လူနတ်ဗြဟ္မာ သတ္တဝါ ကုဋေနှစ်ဆယ်တို့သည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ ကျွမ်းတမ်းဝင်ကြကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ရှေးရှေး မြတ်စွာဘုရားတို့၏ အစဉ်အလာ

အတိုင်း တာဝတိံသာနတ်ပြည်၌ သတ္တမ ဝါဆိုတော်မူ၏။ ရှေးရှေး မြတ်စွာဘုရားတို့၏ အစဉ်အလာအတိုင်း မယ်တော် သန္တုသိတနတ်သား အမှူးပြုသော စကြဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အား ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူ၏။ ဝါကျွတ်သောအခါ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မဇ္ဈိမဒေသ သင်္ကဿမြို့သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် ဆင်းကြွတော်မူ၏။

တာဝတိံသာ အဘိဓမ္မာတရားပွဲ၌ နတ်ဗြဟ္မာ စုစုပေါင်း ကုဋေရှစ်သောင်းတို့ သစ္စာလေးပါးကို သိမြင်၍ ကျွတ်တမ်းဝင်ကြ၏။ မယ်တော် သန္တုသိတနတ်သားသည်လည်း သောတာပန် ဖြစ်၏။ အမှန်အားဖြင့် ဤအဘိဓမ္မာ တရားပွဲသည် မြတ်စွာဘုရားက မိမိ၏ မယ်တော်အား နတ်ပြည်သို့ လိုက်၍ ကျေးဇူးဆပ်ပွဲ ဖြစ်၏။ မြတ်စွာဘုရားသည် ကျေးဇူးကို သိ၍ ကျေးဇူးဆပ်ရာ၌ အနှိုင်းမဲ့ ဖြစ်တော်မူပါပေ၏။

ဒဿနနယ်ပယ်၌ အသိဟူသည် မျဉ်းဖြောင့်သဖွယ် မဟုတ်။ စက်ဝိုင်းသဖွယ် ဖြစ်၏။ သိတတ်သော သိသူမှ သိစရာကို သိ၏။ ယင်းကို "သုတသိ" ဟု ခေါ်၏။ ယင်းမှတစ်ဆင့် လောကကို သိ၏။ ယင်းကို "အပ္ပမိတသိ"ဟု ခေါ်၏။ ယင်းမှတစ်ဆင့် သိတတ်သော မိမိကိုယ်ကို ပြန်၍ သိ၏။ ယင်းကို "သစ္စိကတသိ"ဟု ခေါ်၏။ သုံးဆင့်တိုင်အောင် သိသော အသိမှသာ သစ္စာစိုက်နိုင်၏။ ထိုသို့ သိရာတွင်လည်း ပုဂ္ဂိုလ်အရာဝတ္ထုနှင့် ဒြပ်ကို လွန်၍ ပရမတ္ထဆိုက်အောင် သိရ၏။ ပုဂ္ဂိုလ်အရာဝတ္ထုနှင့် ဒြပ်ဟူသည်ကား သုတ္တန်အနက် ဖြစ်၏။ ပရမတ္ထသည်သာ အဘိဓမ္မာအနက် ဖြစ်၏။ ပရမတ္ထ ဟူသည်မှာလည်း စင်စစ်အားဖြင့် ရုပ်နာမ်သဘောသာ ဖြစ်၏။ ထို့ကြောင့် အဘိဓမ္မာ ဟူသည် သုတ္တန္တဓမ္မထက် ထူးလည်း ထူး၏ ဟူ၍ လည်းကောင်း၊ ပိုလည်း ပို၏ ဟူ၍ လည်းကောင်း ဆိုခြင်း ဖြစ်ပါ၏။

အမှန်အားဖြင့် သုတ္တန် အနက်ဖြစ်သော ဝတ္ထုဇာတ်ကြောင်းကို သိရုံမျှနှင့် သစ္စာဉာဏ်ကို မရနိုင်။ အဘိဓမ္မာအနက်ဖြစ်သော ရုပ်နာမ်ကို သိပါမှ သစ္စာဉာဏ်ကို ရနိုင်၏။ ထို့ကြောင့် အဘိဓမ္မာသည် သုတ္တန်ထက် အရည်အချင်းအားဖြင့် ထူး၏။ သုတ္တန်ထဲ၌လည်း အဘိဓမ္မာ ပါဝင်သည်ဖြစ်ရာ သုတ္တန်ထဲမှ အဘိဓမ္မာကို နုတ်လိုက်လျှင် သုတ္တန်ဟူသည် ရှိသည်ပင် မမည်တော့။ ထို့ကြောင့် အဘိဓမ္မာသည် သုတ္တန်ထက် အရေအတွက်အားဖြင့် ပိုလွန်လေ၏။

# အခန်း ( ၂၄ )

## ဆရာတင် မှားလေသောအခါ

မြတ်စွာဘုရားသည် သတ္တမ ဝါကို တာဝတိံသာ၌ ကပ်တော်မူ၏။ ဝါတွင်းသုံးလတို့ ကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူ၏။ ဝါကျွတ်သောအခါ မဇ္ဈိမဒေသရှိ သင်္ကဿမြို့သို့ ပြန်ကြွလာတော်မူ၏။ သင်္ကဿမြို့၌ပင် မြတ်စွာဘုရားသည် တရားနာ ပရိသတ်အား တရားဒေသနာတော်များကို ဟောကြားတော်မူလေရာ ကုဋေ သုံးဆယ်သော လူနတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကို သိမြင်သဖြင့် အရိယာများ ဖြစ်သွားကြ၏။ ကုဋေသုံးဆယ်တို့တွင် ပါဝင်သော ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာတို့ကား ရဟန္တာများ ဖြစ်သွားကြလေ၏။ သူတို့သည် ရှင်သာရိပုတ္တရာထံမှ အဘိဓမ္မာတရားကို နာကြားပြီးသူများ ဖြစ်ကြ၏။ သို့ရာတွင် သူတို့သည် ထိုစဉ်က ရဟန္တာ မဖြစ်ကြ။ ယခု သင်္ကဿမြို့တံခါး၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော "သာရိပုတ္တသုတ်"ကို နာကြားရသော အခါမှသာ ရဟန္တာ ဖြစ်ကြ၏။ အချိန်အခါနှင့် အခြေအနေကို မှန်ကန်စွာ အသုံးချတတ်ဖို့ ဆိုသည်မှာ လွယ်သည် မဟုတ်။ မလွယ်သော်လည်း အသုံးချနိုင်သမျှ ချနိုင်ရန် ကြိုးစားရမည် ဖြစ်၏။

အချိန်အခါနှင့် အခြေအနေကို မှန်ကန်စွာ အသုံးချနိုင်သူတို့တွင် မြတ်စွာဘုရားသည် အနှိုင်းမဲ့ ဖြစ်တော်မူ၏။ ဤသို့ အနှိုင်းမဲ့ အသုံးချနိုင်ခြင်းကိုပင် အာသယာနုသယဉာဏ်တော်ကို ရခြင်းနှင့် ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော်ကို ရခြင်းဟူ၍ ဆို၏။ မြတ်စွာဘုရားသည် တရားနာ ပရိသတ်အား တရားတော်ကို ဟောကြားတော်မူတိုင်း အချိန်အခါနှင့် အခြေအနေကို အသုံးပြု၍ ဟောကြားတော် မူသည်ချည်း ဖြစ်၏။ မြတ်စွာဘုရားသည် တရားဟောကြားတော်မူရာတွင် မိမိ ဟောကြားတော်မူမည့် တရားတော်နှင့် ပတ်သက်၍ အစမှ အဆုံးတိုင် ခြွင်းချက်မရှိ ပိုင်နိုင်စွာ သိတော်မူ၏။ ဟောကြားပုံ ဟောကြားနည်းနှင့် ပတ်သက်၍လည်း အစမှ အဆုံးတိုင် ခြွင်းချက်မရှိ ပိုင်နိုင်စွာ သိတော်မူ၏။ မိမိ တရားတော်

ကို နာယူမည့်ပုဂ္ဂိုလ်၏ အလို အဈ္ဈာသယနှင့် ပတ်သက်၍လည်း အစမှ အဆုံးတိုင် ခြွင်းချက်မရှိ ပိုင်နိုင်စွာ သိတော်မူ၏။ ဤသို့ သိခြင်းကိုပင် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါး ဟူ၍ ဆို၏။ သို့ဖြစ်၍သာ မြတ်စွာဘုရား၏ တရားတော်ကို နားကြားရသူ ဟူသမျှသည် မိမိတို့၏ ပါရမီအလိုက် လောကီ လောကုတ္တရာ ကောင်းကျိုးများကို ရကြခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် သက်သမြို့၌ တရားတော်များကို ဟောကြားတော်မူပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွ၍ ထိုကျောင်း၌ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုစဉ်က မြတ်စွာဘုရား၏ သာသနာတော်သည် ထွန်းလင်း တောက်ပလွန်းလှ၏။ သံဃာ့အဖွဲ့အစည်းကို ကြည့်လိုက်ပါကလည်း လူတန်းစားအားဖြင့် မင်းညီမင်းသားများနှင့် ဗြာဟ္မဏမျိုးနွယ်များက အများစု ဖြစ်ကြ၏။ ဆင်းရဲသား လူတန်းစားများက အနည်းစု ဖြစ်၏။ ထို့ကြောင့် ထိုခေတ် ရဟန်းတော်များကို လူတန်းစားရှုထောင့်မှ ကြည့်လျှင် ဝမ်းရေးကို အကြောင်းပြု၍ သာသနာ့ဘောင်သို့ ဝင်ရောက်သူများ မရှိသလောက်ပင် ဖြစ်သည်မှာ ထင်ရှား၏။ အမှန်အားဖြင့် ထိုစဉ်က မြတ်စွာဘုရား၏ သာသနာတော်၌ ဝမ်းရေးကို အကြောင်းပြု၍ ဝင်ရောက်လာသော ဗြာဟ္မဏ အယူပျက်များနှင့် တိတ္ထိအယူပျက်များ မရှိကြသေးချေ။ ထို့ကြောင့် မြတ်စွာဘုရား သာသနာတော်၏ ထိုခေတ်ကို ပထမ ဗောဓိဟု ခေါ်၏။ ပထမ ဗောဓိသည် နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း ၂၀ ဖြစ်၏။

ပထမဗောဓိတွင် မြတ်စွာဘုရား၏ သာသနာတော်သည် ဒီရေကဲ့သို့ တစ်နေ့တခြား တိုးတက်လျက် ရှိ၏။ လှူဒါန်းကြသည့် ဒါယကာများသည်လည်း တိုး၍ တိုး၍ လာ၏။ ဒါယကာများတွင် မင်းလည်း ပါ၏။ သူဌေးလည်း ပါ၏။ ဆင်းရဲသားလည်း ပါ၏။ ထိုအခါ လှူဖွယ်ဝတ္ထုများသည်လည်း အလျှံပယ် ဖြစ်လာလေ၏။ မြတ်စွာဘုရား၏ သာသနာတော်သည် အလျော် “အန္နယ” ရှုထောင့်မှ ကြည့်လျှင် များစွာ ဝမ်းမြောက်ဖွယ် ဖြစ်၏။ ကျေနပ်အားရဖွယ် ဖြစ်၏။ သို့ရာတွင် ဓမ္မတာအရ အရာရာတိုင်း၌ ဆန့်ကျင်ဘက် “ဗျတိရေက” ရှုထောင့်သည် ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်၌လည်း ဆန့်ကျင်ဘက် ရှိရခြင်း ဖြစ်၏။ မြတ်စွာဘုရား သာသနာတော်၏ ဆန့်ကျင်ဘက်ကား တိတ္ထိတို့၏ သာသနာ ဖြစ်၏။

မြတ်စွာဘုရား၏ သာသနာတော်ဝင် ရဟန်းသံဃာတော်များသည် လာဘ်လာဘ ပေါများလာလေလေ တိတ္ထိသာသနာဝင် ပရိဗိုဇ်များသည် လာဘ်လာဘ ရှားပါးလာလေလေ ဖြစ်၏။ အမှန်အားဖြင့် တိတ္ထိတို့သည်လည်း အရိယသစ္စာကို

ရှာဖွေသူများပင် ဖြစ်ကြ၏။ သူတို့သည် အရိယသစ္စာကို ရှာဖွေရန် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာခဲ့သူများ ဖြစ်ကြ၏။ သူတို့၏ ရည်ရွယ်ချက်ကား ကောင်းမွန်ပါသော်လည်း သူတို့၏ အရိယသစ္စာ ရှာဖွေနည်းကား မကောင်းခဲ့။ ထို့ကြောင့် သူတို့သည် အရိယသစ္စာကို မတွေ့ခဲ့ကြခြင်း ဖြစ်၏။ အရိယသစ္စာကို မတွေ့ပါသော်လည်း တွေ့လိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့် သူတို့သည် တပအကျင့်ဖြင့် အရိယသစ္စာကို ဆက်၍ ဆက်၍ ရှာကြလေ၏။ သူတို့၏ တပအကျင့်ဖြင့် အရိယသစ္စာကို မည်သည့်အခါမျှ မရနိုင်ကြောင်းကို သူတို့ မသိကြ။ မသိသဖြင့်လည်း ခန္ဓာကိုယ်ကို ညှဉ်းဆဲသော အတ္တကိလမထ အကျင့်ကို ကျင့်ကြခြင်း ဖြစ်၏။

တိတ္ထိတို့သည် သူတို့ကိုယ်ကို ရဟန်းတော်များနှင့် ယှဉ်ကြည့်ကြ၏။ ရဟန်းတော်များသည်လည်း အရိယသစ္စာကို ရှာဖွေရန် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာခဲ့သူများ ဖြစ်ကြ၏။ သူတို့သည်လည်း အရိယသစ္စာကို ရှာဖွေရန် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာခဲ့သူများပင် ဖြစ်ကြ၏။ အချင်းချင်း ဘာများ ထူးပါလေသနည်း။ သို့ပါလျက် ရဟန်းသံဃာတော်များကိုမူ သာဝတ္ထိ ပြည်သူပြည်သားများက ကြည်ညိုကြပြီး သူတို့ကိုမူ သာဝတ္ထိပြည်သူပြည်သားများက မကြည်ညိုကြ။ ဤသည်ကို တိတ္ထိတို့သည် နားကြည်းကြ၏။

ဇေတဝန်ကျောင်းတော်နှင့် တိတ္ထိတို့၏ အာရာမ်သည် အချင်းချင်း ဝေးလှသည် မဟုတ်။ အချင်းချင်း မြင်နေရ၏။ ဇေတဝန်ကျောင်းတော်၌ ပရိသတ်စည်းကား၏။ လာဘ်လာဘ ပေါများ၏။ ကြည်ညိုသူ များ၏။ ထင်ပေါ်ကျော်ကြားမှုသည် ပျံ့နှံ့၏။ ဘဝဂ်သို့ တိုင်၏။ တိတ္ထိတို့၏ အာရာမ်၌မူ ပရိသတ်ကလည်း မစည်ကား၊ လာဘ်လာဘကလည်း ရှားပါး၏။ ကြည်ညိုသူများကလည်း နည်းပါးလှ၏။ ထင်ပေါ်ကျော်ကြားမှုကလည်း မရှိ။ သို့ရာတွင် သူတို့သည် တိတ္ထိသာသနာကို မစွန့်နိုင်ကြ။ ဝါဒတဏှာသည် ကာမတဏှာထက် ပို၍ ဆွဲဆောင်နိုင်စွမ်း ရှိပါ၏။

မြတ်စွာဘုရားနှင့် တပည့် သာဝကများသည်လည်း ကိလေသာကို သတ်ကြ၏။ တိတ္ထိများသည်လည်း ကိလေသာကို သတ်ကြသည်ပင် ဖြစ်၏။ ထိုသို့ သတ်ကြရာတွင် မြတ်စွာဘုရားနှင့် တပည့် သာဝကများက ကိလေသာကို သေအောင် သတ်နိုင်ကြ၏။ တိတ္ထိများကမူ ကိလေသာကို သေအောင် မသတ်နိုင်ကြ။ ဒဏ်ရာ ရအောင်သာ သတ်နိုင်ကြ၏။ ထိုအခါ သူတို့၏ ကိလေသာသည် ဒဏ်ရာရသော ကျားနာကဲ့သို့ ဖြစ်လေ၏။ သေသော ကိလေသာသည် မိမိနှင့် လောကအပေါ် အန္တရာယ် မပြုတတ်သော်လည်း ဒဏ်ရာရထားသော ကိလေသာ

ကား မိမိနှင့် လောကအပေါ် ကြီးစွာ အန္တရာယ် ပြုတတ်၏။ ကျားနာခဲ ခဲတတ်၏။ ထို့ကြောင့် တိတ္ထိတို့၏ ဒဏ်ရာရထားသော ကိလေသာသည် မြတ်စွာဘုရားအပေါ် ကျားနာခဲ ခဲလေ၏။ သို့ရာတွင် မြတ်စွာဘုရားအပေါ် ကျားနာခဲ ခဲသော်လည်း မြတ်စွာဘုရား၌ အန္တရာယ် မဖြစ်ခဲ့။ တိတ္ထိတို့၌သာ ပြန်၍ အန္တရာယ် ဖြစ်လေ၏။ ရေလှိုင်းသည် အရှိန်အဟုန်ပြင်းစွာဖြင့် ကမ်းကို ရိုက်ခတ်ပါသော်လည်း ကမ်းကို မလွှန်နိုင်သောအခါ မိမိ စတင်ရာသို့သာ ပြန်ရ၏။

ထိုအခါ တိတ္ထိတို့သည် မြတ်စွာဘုရား ပျက်စီးရာ ပျက်စီးကြောင်းကို ကြံကြ၏။ အမျိုးသားတို့ကို ဖျက်ဆီးနိုင်သော လက်နက်များတွင် အမျိုးသမီး လက်နက်သည် အထက်မြက်ဆုံး ဖြစ်သည်ကို သူတို့ သိကြ၏။ ထိုအသိကား လောကအစုန်သမားများအတွက်သာ မှန်သောအသိ ဖြစ်၏။ လောက အဆန် သမားများအတွက် မှန်သောအသိ မဟုတ်။ သို့ရာတွင် တိတ္ထိတို့သည် လောက အစုန်သမားတို့၏ အသိကို အားကိုးပြီး မြတ်စွာဘုရားကို ဖျက်ဆီးရန် စိဉ္စမာနကို အသုံးပြုကြ၏။

တိတ္ထိတို့၏ အမြင်အရ လောက၌ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြုနိုင်မှသာ သူတို့၏ သာသနာ ရှည်ကြာမည် ဖြစ်၏။ "သူတည်း တစ်ယောက်၊ ကောင်းဖို့ ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း" ဟူသော ဓမ္မတာအရ မြတ်စွာဘုရား၏ သာသနာတော်သည် ပျက်ဖို့ လိုသည်ဟု သူတို့ ထင်ကြ၏။ အမှန်အားဖြင့် ကောင်းသော ကံသည် ကောင်းသော အကျိုးကို ပေး၍၊ မကောင်းသော ကံသည် မကောင်းသော အကျိုးကို ပေးသည် ဟူသော ကမ္မနိယာမကို တိတ္ထိတို့သည် မှန်ကန်စွာနှင့် နက်ရှိုင်းစွာ နားမလည်ကြ။ ထို့ကြောင့် သူတို့သည် မကောင်းသော ကံဖြင့် ကောင်းသော အကျိုးကို ရရန် မျှော်ကိုးပြီး မြတ်စွာဘုရားကို ဖျက်ဆီးရန် စိဉ္စမာနကို တာဝန်ပေးခြင်း ဖြစ်၏။

စိဉ္စမာနသည် တိတ္ထိတို့၏ တပည့် ပရိဗိုဇ်မ ဖြစ်၏။ သူမသည် နတ်သမီး တမျှ လှပ၏။ မန်ကျည်းပင်၌ ပဋိသန္ဓေနေသူ ဖြစ်၏။ သူမ၏ ကိုယ်မှ အရောင် များလည်း တဖျပ်ဖျပ် တောက်ပ ကွန့်မြူး၏။ ထို့ကြောင့် စိဉ္စမာနသည် ထူးသော အတိတ်ကံရှိသူ ဖြစ်၏။ ထို့အပြင် သူမသည် အရိယသစ္စာကို မြတ်နိုးသူ ဖြစ်၏။ ထို့ကြောင့် သူမသည် အရိယသစ္စာကို ရှာဖွေရန် အိမ်ရာတည်ထောင် လူတို့ ဘောင်ကို စွန့်ပြီး ပရိဗိုဇ်ဝတ်ခြင်း ဖြစ်၏။ သူမ ရည်ရွယ်ချက်ကား မြင့်မြတ်ပါ၏။ သို့ရာတွင် သူမ ဆည်းကပ်သော ဆရာများကား တိတ္ထိများ ဖြစ်ကြ၏။

လောကတွင် အမှားတကာ့ အမှားများအနက် ဆရာတင်မှားခြင်းသည် အမှားဆုံး ဖြစ်၏။ ဆရာတင် မှားပါက မျက်မှောက်၌သာမက သံသရာ တစ်

လျှောက်လုံး မှောက်ပေလိမ့်မည်။ ဆရာတင် မှားရာလေသော စိဥ္စမာန ပရိဗိုဇ်မ၏ ဘဝပျက်ခြင်းသည် ကြေကွဲဖွယ် ကောင်းလှ၏။ စိဥ္စမာနသည် သန္တိသုခကို ရလိုပါသော်လည်း သန္တိသုခ ရှိရာဘက်သို့ မလျှောက်လှမ်းမိဘဲ အပါယ်ဒုက္ခ ဘက်သို့သာ လျှောက်လှမ်းမိခြင်းသည် လမ်းမှားကိုသာ ညွှန်နိုင်သူ ဆရာဆိုးများ ကို ဆည်းကပ်မှားသောကြောင့် ဖြစ်၏။ ကမ္မနိယာမအတိုင်း ဆိုရလျှင် ဘယ်သူ မပြု မိမိမှုသာ ဖြစ်ချေ၏။

စိဥ္စမာနသည် တိတ္ထိဆရာကြီးတို့၏ ဩဝါဒအတိုင်း ဆည်းဆာချိန်တွင် ဇေတဝန်ကျောင်းဘက်သို့ သွား၏။ တိတ္ထိတို့၏ အာရာမ်၌ အိပ်၏။ မိုးသောက် ထ၍ ဇေတဝန်ကျောင်းဘက်မှ ပြန်၏။ ဤသည်ကို လူတို့က မြင်ကြ၏။ တစ်နေ့ လည်း မဟုတ်၊ တစ်ရက်လည်း မဟုတ်။ လူတို့က မေးသော်လည်း စိဥ္စမာနက မဖြေ။ တမင် မဖြေကောင်းသော မေးခွန်း ဖြစ်လေဟန်ဖြင့် မဖြေခြင်း ဖြစ်၏။ ဤနည်းဖြင့် စိဥ္စမာန ပရိဗိုဇ်မသည် သူမ၏ လုပ်ငန်းအတွက် ရှေးဦးစွာ ပရိကမ် ကို ပြု၏။ ထို့နောက် ပရိကမ်ပြုချိန် လုံလောက်ပြီဟု ယူဆပြီး သူမသည် သူမ၏ ဗိုက်ကို ပျဉ်ချပ်များဖြင့် ရစ်သိုင်းပြီး ကိုယ်လေးလက်ဝန်ရှိဟန် ဆောင် တော့သည်။ သူမ၏ မကောင်းကြံမှုသည် ပီရိသည်ဟု သူမက ထင်၏။ မည်သည့် မကောင်းကြံမှုမျိုးမဆို လောက၌ အဝိဇ္ဇာဖုံးလွှမ်းခိုက်သာ အမှန်သဖွယ် ထင်ရ၏။ အဝိဇ္ဇာ ဟူသည်လည်း လောက၌ ထာဝစဉ် ဖုံးလွှမ်းနိုင်ရိုး မရှိ။ လောက၌ ဝိဇ္ဇာရောက်၍ အဝိဇ္ဇာပျောက်ရသည့် အခါသမယသည် ရှိ၏။ ထိုအခါ မကောင်း ကြံမှုသည် အမှားအဖြစ် စင်းစင်းကြီး ပေါ်လေ၏။

တစ်နေ့တွင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ တရားနာ ပရိသတ်အား တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထိုစဉ်တွင် စိဥ္စမာန သည် တရားနာပရိသတ်၏ အလယ်သို့ ဝင်၍ သူမ၏ ကိုယ်ဝန်သည် မြတ်စွာ ဘုရားနှင့် ရသော ကိုယ်ဝန်ဖြစ်ကြောင်း ဆို၏။ စိဥ္စမာနကို ဇေတဝန်ကျောင်း ဝန်းကျင်၌ မကြာခဏ မြင်ဖူးသော ပုထုဇဉ် တရားနာ ပရိသတ်၏ စိတ်ထဲ၌ ယုံမှားမှုသည် ဖြစ်လေ၏။

ဤလောက၌ မည်သူမျှ မသိသော လျှို့ဝှက်ချက်မည်သည် မရှိကောင်း။ သိသူများသည် ရှိမြဲ ဖြစ်၏။ သိကြားမင်းသည် စိဥ္စမာန၏ လျှို့ဝှက်ချက်ကို ဖော်လိုက်၏။ ထိုအခါ သူမ၏ ဗိုက်မှ ပျဉ်ချပ်များသည် ပြုတ်ကျသွားလေရာ သူမ၏ ခြေဖျားနှစ်ဖက်ပင် ကျိုးသွား၏။ ပရိသတ်များကလည်း စိဥ္စမာနကို ဇေတဝန်ကျောင်းတိုက်အပြင်သို့ ဆွဲထုတ်ကြ၏။ မဟာပထဝီမြေကြီးကလည်း မြတ်စွာဘုရားကို ရိုသေသောအားဖြင့် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ တရွေ့

ရွှေ့ လျှောက်လှမ်းလာသော စိဋ္ဌမာနကို မမျိုသေးဘဲ အသင့်စောင့်နေ၏။ မြတ်စွာဘုရား၏ မျက်ကွယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မဟာပထဝီမြေကြီးသည် စိဋ္ဌမာနကို မျို၍ မဟာအဝီစိငရဲသို့ ပို့လိုက်လေ၏။ ဆရာဆိုးတို့၏ မကောင်းသော လမ်းညွှန်မှု၌ ပြင်းစွာ ယုံကြည်ပြီး ဘဝကို စတေးခဲ့လေသော စိဋ္ဌမာန၏ ဘဝနိဂုံးကား များစွာ သံဝေဂဖြစ်ဖွယ် ကောင်းလှ၏။ ဆင်ခြင်ဖွယ် ကောင်းလှပါ၏။ သို့ရာတွင် ဆရာဆိုး တိတ္ထိတို့ကား သံဝေဂ မဖြစ်ကြ။ သူတို့သည် သူတို့အတွက် အသုံးဝင်မည့် "သားကောင်"ကို နောက်ထပ် ရှာဖွေရန် စဉ်းစားကြပေဦးတော့မည်။

## အခန်း ( ၂၅ )
## တိတ္ထိတို့၏သားကောင်တစ်ဦး

ထိုစဉ်က မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူ၏။ တိတ္ထိတို့သည်လည်း ဇေတဝန်ကျောင်းနှင့် မနီးမဝေးရှိ တိတ္ထိ အာရာမ်၌ သီတင်းသုံး နေထိုင်ကြ၏။ တိတ္ထိတို့သည် မြတ်စွာဘုရားနှင့် ပြိုင်ကြ ၏။ မြတ်စွာဘုရားကမူ တိတ္ထိတို့နှင့် မပြိုင်။ မြတ်စွာဘုရားက "အနတ္တ"ကို ဟော၏။ တိတ္ထိတို့က "အတ္တ"ကို ဟော၏။ မြတ်စွာဘုရားက ကာမဂုဏ်၏ အပြစ်ကို ဟော၏။ တိတ္ထိတို့က ကာမဂုဏ်၏ အကျိုးကို ဟော၏။ ကာမဂုဏ် တွင် လာဘ်လာဘ ပေါများခြင်းလည်း ပါ၏။ အလေးအမြတ်ပြု ခံရခြင်းလည်း ပါ၏။ ထင်ပေါ်ကျော်ကြားခြင်းလည်း ပါ၏။

မြတ်စွာဘုရားသည် လာဘ်လာဘပေါများခြင်း၏ အပြစ်ကို ဟော၏။ ထို့ကြောင့် မြတ်စွာဘုရားသည် လာဘ်လာဘပေါများအောင် အားမထုတ်။ လာဘ် လာဘ ပေါများအောင် အားမထုတ်ခါမှ လာဘ်လာဘများသည် မြတ်စွာဘုရား ထံသို့ သူ့ဘာသာသူ ခြေပေါက်၍ လာကြ၏။ တိတ္ထိတို့သည်ကား လာဘ်လာဘ ပေါများခြင်း၏ အကျိုးကို ဟော၏။ ထို့ကြောင့် တိတ္ထိတို့သည် လာဘ်လာဘ ပေါများအောင် အားထုတ်ကြ၏။ လာဘ်လာဘ ပေါများအောင် အားထုတ်ကြခါမှ လာဘ်လာဘများသည် တိတ္ထိတို့ထံမှ နောက်ဆုတ်၍ ပြေးကြ၏။ ထိုနည်းတူပင် အလေးအမြတ်ပြုခြင်းတို့သည် လည်းကောင်း၊ ထင်ပေါ်ကျော်ကြားခြင်းတို့သည် လည်းကောင်း မလိုချင်သော မြတ်စွာဘုရားထံသို့ သူ့ထက်ငါ အလုအယက် ရောက်လာကြပြီး လိုချင်သော တိတ္ထိတို့ထံမှမူ သူ့ထက်ငါ အလုအယက် နောက် ဆုတ်၍ ပြေးကြလေ၏။ ထို့ကြောင့်ပင် "ကမ္မဝိသယော အစိန္တေယျော" ကံ၏ အရာသည် ကြံစည်ခြင်းငှာ မတတ်ကောင်းလောက်အောင် ဆန်းကြယ်သည်ဟု ဆိုခြင်း ဖြစ်ရာ၏။

ထိုအခါ တိတ္ထိတို့သည် မိမိတို့၌ လာဘ်လာဘနည်းခြင်း၊ လူအပေါင်းတို့ ၏ အလေးအမြတ်ပြုမှု မခံရခြင်း၊ အကျော်အစောမဲ့ခြင်းတို့၏ တရားခံကို ရှာကြ ၏။ တကယ်တမ်း တရားခံအစစ်မှာ "ဘယ်သူမပြု မိမိမှု" ဟူသော ကမ္မနိယာမ အတိုင်း တိတ္ထိတို့၏ ကာကယက်မှု၊ ဝစီကံမှုနှင့် မနောကံမှု တို့သာ ဖြစ်၏။ သို့ရာတွင် တိတ္ထိတို့ကမူ မိမိတို့၏ ကံကို အပြစ်အဖြစ် မမြင်။ တရားခံအဖြစ်

မမြင်။ မြတ်စွာဘုရားကိုသာ အပြစ်အဖြစ် မြင်၏။ မြတ်စွာဘုရားကိုသာ တရားခံအဖြစ် မြင်၏။ ထို့ကြောင့် တိတ္ထိတို့သည် မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးဖွဲ့ကြ၏။ မြတ်စွာဘုရား၏ ဂုဏ်သိက္ခာကို ချေဖျက်ရန် အားထုတ်ကြ၏။

တိတ္ထိတို့သည် မြတ်စွာဘုရားကို စိဥ္စမာန ပရိဗိုဇ်မနှင့် သိက္ခာချရန် ပထမအကြိမ် အားထုတ်ကြ၏။ ထိုအခါကလည်း သူတို့ ရှုံးခဲ့ကြ၏။ စိဥ္စမာနနှင့် မြတ်စွာဘုရားကို သိက္ခာချရန် အားထုတ်ခါမှ မြတ်စွာဘုရား၏ သိက္ခာသည် ဘဝင်မဆံ့ ပျံ့နှံ့၍ တက်လေ၏။ ဤသို့ ဖြစ်သည်ကို သူတို့သည် ကိုယ်တွေ့မျက်မြင် ဖြစ်ကြ၏။ သို့ရာတွင် တိတ္ထိတို့သည် မြတ်စွာဘုရား၏ သိက္ခာချရေးကိစ္စ၌ အားမလျှော့ကြ၊ ဆက်၍ ကြံကြပြန်၏။ "ဝိနာသေ ပစ္စုပဋ္ဌိတေ အနယော နယရူပေန ဗုဒ္ဓိက္ကမ္မ တိဋ္ဌတိ" မည်သူမဆို သတ္တဝါ ဟူသမျှသည် ပျက်စီးချိန်တန်ပါက အမှားတို့ပင် အမှန်ထင်တတ်သည် ဟူသော ဝဇီရဗုဒ္ဓိဋီကာဆရာ၏ အဆိုအမိန့် အတိုင်းပင် တိတ္ထိတို့သည် ဒုတိယအကြိမ် ပျက်စီးချိန် ရောက်ကြပြန်လေပြီ။

တိတ္ထိတို့သည် မြတ်စွာဘုရားကို သုန္ဒရီပရိဗိုဇ်မနှင့် သိက္ခာချရန် အားထုတ်ကြပြန်၏။ ဤအကြိမ်၌ကား မြတ်စွာဘုရားကိုသာမက မြတ်စွာဘုရား၏ တပည့်သား သာဝကများကိုပါ သိက္ခာကျစေရန် တိတ္ထိတို့က ကြံစည်ကြခြင်း ဖြစ်၏။ အမျိုးသားများ၏ သိက္ခာကို ချရာ၌ အမျိုးသမီးများသည် အထက်မြက်ဆုံးသော လက်နက်များ ဖြစ်ကြသည် မှန်၏။ သို့ရာတွင် ထိုလက်နက်သည် ပုထုဇဉ်အမျိုးသားများအတွက်သာ ထိရောက်ပါ၏။ ကာမရာဂကို ပယ်ပြီးသော အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များအတွက်မူ အမျိုးသမီးလက်နက်သည် တစ်စုံတစ်ရာ ထိရောက်ခြင်း မရှိသည်ကို တိတ္ထိတို့ မသိကြ။ ထို့ကြောင့် တိတ္ထိတို့သည် မြတ်စွာဘုရားကို သုန္ဒရီပရိဗိုဇ်မနှင့် သိက္ခာချရန် ကြံစည်ကြခြင်း ဖြစ်၏။

သုန္ဒရီပရိဗိုဇ်မသည် ချော၏၊ လှ၏။ ထို့ကြောင့် သူမကို သုန္ဒရီဟုခေါ်ခြင်း ဖြစ်၏။ သုန္ဒရီ ဟူသော ပါဠိဝေါဟာရ၏ အနက်မှာ ချောမောလှပသူဟူ၍ ဖြစ်၏။ သုန္ဒရီသည် ချောမောလှပသူ ဖြစ်သည့်အလျောက် လူ့ဘောင်တွင်နေပါက ခင်ပွန်းကောင်းကို ရနိုင်ပါ၏။ သို့ရာတွင် သူမသည် အိမ်ထောင်ရေးကို စိတ်မဝင်စား။ တရား ဓမ္မကိုသာ စိတ်ဝင်စား၏။ ဘဝဟူသည် တံလျှပ်သဖွယ်သာ ဖြစ်၏။ တံလျှပ်ဟူသည် ရေ မဟုတ်ပါဘဲလျက် ရေယောင်ဆောင်တတ်၏။ ထိုနည်းအတူပင် ဘဝဟူသည် သုခ မဟုတ်ပါဘဲလျက် သုခယောင်ဆောင်တတ်၏။ လက်တွေ့ကျတော့ တံလျှပ်သည် မက်မောစရာကောင်းသော ရေမဟုတ်ဘဲ အပူလှိုင်း ဖြစ်သလို ဘဝသည်လည်း မက်မောစရာကောင်းသော သုခ မဟုတ်ဘဲ ဒုက္ခသာ ဖြစ်၏။

ထို့ကြောင့် သူမသည် တံလျှပ်ကို ရေထင်၍ ရွှေသမင်လိုက်သလို ဘဝကို သုခ ထင်၍ မလိုက်လိုတော့။ သူမသည် ဘဝကို ဒုက္ခမှန်း သိ၏။ သို့ရာတွင် သူမ၏ အသိကား ဆင်ခြင်သိသာ ဖြစ်၏။ မျက်မှောက်ပြုသိ မဟုတ်။ သူမသည် ဘဝကို ဒုက္ခမှန်း မျက်မှောက်ပြုသိဖြင့် သိချင်၏။ မျက်မှောက်ပြုသိဟူသည် အရိယသစ္စာသိ ဖြစ်၏။ ထို့ကြောင့် သုန္ဒရီသည် ဘဝကို ဒုက္ခမှန်း အရိယသစ္စသိ ဖြင့် သိနိုင်ရေးအတွက် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်၍ ပရိဗိုဇ်မပြုခြင်း ဖြစ်၏။ သူမ၏ ရည်မှန်းချက်ကား မွန်မြတ်ပါ၏။

သူမ၏ ရည်ရွယ်ချက် ကောင်းမွန်ပါသော်လည်း သူမသည် ဆရာကောင်းနှင့် မဆုံစည်းခဲ့။ ဆရာဆိုးနှင့်သာ ဆုံစည်းခဲ့၏။ ကလျာဏမိတ္တနှင့် မဆုံစည်းခဲ့။ ပါပမိတ္တနှင့်သာ ဆုံစည်းခဲ့၏။ မြတ်စွာဘုရားနှင့် မဆုံစည်းခဲ့။ တိတ္ထိများနှင့်သာ ဆုံစည်းခဲ့၏။ အကယ်၍သာ သုန္ဒရီသည် ရှေးဦးစွာ မြတ်စွာဘုရားနှင့်သာ ဆုံစည်း ခဲ့ပါလျှင် သူမ၏ ဘဝသည် ယခုလို အဖြစ်ဆိုးချင်မှ ဆိုးပေလိမ့်မည်။ သို့ရာတွင် ကြံစည်သော်လည်း ကြံစည်သည့်အတိုင်း ဖြစ်ချင်မှ ဖြစ်၏။ မကြံစည်သော် လည်း ဖြစ်ချင် ဖြစ်တတ်၏ ဟူသော ကမ္မနိယာမအတိုင်း သုန္ဒရီ၏ ဘဝအဖြစ် ဆိုးခြင်းသည် သူမ၏ ဘဝအကျိုးပေး ဟူ၍သာ ဆိုရမည် ဖြစ်၏။ အမှန်အားဖြင့် သုန္ဒရီတို့ခေတ်က မြတ်စွာဘုရား၏ သာသနာတော်သည် သာဝတ္ထိပြည်၌ ရောင်ဝါ နေသို့ ထွန်းနေချိန် ဖြစ်၏။ သို့ပါလျက် သုန္ဒရီသည် မြတ်စွာဘုရား၏ သာသနာ တော်နှင့် မတွေ့ရဘဲ တိတ္ထိတို့၏ သာသနာနှင့် တွေ့ရခြင်းမှာ သူမ၏ ဘဝအကျိုး ပေးပင် ဖြစ်ပေလိမ့်မည်။

သုန္ဒရီသည် တိတ္ထိတို့နှင့် တွေ့ပြီး ပရိဗိုဇ်မ ဖြစ်သွား၏။ တိတ္ထိတို့ထံမှ တရားဒေသနာများကို နာကြားရ၏။ တိတ္ထိတို့ထံမှ တရားဒေသနာများကို နာရ သည့်အလျောက် တိတ္ထိတို့၏ ဝါဒ၌ စွဲ၏။ အမှန်အားဖြင့် ကာမတဏှာထက် ဝါဒတဏှာက ပို၍ ဆွဲဆောင်နိုင်၏။ သုန္ဒရီပရိဗိုဇ်မသည် ကာမန္တံမှ ရုန်းထွက် နိုင်ခဲ့ပါသော်လည်း တိတ္ထိတို့၏ ဝါဒန္တံမှ ရုန်းမထွက်နိုင်ခဲ့။ ထို့ကြောင့် သုန္ဒရီ ပရိဗိုဇ်မသည် တိတ္ထိတို့က ကြိုးဆွဲတိုင်း က ခဲ့ရသည့် ယမင်းရုပ် ဖြစ်ခဲ့ရခြင်း ဖြစ်၏။ သို့ရာတွင် သုန္ဒရီကမူ သူမကိုယ်ကို သူမ တိတ္ထိတို့၏ ယမင်းရုပ်အဖြစ် မသိ။ တိတ္ထိတို့၏ သာသနာပြု သူရဲကောင်းမကြီး အဖြစ်သာ သိပါ၏။ အဝိဇ္ဇာ၏ စွမ်းဆောင်ချက်ပေတကား။

အဝိဇ္ဇာသည် အလွန်ပင် စွမ်းအားထက်လှ၏။ အဓမ္မကိုလည်း အဓမ္မမှန်း မသိရလေအောင် ဖုံး၏။ အဓမ္မကိုပင် ဓမ္မအဖြစ် မြင်ရလေအောင် ဖော်ပြန်၏။ ဓမ္မကိုလည်း ဓမ္မမှန်း မသိရလေအောင် ဖုံး၏။ ဓမ္မကိုပင် အဓမ္မအဖြစ် မြင်ရလေ အောင် ဖော်ပြန်၏။ အဝိဇ္ဇာကား ဖုံးလည်း ဖုံးတတ်၏။ ဖော်လည်း ဖော်တတ်၏။

ထိုမျှ အစွမ်းထက်လှသော အဝိဇ္ဇာ၏ ဒဏ်ကို သုန္ဒရီပရိဗိုဇ်မသည် ဆရာကောင်း မတွေ့ရလေသောအခါ လည်စင်း၍ ခံရလေ၏။ ထို့ကြောင့် အရာရာတိုင်းတွင် ကလျာဏမိတ္တ မည်သော ဆရာကောင်းကို လိုအပ်၏ ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်၏။

တိတ္ထိတို့၏ ညွှန်ကြားချက်အတိုင်း သုန္ဒရီပရိဗိုဇ်မသည် တရားနာ ပရိသတ်များ ဇေတဝန်ကျောင်းတော်မှ ပြန်ချိန်တွင် သာဝတ္ထိမြို့ဘက်မှ ဇေတဝန် ကျောင်းတော်ဘက်သို့ သွား၏။ တရားနာ ပရိသတ်များ ဇေတဝန်ကျောင်းတော်သို့ သွားချိန်တွင် သုန္ဒရီပရိဗိုဇ်မသည် ဇေတဝန်ကျောင်းဘက်မှ သာဝတ္ထိမြို့ဘက်သို့ လာ၏။ ပရိသတ်များက မေးလျှင်လည်း မိမိသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ ရဟန်းဂေါတမနှင့် အတူသွား၍ အိပ်ခြင်း ဖြစ်ပါသည်ဟု ပြန်လည် ဖြေကြား ၏။ ဤသည်မှာ သူမ၏ တာဝန် ဖြစ်၏။ ထိုတာဝန်ကို သူမသည် ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါ၏။ ထို့ကြောင့်ပင် မြတ်စွာဘုရားက–

မခုံ မညတိ ဗာလော၊ ယာဝ ပါပံ နပစ္စတိ။ 'မကောင်းမှု ဟူသည် လူမိုက်အတွက် အကျိုးမပေးမီ ပျားရည်ကဲ့သို့ ချို၏' ဟူ၍ ဟောကြားတော်မူခြင်း ဖြစ်၏။ သုန္ဒရီပရိဗိုဇ်မသည်လည်း သူမ၏ လုပ်ငန်းအောင်မြင်မှုကို ပျားရည်ကဲ့ သို့ပင် ချိုသည်ဟု ထင်ပါ၏။ တိတ္ထိတို့သည်လည်း သူတို့၏ လုပ်ငန်းအောင်မြင် မှုကို ပျားရည်ကဲ့သို့ပင် ချိုသည်ဟု ထင်ကြပါ၏။ ထိုစဉ်က သူတို့အားလုံးသည် ပျော်ကြ၏၊ ပြုံးကြ၏။

နှစ်ရက် သုံးရက် ကြာသောအခါ တိတ္ထိတို့သည် လူသတ်သမားများကို ငှား၍ သုန္ဒရီပရိဗိုဇ်မကို သတ်ခိုင်း၏။ အလောင်းကို ဇေတဝန်ကျောင်းတော် အနီးရှိ အမှိုက်ပုံ၌ ပစ်ထားခိုင်း၏။ ထို့နောက် တိတ္ထိတို့သည် သူတို့၏ တပည့် သုန္ဒရီပရိဗိုဇ်မ ပျောက်နေသဖြင့် ဇေတဝန်ကျောင်းတော် ပတ်ဝန်းကျင်ကို ရှာလို ကြောင်း ကောသလမင်းကြီးထံ ခွင့်တောင်း၏။ ကောသလမင်းကြီးကလည်း ခွင့်ပြုလိုက်၏။ ထိုအခါ တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော်အနီးရှိ အမှိုက်ပုံ မှ သုန္ဒရီပရိဗိုဇ်မ၏ ရုပ်အလောင်းကို ညောင်စောင်းဖြင့် သယ်ယူ၍ ကောသလ မင်းကြီးအား ပြကြ၏။ ကောသလမင်းကြီးထံမှ တစ်မြို့လုံး လှည့်လည်ပြခွင့်ကို တောင်း၏။ မင်းကြီးကလည်း ခွင့်ပြု၏။ ထိုအခါ တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မ ၏ ရုပ်အလောင်းကို သာဝတ္ထိ တစ်မြို့လုံးကို လှည့်လည်၍ ပြကြ၏။ ရဟန်း ဂေါတမနှင့် သူ၏ တပည့်သာဝကများက သုန္ဒရီပရိဗိုဇ်မကို မတော်မတရား ပြုကျင့်ပြီး သတ်ပစ်ခြင်း ဖြစ်ကြောင်းကိုလည်း ဝါဒဖြန့်ကြ၏။ ထိုအခါ သာဝတ္ထိ မြို့သူမြို့သားများသည် များစွာ စိတ်မချမ်းမသာ ဖြစ်ကြ၏။ သို့ရာတွင် တစ်ဖက် နှင့် တစ်ဖက် ဘာသာရေးစစ်ပွဲမျိုးကား မဖြစ်ခဲ့။ သူတို့သည် ရင့်ကျက်ခဲ့ကြ၏။

ဖြစ်ရပ်မှန် ဟူသမျှသည် အဝိဇ္ဇာ အပေါ်စီး ရခိုက်သာ ဖုံး၍ ရ၏။ အဝိဇ္ဇာ ဟူသည်လည်း အမြဲတမ်း အပေါ်စီးရသည် မဟုတ်။ အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာရောက်သော အခါသမယသည် ရှိမြဲဖြစ်၏။ ထိုအခါ ဖြစ်ရပ်မှန်သည် သူ့ပင်ကိုမူလအတိုင်း ဖြစ်ရပ်မှန်အနေဖြင့် ပေါ်ရ၏။ ဤသည်မှာ ဓမ္မတာ ဖြစ်၏။

သုန္ဒရီပရိဗိုဇ်မ သတ်မှုသည်လည်း လူသတ်သမားများ အရက်မူးရာမှ အမှန်အတိုင်း ပေါ်လာလေ၏။ ထိုအခါ ကောသလမင်းကြီး၏ အာဏာအရ တိတ္ထိတို့သည် သာဝတ္ထိတစ်မြို့လုံးသို့ လှည့်လည်၍ သုန္ဒရီပရိဗိုဇ်မကို သတ်သူများမှာ ရဟန်းဂေါတမနှင့် သူ၏ တပည့်သာဝကများ မဟုတ်ကြောင်း၊ မိမိတို့ တိတ္ထိများသာ ဖြစ်ကြောင်း ကြွေးကြော် ဝန်ခံကြရပြန်လေ၏။ လုပ်ငန်းဟူသမျှသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ တူသော အကျိုးကို ပေးရ၏။ ဤသည်ကိုပင် ပါဠိဝေါဟာရဖြင့် "သဒိသံ ပါကံ ဇနေတိ" (**သဒိသံ**–တူသော၊ **ပါကံ**–အကျိုးကို၊ **ဇနေတိ**–ဖြစ်စေ၏)ဟူ၍ ဆိုလေ၏။

"ပြုသူအသစ် ဖြစ်သူအဟောင်း"ဟူသော ဆိုရိုးတစ်ခု ရှိ၏။ ထိုဆိုရိုးအရ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် နိယတဗျာဒိတ်ကို မရမီ ကာလက "သဗ္ဗာဘိဘူ"မည်တော်မူသော မြတ်စွာဘုရား၏ တပည့် နန္ဒမည်သော ရဟန္တာကို မာတုဂါမနှင့် စွပ်စွဲဖူး၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် စိဉ္စမာနနှင့် စွပ်စွဲခံရခြင်း ဖြစ်၏။ တစ်ခုသော ဘဝ၌လည်း သုရာဘိ မည်တော်မူသော ပစ္စေကဗုဒ္ဓါကို မာတုဂါမနှင့် စွပ်စွဲဖူး၏။ ထိုကံကြောင့် မြတ်စွာဘုရားသည် သုန္ဒရီပရိဗိုဇ်မနှင့် စွပ်စွဲခံရခြင်း ဖြစ်၏။ ထိုကြောင့် ဗုဒ္ဓဒေသနာတော်အရ ကောင်းမှုကို လုပ်သည် ဖြစ်စေ၊ မကောင်းမှုကို လုပ်သည်ဖြစ်စေ ထိုအလုပ်ကြောင့် တစ်ခုသောနေ့တွင် တူသောအကျိုးကို ရပေလိမ့်မည်ဟု သိရ၏။ ထိုအသိကို "ကာရဏာနုမာန"ဟု ခေါ်၏။ ကာရဏာနုမာန ဟူသည် အကြောင်းမှ အကျိုးကို ဆင်ခြင်၍သိသော အသိဖြစ်၏။ ထို့အပြင် လက်ရှိအခြေအနေတွင် ကျေနပ်ဖွယ်ရာကို ဖြစ်စေ၊ မကျေနပ်ဖွယ်ရာကို ဖြစ်စေ တွေ့ကြုံခံစားနေရပါလျှင်လည်း မိမိသည် အတိတ်က တူသောအလုပ်ကို လုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တွေ့ကြုံခံစားရခြင်း ဖြစ်သည်ဟု သိရ၏။ ထိုအသိကို "ဖလာနုမာန"ဟု ခေါ်၏။ ဖလာနုမာန ဟူသည် အကျိုးမှ အကြောင်းကို ဆင်ခြင်၍ သိသောအသိ ဖြစ်၏။

"အတ္တာဟိ အတ္တနော နာထော"အရ လူဟူသည် မိမိ၏ ကြမ္မာကို ထာဝရဘုရားက ဖန်တီးခြင်း မဟုတ်ဘဲ မိမိကပင် ဖန်တီးခြင်း ဖြစ်လေရာ အနာဂတ်အတွက် ကောင်းသော ကြမ္မာကို ဖန်တီးမိအောင် သတိရှိသင့်ပါ၏။

## အခန်း ( ၂၆ )

## သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့

ထိုစဉ်က မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့အနီး ဘေသကဠာတောအုပ်၌ ဝါဆိုတော်မူ၏။ ထိုဝါကား အဋ္ဌမဝါ ဖြစ်၏။ ဘေသကဠာ တောအုပ်၌ ဝါဆိုတော်မူစဉ် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရခြင်းကြောင့် တရားထူးရသူ များစွာ ရှိ၏။ တရားထူး ရသူများအနက် ထင်ရှားသော ပုဂ္ဂိုလ်သုံးဦး ပါဝင်၏။ ထိုပုဂ္ဂိုလ်သုံးဦးတို့တွင် နှစ်ဦးမှာ နကုလပိတု သူကြွယ်မောင်နှံဖြစ်၏။ အခြားတစ်ဦးမှာ ဗောဓိမင်းသား ဖြစ်၏။ သုံးဦးလုံးပင် သာသနာတော်မှတ်တမ်း၌ ထင်ရှားကြ၏။ သုံးဦးလုံးပင် သုသုမာရဂိရ မြို့သူမြို့သားများချည်းဖြစ်ကြ၏။

နကုလပိတု သူကြွယ်မောင်နှံသည် ဘဝငါးရာတိုင်တိုင် မြတ်စွာဘုရား၏ မိဘများ ဖြစ်ကြဖူး၏။ သူကြွယ်မောင်နှံသည် မြတ်စွာဘုရားကို ပထမဆုံးအကြိမ်ဖူးတွေ့လိုက်ရလျှင်ပင် သူတို့၏ သားအဖြစ် ချက်ချင်း သိလိုက်၏။ ယခုလက်ရှိဘဝ၏ သားအရင်း အဖြစ်အထိ ရင်၌ ခံစားလိုက်ရ၏။ ဤသဘောကို "ဓာတုသံယုတ္တ"ဟူ၍ ဆို၏။ "ဓာတု သံယုတ္တ" ဟူသည်မှာ အတိတ်ဘဝ ရင်းနှီးမှုအရဓာတ်ချင်း ဆက်စပ်မှုဟူ၍ ဖြစ်၏။ အတိတ်ဘဝ ရင်းနှီးမှုအရ ဓာတ်ချင်းဆက်စပ်လေသောအခါ လူတို့သည် အချင်းချင်း ရင်းနှီးကြ၏။ ဆက်စပ်မှု နက်ရှိုင်းလျှင်နက်ရှိုင်းသည်နှင့်အမျှ ရင်းနှီးမှုက နက်ရှိုင်း၏။ ဆက်စပ်မှုတိမ်လျှင် တိမ်သည်နှင့်အမျှ ရင်းနှီးမှုက တိမ်၏။ နကုလပိတု သူကြွယ်မောင်နှံနှင့် မြတ်စွာဘုရား၏အတိတ်ဘဝ ရင်းနှီးမှုအရ ဓာတ်ချင်းဆက်စပ်မှုကား များစွာပင် နက်ရှိုင်းလေ၏။ ထို့ကြောင့် နကုလပိတု သူကြွယ်မောင်နှံက မြတ်စွာဘုရားကို မြင်လျှင်မြင်ချင်းမိမိတို့ လက်ရှိဘဝ သားအရင်းကဲ့သို့ ခံစားလိုက်ရခြင်း ဖြစ်၏။

မိဘနှစ်ပါးကို ကြာမြင့်စွာ ပစ်ခွာသွားပြီးမှ ရုတ်တရက် ပြန်ရောက်လာသော သားကို တွေ့လိုက်ရသောအခါ ဖြစ်ပေါ်လာသော မိဘနှစ်ပါး၏ ရင်တွင်း

ခံစားချက်များကဲ့သို့ပင် မြတ်စွာဘုရားကို တွေ့လိုက်ရသောအခါ သူကြွယ်မောင်နှံ၏ ရင်တွင်းခံစားချက်များသည် အားတက်သည့် သဘောကိုလည်း ဆောင်၏။ ကြေကွဲသည့် သဘောကိုလည်း ဆောင်၏။ ထိုခံစားချက်များသည် အမျိုးအမည်အားဖြင့် တကယ်တမ်း တိတိကျကျ ပြောပြ၍ မရကောင်းသော ခံစားချက်များဖြစ်ကြ၏။ ယင်းတို့ကို ဒဿန ဝေါဟာရအားဖြင့် "အနိဗ္ဗစနီယ" ဟူ၍ ခေါ်၏။ "အနိဗ္ဗစနီယ"၏ အနက်မှာ တိတိကျကျ ဖော်ပြ၍ မရကောင်းသော သဘောဟူ၍ ဖြစ်၏။

မြတ်စွာဘုရားသည် မိဘဟောင်းဖြစ်ခဲ့ဖူးသူ နကုလပိတု သူကြွယ်မောင်နှံ၏ ရင်တွင်းခံစားချက်များကို သိတော်မူ၏။ ရင်တွင်းခံစားချက်များ ပုံမှန်အနေအထားသို့ ပြန်ရောက်သွားသော အခါမှသာ မြတ်စွာဘုရားက သူကြွယ်မောင်နှံအား သစ္စဒေသနာကို ဟောကြားတော်မူ၏။ သစ္စဒေသနာ ဆုံးလျှင်ပင် နကုလပိတု သူကြွယ်မောင်နှံ နှစ်ဦးလုံး သောတာပန် ဖြစ်သွားကြ၏။ လောကအပေါ်တွင်ရှိသော မြတ်စွာဘုရား၏ ကျေးဇူးကြေးကား ဆပ်၍ မကျေနိုင်လောက်အောင်ပင်ကြီးမားလှပါ၏။

သာသနာတော် မှတ်တမ်း၌ ထင်ရှားသော နောက်တစ်ဦးမှာ ဗောဓိမင်းသား ဖြစ်၏။ သူ့ကို ပိဋကစာပေ၌ ဗောဓိရာဇာကုမာရ ဟူ၍ ခေါ်၏။ ဗောဓိမင်းသားကား ကောသမ္ဗီပြည် ရှင်ဘုရင် ဥတေနနှင့် ဝါသုလဒတ္တာ မိဖုရားတို့မှ ဖွားမြင်သော သားတော် ဖြစ်၏။ ဥတေနနှင့် ဝါသုလဒတ္တာတို့သည် မိဖုရားသာမာဝတီကို အကြောင်းပြု၍ မြတ်စွာဘုရား၌ ကြည်ညိုသူများ ဖြစ်ကြ၏။ ဝါသုလဒတ္တာသည်လည်း မိမိ၏ သား ဗောဓိရာဇကုမာရကို မိမိနည်းတူ မြတ်စွာဘုရား၌ ကြည်ညိုစေချင်၏။ လူဟူသည် ပုထုဇဉ်တို့၏ ဗီဇသတ္တိအရ ကိုးကွယ်ရာကို မရှာဘဲ မနေနိုင်သူ ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ် ဟူသမျှကို "အမျိုးမျိုးသော ဆရာများ၏ မျက်နှာတို့ကို မော့ကြည့်နေသူများ"အဖြစ်ဖြင့် ကျမ်းဂန်များ၌ ဖော်ပြထားခြင်း ဖြစ်၏။

သို့ရာတွင် မိဖုရား ဝါသုလဒတ္တာကမူ မိမိ၏ သား ဗောဓိရာဇကုမာရအား တစ်ဦးတည်းသော ဆရာဖြစ်သူ မြတ်စွာဘုရား၏ မျက်နှာတော်ကိုသာ မော့၍ ကြည့်စေချင်၏။ အခြားသော ဆရာများ၏ မျက်နှာတို့ကို မော့၍ မကြည့်စေချင်။ အမှန်အားဖြင့် သူမအနေဖြင့်လည်း ဤလောက၌ အမှန်တကယ် မော်၍ ဖူးထိုက်သော အရာဟူ၍ မြတ်စွာဘုရား တစ်ပါးတည်းသာ ရှိသည်ဟူ၍ ခံယူပြီးသားဖြစ်၏။ ထို့ကြောင့် အခြားသူများက တိတ္ထိကြီးများကိုလည်း မော်၍ ဖူးထိုက်သော ဆရာများအဖြစ် ခံယူချင် ခံယူကြပါစေ။ ဝါသုလဒတ္တာ မိဖုရားကမူ မြတ်စွာဘုရား

မှ တစ်ပါး အခြား မည်သည့်အရာကိုမျှ ကိုးကွယ်ရာအဖြစ် မော်၍ ဖူးထိုက်သူ ဟူ၍ မခံယူချေ။

ဝါသုလဒတ္တာသည် မိမိ၏ သားကိုလည်း ဘာသာတရားနှင့် ပတ်သက်လျှင် အမေတူသား ဖြစ်စေချင်၏။ ထိုစဉ်က ဝါသုလဒတ္တာသည် မိမိ၏ သားဗောဓိရာဇကုမာရကို မွေးပင် မမွေးရသေး၊ ကိုယ်ဝန်ဆောင်စဉ်ပင် ရှိသေး၏။ ကိုယ်ဝန်ဆောင်စဉ် ဖြစ်သဖြင့် သားမှန်း သမီးမှန်းပင် သူမကိုယ်တိုင်က မသိ။ သို့ရာတွင် သူမအတွက် သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ကိစ္စမရှိ။ ကိစ္စရှိသည်ကား သူမ၏ ကလေးသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဖြစ်ရေးသာ ဖြစ်၏။

ထို့ကြောင့် ဝါသုလဒတ္တာသည် ကိုယ်ဝန်ကြီးနှင့်ပင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားထံတော်သို့ သွားရောက်၍ သူမ၏ ကလေးကိုယ်စား သရဏဂုံကို ရွတ်ဆိုဆောက်တည်ပြီး သူမ၏ ကလေးကိုလည်း သရဏဂုံ တည်သူအဖြစ် မှတ်ယူပါရန် လျှောက်ထားခဲ့၏။

ဘာသာတရားနှင့် ပတ်သက်လာလျှင် ဝါသုလဒတ္တာသည် အံ့ဖွယ်ကောင်းသော မိခင် ဖြစ်လေ၏။ ကိုးကွယ်မှု မှားရာသော မာဂဏ္ဍီမိဖုရား၏ ဘဝနိဂုံးကို သူမကိုယ်တိုင် မျက်စိဖြင့် တပ်အပ်မြင်ခဲ့ပြီး ဖြစ်လေရာ ဝါသုလဒတ္တာသည် မိမိ ချစ်သော သားအတွက် ကိုးကွယ်မှု မမှားစေချင်။ ထို့ကြောင့် မွေးပင် မမွေးရသေးသော မိမိ၏ ကိုယ်ဝန်ဆောင်ကလေးကို မြတ်စွာဘုရား၏ ရှေ့မှောက်၌ သရဏဂုံ တည်သူအဖြစ် မှတ်ယူပါရန် လျှောက်ထားခြင်း ဖြစ်၏။

ဝါသုလဒတ္တာသည် ဘာသာတရားနှင့် ပတ်သက်လျှင် သူမ၏ သားအတွက် ထိုမျှနှင့် စိတ်မချသေး။ ရင်ခွင်ပိုက်အရွယ်သို့ ရောက်လျှင်ပင် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့အနီး ဘေသကဠာတောအုပ်၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားထံတော်သို့ ဗောဓိမင်းသားကို အထိန်းတော်နှင့် လွှတ်၍ သားကိုယ်စား အထိန်းတော်ကို သရဏဂုံ ယူခိုင်းခဲ့သေး၏။ ဗောဓိမင်းသားကို သရဏဂုံ တည်သူ ဥပါသကာအဖြစ် မှတ်ယူပါရန် လျှောက်ထားစေခဲ့သေး၏။

ဗုဒ္ဓ၏ အဆုံးအမ၌ တကယ်တမ်း သက်ဝင်ယုံကြည်၍ လိုက်နာမိပြီဆိုလျှင် ဗုဒ္ဓ၏ အဆုံးအမသည် လောကဓံကို ကြံ့ကြံ့ခံနိုင်ရေး၌ တကယ်တမ်း အားကိုးလောက်သည့် လက်နက်ကောင်းသဖွယ် ဖြစ်ပါ၏။ စစ်မှန်သော ဓမ္မသည် အနန္တစွမ်းအင်ကို ပိုင်ဆိုင်မြဲ ဖြစ်၏။

ဗောဓိမင်းသားသည် ဘာသာတရားနှင့် ပတ်သက်၍ မိခင်ကောင်း၏ လမ်းညွှန်မှုကို ရခဲ့သူဖြစ်၏။ ထို့ကြောင့် သူသည် ဆရာမှားကို မကိုးကွယ်တော့။

မြတ်စွာဘုရားကိုသာ ကိုးကွယ်လေ၏။ သို့ရာတွင် သူ၏ အတွေးအမြင်၌ ထိုခေတ်က ခေတ်စားနေသော အတွေးအမြင်များ၏ အရှိန်အဝါသည် လွှမ်းမိုးလျက်ရှိ၏။ ထိုခေတ်က ခေတ်စားနေသော အတွေးအမြင် ဟူသည် တပ အကျင့်ပင် ဖြစ်၏။ ပြင်းပြင်းထန်ထန် တပ အကျင့်ကို မကျင့်ပါဘဲ သစ္စာတရားကို သိနိုင်မည် မဟုတ်ဟူ၍ သူ၏ စိတ်ထဲ၌ ယုံကြည်ထား၏။ ဤသို့သော ယုံကြည်ချက်ကိုပင် ဒုက္ခကို အရင်းတည်မှ သုခကို ရသည်ဟု ဇောဓိမင်းသားက ဆိုခြင်း ဖြစ်၏။

သို့ရာတွင် သူသည် သူ၏ ယုံကြည်ချက်ကို အပြီးသတ်အဖြစ် အမှတ်မယူဘဲ မြတ်စွာဘုရားနှင့် တွေ့မှ လျှောက်ကြည့်ဦးမည်ဟု စိတ်ထဲက တေးထားလိုက်၏။ အမှန်အားဖြင့် မြတ်စွာဘုရား၏ နောက်တော်ပါးက လိုက်ပါကြသော ရဟန်းတော်များသည် ဒုက္ခခံပြီး တပအကျင့်ကို မကျင့်ကြဘဲ ခရီးကိုသာ သွားနေကြသဖြင့် တရားထူးကို ရနိုင်ဖို့ မရှိဟု မင်းသားက ထင်ပုံရ၏။ မဇ္ဈိမပဋိပဒါ ကျင့်စဉ်၏ သဘောကို နားမလည်သေး၍သာ ထိုကဲ့သို့ ထင်ခြင်း ဖြစ်၏။

ဇောဓိမင်းသားသည် အရွယ်ရောက်လာလေပြီ။ မိဖုရားကိုလည်း ရလေပြီ။ ထိုအခါ မင်းသားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ကို အုပ်စိုးသူ ဖြစ်လာ၏။ ထိုခေတ် အုပ်စိုးသော သူတို့၏ အစဉ်အလာအတိုင်း မင်းသားသည် သူ စံမြန်းရန် ကောကနဒပြာသာဒ်ကို ဗိသုကာကြီးအား ဆောက်လုပ်စေ၏။ ကောကနဒ ပြာသာဒ်သည် ဤမြေပြင်တွင် အတုမရှိလောက်အောင်ပင် ခမ်းနား၏။ ထိုအခါ အလားတူ ပြာသာဒ်မျိုး နောက်ထပ် မဆောက်လုပ်နိုင်အောင် ဗိသုကာကြီးကို ဖျောက်ဖျက်ပစ်ရန် မင်းသားက ကြံသေး၏။

ပုထုဇဉ် ဟူသမျှသည် အတ္တစိတ်က ကြီးလွန်း၏။ ကြီးလွန်းသော အတ္တစိတ် လွှမ်းမိုးခြင်း ခံရလေသောအခါ မလုပ်သင့်သည်ကို လုပ်မိတတ်၏။ မကြံသင့်သည်ကို ကြံမိတတ်၏။ ထို့ကြောင့် မည်သည့်ပုထုဇဉ်ကိုမျှ တကယ်တမ်း စိတ်ချလက်ချ အထင်ကြီး၍ မရ။ ပုထုဇဉ်ဟူသည် သတိသမ္ပဇဉ် အမြဲယှဉ်ပြီး မိမိကိုယ်ကို မိမိ ဆင်ခြင်နိုင်မှ တော်ကာကျ၏။ သတိသမ္ပဇဉ် လွတ်သည်နှင့် တစ်ပြိုင်နက် အမှားလမ်းမပေါ်သို့ လျှောက်မိတတ်ချေ၏။

ဇောဓိမင်းသားဆိုလျှင် ဤဘဝ၌ပင် သောတာပန်ဖြစ်မည့်သူ ဖြစ်၏။ သို့ပါလျက် သူသည် မကြံသင့်သော အကြံကို ကြံမိချေသေး၏။ သူ၏ သူငယ်ချင်း သဉ္ဇိကာပုတ္တက တိတ်တဆိတ်ဝင်၍ ကယ်လိုက်သောကြောင့်သာ ဗိသုကာကြီးသည် အသက်ဘေးမှ လွတ်မြောက်သွား၏။ ဇောဓိမင်းသားသည်လည်း အကုသိုလ်မှ လွတ်မြောက်သွား၏။

ဗောဓိမင်းသားသည် ကောကနဒပြာသာဒ်ထက် မင်္ဂလာပွဲ ကျင်းပ၏။ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်များကို ပင့်၏။ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်များ နင်းကြွရန် ပိတ်ဖြူလွှာကို ပြာသာဒ်အောက်ခြေမှ စ၍ ခင်းထား၏။ ယခုခေတ် ကောဇောနီခင်းသည့် သဘောမျိုး ဖြစ်၏။ သို့ရာတွင် ပိတ်ဖြူလွှာသည် ထိုခေတ် ယုံကြည်မှုအရဆိုလျှင် ကော်ဇောနီထက် ဘာသာရေးအရ ပို၍ နက်ရှိုင်း၏။ အကယ်၍ သူတို့မောင်နှံ၌ သားသမီး ထွန်းကားမည် မှန်လျှင် မြတ်စွာဘုရားသည် ဤပိတ်ဖြူလွှာကို နင်းကြွတော်မူလိမ့်မည်ဟု ကြံစည်ပြီး ဗောဓိမင်းသားက ပိတ်ဖြူလွှာကို ခင်းထားခြင်း ဖြစ်၏။

ဗောဓိမင်းသားမောင်နှံသည် သားသမီးကို ရနိုင်ဖို့ မရှိကြောင်း မြတ်စွာဘုရားက သိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပိတ်ဖြူလွှာကို နင်းတော်မမူချေ။ အမှန်အားဖြင့် ဗောဓိမင်းသားတို့ မောင်နှံသည် အတိတ်ဘဝက ငှက်ဥများကို အစာအာဟာရအဖြစ် စားသုံးခဲ့ဖူး၏။ ထိုအကုသိုလ်ကံသည် အရိပ်သဖွယ် လိုက်ပါလျက် ဗောဓိမင်းသား မောင်နှံအား ယခု အကျိုးပေးလေပြီ။ ထို့ကြောင့် သားသမီးများကို မရခြင်း ဖြစ်၏။ ထိုအကြောင်းကို မြတ်စွာဘုရားက ဗောဓိမင်းသားတို့ မောင်နှံအား ဟောကြားတော်မူ၏။

ထို့နောက် မင်းသားသည် မြတ်စွာဘုရားအား ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီးနောက် သူ၏ ရင်၌ ကိန်းအောင်းနေသော သံသယကို ပယ်ဖျောက်လို၏။ ထို့ကြောင့် မင်းသားက မြတ်စွာဘုရားအား ချမ်းသာသုခဟူသည် အလွယ်တကူ ရကောင်းသည် မဟုတ်၊ အဆင်းရဲခံမှသာ ရကောင်းသည်ဟု မှတ်ယူထားပါကြောင်း လျှောက်ထားရာ မြတ်စွာဘုရားက မိမိ ဘုရားမဖြစ်မီကလည်း ဤနည်းအတူ မှတ်ယူပြီး ဒုက္ကရစရိယာကို ခြောက်နှစ်ပတ်လုံး ကျင့်ခဲ့ဖူးကြောင်း မိန့်ကြားတော်မူ၏။

အမှန်အားဖြင့် သစ္စာတရားကို သိဖို့အတွက် အကျင့်မြတ်ကို ကျင့်ရာတွင် ချမ်းသာသော အကျင့်လည်း ရှိ၏။ ဆင်းရဲသော အကျင့်လည်း ရှိ၏။ မိမိတို့၏ ပါရမီအလိုက် ကျင့်ရသည်ပင် ဖြစ်၏။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းသည် ပဓာန မဟုတ်။ မဂ္ဂင်ရှစ်ပါး ပါဝင်သော ကျင့်စဉ်ဖြစ်ဖို့သာ ပဓာန ဖြစ်၏။ မဂ္ဂင်ရှစ်ပါး ပါဝင်သော ကျင့်စဉ်ကို မဇ္ဈိမပဋိပဒါဟု ဆိုရ၏။ မဂ္ဂင်ရှစ်ပါး မပါဝင်ပါက ချမ်းသာသော အကျင့်ကို ကာမသုခလ္လိကာနုယောဂ ဟု ခေါ်၏။ ဆင်းရဲသော အကျင့်ကို အတ္တကိလမထာနုယောဂ ဟု ခေါ်၏။ မဂ္ဂင်ရှစ်ပါး ပါဝင်လာလျှင် ချမ်းသာသော အကျင့်ကို သုခပဋိပဒါဟု ခေါ်၏။ ယင်းသည်လည်း မဇ္ဈိမပဋိပဒါပင် ဖြစ်၏။ ဆင်းရဲသောအကျင့်ကို ဒုက္ခပဋိပဒါဟု ခေါ်၏။ ယင်းသည်လည်း

မချွတ်မပင့်ပဒါပင် ဖြစ်၏။ ဤသို့ မြတ်စွာဘုရားက ဟောကြားတော်မူလျှင် ဗောဓိမင်းသားသည် သူ၏ သန္တာန်၌ ကိန်းဝပ်နေသော တပအကျင့် ပြဿနာသည် ပြေပျောက်သွားလေ၏။

ထို့နောက် မြတ်စွာဘုရားက ဗောဓိမင်းသားအား ဝိပဿနာဘာဝနာ ပွားများအားထုတ်သူ၏ အင်္ဂါငါးပါးနှင့် ပတ်သက်၍–

– မြတ်စွာဘုရား၏ ပဋိပတ်ကျင့်စဉ်၌ တကယ်တမ်း ယုံကြည်မှုသဒ္ဓါ ရှိမည်၊
– ကျန်းမာရေးနှင့်လည်း ပြည့်စုံမည်၊
– ရိုးသားဖြောင့်မတ်မည်၊
– တကယ်ပင် မလျှော့သော ဇွဲလုံ့လဖြင့် အားထုတ်မည်၊
– ဖြစ်ပျက်ကို မြင်သော ဥဒယဗ္ဗယဉာဏ်ကို ရမည်

ဆိုပါလျှင် အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်ကြောင်း၊ အလွန်ဆုံး ကြာလှ ပျှင် ခုနစ်နှစ်ပင် ဖြစ်ကြောင်း ဟောကြားတော်မူ၏။

ထိုနောက် မြတ်စွာဘုရားက ဗောဓိမင်းသားအား လောကတွင် မိမိအတွက် မိမိကိုယ်သည်သာ အချစ်ဆုံး ဖြစ်ကြောင်း၊ အချစ်ဆုံးဖြစ်လျှင် "နှစ်"ရာ မရောက် ဘဲ တကယ်တမ်း "ချစ်"ရာ ရောက်အောင် မကောင်းမှု ဒုစရိုက်များကို မကျူးလွန် ဘဲ ကောင်းမှု သုစရိုက်များကိုသာ ပွားများအားထုတ်သင့်ကြောင်း ဟောကြား လေရာ ဗောဓိမင်းသားသည် သောတာပန် ဖြစ်သွား၏။ အခြားသော တရားနာ ပရိသတ်များသည်လည်း ထိုက်သင့်သော ဓမ္မသံဝေဂ အကျိုးကို ရရှိကြလေ၏။

မိခင်ဖြစ်သူ ဝါသုလဒတ္တာမိဖုရားသည် သူမ၏ သား ဗောဓိရာဇကုမာရ သည် တစ်ထိုင်တည်းဖြင့် သောတာပန် ဖြစ်သွားသည်ကိုသာ သိပါလေလျှင် မည်မျှလောက် ဝမ်းသာမည် မသိ။

# အခန်း ( ၂၇ )

## သူတို့ဇနီးမောင်နှံ

မြတ်စွာဘုရားသည် သုသုမာရဂိရမြို့ ဘေသကဠာ တောအုပ်၌ အဌမဝါ ကပ်တော်မူစဉ်က ကျွတ်ထိုက်သော သတ္တဝါများကို ချွတ်တော်မူခဲ့၏။ ကျွတ်ထိုက်သော သတ္တဝါများတွင် ဗောဓိမင်းသားလည်း ပါဝင်၏။ ထိုအချိန်က ထိုဒေသတွင် ကျွတ်ထိုက်သော သတ္တဝါများ မရှိပြန်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာတော်မူ၏။ သာဝတ္ထိပြည်၌ ကျွတ်ထိုက်သော သူရှိ၍ ကျွတ်ထိုက်သောသူကို ချွတ်ရန် ပြန်ကြွလာခြင်း ဖြစ်၏။ ထိုကျွတ်ထိုက်သော သူကား ပဥ္စဂ္ဂပုဏ္ဏားဇနီးမောင်နှံ ဖြစ်၏။

မြတ်စွာဘုရားအနေဖြင့် ကျွတ်ထိုက်သောသူများကို ချွတ်ရာ၌ အလိုက်သင့် အလျားသင့် လွယ်လွယ်ကူကူ ချွတ်ရသည်လည်း ရှိ၏။ အာဠဝကနှင့် အင်္ဂုလိမာလတို့လို ဆန့်ကျင်ဘက်ပြုနေသဖြင့် ခက်ခက်ခဲခဲ ချွတ်ရသည်လည်း ရှိ၏။ အမှန်အားဖြင့် လွယ်ခြင်းနှင့် ခက်ခြင်း ဟူသည်မှာ မိမိဘက်မှ ကြည့်သော အမြင်ဖြင့် မြင်ခြင်းဖြစ်၏။ သူ့ဘက်က ကြည့်လျှင်မူ လွယ်ခြင်းနှင့် ခက်ခြင်း ဟူ၍ မရှိ။ တကယ်ရှိသည်ကား ဥပနိဿယသာ ဖြစ်၏။ ဥပနိဿယ ဟူသည်မှာ သစ္စာလေးပါးကို သိစွမ်းစေနိုင်သော ရှေးကောင်းမှုများပင် ဖြစ်၏။ ရှေးကောင်းမှုများကို သတ္တဝါတို့သည် မိမိတို့၏ သန္တာန်၌ တဖြည်းဖြည်းချင်း ဆည်းပူးရ၏။ ရင့်ကျက်ချိန်သို့ မရောက်မချင်း ဆည်းပူးရ၏။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါများကို ကြည့်ရာတွင် မိမိဘက်က ကြည့်သည် မဟုတ်။ သူ့ဘက်က ကြည့်ခြင်း ဖြစ်၏။ သူ့ဘက်က ကြည့်သောအခါ လွယ်သည်၊ ခက်သည်ကို မမြင်ဘဲ ဥပနိဿယနှင့် ပြည့်စုံသည်၊ မပြည့်စုံသည် ကိုသာ မြင်တော်မူ၏။ ဥပနိဿယနှင့်သာ ပြည့်စုံပါက မည်မျှပင်ဝေးဝေး၊ မည်မျှပင် ဆန့်ကျင်ဘက်ပြုပြု၊ မည်မျှပင် ပင်ပန်းပင်ပန်း မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ်ရှိရာသို့ အရောက်သွား၏။ ဗြဟ္မာပြည်၌ရှိလျှင် ဗြဟ္မာပြည်သို့ ရောက်အောင် သွားတော်မူ၏။ နတ်ပြည်၌ ရှိလျှင်လည်း နတ်ပြည်သို့ ရောက်အောင် သွားတော်မူ၏။ လူ့ပြည် တစ်နေရာရာ၌ ရှိလျှင်လည်း ထိုနေရာသို့ ရောက်အောင် သွားတော်မူ၏။ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့နှင့် ပတ်သက်၍ မြတ်စွာဘုရားအတွက် ဝေးခြင်း၊ နီးခြင်းသည် ပဓာန မဟုတ်။ လိုက်လျောခြင်း၊ ဆန့်ကျင်

ဘက် ပြုခြင်းသည် ပဓာန မဟုတ်။ သက်သာခြင်း၊ ပင်ပန်းခြင်းသည် ပဓာန မဟုတ်။ ဥပနိဿယနှင့် ပြည့်စုံခြင်းသာ ပဓာန ဖြစ်၏။

ဝေနေယျသတ္တဝါများအပေါ် ထိုကဲ့သို့ သဘောထားနိုင်အောင် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကြိုးစားခဲ့ရ၏။ အများကောင်းကျိုးကို ဆောင်ရွက်ရာတွင် မိမိအနေဖြင့် ဆောင်ရွက်ချင်တိုင်း ဆောင်ရွက်လို့ ရသည်မဟုတ်။ မိမိ၌ ဆောင်ရွက်နိုင်သော အရည်အချင်းရှိမှ ဖြစ်၏။ မြတ်စွာဘုရား အနေဖြင့်မူ အများအကျိုးကို ဆောင်ရွက်နိုင်သော အရည်အချင်းများကို ရရှိနိုင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကြိုးပမ်းရ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကြိုးပမ်းပြီးမှသာ အများအကျိုးကို ဆောင်ရွက်နိုင်သော အရည်အချင်းများကို အထွတ်အထိပ်ရောက်အောင် ရတော်မူ၏။ ထိုအရည်အချင်းများကား လောကအပေါ် ကြင်နာခြင်း၊ လောကအတွက် အနစ်နာခံနိုင်ခြင်းနှင့် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ကြ၏။

လောကအပေါ် ကြင်နာခြင်းကို အဘိဓမ္မာ ဝေါဟာရအားဖြင့် မဟာကရုဏာ ဟူ၍ ခေါ်၏။ အများအကျိုးကို ဆောင်ရွက်ရာတွင် လောကအပေါ် တကယ်တမ်း ကြင်နာတတ်ပါမှ အများအကျိုးကို ဆောင်ရွက်၍ ရ၏။ လောကအကျိုးကို ဆောင်ရွက်ရာတွင် စည်းစိမ်ဥစ္စာများကို စွန့်ချင်လည်း စွန့်ရ၏။ ရာထူး ဌာနန္တရများကို စွန့်ချင်လည်း စွန့်ရ၏။ ခြေလက်အင်္ဂါများကို စွန့်ချင်လည်း စွန့်ရ၏။ နောက်ဆုံး အသက်ကိုပင် စွန့်ချင်လည်း စွန့်ရ၏။ လိုအပ်လျှင် ဘာမဆို စွန့်ရ၏။ ထို့ကြောင့် အများအကျိုးကို ဆောင်ရွက်ရာတွင် အခြေခံ အကျဆုံး လိုအပ်ချက်မှာ လောကအပေါ် တကယ်တမ်း ကြင်နာတတ်ဖို့ပင် ဖြစ်၏။ လောကအပေါ် တကယ်တမ်း မကြင်နာတတ်ပါဘဲနှင့် အများအကျိုးကို ဆောင်ရွက်လေသောအခါ အများအကျိုးလိုလိုနှင့် မိမိအကျိုးကို ဆောင်ရွက်မိလျက်သား ဖြစ်တတ်ပါ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် အလောင်းတော် သုမေဓာရှင်ရသေ့ဘဝမှ စ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် လောကအပေါ် ကြင်နာတတ်သော မဟာကရုဏာတော်ကို မိမိ၏ သန္တာန်၌ ရှိလာအောင် ကြိုးပမ်းတော်မူခြင်း ဖြစ်၏။ ထိုထိုသော အလောင်းတော်ဘဝများ၌ ကြိုးပမ်းခဲ့သော မဟာကရုဏာတော်သည် မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ အထွတ်အထိပ်သို့ ရောက်တော်မူလေ၏။

လောကအတွက် အနစ်နာခံနိုင်ခြင်းကို အမြင့်ဆုံး ဥက္ကဋ္ဌနည်းအရ အဘိ

ဓမ္မာ ဝေါဟာရအားဖြင့် အရဟတ္တမဂ်ဉာဏ်ကို ရခြင်း ဟူ၍ ခေါ်၏။ လောက အတွက် တကယ်တမ်း အနစ်နာခံနိုင်ဖို့ ဆိုသည်မှာ မိမိ၏ သန္တာန်၌ ကိလေသာ မရှိမှ ဖြစ်၏။ မိမိ၏ သန္တာန်၌ လောဘလည်း မရှိတော့ဘူး၊ ဒေါသလည်း မရှိတော့ဘူး၊ မာနလည်း မရှိတော့ဘူး၊ အခြား ကိလေသာများလည်း မရှိတော့ဘူး ဆိုပါလျှင် လောကအတွက် အနစ်နာ မခံနိုင်စရာ ဘာမျှ အကြောင်းမရှိတော့။

အမှန်အားဖြင့် သူတစ်ပါးအတွက် အနစ်နာ မခံနိုင်ခြင်းမှာ မိမိ၏ သန္တာန်၌ ကိလေသာများ ရှိနေသောကြောင့် ဖြစ်၏။ မိမိ၏ သန္တာန်၌ ကိလေသာများ ရှိနေပါလျှင် အများအကျိုးကို ဆောင်ရွက်ရာမှ မိမိ၏ အကျိုးကို ရနိုင်သမျှ ယူတတ်၏။ အများအကျိုးကို အရင်းအနှီးပြုပြီး မိမိ၏ အကျိုးကို အမြတ်အဖြစ် ယူတတ်၏။ ဝါဏိဇ္ဇဝါဒအရ အများအကျိုးကား အရင်း၊ မိမိ၏ အကျိုးကား အမြတ် ဖြစ်၏။ ထိုအခါ အများအကျိုးကို အယောင်ပြပြီး မိမိ၏ အကျိုးကို လက်တွေ့အားဖြင့် ယူသူ ဖြစ်လာလေတော့၏။

ထို့ကြောင့် အများအကျိုးကို ဆောင်ရွက်သောအခါ မိမိ၏ အကျိုးကို ရှေ့တန်း မတင်မိဖို့အတွက် မိမိ၏ သန္တာန်၌ ကိန်းနေသော လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာန အမှုုးပြုသော ကိလေသာများကို ပါးနိုင်သမျှ ပါးအောင်၊ နည်းနိုင်သမျှ နည်းအောင် အားထုတ်အပ်၏။ မြတ်စွာဘုရားသည် အလောင်းတော် သုမေဓာ ရှင်ရသေ့ဘဝမှ စ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဘဝထိုထိုတို့၌ အများအကျိုးကို ဆောင်ရွက်ရာတွင် အနစ်နာခံ၍ ဆောင်ရွက်သည်ချည်း ဖြစ်၏။ အနစ်နာခံခြင်း ဟူသည်မှာ မိမိ၏ သန္တာန်၌ ရှိသော ကိလေသာများကို ပယ်သတ်ခြင်း ဖြစ်၏။ အနစ်နာခံခြင်းဖြင့် ကိလေသာများကို ပယ်သတ်ခဲ့ရာ နောက်ဆုံးဘဝ ဗောဓိမဏ္ဍိုင်၌ အရဟတ္တမဂ်ဉာဏ်တော်ကို ရပြီး ကိလေသာ ဟူသမျှကို အကြွင်းမရှိ ပယ်သတ်တော်မူနိုင်ခဲ့၏။ ထိုအခါမှစ၍ မြတ်စွာဘုရားသည် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ အနိုင်းမဲ့ အနစ်နာခံနိုင်သူ ဖြစ်လာတော်မူ၏။ ထို့ကြောင့် အများ၏ အကျိုးကို ဆောင်ရွက်ရာ၌ အနစ်နာ ခံနိုင်ခြင်းသည် မရှိမဖြစ် လိုအပ်သော အရည်အချင်း ဖြစ်ပါ၏။

လောက၏ အကျိုးစီးပွား ဆောင်ရွက်နိုင်ခြင်းကို အဘိဓမ္မာ ဝေါဟာရအားဖြင့် မြတ်စွာဘုရားအတွက် သဗ္ဗညုတ ဉာဏ်တော်ကို ရခြင်း ဟူ၍ ခေါ်၏။ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်ရာတွင် တကယ်တမ်း ထိထိမိမိ ဆောင်ရွက်နိုင်ရေးအတွက် သူတစ်ပါး၏ "အဇ္ဈာ"ကို သိဖို့လို၏။ သူတစ်ပါး၏ "အဇ္ဈာ" ဟူသည်မှာ သူတစ်ပါး၏ စရိုက်၊ သူတစ်ပါး၏ ဉာဉ်၊ သူတစ်ပါး၏ နှလုံးသွင်း၊ သူတစ်ပါး၏ အလို၊ သူတစ်ပါး၏ ဣန္ဒြေတို့ ဖြစ်၏။ ယင်းတို့ကို သိပြီး ဆောင်ရွက်မှသာလျှင် တိတိကျကျ ဆောင်ရွက်နိုင်၏။

ထို့ကြောင့် အများ၏ အကျိုးကို ဆောင်ရွက်ရာတွင် ဉာဏ်ရှိဖို့လည်း လိုခြင်း ဖြစ်၏။ ဉာဏ်မရှိဘဲ အများ၏ အကျိုးကို ဆောင်ရွက်ပါက အများ အတွက် အကျိုးဖြစ်မလာဘဲ အပြစ် ဖြစ်လာတတ်၏။ ရောဂါပျောက်စေချင်လို့ ဆေးတိုက်ခါမှ မသင့်သော ဆေးဖြစ်သဖြင့် ဆေးသည် ရောဂါကို ပို၍ တိုးစေသကဲ့သို့ ဖြစ်တတ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် လောက၏ အကျိုးစီးပွားကို တကယ်တမ်း ဆောင်ရွက်နိုင်ရေးအတွက် သုမေဓာ ရှင်ရသေ့ဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် ရည်စူးပြီး ပါရမီတော်များကို ဖြည့်ကျင့်တော်မူခြင်း ဖြစ်၏။ ထိုကဲ့သို့ ဖြည့်ကျင့်တော် မူခဲ့သဖြင့်လည်း နောက်ဆုံးဘဝ ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်း ဖြစ်၏။ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသဖြင့်လည်း မြတ်စွာဘုရားသည် လောက၏ အကျိုးကို တိတိကျကျ ဆောင်ရွက်တော်မူနိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် အများအကျိုးကို ဆောင်ရွက်တော့မည် ဆိုပါလျှင် မိမိ၏ သန္တာန်၌ အများအကျိုးကို ဆောင်ရွက်နိုင်သော အရည်အချင်းများကို ပြည့်စုံအောင် အားထုတ်ဖို့ လိုအပ်ပါ၏။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော် မူခဲ့သော ပါရမီတော်များကြောင့် လောကအပေါ် အနိုင်းမဲ့ ကြင်နာသူ ဖြစ်တော်မူလာ၏။ လောက၏ အကျိုးစီးပွားအတွက် အနိုင်းမဲ့ အနစ်နာခံသူ ဖြစ်တော်မူလာ၏။ လောက၏ အကျိုးစီးပွားကို အနိုင်းမဲ့ ဆောင်ရွက်နိုင်သူ ဖြစ်တော်မူလာ၏။ အရည်အချင်းနှင့် လုပ်ငန်းကား အံဝင်ခွင်ကျ ဖြစ်ပါဘိ၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားသည် မိမိရသော (၄၅)နှစ်တာ အချိန်ကာလ အတွင်း ဝေနေယျ သတ္တဝါ အနန္တကို သံသရာ ဝဋ်ဒုက္ခမှ ကယ်တင်နိုင်ခြင်း ဖြစ်ပါ၏။

တစ်ခုသော နံနက် မိုးသောက်ချိန်၌ မြတ်စွာဘုရားသည် လောကကို ကြည့်ရှုတော်မူရာတွင် ပဥ္စဂ္ဂပုဏ္ဏားဇနီးမောင်နှံတို့ သောတာပန် ဖြစ်မည်ကို မြင်တော်မူ၏။ ပဥ္စဂ္ဂဟူသည် အဦးငါးမျိုးဟု အနက်ရှိ၏။ ထိုပုဏ္ဏားသည် လယ်သမား ဖြစ်၏။ လယ်သမားဖြစ်သည့်အားလျော်စွာ လယ်လုပ်ငန်းဖြင့် အသက်မွေး၏။ ဝေဒအတတ်ဖြင့် အသက်မွေးသူ မဟုတ်။ ပုဏ္ဏားဖြစ်သော်လည်း ရတနာသုံးပါး၌ ကြည်ညိုသူ ဖြစ်၏။

ထိုပုဏ္ဏားသည် မိမိ၏ လယ်မှ ရှေးဦးစွာ မှည့်ရင့်သော စပါးများကို ရိတ်သိမ်းပြီး ဆန်ဖြစ်အောင် ပြုလုပ်ကာ ဆွမ်းချက်၍ သံဃာတော်များအား လှူ၏။ ဤအလှူကို “လယ်ဦး”အလှူဟု ခေါ်၏။ စပါးများကို ရိတ်သိမ်း၍

စုပုံပြီးပါကလည်း ထိုစပါးပုံထဲက အဦးအဖျားကို ဆန်ဖြစ်အောင် ပြုလုပ်ကာ ဆွမ်းချက်၍ သံဃာတော်များအား လှူ၏။ ဤအလှူကို "စပါးပုံဦး"အလှူဟု ခေါ်၏။ စပါးများကို ကျီ၌ ထည့်သွင်းပြီးနောက် အချိန်တန်၍ ကျီဖွင့်သောအခါ ရှေးဦးထုတ်ယူသော စပါးကို ဆန်ဖြစ်အောင် ပြုလုပ်ကာ ဆွမ်းချက်၍ သံဃာတော်များအား လှူ၏။ ဤအလှူကို "ကျီဦး"အလှူဟု ခေါ်၏။ မိမိ၏ အိမ်၌ ထမင်းချက်တိုင်း အဦးအဖျားကို ခူးခပ်၍ သံဃာတော်များအား လှူ၏။ ဤအလှူကို "အိုးဦး"အလှူဟု ခေါ်၏။ မည်သည့်အချိန်စားစား မိမိ၏ စားဦးကို မွန်းမလွဲမီဖြစ်လျှင် သံဃာတော်များအား၊ မွန်းလွဲချိန်ဖြစ်လျှင် သူတောင်းစား၊ သို့မဟုတ် ခွေး၊ ကျီး၊ ငှက်တို့အား လှူ၏။ ဤအလှူကို "စားဦး"အလှူဟု ခေါ်၏။

ဤကဲ့သို့ အလှူဦး ငါးမျိုးကို လှူသောကြောင့် သူ့ကို ပဉ္စဂ္ဂပုဏ္ဏားဟု ခေါ်ခြင်း ဖြစ်၏။ အလှူဦး ငါးမျိုးကို လှူခြင်းမှာ အရာရာတိုင်း၌ ပထမဖြစ်လိုသောကြောင့် ဖြစ်၏။ ပထမ ဖြစ်လိုခြင်းမှာလည်း သူများထက် သာလိုခြင်းပင်ဖြစ်၏။ ဤသည်မှာ မာန ဖြစ်၏။ မာန ဟူသည်မှာ အကုသိုလ်ဖြစ်၍ မကောင်းဟု ဆိုနိုင်သော်လည်း ပဋ္ဌာန်းဥပနိဿယ ဒေသနာတော်အရ အကုသိုလ်ဘက်သို့လည်း တွန်းပို့နိုင်၏။ ကုသိုလ်ဘက်သို့လည်း တွန်းပို့နိုင်၏။ ပဉ္စဂ္ဂပုဏ္ဏား၏ မာနကား ဒါနကုသိုလ်ကို အားကြီးသည်ထက် အားကြီးအောင် ကျေးဇူးပြု၏။ ထို့ကြောင့် သူ၏ မာနကို မှီဝဲထိုက်သော "သေဝိတဗ္ဗ"မာနဟု ဆိုရ၏။

တစ်ခုသော နံနက်တွင် ပဉ္စဂ္ဂပုဏ္ဏားသည် ထမင်းစားရန် ထိုင်၏။ ဇနီးသည် ပုဏ္ဏေးမကြီးကလည်း ပုဏ္ဏားကြီးအား ယပ်ခတ်ပေးရန် ထိုင်၏။ ထိုအချိန်တွင် မြတ်စွာဘုရားသည် ပုဏ္ဏားကြီး၏ အိမ်တံခါးဝ၌ အချိန်ကိုက် ဆွမ်းရပ်တော်မူ၏။ အမှန်အားဖြင့် အချိန်ကို မရွှေ့မပဋိပဒါကျအောင် သုံးတတ်ဖို့ လို၏။ စောနေပါကလည်း ဥစ္ဆေဒသဘော သက်ရောက်၏။ နောက်ကျနေပါကလည်း သဿတသဘော သက်ရောက်၏။ ထို့ကြောင့် စောလျှင်လည်း မကောင်း၊ နောက်ကျလျှင်လည်း မကောင်း။

မြတ်စွာဘုရား ဆွမ်းရပ်တော်မူသည်ကို ပုဏ္ဏေးမကြီးက မြင်၏။ ပုဏ္ဏားကြီးက မမြင်။ ပုဏ္ဏားကြီး မမြင်အောင် ပုဏ္ဏေးမကြီးက ယပ်ဖြင့် ကွယ်၏။ ပုဏ္ဏားကြီးမြင်လျှင် စားဖွယ်များ အားလုံးကို မြတ်စွာဘုရားအား လှူလိုက်မည်ကို ပုဏ္ဏေးမကြီးက သိ၏။ ပုဏ္ဏားကြီး လှူလိုက်သည်က အရေးမကြီး။ မိမိ ထမင်းထပ်၍ ချက်ရမည်က အရေးကြီး၏။ ပုဏ္ဏေးမကြီးသည် ထမင်းကို ထပ်၍ မချက်ချင်တော့။ ထို့ကြောင့် မြတ်စွာဘုရားကို ပုဏ္ဏားကြီး မမြင်အောင် ယပ်ဖြင့် ကွယ်ခြင်း ဖြစ်၏။ ပုဏ္ဏေးမကြီး ကိုယ်တိုင်ကလည်း မြတ်စွာဘုရားကို မမြင်ချင်

ယောင် ဆောင်၏။ သူလိုငါလို မျက်စိဖြင့် ကြည့်လျှင် အတော်ပင် ကယ်ချင်စရာ မကောင်းသော ပုဏ္ဏေးမကြီး ဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရားကမူ သူလိုငါလို မျက်စိဖြင့် ပုဏ္ဏေးမကြီးကို ကြည့်သည်မဟုတ်။ ဗုဒ္ဓမျက်စိဖြင့် ကြည့်ခြင်းဖြစ်၏။ ထို့ကြောင့် ပုဏ္ဏေးမကြီးကို မြတ်သော သူတော်စင် အရိယာသာဝိကာမ အလောင်း အလျာအဖြစ် မြင်တော်မူ၏။

ပုဏ္ဏေးမကြီးက ယပ်ဖြင့် ကွယ်ထားသော်လည်း ပုဏ္ဏားကြီးမြင်အောင် မြတ်စွာဘုရားက ရောင်ခြည်တော်ကို လွှတ်၏။ ပုဏ္ဏားကြီးသည် ရောင်ခြည်တော် လာရာဘက်သို့ ကြည့်လေလျှင် မိမိ၏ အိမ်တံခါးဝ၌ ဆွမ်းရပ်တော်မူနေသော မြတ်စွာဘုရားကို မြင်၏။ ထိုအခါ ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီး မြင်မှတော့ မထူးပါဘူးဟု ဆုံးဖြတ်ပြီး ယပ်ကို ပစ်ချကာ မြတ်စွာဘုရားထံတော်သို့ သွား ရောက်၍ ထိခြင်းငါးပါးဖြင့် ရှိခိုး၏။ ထိုအချိန်ကား ပုဏ္ဏေးမကြီးအတွက် အဖိုး အတိုင်းမသိ ထိုက်သောအချိန် ဖြစ်၏။ အချိန်၏ တန်ဖိုးကို အနှိုင်းမဲ့ သိတော်မူ သော မြတ်စွာဘုရားသည် ပုဏ္ဏေးမကြီးအား–

'အလုံးစုံသော နာမ်ရုပ်တို့၌ ငါ ငါ့ဥစ္စာဟု မသိမ်းပိုက်သူအား စိုးရိမ်ရခြင်း မည်သည် မရှိ'

ဟု ဟောကြားလိုက်ရာ ပုဏ္ဏေးမကြီးသည် ဒေသနာတော်၏ အနက်ကို သစ္စာတိုင်အောင် သိပြီး ထိုနေရာ၌ပင် သောတာပန် ဖြစ်သွားလေ၏။ ထိုသို့ သစ္စာတိုင်အောင် သိခြင်းမှာလည်း ပုဏ္ဏေးမကြီးအတွက် ပါရမီအလျောက် သိချိန် တန်၍ သိခြင်းသာ ဖြစ်ပါ၏။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို မိမိအိမ်အတွင်းသို့ ပင့်ပြီး မိမိအတွက် ပြင်ဆင်ထားသော ခဲဖွယ်ဘောဇဉ်များကို မြတ်စွာဘုရားအား လှူဒါန်းဆက်ကပ် ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားက ပုဏ္ဏားကြီးအား–

'ဆွမ်းဦးကို လှူသည်ဖြစ်စေ၊ အကြွင်းအကျန်ကို လှူသည်ဖြစ်စေ ကိလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်တို့အား မည်သို့မျှ ထူးခြားမှု မဖြစ်။ ဆွမ်းဦးကို ရခြင်းကြောင့်လည်း ဝမ်းမသာ၊ ဆွမ်းကျန်ကို ရခြင်းကြောင့် လည်း ဝမ်းမနည်း'

ဟု ဟောကြားတော် မူလိုက်ရာ ပဉ္စဂ္ဂပုဏ္ဏားသည် ဒေသနာတော်၏ အနက်ကို သစ္စာတိုင်အောင် သိပြီး ထိုနေရာ၌ပင် သောတာပန် ဖြစ်သွားလေ၏။ ဣန္ဒြေ ရင့်ကျက်ချိန်နှင့် သစ္စာတရား နာကြားရချိန်တို့ တိုက်ဆိုင်လေသောအခါ အရိယသစ္စာကို ထိုးထွင်း၍ သိဖို့ ဆိုသည်မှာ ခက်ခဲလှသည် မဟုတ်ပါချေ။

## အခန်း ( ၂၈ )

## ကံ၏အကျဉ်းသား

ထိုအချိန်က မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မမူသေးချေ။ ထိုအခါ၌ အလ္လကပ္ပတိုင်းတွင် ကူးစက်ရောဂါတစ်မျိုးသည် ဖြစ်ပွားလေ၏။ ထိုရောဂါကား အလွန် ကူးစက်မြန်၏။ ရောဂါဖြစ်သည်နှင့် တစ်ပြိုင်နက် အသက်ရှင်ဖို့ လမ်းမရှိ။ ရောဂါကူးစက်ခြင်း မရှိရလေအောင် လွတ်ရာသို့ ပြေးခြင်းသည်သာလျှင် အကောင်းဆုံး ကုသနည်းဖြစ်၏။ လွတ်အောင် ပြေးခြင်းထက် ပို၍ကောင်းသော ဆေးဝါးဟူ၍ မရှိတော့။ ထိုကူးစက်ရောဂါကို ပါဠိဝေါဟာရအားဖြင့် "အဟိဝါတက" ဟု ခေါ်၏။

အမျိုးသားတစ်ယောက်သည် မိမိ၏ ဇနီးနှင့် တိုင်ပင်၍ ရောဂါလွတ်ရာသို့ ပြေး၏။ သူတို့တွင် သားငယ်တစ်ယောက် ရှိ၏။ သားငယ်ကို အဖက တစ်လှည့်၊ အမိက တစ်လှည့်စီ ပွေ့ချီ၍ သွားကြ၏။ လမ်းတွင် ပါလာသော ရိက္ခာများလည်း ပြတ်လေပြီ။ အင်အားလည်း ကုန်ခန်းလေပြီ။ ထိုအခါ အဖသည် သားငယ်ကို စွန့်ချင်ပြီ။ အမိကား သားငယ်ကို မစွန့်ချင်။ မေတ္တာချင်းကား ကွာခြား၏။ ကိုယ်မချိက "အမိသော်လည်း သားတော်ခဲ"ဟူ၍ ဆိုရိုးစကား ရှိ၏။ သို့ရာတွင် အမိတိုင်း သားတော်ခဲ မဟုတ်။

တစ်ချိန်တွင် အဖသည် သားငယ်ကို ချီရသည့်အလှည့် ရောက်သဖြင့် သားငယ်ကို ချီ၍ ဇနီးနှင့်အတူ ခရီးသွား၏။ ကိစ္စရှိဟန်ဖြင့် နောက်ချန်ရစ်၏။ ဇနီးသည်ကလည်း ခင်ပွန်းသည်ကို စောင့်ရင်း စောင့်ရင်း ရှေ့က သွား၏။ ခင်ပွန်းသည်သည် ဇနီးနှင့် အတန်ငယ် ဝေးကွာသွားသောအခါ သားငယ်ကို လမ်းဘေး၌ စွန့်ပစ်၍ ထားခဲ့၏။ ဇနီးသည် မိမိခင်ပွန်း၏ လက်၌ သားငယ် ပါမလာသည်ကို တွေ့သောအခါ များစွာ ပူပန်သွား၏။ သားငယ်ကို လမ်းဘေး၌ စွန့်ပစ်ထားခဲ့ကြောင်း သိသောအခါ ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်သူနှင့်အတူ ခရီးမဆက်လိုတော့ဟု ခင်ပွန်းသည်အား ပြောလေ၏။ ထိုအခါ ခင်ပွန်းသည်က မိမိ၏ ဇနီးအား တောင်းပန်ပြီး သားငယ်ကို ပြန်ချီကာ မိသားစု သုံးယောက်တို့သည် ခရီးဆက်ကြ၏။

ကုသိုလ်ကံဖြစ်ဖြစ်၊ အကုသိုလ်ကံဖြစ်ဖြစ် ကံဟူသည် သံသရာ တစ်လျှောက်လုံး ထိုထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ အရိပ်ပမာ အစဉ်လိုက်လျက် ရှိ၏။ အရိပ်ကို ဖယ်ရှား၍ မရသလို ကံကို ဖယ်ရှား၍ မရ။ ထို့ကြောင့် ကံကို "ဆာယာဝ အနပါယိနီ" ဖယ်ရှား၍ မရကောင်းသော အရိပ်အဖြစ် တင်စားဆို၏။ မိမိ၏ သားငယ်ကို စွန့်ပစ်ခဲ့သော အကုသိုလ်ကံသည် အရိပ်ပမာ ဖခင်၏ သန္တာန်၌ အစဉ် လိုက်ပေတော့မည်။

မိသားစုသုံးယောက်တို့သည် ညနေချမ်းအချိန်၌ ခရီးခဲကို လွန်မြောက်၍ နွားကျောင်းသားတဲသို့ ရောက်ကြ၏။ ထိုနေ့ကား နွားကျောင်းသားတဲ၌ မင်္ဂလာပြုသောနေ့ ဖြစ်၏။ ထို့ကြောင့် နွားကျောင်းသားသည် မြင်မြင်သမျှသော ပရိသတ်များအား နို့ဃနာများဖြင့် ကျွေးမွေးဧည့်ခံ၏။ ထိုကဲ့သို့ နို့ဃနာများဖြင့် ကျွေးမွေး၍ မင်္ဂလာပြုသော အစဉ်အလာသည် ထိုခေတ်ကပင် ရှိ၏။ နွားကျောင်းသားတဲသို့ ရောက်လာသော မိသားစုသုံးဦးတို့အား နွားကျောင်းသားသည် မင်္ဂလာဧည့်သည်တော်များအဖြစ် နို့ဃနာဖြင့် ရက်ရောစွာ ကျွေးမွေးဧည့်ခံ၏။ နွားကျောင်းသား၏ စိတ်ထဲ၌ သူ၏ တဲသို့ ကြွရောက်လာသမျှသော ဧည့်သည်တော် ဟူသမျှကို အယုတ် အလတ် အမြတ် ဟူ၍ ခွဲခြားမှု မရှိ။ အားလုံးကိုပင် မင်္ဂလာဧည့်သည်တော်များအဖြစ် တစ်တန်းတစ်စားတည်းထား၍ အလေးအမြတ်ပြုကာ ဆက်ဆံ၏။ ထို့ကြောင့်ပင် နွားကျောင်းသားက အချိန်မဲ့မှ ရောက်လာသော မိသားစုသုံးဦးတို့အား နို့ဃနာများဖြင့် မြတ်မြတ်နိုးနိုး ဧည့်ခံခြင်း ဖြစ်၏။

မိသားစု သုံးယောက်တို့သည် ဆာနေကြ၏။ သားငယ်ကား ဖြစ်ဖြစ်မြောက်မြောက် စားနိုင်သူ မဟုတ်။ ဇနီးသည်ကလည်း အတိုင်းအရှည်ကို သိသူဖြစ်၏။ ထို့ကြောင့် သင့်တင့်ရုံမျှသာ စား၏။ ခင်ပွန်းဖြစ်သူကမူ ရသတဏှာ၌ မရောင့်ရဲနိုင်သဖြင့် အတိုင်းထက် အလွန် စား၏။ ခင်ပွန်းဖြစ်သူက သူ၏ ဘဝကို တွေး၍ ကြေကွဲ၏။ သူသည် လူ့ဘဝကို ရပါလျက် နွားကျောင်းသားတဲမှ ခွေး၏ ဘဝလောက်ပင် အဆင့်မမြင့်လှသည်ကို သူ တွေ့ရ၏။ နွားကျောင်းသားတဲမှ ခွေးသည် နို့ဃနာများကို ဝဝလင်လင် စားရ၏။ သူ့မှာမူ ငတ်တစ်လှည့်၊ ပြတ်တစ်လှည့်ဖြင့် အသက်မွေးရ၏။ ထို့ကြောင့် သူ၏ ဘဝသည် ခွေး၏ ဘဝလောက်ပင် အကျိုးပေး မကောင်းလှဟူ၍ တွက်ဆပြီး ခွေးဘဝကို စိတ်ညွတ်မိ၏။ ဤသို့ စိတ်ညွတ်ခြင်းကို "နိကန္တိ"ဟု ခေါ်၏။

အစုန်နှင့် အဆန်တွင် အစုန်က ပို၍ လွယ်ကူပြီး အဆန်က ပို၍ ခက်၏။ ဤသည်မှာ ဓမ္မတာ ဖြစ်၏။ မိသားစု သုံးဦးထဲက ခင်ပွန်းသည်သည် သူဌေးဘဝကို စိတ်ညွတ်မိပါက သူဌေးဖြစ်ဖို့ မလွယ်ကူသော်လည်း ခွေးဘဝကို စိတ်ညွတ်မိ

သဖြင့် ခွေးဖြစ်ဖို့က လွယ်သွား၏။ သူဌေးဘဝကား အဆန်ဖြစ်၍ ခွေးဘဝကား အစုန် ဖြစ်၏။ ခင်ပွန်းဖြစ်သူသည် ဆာလောင်လွန်းသည့်အပြင် အစားကောင်းနှင့် ကြုံသဖြင့် အတိုင်းထက်အလွန် စားမိရာမှ အစာမကြေဖြစ်ပြီး ထိုည၌တွင် ကွယ်လွန်သွားခဲ့၏။ နွားကျောင်းသားတဲ့ရှိ ခွေးဘဝကို စိတ်သွတ်မိသော နိကန္တိကြောင့် ခင်ပွန်းသည်သည် ခွေးမ၏ ဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ အချိန်စေ့သောအခါ ခွေးငယ်ကို ခွေးမကြီးက မွေးဖွား၏။ နွားကျောင်းသားနှင့် ခွေးငယ်တို့သည် အချင်းချင်း တွယ်တာခဲ့သော မူလနိကန္တိကို အကြောင်းပြု၍ အချင်းချင်း သံယောဇဉ် ဖြစ်ကြ၏။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါတစ်ပါးကို မိမိ၏ တဲသို့ ဆွမ်းပင့်ထား၏။ ပစ္စေကဗုဒ္ဓါသည် နေ့စဉ်ပင် နွားကျောင်းသားတဲသို့ ဆွမ်းခံကြွ၏။ နွားကျောင်းသား တဲ၌ ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးတိုင်း ခွေးငယ်အား ဆွမ်းတစ်လုတ် တစ်လုတ်ကို ပေး၏။ ထို့ကြောင့် ခွေးငယ်သည် ပစ္စေကဗုဒ္ဓါအပေါ် ပို၍ သံယောဇဉ် ဖြစ်၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ သီတင်းသုံးရာ တောအုပ်သို့ သွားတိုင်း ခွေးငယ်ကို ခေါ်၍ ခေါ်၍ သွား၏။ တစ်ခါတစ်ရံ နွားကျောင်းသားသည် ခွေးငယ်ကို လွှတ်၍ ပစ္စေကဗုဒ္ဓါကို ပင့်ခိုင်း၏။ ခွေးငယ်သည် မိမိ၏ အရှင် နွားကျောင်းသား ခိုင်းသည့်အတိုင်းပင် ပစ္စေကဗုဒ္ဓါကို သွား၍ ပင့်၏။ ခွေးငယ်ကား လူ့ဘဝမှ လာသော ခွေးငယ်ဖြစ်၍ လိမ္မာ၏။ ယဉ်ကျေး၏။ ပစ္စေကဗုဒ္ဓါ အပေါ်လည်း ကြည်ညို၏။ မိမိ၏ သခင်အပေါ်၌လည်း တွယ်တာ၏။

ပစ္စေကဗုဒ္ဓါသည် ဝါတွင်းကာလ၌ နွားကျောင်းသားကို အမှီပြု၍ နွားကျောင်းသားတဲ အနီးရှိ တောအုပ်၌ သီတင်းသုံး၏။ ဝါကျွတ်သောအခါ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအား တိစီဝရိတ်သင်္ကန်းလျာတို့ကို လှူဒါန်း၏။ ဤအရပ်၌ပင် ဆက်လက်၍ သီတင်းသုံးတော်မူမည်ဆိုပါက သီတင်းသုံးတော်မူပါရန်နှင့် အရပ်တစ်ပါးသို့ ကြွသွားတော်မူလိုပါကလည်း ကြွသွားတော်မူရန် လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါလည်း အရပ်တစ်ပါးသို့ ကြွသွားမည်ဖြစ်ကြောင်း မိန့်ကြား၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအား လိုက်ပို့၏။ ခွေးငယ်သည် ပစ္စေကဗုဒ္ဓါ အပေါ်၌ တွယ်တာမိသော သံယောဇဉ်ကြောင့် ပစ္စေကဗုဒ္ဓါ အပြီးကြွသွားသောအခါ နှလုံးကွဲ၍ သေလေ၏။ ပစ္စေကဗုဒ္ဓအပေါ် ကြည်ညိုသော ဤကောင်းမှုကြောင့် ခွေးငယ်သည် တာဝတိံသာနတ်ပြည်၌ နတ်သား သွား၍ဖြစ်၏။ နတ်သား၏ အမည်မှာ ဃောသက ဖြစ်၏။ နတ်ပြည်မှ စုတေသောအခါ လူ့ပြည်၌ လူလာဖြစ်၏။ လူလာဖြစ်သောအခါ ပြည့်တန်ဆာမ၏ ဝမ်း၌ ပဋိသန္ဓေ

နေရ၏။ ပြည့်တန်ဆာမတို့၏ အစဉ်အလာအတိုင်း သမီးမွေးလျှင် ပြုစု၍ သားမွေးလျှင် စွန့်ပစ်၏။ ထိုကြောင့် မိခင်ပြည့်တန်ဆာမက မိမိ၏ သားအား အမှိုက်ပုံ၌ စွန့်ပစ်စေ၏။

ကောင်းသော ကုသိုလ်ကံဖြစ်စေ၊ မကောင်းသော အကုသိုလ်ကံ ဖြစ်စေ ကံဟူသည် မိမိအနေဖြင့် အကျိုးမပေးရမချင်း ကံပြုသူနောက်သို့ အရိပ်ပမာ အစဉ်လိုက်၍ နေလေရာ အလ္လကပ္ပတိုင်းသား ဘဝက မိမိ၏ သားငယ်ကို စွန့်ပစ်ခဲ့သော အကုသိုလ်ကံကြောင့် စွန့်ပစ်ခံရခြင်း ဖြစ်၏။ ကမ္မနိယာမအရ ကံဟူသည် တူသောအကျိုးကို ပေးမြဲ ဖြစ်၏။

ဤသဘောကိုပင် "သဒိသံ ပါကံ ဇနေတိ" ကံဟူသည် တူသောအကျိုးကို ပေးသည် ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြခြင်း ဖြစ်၏။

ပြည့်တန်ဆာမ၏ သားအနေဖြင့် စွန့်ပစ်ခြင်းခံရသော်လည်း ခွေးငယ်အနေဖြင့် ပစ္စေကဗုဒ္ဓါအပေါ် ပြုခဲ့သော ဝေယျာဝစ္စ ကုသိုလ်ကံကြောင့် ထိုသူငယ်သည် ကြီးစွာသောအကျိုးကို ရမည် ဖြစ်၏။ အချိန်ရောက်သောအခါ ကောသမ္ဗီသူဌေးကြီး ရာထူးကိုလည်း ရပေလိမ့်မည်။ သောတာပန်ဖြစ်၍ နိဗ္ဗာန်ချမ်းသာကိုလည်း မျက်မှောက်ပြုပေလိမ့်မည်။ သို့ရာတွင် အချိန်၏ ဆုံးဖြတ်ချက်အရ ထိုသို့သော လောကီနှင့် လောကုတ္တရာ ချမ်းသာများကို မရမီ ထိုသူငယ်သည် ခုနစ်ကြိမ်တိုင်တိုင် သေကြောင်းကြံစည်ခြင်းကို ခံရဦးမည် ဖြစ်၏။ ကမ္မဝိပါကော အစိန္တေယျော–ကံ၏ အကျိုးပေးမှုသည် ဆန်းကြယ်ပါ၏။

အမှိုက်ပုံများအကြား၌ စွန့်ပစ်ထားသဖြင့် ကျီးတသောသော ဝန်းရံနေသော ပြည့်တန်ဆာမ၏ သား ထိုကလေးကား ဗေဒင်ကိန်းခန်းအရ နက္ခတ်ကောင်းနှင့် ယှဉ်၍ လူ့ပြည်သို့ ရောက်လာသူ ဖြစ်၏။ အနှစ်သာရအားဖြင့် နက္ခတ်ကောင်းနှင့် ယှဉ်သော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ အမှိုက်ပုံ၌ ရှိ၏။ အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့၏ အဆက်အစပ်ကို ပြည့်ပြည့်စုံစုံ မစဉ်းစားလျှင် နက္ခတ်ကောင်းနှင့် အမှိုက်ပုံတို့၏ အဆက်အစပ်ကို နားလည်ဖို့ ခက်၏။ ထိုကြောင့် အရာဝတ္ထုတစ်ခုနှင့် ပတ်သက်၍ ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်၍ ဖြစ်စေ ဆက်စပ်၍ စဉ်းစားသောအခါ အသွင်သဏ္ဌာန်ကို လည်းကောင်း၊ အနှစ်သာရကို လည်းကောင်း၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့၏ အဆက်အစပ်ကို လည်းကောင်း ခြုံငုံ၍ စဉ်းစားရ၏။ သို့မှသာ လမ်းပေါ်က လူက လူတော် လူကောင်း ဖြစ်နိုင်သည်ကို နားလည်ပြီး၊ ပြာသာဒ်ပေါ်က လူကလည်း လူညံ့ လူဖျင်း ဖြစ်နိုင်မည်ကို နားလည်မည် ဖြစ်၏။

ထိုသူငယ်၏ အမည်သည် "ဃောသက" ဖြစ်၍ ကောသမ္ဗီသူဌေးကြီး၏

အလုပ်သမားမျိုးက ကောက်ယူ မွေးစားလိုက်၏။ ထိုနောက် ကောသမ္ဗီသူဌေးကြီး က ပုရောဟိတ်၏ ဟောကြားချက်အရ ဃောသကသူငယ်ကို သူ၏ အလုပ်သမား မျိုးထံမှ အသပြာတစ်ထောင်ဖြင့် ဝယ်ယူမွေးစားလိုက်၏။ ကောသမ္ဗီသူဌေးကြီး ကား အတ္တဝါဒသမား ဖြစ်၏။ ဘာမဆို ငါလုပ်လျှင် ဖြစ်ရမည်ဟု ယုံကြည်သူ ဖြစ်၏။ အိမ်ဆောက်ရာတွင် သစ်သားရှိဖို့လည်း လို၏။ လက်သမား ရှိဖို့လည်း လို၏။ အိမ်ပုံစံ ရှိဖို့လည်း လို၏။ ရည်မှန်းချက် ရှိဖို့လည်း လို၏။ ထိုလေးမျိုး ပြည့်စုံမှ အိမ်ဆောက်၍ ရ၏။ ထိုလေးမျိုးကို စက်လေးပါး ဟူ၍လည်း ဆိုနိုင် ၏။ ဥပါဒါန်လေးပါး ဟူ၍လည်း ဆိုနိုင်၏။

အိမ်ဆောက်ခြင်းနှင့် ဘဝကို တည်ဆောက်ခြင်းသည် တူ၏။ စက် လေးပါး ဝေါဟာရနှင့်ပြောလျှင် ပုဗ္ဗေစ ကတပုညတာသည် သစ်သားနှင့် တူ၏။ ဥပါဒါန်လေးပါး ဝေါဟာရနှင့် ပြောလျှင် အတ္တဝါဒုပါဒါန်သည် သစ်သားနှင့် တူ၏။ စက်လေးပါးဝေါဟာရနှင့် ပြောလျှင် အတ္တသမ္မာပဏိဓိသည် လက်သမား နှင့် တူ၏။ ဥပါဒါန်လေးပါး ဝေါဟာရနှင့်ပြောလျှင် ဒိဋ္ဌုပါဒါန်သည် လက်သမား နှင့် တူ၏။ စက်လေးပါး ဝေါဟာရနှင့် ပြောလျှင် ပဋိရူပဒေသသည် အိမ်ပုံစံနှင့် တူ၏။ ဥပါဒါန်လေးပါး ဝေါဟာရနှင့် ပြောလျှင် ကာမုပါဒါန်သည် အိမ်ပုံစံနှင့် တူ၏။ စက်လေးပါး ဝေါဟာရနှင့် ပြောလျှင် သပ္ပုရိသူပနိဿယသည် ရည်မှန်း ချက်နှင့် တူ၏။ ဥပါဒါန်လေးပါး ဝေါဟာရနှင့် ပြောလျှင် သီလဗ္ဗတုပါဒါန်သည် ရည်မှန်းချက်နှင့် တူ၏။

မည်မျှလောက် ကျွမ်းကျင်သော လက်သမားပင် ဖြစ်စေ၊ သစ်သားမရှိလျှင် ဖြစ်စေ၊ အိမ်ပုံစံမရှိလျှင် ဖြစ်စေ ရည်မှန်းချက်ရှိကာမျှနှင့် အိမ်ဆောက်၍ မရ ကောင်းသလိုပင် စက်လေးပါးနှင့် မပြည့်စုံလျှင် ဖြစ်စေ၊ ဥပါဒါန်လေးပါးနှင့် မပြည့်စုံလျှင် ဖြစ်စေ ဘဝကို တည်ဆောက်၍ မရ။ ဘဝဟူသည်မှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ ဖြစ်၏။ ထိုကြောင့်ပင် ဥပါဒါနပစ္စယာ ဘဝေါ ဟူ၍ ကျမ်းဂန် များ၌ ဆိုခြင်း ဖြစ်၏။

အမှန်အားဖြင့် ကောသမ္ဗီသူဌေးကား မိမိ ရည်မှန်းချက်ကို ပုံဖော်ရန် အိမ်ပုံစံ မရှိဘဲ၊ သစ်သား မရှိဘဲ အိမ်ဆောက်လိုသူ ဖြစ်၏။ ထို့ကြောင့် သူ့ကို အတ္တဝါဒသမား ဟူ၍ ဆိုခြင်း ဖြစ်၏။ ကောသမ္ဗီသူဌေးသည် ဃောသကကို မွေးစား၏။ ဃောသက၏ ကြမ္မာကို ဖန်တီးချင်သလို ဖန်တီးရန် အားထုတ်၏။ ထိုသို့ ဖန်တီးလျှင် ရနိုင်သည်ဟုလည်း ကောသမ္ဗီသူဌေးက ယုံကြည်ထား၏။ အမှန်အားဖြင့် ကောသမ္ဗီသူဌေးသည် ဥပါဒါန်နှင့် ဘဝတို့၏ ကြောင်းကျိုး ဆက်နွယ်မှုကို နားမလည်သဖြင့် ပျက်စီးခြင်းသို့ ရောက်ပေလိမ့်မည်။

## အခန်း ( ၂၉ )

## ကံစေညွှန်းရာ

ကောသမ္ဗီသူဌေးကြီးသည် ဃောသကကို မွေးစားလိုက်၏။ ဃောသကကား သူဌေးနက္ခတ်နှင့် ယှဉ်၍ မွေးဖွားလာသူ ဖြစ်၏။ ထို့ကြောင့် ဃောသကသည် ကောသမ္ဗီပြည်၌ သူဌေးကြီးစစ်စစ် ဖြစ်ပေလိမ့်မည်။ ဤသို့ ပုရောဟိတ်က ပြော၏။ ပုရောဟိတ် ပြောစကားကို အခိုင်အမာပြု၍ ကောသမ္ဗီသူဌေးကြီးက ဃောသကကို မွေးစားခြင်း ဖြစ်၏။

ကောသမ္ဗီသူဌေးကြီးက ဃောသကကို မွေးစားရာတွင် ရည်ရွယ်ချက် နှစ်ခု ရှိ၏။ ကောသမ္ဗီသူဌေးကြီး၏ ဇနီးသည် ကိုယ်ဝန် အရင့်အမာနှင့် ရှိ၏။ အကယ်၍ သမီးမိန်းကလေးမွေးလျှင် မိမိ၏ သမီးကို ဃောသကနှင့် ထိမ်းမြားပေးမည် ဖြစ်၏။ အကယ်၍ သားယောကျ်ားလေးမွေးလျှင် ဃောသကကို သတ်ပစ်မည် ဖြစ်၏။ လောက အတ္တဝါဒအရ အရာရာတိုင်းကို မိမိက လုပ်ချင်တိုင်း ဖြစ်သည်ဟု ကောသမ္ဗီသူဌေးကြီးက ထင်၏။ ထို့ကြောင့် သူသည် အတ္တဝါဒီ ဖြစ်၏။

ကောသမ္ဗီသူဌေးကြီး၏ ဇနီးသည် သားယောကျ်ားလေးကို ဖွားမြင်၏။ ထိုအခါ ကောသမ္ဗီသူဌေးကြီးသည် သူ၏ မူလ ရည်ရွယ်ချက်အတိုင်း ဃောသကကို သတ်ရန် ကြံရတော့၏။ ထိုခေတ်က အုပ်ချုပ်ရေးစနစ်သည် လျော့ရဲလွန်း၏။ လူ့အသက်တစ်ချောင်းနှင့် ပတ်သက်၍ အခိုင်အမာ ကာကွယ်မှုဟူ၍ ဘာမျှ မရှိ။ အလွယ်တကူပင် သတ်ရန် စီစဉ်နိုင်လေ၏။

နံနက် ဝေလီဝေလင်းအချိန်တွင် နွားခြံဝ၌ ဃောသကကို ချထားလိုက်၏။ နွားနင်း၍ သေအောင် သတ်ခြင်း ဖြစ်၏။ နွားကြီးတစ်ကောင်က ဃောသကကို ခွ၍ ရပ်နေ၏။ အခြားနွားများက ထိုနွားကြီးကို တိုးဝှေ့၍ သွားကြ၏။ နောက်ဆုံးမှ နွားကြီးက ဃောသကကို ကျော်သွား၏။ ထို့ကြောင့် ဃောသကသည် နွားနင်း မခံရသဖြင့် မသေဘဲ ရှိ၏။ နွားကျောင်းသားများက ဃောသကကို ကောက်ယူ၍

သွားကြ၏။ ဤသည်မှာ လူ့ဘဝက မိမိ၏ သားငယ်ကို စွန့်ပစ်မိသော အကုသိုလ်ကံကြောင့် ပထမအကြိမ် အသတ်ခံရရန် ကြိုးပမ်းခံရခြင်း ဖြစ်၏။

ဃောသက မသေကြောင်း ကြားသိရသောအခါ ကောသမ္ဗီသူဌေးကြီးသည် နွားကျောင်းသားများထံမှ ငွေတစ်ထောင်ဖြင့် ဃောသကကို ရွေးယူပြန်၏။ ထိုနောက် သုသာန်၌ စွန့်ပစ်ပြန်၏။ ဆိတ်ကျောင်းသားသည် သုသာန်၌ ဆိတ်တို့ကို သွား၍ ကျောင်းရာ ဆိတ်မကြီးတစ်ကောင်က ဃောသကကို နို့တိုက်၍ ကျွေးမွေးနေသည်ကို တွေ့ရ၏။ ထိုကြောင့် ဆိတ်ကျောင်းသားသည် ဃောသကကို ကောက်ယူ မွေးစားပြန်၏။ ဤသည်မှာ ဒုတိယအကြိမ် သေကြောင်းကြံခံရသော်လည်း မသေဘဲ အသက်ရှင်ရခြင်း ဖြစ်၏။

ဃောသက မသေသေးဘဲ ဆိတ်ကျောင်းသား ကောက်ယူမွေးစားကြောင်း ကြားသိရပြန်သောအခါ ကောသမ္ဗီသူဌေးကြီးသည် ဆိတ်ကျောင်းသားထံမှ ငွေတစ်ထောင်ဖြင့် ဃောသကကို ရွေးယူပြန်၏။ ထိုနောက် လှည်းလမ်းမ၌ လှည်းကြိတ်၍ သေစေရန် ပစ်ထားစေပြန်၏။။ သူဌေးကြီး၏ လူယုံတော်ကလည်း သူဌေးကြီး စေခိုင်းသည့်အတိုင်းပင် လှည်းလမ်းမ၌ ပစ်ထားလိုက်၏။ နွားများက မနင်းဘဲ ရပ်နေသဖြင့် လှည်းမှူးက ဆင်းကြည့်ရာ ဃောသကကို တွေ့၍ ကောက်ယူ မွေးစားပြန်၏။ ဤသည်မှာ တတိယအကြိမ် သေကြောင်းကြံ ခံရခြင်း ဖြစ်၏။

လှည်းမှူးထံမှ ငွေတစ်ထောင်ဖြင့် ဃောသကကို ရွေးယူရပြန်၏။ ထိုနောက် ချောက်ထဲသို့ ပစ်ချစေပြန်၏။ ချောက်ထဲသို့ ပစ်ချလိုက်သောအခါ ဃောသကသည် ချောက်ကမ်းပါးအောက်ရှိ ကျူထရံပေါ်သို့ ကျသွား၏။ သို့ရာတွင် မကျိုးမပဲ့ဘဲ အကောင်းပကတိဖြင့် ကျူထရံပေါ်သို့ ကျသွားခြင်း ဖြစ်၏။ ကျူထရံသည်မှူးကလည်း ယုယကြင်နာစွာဖြင့် ကျွေးမွေးပြုစု၏။ ဤသည်မှာ စတုတ္ထအကြိမ် သေကြောင်းကြံခြင်း ခံရသော်လည်း မသေမပျောက်ဘဲ အသက်ရှင်ရခြင်း ဖြစ်၏။

ဃောသကသည် မသေဘဲ ကျူထရံသည်မှူးက ကောက်ယူမွေးစားထားကြောင်း ကြားသိရသောအခါ ကောသမ္ဗီသူဌေးကြီးသည် ကျူထရံသည်မှူးထံမှ ငွေတစ်ထောင်ဖြင့် ဃောသကကို ရွေးယူလိုက်ရပြန်လေ၏။ ကောသမ္ဗီ သူဌေးကြီးသည် ဃောသကကို သတ်ချင်၏။ သတ်ချင်သည့် အလျောက်လည်း အမျိုးမျိုးသတ်ခဲ့၏။ သို့ရာတွင် ဃောသကသည် မသေခဲ့။ ဃောသကမှာ အကုသိုလ်လည်းရှိ၏။ ကုသိုလ်လည်း ရှိ၏။ အကုသိုလ်က အကုသိုလ်အလျောက် အကျိုးပေး၏။ အကုသိုလ်၏ အကျိုးကား မကောင်းကျိုးတည်း။ ကုသိုလ်ကလည်း ကုသိုလ်

အလျောက် အကျိုးပေး၏။ ကုသိုလ်၏ အကျိုးကား ကောင်းကျိုးတည်း။ အကုသိုလ်၏ အကျိုးပေးအရ အကြိမ်ကြိမ် အသတ်ခံရရန် လုံ့လပြုခြင်း ခံရသော်လည်း ကုသိုလ်၏ အကျိုးပေးအရ မသေဘဲ ကယ်ဆယ်မည့်သူများနှင့် တွေ့သွားရခြင်း ဖြစ်၏။ အမှန်အားဖြင့် တစ်ခါ စွန့်ပစ်ရုံနှင့် ကိစ္စပြီးသွားနိုင်သော်လည်း ကောသမ္ဗိသူဌေးကြီးက ထပ်ကာထပ်ကာ ကောက်ယူ မွေးစားပြန်ခြင်းသည် ပင်လျှင် ဃောသက၏ ကုသိုလ်အကျိုးဆက် ဖြစ်ပါ၏။

ဃောသကသည် အရွယ်ရောက်လာလေပြီ။ သူဌေးကြီး၏ သားအရင်းလည်း အရွယ်ရောက်ခဲ့ပြီ။ ဃောသကသည် သူ၏ ဖခင် ကောသမ္ဗိသူဌေးကြီးအပေါ် ပြစ်မှားလိုစိတ်ဟူ၍ စိုးစဉ်းမျှ မဖြစ်ခဲ့။ မေတ္တာအပြည့်ဖြင့် ချစ်ခင်မြတ်နိုး၏။ ဤသည်မှာလည်း ဃောသကအတွက် အကျိုးပေးကောင်းရန် အထောက်အပံ့ကောင်းပင် ဖြစ်၏။ သို့ရာတွင် ကောသမ္ဗိ သူဌေးကြီးကမူ ဃောသကကို တစ်နည်းနည်းဖြင့် သေစေရန်သာ စိတ်စောလျက် ရှိ၏။ သူဌေးကြီး၌ ဃောသကနှင့် ပတ်သက်၍ အကုသိုလ်များသည် အစဉ်တစိုက် ဖြစ်ပွားလျက် ရှိ၏။ ထိုအကုသိုလ်များသည် ကောသမ္ဗိသူဌေးကြီးအား တစ်နည်းမဟုတ် တစ်နည်းဖြင့် အကျိုးပေးလိမ့်မည်။ ထိုအကျိုးကား ကောင်းသောအကျိုး မဟုတ်၊ ရင်ကွဲနာ ကျလောက်သော အကျိုးပေးတည်း။

သူဌေးကြီး၌ အိုးထိန်းသည် မိတ်ဆွေတစ်ဦး ရှိ၏။ အိုးထိန်းသည်ကို ဃောသကအား သတ်ခိုင်းပြီး အိုးဖုတ်သောအခါ အိုးထဲ၌ ထည့်ဖုတ်လိုက်လျှင် ခြေရာ လက်ရာ ပျောက်မည် ဖြစ်၏။ ထို့ကြောင့် ကောသမ္ဗိသူဌေးကြီးသည် အိုးထိန်းသည်အား ငွေတစ်ထောင်ပေးပြီး ဃောသကကို သတ်ခိုင်း၏။ အိုးထိန်းသည် ကလည်း သတ်ရန် သဘောတူလိုက်၏။ သို့ရာတွင် သူဌေးကြီးက ဃောသကကို အိုးထိန်းသည် အိမ်သို့ အရောက် ပို့ပေးရမည် ဖြစ်၏။

တစ်နေ့တွင် သူဌေးကြီးက ဃောသကကို အိုးထိန်းသည်အိမ်သို့ ကိစ္စတစ်ခုကို အကြောင်းပြကာ ဥပါယ်တံမျဉ်ဖြင့် စေခိုင်းလိုက်၏။ ဃောသကကလည်း ဖခင်သူဌေးကြီး စေခိုင်းသည့်အတိုင်းပင် အိုးထိန်းသည် အိမ်သို့ သွား၏။ သို့ရာတွင် လမ်း၌ ဃောသကသည် သူဌေးကြီး၏ သားအရင်းကို တွေ့၏။ သားအရင်းကား ကစားဖော်များနှင့် ခုံညင်းကစားနေရာ ခုံညင်းရှုံးနေ၏။ ဃောသက ကို မြင်လျှင် သူ့ကိုယ်စား ခုံညင်းကစားခိုင်း၏။ ဃောသကက ခုံညင်းကစားပေး၏။ သူဌေးကြီး၏ သားအရင်းက ဃောသက ကိုယ်စား အိုးထိန်းသည် အိမ်သို့ သွားပေး၏။

သူဌေးကြီး၏ သားအရင်းသည် အိုးထိန်းသည်အိမ်သို့ ရောက်သောအခါ

အိုးထိန်းသည်က ထိုသူငယ်ကို သတ်ပြီး အိုးတစ်လုံးထဲသို့ ထည့်၍ မီးဖုတ်လိုက်၏။ ဃောသကသည် ခုံညင်းကစားပွဲတွင် နိုင်၍ ကစားပွဲ သိမ်းလိုက်၏။ နောက်ညီငယ်ကို စောင့်၏။ ညီငယ်ကား ပြန်မလာတော့။ နောက် အိုးထိန်းသည်အိမ်သို့ မယောင်မလည်နှင့် လိုက်သွား၏။ ညီငယ်ကို မတွေ့။ ထိုနောက် စိတ်ပျက်လက်ပျက်နှင့် အိမ်သို့ ပြန်လာ၏။ သူဌေးကြီးသည် ဃောသကကို တွေ့လိုက်ရလျှင်ပင် သူ၏ ရင်သည် ခုန်လွန်းလှ၏။ ဃောသကအား အကျိုးအကြောင်းမေးမြန်းသောအခါ အကြောင်းစုံ သိလိုက်ရသည်နှင့် တစ်ပြိုင်နက် သူဌေးကြီးသည် ဣန္ဒြေမဆည်နိုင်တော့ဘဲ အိုးထိန်းသည်အိမ်သို့ အလျင်အမြန် လိုက်သွားလေ၏။ သို့ရာတွင် နောက်ကျသွားလေပြီ။ ဘာမျှ မတတ်နိုင်တော့။

ကောသမ္ဗီသူဌေးကြီးသည် ဗုန်းဗုန်းလဲလေပြီ။ ဃောသကကို မြင်ရတိုင်းစိတ်မချမ်းမသာ ဖြစ်ရ၏။ ဃောသကကား ဘာမျှ မသိ။ သူဌေးကြီးကို ချစ်၏။ ရိုသေ၏။ လေးစား၏။ သူချစ်သော၊ သူရိုသေသော၊ သူလေးစားသော သူဌေးကြီးက သူ့ကို မသေ သေအောင် သတ်နေမှန်း ဃောသက မသိ။ ကံသည် ဆန်းကြယ်၏။ ကံ၏ အကျိုးပေးသည်လည်း ဆန်းကြယ်၏။ ဃောသကကား ပဥ္စမအကြိမ်မြောက် သေဘေးမှ လွတ်မြောက်ခဲ့ပြန်၏။

သူဌေးကြီးကား ဃောသကကို သတ်ရန် ကြံစည်ခြင်း၌ အားမလျှော့။ ဆက်၍ ဆက်၍သာ ကြံလေ၏။ အကုသိုလ် အရှိန်ရလျှင်လည်း အကုသိုလ်လမ်းကြောင်းအတိုင်း သွား၏။ ကုသိုလ်အရှိန်ရလျှင်လည်း ကုသိုလ်လမ်းကြောင်းအတိုင်း သွား၏။ ဤနေရာ၌ကား အကုသိုလ်အရှိန်ဖြင့် အကုသိုလ်လမ်းကြောင်းအတိုင်း သူဌေးကြီးက သွားနေခြင်း ဖြစ်၏။ ဤသဘောကို အသေဝနပစ္စည်းဟု ကျမ်းဂန်များ၌ ဆို၏။ သတိသမ္ပဇဉ်ဖြင့် မဆင်ခြင်နိုင်ပါက အကုသိုလ်၏ ကွန်ရက်မှ ရုန်းထွက်နိုင်ဖို့ ခက်ပါ၏။ လောကဆိုစဉ်အရ ဆိုရလျှင် အကုသိုလ်များဝင်လာပြီ ဆိုပါက အပေါင်းအသင်းနှင့် ဝင်လာတတ်၏။

ဃောသကသည် သူ၏ အကုသိုလ်အကျိုးဆက်ကြောင့် ငယ်စဉ်ကာလမှစ၍ သေကြောင်း အမျိုးမျိုး ကြံစည်ခြင်း ခံရသူ ဖြစ်၏။ စာပေသင်ကြားရခြင်းမရှိခဲ့။ ထို့ကြောင့် ဃောသကသည် စာမတတ်။ ဃောသက စာမတတ်သောအခါဖခင်သူဌေးကြီးက "ဤစာကို ရလျှင် ဃောသကကို သတ်လိုက်ပါ" ဟူ၍အလုပ်သမားမှူးထံ စာရေးလိုက်၏။ စာကိုလည်း ဃောသကကိုပင် ပေးခိုင်းလိုက်၏။ ဃောသကသည် မိမိကိုယ်တိုင်က စာမတတ်ရှာသဖြင့် မိမိကို သတ်ခိုင်းသော စာကို အလုပ်သမားမှူးထံ မိမိကိုယ်တိုင်ပင် ယူသွား၏။ လမ်း၌ တည်းခိုဖို့အတွက် သူဌေးကြီးတစ်ဦးထံသို့ နှုတ်ဖြင့် မှာကြားလိုက်၏။

ယောသကသည် ဖခင် သူဌေးကြီး မှာကြားလိုက်သည့်အတိုင်း စာကို အလုပ်သမားမှူးထံသို့ ယူသွား၏။ ဖခင်သူဌေးကြီးအပေါ် နည်းနည်းမျှ သံသယ မဖြစ်။ ဖခင်အပေါ် ချစ်သော မေတ္တာဖြင့်ပင် ယောသက က ချစ်၏။ သူဌေးကြီး အပေါ် ချစ်သော ယောသက၏ မေတ္တာနှင့် ယောသကအပေါ် မုန်းတီးသော သူဌေးကြီးတို့၏ အာဃာတတို့သည် ထိပ်တိုက်တွေ့ကြသောအခါ အာဃာတ ရှုံး၍ မေတ္တာက နိုင်လေ၏။ ထို့ကြောင့် ဓမ္မနှင့် အဓမ္မတို့ ထိပ်တိုက်တွေ့လေတိုင်း အဓမ္မ ရှုံး၍ ဓမ္မက နိုင်ကြောင်း ကျမ်းဂန်များ၌ ဖော်ပြခြင်း ဖြစ်၏။

ယောသကသည် မိမိတည်းခိုရမည့်ရွာ သူဌေးအိမ်သို့ ရောက်သောအခါ မိမိသည် ကောသမ္ဗီသူဌေးကြီး၏ သားဖြစ်ကြောင်း၊ အလုပ်သမားမှူးထံသို့ သွားရန် မိမိ၏ ဖခင် သူဌေးကြီးက စေလွှတ်ခြင်းဖြစ်ကြောင်း၊ ဤအိမ်၌ ခေတ္တ တည်းခိုရန် ဝင်ရောက်လာခြင်းဖြစ်ကြောင်း ပြောလိုက်ရုံနှင့်ပင် ရွာသူဌေးက ယောသကအား ပျာပျာသလဲ ပြုစုပါ၏။ ကောသမ္ဗီသူဌေးကြီး၏ အရှိန်အဝါသည် ဤမျှပင် ကြီးမားပါ၏။ အိမ်စေမ တစ်ယောက်က ယောသကအား နေရာ ချပေး ၏။ ညှော်ဝတ်ပြု၏။ ယောသကသည် ခရီးပန်းလွန်းသဖြင့် အိပ်ပျော်သွား၏။

အိမ်စေမထံမှ ယောသကအကြောင်းကို ကြားသိရသောအခါ ရွာသူဌေး သမီးသည် ယောသကကို တွေ့ချင်စိတ် ပြင်းပြ၏။ ထို့ကြောင့် ရွာသူဌေးသမီးသည် အိမ်စေမနှင့်အတူ ယောသက အိပ်နေရာသို့ သွား၏။ ယောသကကား အိပ်ပျော် လို့ ကောင်းတုန်းပင် ဖြစ်၏။ ယောသကသည် ချောမောသူဖြစ်လေရာ ရွာသူဌေး သမီးသည် ယောသကအပေါ် များစွာ စိတ်ဝင်စား၏။ ထို့ကြောင့် ယောသကကို အနီးကပ် ကြည့်ရှုသောအခါ ယောသက၌ စာတစ်စောင်ပါသည်ကို တွေ့ရ၏။ ရွာသူဌေးသမီးက စာကို စိတ်ဝင်တစားဖြင့် တိတ်တဆိတ် ယူ၍ ဖတ်ကြည့်လိုက် ၏။ စာကား ယောသကကို သတ်ခိုင်းသောစာ ဖြစ်နေ၏။ ရွာသူဌေးသမီးသည် ရင်ထုမနာ ဖြစ်ရလေ၏။ မိမိ၏ သေမင်းကို မိမိကိုယ်တိုင် ဆောင်ကြဉ်းသွားသော ယောသကအပေါ် ဖြစ်ပေါ်လာသော ကရုဏာကို ရွာသူဌေးသမီးသည် မဟာန့်တား နိုင်တော့။

အချစ်တို့မည်သည် ရှေးရေစက်ကြောင့်လည်း ဖြစ်နိုင်၏၊ ပစ္စုပ္ပန်ရင်းနှီးမှု ကြောင့်လည်း ဖြစ်နိုင်၏ ဟူ၍ ကျမ်းဂန်များ၌ ပြထားလေရာ ယောသကနှင့် ရွာသူဌေးသမီးတို့သည် လွန်ခဲ့သော လေးဘဝမြောက်က ဇနီးမောင်နှံ တော်စပ် ခဲ့ဖူး၏။ ထို့ကြောင့် ရွာသူဌေးသမီးသည် ယောသကကို မြင်လျှင်မြင်ချင်း မေတ္တာ သက်ဝင် ချစ်ခင်မြတ်နိုးခြင်း ဖြစ်၏။ ရွာသူဌေးသမီးသည် စာကို ပြင်ရေး၏။ စာထဲ၌ ယောသကကို ရွာသူဌေးသမီးနှင့် ခမ်းနားစွာ ထိမ်းမြားပေးရန် ဖြစ်၏။

ယောသကကား ဘာမျှ မသိ။ ရွာသူဌေးသမီးကိုလည်း မမြင်ဖူး။ ရွာသူဌေးသမီး အကြောင်းကိုလည်း မသိ။ သူသည် သူ့ဖခင် ကောသမ္ဗီသူဌေးကြီးက စေခိုင်းလိုက်သည့်အတိုင်း အလုပ်သမားမှူးထံ ရောက်ဖို့ရန်သာ စိတ်စောလျက် ရှိ၏။ ယနေ့ အချိန်ကုန်သဖြင့် ရွာသူဌေး၏ အိမ်၌ အိပ်လေ၏။

နောက်တစ်နေ့တွင် နံနက်စောစောထ၍ ယောသကသည် အလုပ်သမားမှူးထံသို့ သွားလေ၏။ အလုပ်သမားမှူးထံသို့ ရောက်သောအခါ စာကို ပေးလိုက်၏။ အလုပ်သမားမှူးကလည်း ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။ အရေးကြီးသော ယောသက၏ လက်ထပ်မင်္ဂလာပွဲကိစ္စကို မိမိအား အပ်နံဆောင်ရွက်ခိုင်းသည်မှာ တော်ရုံတန်ရုံ အားကိုးစိတ်နှင့် ခိုင်းခြင်း မဟုတ်သည်ကို အလုပ်သမားမှူးက တွက်ဆ၏။ ထို့ကြောင့် သူဌေးကြီး အားကိုးသည့်အတိုင်း အစွမ်းကုန် ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချလိုက်၏။

အလုပ်သမားမှူးသည် ရွာသူဌေးကိုလည်း နားဖောက်ရသေး၏။ ရွာသူဌေးက လွယ်လင့်တကူပင် သဘောတူပါ၏။ ထိုခေတ် သားသမီးတို့၏ အိမ်ထောင်ရေးစနစ်မှာ မိဘတို့၏ သဘောအတိုင်းပင် ဖြစ်၏။ သမီးလုပ်သူကလည်း နဂိုကပင် ယောသကအပေါ် တိမ်းညွတ်ပြီးသား ဖြစ်လေရာ လူငယ်ချင်း သင့်မြတ်ရေးအတွက်လည်း ပြဿနာမရှိ။ အားလုံးပင် အဘက်ဘက်က အဆင်ပြေပါ၏။ အလုပ်သမားမှူးသည် မိမိဘက်မှ စီစဉ်စရာ ရှိသည်များကို စီစဉ်၏။ လက်ဖွဲ့ပစ္စည်းများကိုလည်း တစ်ရာစီ တစ်ရာစီဖြင့် အမျိုးအမည်ပေါင်းများစွာတို့ကို ခန်းဝင်ပစ္စည်း ပြု၏။ မင်္ဂလာအခမ်းအနားကို ကြီးကျယ်စွာ ဆင်ယင်၏။ အလုပ်သမားမှူးက မိမိကိုယ်တိုင် ကောသမ္ဗီသူဌေးကြီး၏ နေရာ၌ နေ၍ ယောသကကို မိမိ၏ သားနေရာ၌ ထားကာ မင်္ဂလာသတို့သား၏ မိဘအဖြစ် ဆောင်ရွက်လေ၏။ မင်္ဂလာပွဲကား အံ့မခန်းဖြစ်အောင် ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲပါတည်း။ အမှန်အားဖြင့် ဤမင်္ဂလာပွဲကား ယောသကအတွက် ခြောက်ကြိမ်မြောက် သေဘေးမှ လွတ်မြောက်ခြင်းနှင့် နောက်ဆုံးပိတ် အပြီးသတ် အောင်မြင်ခြင်း ပင်တည်း။

## အခန်း ( ၃၀ )

## သူဌေးကြီး ဃောသက

ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးသည် ဃောသကကို ဂါမက သူဌေးသမီးနှင့် ခမ်းနားစွာ လက်ထပ်ပေးလိုက်၏။ ထိုသို့ လက်ထပ်ပေးလိုက်ကြောင်းကိုလည်း ကောသမ္ဗီသူဌေးကြီးထံသို့ စာဖြင့် အကြောင်းကြားလိုက်၏။ စုစုပေါင်း လက်ဖွဲ့ပစ္စည်းများနှင့် စရိတ်စကများကိုလည်း ပူးတွဲပေးပို့လိုက်၏။ ဃောသက မောင်နှံတို့၏ နေရေးထိုင်ရေးနှင့် ပတ်သက်၍ မိမိ အစီအစဉ်များကိုပါ ဖော်ပြလိုက်၏။ အလုပ်သမားမှူးသည် သူ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်သဖြင့် ကောသမ္ဗီသူဌေးကြီးထံမှ ချီးကျူးစာကို မျှော်လင့်နေလေ၏။

ကောသမ္ဗီသူဌေးကြီးသည် ဃောသကအကြောင်းကို ကြားရလျှင် "ယခုအခါ ငါကား ပျက်စီးခြင်းမလှ ပျက်စီးရလေပြီတကား"ဟု တွေးတောပူပန်မှုအားကြီးသဖြင့် ဝမ်းသွေးသွန်သောရောဂါ စွဲကပ်လေ၏။ ကောသမ္ဗီသူဌေးကြီးသည် သူ့ရောဂါကို သူ သိ၏။ သူသည် ရှင်ဖို့လမ်း မရှိတော့။ သူ၌ များစွာသော ပစ္စည်းဥစ္စာများသည် ရှိ၏။ သူ၏ ပစ္စည်းဥစ္စာများကို ဃောသကသည် အမွေစား အမွေခံအဖြစ် သိမ်းပိုက်ပေလိမ့်မည်။ အမှန်အားဖြင့် သူဌေးကြီးသည် ဃောသကကို မုန်းတီးသည်။ သူ၏ စည်းစိမ်များကို ဃောသကအား မပေးဘဲ မင်းဘဏ္ဍာအဖြစ်သို့သာ အရောက်ခံမည် ဖြစ်၏။ ထို့ကြောင့် ဃောသကအား သူ့ထံ အမြန်လာရန် အကြောင်းကြားလိုက်၏။ အကယ်၍ ဃောသက ရောက်လာပါက သူ၏ စည်းစိမ်ဥစ္စာများကို ဃောသက မရနိုင်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ဖို့ သူဌေးကြီးက စိတ်ကူးထား၏။

ကောသမ္ဗီသူဌေးကြီးသည် အတိတ်ကံ ကောင်းသူ ဖြစ်၏။ ထို့ကြောင့်လည်း ကောသမ္ဗီသူဌေးကြီး ဖြစ်ရခြင်း ဖြစ်၏။ သို့ရာတွင် သူဌေးကြီးသည် ပစ္စုပ္ပန်ကံ ကောင်းသူ မဖြစ်ရှာခဲ့။ ဃောသကနှင့် ပတ်သက်၍ တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်ခဲ့ရရှာ၏။ ပစ္စုပ္ပန်ကံ မကောင်းခြင်းမှာလည်း ဘယ်သူကမှ သူဌေးကြီးထံ လာရောက်ပြုသည် မဟုတ်။ သူဌေးကြီး ကိုယ်တိုင်က မိမိဘာသာ မိမိ ပြုခြင်း ဖြစ်၏။ အတိတ်ကံ ကောင်းခဲ့သလို ပစ္စုပ္ပန်ကံကိုလည်း ကောင်းအောင် ပြုမည်ဆိုပါလျှင် ကောသမ္ဗီသူဌေးကြီး၏ ဘဝသည် ဖြောင့်ဖြူး၍ သာယာပေလိမ့်

မည်။ ယခုတော့ အတိတ်ကံ ကောင်းပြီး ပစ္စုပ္ပန်ကံကို ကောင်းအောင် မလုပ်ခဲ့မိသဖြင့် သူဌေးကြီး၏ ဘဝသည် ကြေကွဲခြင်းဖြင့် အဆုံးသတ်ရပေတော့မည်။ ထို့ကြောင့် အတိတ်ကံကောင်းကြသဖြင့် ပစ္စုပ္ပန်၌ သူဌေးသူကြွယ် ဖြစ်ကြသူများနှင့် ပညာရှင် ဖြစ်ကြသူများသည် ပစ္စုပ္ပန်ကံကို ကောင်းအောင် မဆောက်တည်မိပါက ကောင်းသော ဘဝနိဂုံးကို တွေ့ရဖို့ ခဲယဉ်းပါ၏။ အမှန်အားဖြင့် အတိတ်နှင့် အနာဂတ်ထက် ပစ္စုပ္ပန်သည်သာ ပဓာန ဖြစ်၏။

အာသဝဟူသည် အရက်သဖွယ် ဖြစ်၏။ အရက်မူးသမားသည် လောကအမြင်၌ ကမောက်ကမ ဖြစ်၏။ အာသဝတရားတို့ လွှမ်းမိုးခြင်း ခံရသူများသည်လည်း လောကအမြင်၌ ကမောက်ကမပင် ဖြစ်၏။ အဝိဇ္ဇာသဝက အမှားကို အမှားအတိုင်း မမြင်ရအောင် ဖုံး၏။ အမှားကို အမှန်အဖြစ် မြင်ရအောင် ဖော်၏။ အမှန်ကို အမှန်အတိုင်း မမြင်ရအောင် ဖုံး၏။ အမှန်ကို အမှားအဖြစ် မြင်ရအောင် ဖော်၏။ ဒိဋ္ဌာသဝက အမှားကို အမှန်အဖြစ် မြင်အောင်နှင့် အမှန်ကို အမှားအဖြစ် မြင်အောင် ပြု၏။ ဘဝါသဝက ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော ရုပ်နာမ်ခမ္မ သင်္ခါရများကို ပုဂ္ဂိုလ် သတ္တဝါအဖြစ် မြင်အောင် ပြု၏။ ကာမသဝက ရုပ်နာမ် ခမ္မ သင်္ခါရများကို မြတ်နိုးဖွယ် ကာမဂုဏ်များအဖြစ် မြင်အောင် ပြု၏။ အာသဝ လေးပါးတို့ကား ခဏတိုင်း ခဏတိုင်း သတ္တဝါတို့အပေါ်၌ လွှမ်းမိုး၏။ အာသဝတို့ လွှမ်းမိုးမှုအရ သတ္တဝါတို့က ဆိုင်ရာဆိုင်ရာ အတွေ့အမြင်များဖြင့် တုံ့ပြန်ကြရ၏။ ထိုအခါ သတ္တဝါတို့၏ အမြင်သည် လောက၌ ကမောက်ကမ ဖြစ်လေတော့၏။

အမှားကိုလည်း အမှန်အဖြစ် လည်းကောင်း၊ အမှန်ကိုလည်း အမှားအဖြစ် လည်းကောင်း၊ မတရားကိုလည်း တရားအဖြစ် လည်းကောင်း၊ တရားကိုလည်း မတရားအဖြစ် လည်းကောင်း မြင်လေတော့၏။ မြင်သည့်အတိုင်းလည်း လိုက်နာကျင့်သုံးလေတော့၏။ ကောသမ္ဗီသူဌေးကြီးကား ဘဝအကျိုးပေး ကောင်းသူ ဖြစ်ပါလျက် အာသဝတရားတို့ကို သတိသမ္ပဇဉ်ဖြင့် မဆင်ခြင်မိလေသောကြောင့် အာသဝတရားတို့၏ လွှမ်းမိုးမှုအရ ပျက်စီးခြင်းမလှ ပျက်စီးရ၏။

ဃောသကထံ အမြန်လာရန် အကြောင်းကြားလိုက်သော်လည်း ဃောသကဇနီးက အကျိုးအကြောင်းကို တွက်ဆနိုင်သူ ဖြစ်၏။ ထို့ကြောင့် ဃောသကဇနီးက တတ်နိုင်သမျှ အချိန်ကို ဆွဲ၏။ နောက်ဆုံး၌ ဃောသက ငြိုငြင်သောအခါ ဃောသက ဇနီးက အဖြစ်မှန်ကို ပြောပြရတော့၏။ သဘောရိုးဖြင့် မိမိ၏ အမွေပစ္စည်းများကို ပေးလို၍ ခေါ်ခြင်းမဟုတ်ဘဲ မိမိ၏ သားအရင်း မဟုတ်ကြောင်းကို အခိုင်အမာပြောလို၍ ခေါ်ခြင်းဖြစ်ကြောင်းဖြင့် ဃောသက၏ ဇနီးက ဃောသကအား ပြောပြ၏။ နောက်ဆုံး သူဌေးကြီး ကွယ်လွန်မှသာ သွားရန် သဘောတူ

ကြ၏။ ထိုစဉ် သူဌေးကြီး မကွယ်လွန်သေးပါဘဲလျက် သူဌေးကြီး ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သတင်း ရောက်လာပြန်၏။

ထိုအခါ ဃောသကတို့ မောင်နှံသည် နောက်ပါ အခြွေအရံများနှင့်တကွ ကောသမ္ဗီမြို့သို့ သွားကြ၏။ ကောသမ္ဗီမြို့သို့ ရောက်သောအခါ သူဌေးကြီး မကွယ်လွန်သေးကြောင်း သူတို့ သိကြ၏။ ဃောသက၏ ဇနီးသည်က ဃောသကကို သူဌေးကြီးထံ အလျင်မဝင်စေဘဲ မိမိနှင့် အတူတကွ ဝင်ရောက်ပြီး လက်နှစ်ဖက်တို့ကို မြှောက်ချီကာ ငိုဟန်ပြု၍ လျောင်းနေသော သူဌေးကြီး၏ ရင်ဝကို ဦးခေါင်းဖြင့် ဆောင့်လိုက်ရာ သူဌေးကြီးသည် ချက်ချင်းပင် ကွယ်လွန်သွားရှာလေတော့၏။ သူဌေးကြီးကား ဃောသကအား စကားတစ်ခွန်းမျှ မပြွက်နိုင်တော့။ ဃောသကသည် ဖခင်အပေါ်၌ တကယ်ပင် မြတ်နိုးတွယ်တာသူ ဖြစ်၏။ ဃောသကသည် အတိတ်ဘဝက မကောင်းခဲ့သော်လည်း ပစ္စုပ္ပန်၌မူ တကယ်ပင် ကောင်းသူ ဖြစ်၏။ အတိတ်ဘဝက မကောင်းသောကံ၏ အကျိုးဆက်ကြောင့် ဒုက္ခများစွာကို ကြုံခဲ့ရ၏။ ပစ္စုပ္ပန်ဘဝ၏ ကောင်းသော ကံများကြောင့် ကောင်းသော အကျိုးဆက်များကို ခံစားရပေလိမ့်မည်။ သူ့ဖခင် အပေါ်၌ သူ တကယ်တမ်း ချစ်ခင်မြတ်နိုးခဲ့သော သူ့မေတ္တာ၊ သူ့စေတနာ၏ အကျိုးကို သူ ခံစားရခြင်း ဖြစ်ပေလိမ့်မည်။

ဃောသကသည် အကျယ်ကျယ် မငြိမ်းဖွယ်အနေဖြင့် ဇနီးသည်အား ဘာမျှ မပြောတော့။ နောက်ပိုင်း၌ ဇနီးသည်၏ အစီအမံအတိုင်းသာ လိုက်လျောလေ၏။ သူဌေးကြီး၏ ဈာပနကို ကောင်းမွန်စွာ သင်္ဂြိုဟ်၏။ ဃောသက၏ ဇနီးသည်က ဃောသကအား သူဌေးကြီး၏ အမွေစား အမွေခံ သားအဖြစ် ပြောဆိုကြပါရန် ပရိသတ်အား စည်းရုံး၏။ ပရိသတ်ကလည်း ဃောသက၏ ဇနီး စည်းရုံးသည့်အတိုင်းပင် အားလုံး လိုက်နာကြ၏။ ဃောသက၏ ဇနီးက စည်းရုံးရာတွင် ငွေအားဖြင့် တန်သူကို ငွေအားဖြင့် စည်းရုံး၏။ နှုတ်အားဖြင့် တန်သူကို နှုတ်အားဖြင့် စည်းရုံး၏။ ပစ္စည်းအားဖြင့် တန်သူကို ပစ္စည်းအားဖြင့် စည်းရုံး၏။ ဃောသက၏ ဇနီးသည် အဘက်ဘက်မှ စွမ်းရည်နှင့် ပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် သူမသည် သူမ၏ခင်ပွန်း ဃောသကကို ကောသမ္ဗီသူဌေးကြီး ရာထူး၌ ဘုရင်မင်းမြတ်က ခန့်ထားနိုင်အောင် စီစဉ်လေ၏။

အကြောင်းတရားများ ပေါင်းစုံ ညီညွတ်ပါက ကြံစည်သမျှသည် ကြံစည်သည့်အတိုင်း ဖြစ်တတ်၏။ အကျိုးတရားတစ်ခု ဖြစ်ပေါ်မှုတွင် အတိတ်ကံကဂ ကိုယ်ထည်အနေဖြင့် ပါဝင်၏။ ဉာဏ်နှင့် ဝီရိယက ဗိသုကာအနေဖြင့် ပါဝင်၏။ အတွေ့အကြုံက ပုံသဏ္ဌာန်အနေဖြင့် ပါဝင်၏။ ရည်မှန်းချက်က ပန်းတိုင်အနေ

ဖြင့် ပါဝင်၏။ ထို့ကြောင့် အတိတ်ကံကို ဥပါဒါနကာရဏဟု ဆို၏။ အတွေ့အကြုံကို သမဝါယီကာရဏဟု ဆို၏။ ရည်မှန်းချက်ကို ပတ္တနာကာရဏဟု ဆို၏။ ဤအကြောင်းတရား လေးပါးတို့နှင့် ပြည့်စုံမှသာ အကျိုးတရားတစ်ခုသည် ဖြစ်ပေါ်ရ၏။ "ငါ"လုပ်တိုင်း အကျိုးတရားဟူသည် ဖြစ်ပေါ်သည် မဟုတ်။

ထိုစဉ် ကောသမ္ဗီပြည်ကို အုပ်စိုးသောမင်းမှာ ဥတေနမင်း ဖြစ်၏။ ဥတေနမင်းကား ဆင်အတတ်၌ ကျွမ်းကျင်သူအဖြစ် ကျော်ကြား၏။ ကောသမ္ဗီသူဌေးကြီး ရောဂါပနကိစ္စပြီး၍ ခုနစ်ရက် လွန်သောအခါ ဥတေနမင်းက ကောသမ္ဗီသူဌေးကြီး၏ အရိုက်အရာ၌ ဆက်ခံမည့်သူကို ရှာဖွေ၏။ သူဌေးကြီး၌ အမွေစားအမွေခံ သားသမီးရှိလျှင် ထိုသူကို သူဌေးကြီးရာထူး၌ ဆက်လက် ခန့်ထားမည် ဖြစ်၏။ အကယ်၍ အမွေစားအမွေခံ သားသမီးမရှိလျှင် သူဌေးကြီး၏ စည်းစိမ်ဥစ္စာများကို မင်းဘဏ္ဍာအဖြစ် သိမ်းယူမည် ဖြစ်၏။ ဤသည်မှာ ထိုခေတ်က တည်ဆဲ ဥပဒေပင် ဖြစ်၏။ ဥတေနမင်းက စုံစမ်းသောအခါ ကောသမ္ဗီသူဌေးကြီး၏ အသိုင်းအဝိုင်းက ကောသမ္ဗီသူဌေးကြီး၌ အမွေစားအမွေခံအဖြစ် ဃောသက ရှိပါသည်ဟု လျှောက်တင်ကြ၏။ ထို့ကြောင့် ဃောသကကို ကောသမ္ဗီသူဌေးကြီး ရာထူး၌ ဥတေနမင်းက ခန့်ထားလိုက်၏။ ဃောသကကား ကောသမ္ဗီသူဌေးကြီး ဖြစ်သွားခဲ့ချေပြီ။

ဃောသကသည် ကောသမ္ဗီသူဌေးကြီး ရာထူးရခြင်း၌ ဇနီးသည်၏ ကျေးဇူး များစွာ ပါသည်ကို အသိအမှတ် ပြု၏။ ဃောသက ဇနီးမောင်နှံသည် အကျပ်အတည်း များစွာအကြားမှ သူဌေးရာထူး ရရှိခဲ့ခြင်း ဖြစ်သည်ကို နှစ်ဦးလုံးက သဘောပေါက်၏။ သူတို့သည် ဗုဒ္ဓဘုရားရှင်နှင့် တွေ့ကြုံရခြင်း မရှိသော်လည်း ကံနှင့် ကံ၏ အကျိုး၌ သက်ဝင်ယုံကြည်ကြသူများ ဖြစ်ကြ၏။

ထိုခေတ် ဘာသာရေးမှာ ဗြာဟ္မဏဘာသာရေး ဖြစ်၏။ ဗြာဟ္မဏဘာသာရေးမှာလည်း ကံနှင့် ကံ၏ အကျိုး၌ သက်ဝင်ယုံကြည်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိပင် ဖြစ်၏။ ထို့ကြောင့် သူတို့မောင်နှံ နှစ်ဦးလုံးသည် သူတို့၏ အတိတ်ကံ မကောင်းခဲ့ကြောင်းကို သိကြ၏။ အတိတ်ကား ဘာမျှ တတ်နိုင်သော သဘောမရှိ။ လွန်ခဲ့လေပြီ။ အနာဂတ်ကိုမူ တည်ဆောက်၍ ရနိုင်၏။ အနာဂတ်ကို တည်ဆောက်ရန် ပစ္စုပ္ပန်၌ ကြိုးစားရ၏။ ပစ္စုပ္ပန်၌ ကြိုးစားသဖြင့် ပစ္စုပ္ပန် ကောင်းခြင်းသည် အနာဂတ်ကို တည်ဆောက်ခြင်းပင် ဖြစ်၏။ ဗုဒ္ဓစာပေကျမ်းဂန်များ၌မူ အတိတ်ဟူသည် လွန်ပြီးဖြစ်သဖြင့် အတိတ်ကို တွေးမနေရ။ အနာဂတ်ဟူသည်မှာလည်း မရောက်သေးသဖြင့် အနာဂတ်ကိုလည်း မျှော်လင့်မနေရ။ ပစ္စုပ္ပန် တည့်တည့်ကိုသာ မိမိလက်အတွင်း၌ ရှိသဖြင့် မိမိနှစ်သက်သလို ဖန်တီးရမည် ဖြစ်၏။

အနာဂတ်ကို ဖန်တီးရန် ယောသကမောင်နှံသည် လုံ့လစိုက်၏။ နေ့စဉ်ငွေတစ်ထောင် တစ်ထောင်ကို နိဗဒ္ဓဒါနအဖြစ် စွန့်လှူ၏။ အမှန်အားဖြင့် အနာဂတ်ကို ဖန်တီးခြင်းဟူသည်မှာ ပစ္စုပ္ပန်ကို ဖန်တီးခြင်းပင် ဖြစ်၏။ ပစ္စုပ္ပန်တွင် အတိတ်လည်း ပါ၏။ အနာဂတ်လည်း ပါ၏။ ကာလသုံးပါးလုံး ပါ၏။ ပစ္စုပ္ပန်၏ အစသည် အတိတ်ဖြစ်လျှင် ပစ္စုပ္ပန်၏ အဆုံးသည် အနာဂတ် ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန် ကောင်းလျှင် အားလုံး ကောင်းပေလိမ့်မည်။

ပစ္စုပ္ပန် ကောင်းဖို့အတွက် မိမိ၏ လုပ်ငန်းကို လုပ်ရာတွင် အကြောင်းအကျိုး ဆက်သွယ်မှု နိယာမဍ္ဍ ယုံကြည်မှု ခိုင်မာဖို့ လို၏။ ယုံကြည်မှု ခိုင်မာလျှင် သဒ္ဓိန္ဒြေနှင့် ပြည့်စုံရာ ရောက်၏။ ယုံကြည်မှု ခိုင်မာသည့်အတိုင်း ဖွဲလုံ့လ ဝီရိယရှိဖို့လည်း လို၏။ ဖွဲလုံ့လ ဝီရိယရှိလျှင် ဝီရိယိန္ဒြေနှင့် ပြည့်စုံရာ ရောက်၏။ မိမိလုပ်ငန်း၏ ကောင်းကျိုး ဆိုးပြစ်၌ သတိအစဉ် ရှိဖို့လည်း လို၏။ သတိအစဉ်ရှိလျှင် သတိန္ဒြေနှင့် ပြည့်စုံရာ ရောက်၏။ မိမိလုပ်ငန်း၌ အာရုံမပြားဘဲ စူးစူးစိုက်စိုက် ရှိဖို့လည်း လို၏။ စူးစူးစိုက်စိုက်ရှိလျှင် သမာဓိန္ဒြေနှင့် ပြည့်စုံရာ ရောက်၏။ မိမိ၏ လုပ်ငန်း၌ အမှားနှင့် အမှန်၊ အကျိုးနှင့် အပြစ်၊ အဆိုးနှင့် အကောင်း အကြောင်းနှင့် အကျိုးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ သိတတ်ဖို့လည်း လို၏။ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်လျှင် ပညိန္ဒြေနှင့် ပြည့်စုံရာ ရောက်၏။ ဤကဲ့သို့ ဣန္ဒြေငါးပါးပြည့်စုံပါမှ မိမိတို့၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းများဖြင့် ဘဝကို ခိုင်ခိုင်မာမာ ဆောက်တည်နိုင်မည် ဖြစ်၏။ ယောသကတို့ မောင်နှံကား ဣန္ဒြေငါးပါးနှင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်သူများ ဖြစ်ကြ၏။ အမှန်အားဖြင့် ဣန္ဒြေငါးပါး ရင့်ကျက်လျှင် သစ္စာလေးပါးကိုပင် ထိုးထွင်းသိနိုင်၏။ ထို့ကြောင့် ယောသကသည် ဘုရားရှင်နှင့် တွေ့၍ ဘုရားရှင်ထံမှ တရားဒေသနာကို နာကြားရသောအခါ သောတာပန် ဖြစ်သွားနိုင်ခြင်း ဖြစ်၏။ ဘုရားပွင့်ကြောင်း မသိရသေးမီကပင် ယောသကသည် ရင့်ကျက်နေလေပြီ။

ကောသမ္ဘီ၌ ယောသကသာ အလှူဒါနၡ ရက်ရောသည် မဟုတ်။ သူ၏ သူငယ်ချင်းများ ဖြစ်ကြသော ကုက္ကုဋသူဌေးနှင့် ပါဝါရိကသူဌေးတို့သည်လည်း အလှူဒါန၌ ရက်ရောကြသူများ ဖြစ်ကြ၏။ သူဌေးသုံးယောက်တို့သည် ဒါနမှု၌လည်း ရက်ရောကြ၏။ သီလမှု၌လည်း အားသန်ကြ၏။ သို့ရာတွင် သူတို့သည် ဘာဝနာမှု၌မူ မကျွမ်းကျင်ကြ။ ဘာဝနာဟူသည် မည်သို့သော အကျင့်ဓမ္မဖြစ်သည်ကိုပင် မသိကြ။ ထို့ကြောင့် သူတို့သည် ဒါနနှင့် သီလ၌ အားစိုက်ခွန်စိုက် ဆောင်ရွက်ကြ၏။

သူဌေးသုံးဦးတို့ ကိုးကွယ်သော ရသေ့ငါးရာတို့သည် ဟိမဝန္တာတော၌

နေကြ၏။ သို့ရာတွင် ရသေ့တို့သည် ဆောင်းရာသီနှင့် နွေရာသီ၌ ဟိမဝန္တာ၌ နေကြပြီး မိုးရာသီ၌မူ ကောသမ္ဗီပြည် သူဌေးသုံးဦးတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် နေကြ၏။ ရသေ့များကလည်း လောက၌ ဘုရားပွင့်ကြောင်း မသိကြ။ သူဌေးသုံးဦးတို့ကလည်း လောက၌ ဘုရားပွင့်ကြောင်း မသိကြ။ တစ်ခုသော မိုးရာသီဦးတွင် ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ ကြွကြ၏။ ကန္တာရခရီးတွင် ပညောင်ပင်ကြီးတစ်ပင်ကို တွေ့ကြ၏။ ပညောင်ပင်စောင့်နတ်က ရသေ့ငါးရာတို့အား သောက်ရေကိုလည်း ပေးလှူ၏။ နတ်ခဲဖွယ်ကိုလည်း ပေး၏။ ရသေ့ငါးရာတို့သည် အပန်းပြေကြလေပြီ။ ထိုအခါ ပညောင်ပင်စောင့်နတ်ကို မျက်စိဖြင့် မြင်ချင်လာ၏။ ထို့ကြောင့် ပညောင်ပင်စောင့်နတ်အား ကိုယ်ထင်ပြရန် ဆန္ဒပြုကြ၏။ ရသေ့တို့၏ ဆန္ဒအရ ပညောင်ပင်စောင့်နတ်က ကိုယ်ထင်ပြ၏။

ပညောင်ပင်စောင့် နတ်ကား ရှေးဘဝက အနာထပိဏ် သူဌေးကြီး၏ အလုပ်သမားတစ်ယောက် ဖြစ်၏။ ဥပုသ်နေ့တွင် နံနက်စောစောထ၍ တောသို့ အလုပ်ဆင်း၏။ မွန်းတိမ်းမှ အိမ်သို့ ပြန်ရောက်၏။ အခြားသူများအားလုံး ဥပုသ်စောင့်ကြသဖြင့် ထမင်းမစားကြဘဲနေရာ သူလည်း ဥပုသ်ယူပြီး ထမင်းမစားသဖြင့် နံနက်မိုးသောက်ထတွင် လေနာထ၍ ကွယ်လွန်၏။ ထိုနေ့ဝက် ဥပုသ်၏ အကျိုးကြောင့် ဤပညောင်ပင်၌ နတ်လာဖြစ်ရ၏။ ထိုအကြောင်းကို နတ်သားက ရသေ့ငါးရာတို့အား ပြောပြ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေကြောင်းကိုလည်း ပညောင်ပင်စောင့် နတ်က ရသေ့ငါးရာတို့အား ပြောပြ၏။

ရသေ့ငါးရာတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန် အားချင်းပင် ကောသမ္ဗီပြည်သို့ သွားကြ၏။ ဃောသကသူဌေး၊ ကုက္ကုဋ သူဌေး၊ ပါဝါရိက သူဌေးတို့ထံ၌ တစ်ညဉ့်မျှနေပြီး ဘုရားဖူးရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ သွားကြ၏။ မြတ်စွာဘုရားထံမှ တရားဒေသနာတော်ကို ကြားနာရသောအခါ ရသေ့ငါးရာတို့သည် ရဟန္တာများ ဖြစ်သွားကြ၏။ ဃောသက သူဌေး၊ ကုက္ကုဋ သူဌေး၊ ပါဝါရိက သူဌေး သုံးယောက်တို့သည်လည်း ရသေ့ငါးရာနောက်က လိုက်လျက် မြတ်စွာဘုရားကို ဖူးတွေ့ရ၍ တရားဒေသနာကို ကြားနာရသောအခါ သူဌေးသုံးယောက်လုံး သောတာပန် ဖြစ်သွားကြလေ၏။

## အခန်း ( ၃၁ )

## အိပ်မက်ဘဝမှ နိုးထကြသူများ

ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရသဖြင့် သောတာပန် ဖြစ်သွားကြ၏။ သောတာပန် ဖြစ်ခြင်းသည် လွယ်လည်း လွယ်၏။ ခက်လည်း ခက်၏။ ခက်ခဲစွာ ကျင့်ရပြီး လွယ်ကူစွာ သိသူလည်း ရှိ၏။ ခက်ခဲစွာ ကျင့်ရပြီး ခက်ခဲစွာ သိသူလည်း ရှိ၏။ လွယ်ကူစွာ ကျင့်ရပြီး လွယ်ကူစွာ သိသူလည်း ရှိ၏။ လွယ်ကူစွာ ကျင့်ရပြီး ခက်ခဲစွာ သိသူလည်း ရှိ၏။ ဤသူဌေးသုံးယောက်တို့ကား လွယ်ကူစွာ ကျင့်ရပြီး လွယ်ကူစွာပင် သိသူများ ဖြစ်ကြ၏။

သောတာပန် ဖြစ်ရာ၌ ရှေးဦးစွာ သီလနှင့် ပြည့်စုံဖို့ လို၏။ သီလ ဟူသည်မှာ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ တည်းဟူသော ဝိရတီ စေတသိက် သုံးလုံးတို့၏ အမည် ဖြစ်၏။ ဝိရတီ စေတသိက် သုံးလုံးတို့ကား ရှေးဦးစွာ စောင့်သုံးအပ်သော သီလ၌ တစ်ပြိုင်နက် ဖြစ်ကြသည် မဟုတ်။ အသီးသီးသာ ဖြစ်ကြခြင်း ဖြစ်၏။ သို့ရာတွင် သီလကို စောင့်ထိန်းရာ၌ သိက္ခာပုဒ် ဖြင့် စောင့်ထိန်းခြင်း ဖြစ်၏။ သိက္ခာပုဒ်ဖြင့် သီလစောင့်ထိန်းခြင်းကိုပင် သီလ ဝိသုဒ္ဓိ ဟူ၍ ဆိုရ၏။

သီလစင်ကြယ်ပြီးနောက် စိတ်စင်ကြယ်ဖို့လည်း လို၏။ စိတ်စင်ကြယ် ခြင်းကိုပင် သမာဓိရသည် ဟူ၍ ဆိုရ၏။ **သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော** ဟူသည်နှင့် အညီ သမာဓိသည် ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည် ဆိုသော်လည်း ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်သာ မဟုတ်၊ နီဝရဏ အားလုံး၏ ဆန့်ကျင်ဘက်လည်း ဖြစ်၏၊

နီဝရဏ တရားဟူသမျှသည် သမာဓိ မဖြစ်ပွားရလေအောင် ဆန့်ကျင်လေ ၏။ နီဝရဏ တရားများတွင် ကာမစ္ဆန္ဒက အာရုံကို မက်မောဖွယ်အနေဖြင့်

အာရုံပြု၏။ ဗျာပါဒက အာရုံကို မနှစ်သက်ဖွယ်အနေဖြင့် အာရုံပြု၏။ ထိနမိဒ္ဓက အာရုံကို "ဘာမှန်း"မသိသော အနေဖြင့် အာရုံပြု၏။ဥဒ္ဓစ္စ ကုက္ကုစ္စက အာရုံကို "ဟို ခုန်လိုက် ဒီ ခုန်လိုက်" အနေဖြင့် အာရုံပြု၏။ ဝိစိကိစ္ဆာက အကောင်းအဆိုး မဝေခွဲနိုင်သော အားဖြင့် အာရုံပြု၏။

အမှန်အားဖြင့် နီဝရဏ ဟူသမျှသည် စိတ်၏ စင်ကြယ်မှုကို မဖြစ်ပေါ်နိုင်အောင် တားဆီး၏။ ထို့ကြောင့် တကယ်တမ်း စိတ်ကို စင်ကြယ်စေလိုပါလျှင် နီဝရဏ တရားအားလုံးမှ လွတ်ကင်းအောင် အားထုတ်ရမည် ဖြစ်၏။ နီဝရဏ တရားအားလုံးမှ လွတ်မြောက်သောအခါ စိတ်သည် စင်ကြယ်မည် ဖြစ်၏။ စိတ်စင်ကြယ်ခြင်းကို စိတ္တဝိသုဒ္ဓိ ဟူ၍ ဆိုရ၏။

စိတ် စင်ကြယ်ပြီးနောက် အာရုံကို ယူရာ၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု အနေဖြင့် အာရုံကို မယူမိဖို့ အရေးကြီး၏။ အမှန်အားဖြင့် လောကတွင် ပုဂ္ဂိုလ် ဟူ၍လည်း မရှိ၊ သတ္တဝါ ဟူ၍လည်း မရှိ၊ အရာဝတ္ထု ဟူ၍လည်း မရှိ။ ရုပ်နှင့်နာမ်သာ ရှိ၏။ ရုပ်နှင့် နာမ် ဟူသည်မှာလည်း သဘောတရားများသာ ဖြစ်၏။ ထို့ကြောင့် စိတ္တဝိသုဒ္ဓိအရ စိတ်စင်ကြယ်လေသောအခါ အာရုံဟူသမျှ၌ ရုပ်နှင့် နာမ်ကိုသာ မြင်အောင် ရှုရ၏။ ရုပ်နှင့် နာမ်ကို မြင်ပါမှ အယူစင်ကြယ်သည် မည်၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုအနေဖြင့် အာရုံကို မြင်လေသမျှ ကာလပတ်လုံး အယူစင်ကြယ်သည် မမည်၊ အယူစင်ကြယ်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိ ဟူ၍ ဆိုရ၏။

အယူစင်ကြယ်ပြီးနောက် ရုပ်နှင့် နာမ်ကို အကြောင်းနှင့်တကွ သိဖို့လည်း လို၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ရုပ်နှင့် နာမ်ကိုသာ သိ၏။ ရုပ်နှင့် နာမ်ကို သိရုံနှင့် မလုံလောက်သေး။ ရုပ်နှင့်နာမ်တို့ အကြောင်းကိုပါ သိရမည် ဖြစ်၏။ လောကတွင် ဖြစ်ဖြစ်သမျှသည် အကြောင်းကင်း၍ ဖြစ်သည် မဟုတ်။ သူ့အကြောင်းနှင့်သူ ဖြစ်ခြင်းသာ ဖြစ်၏။ သူ့အကြောင်းနှင့်သူ ဖြစ်သည်ဟု ဆိုရာ၌လည်း ဖန်ဆင်းရှင်က ဖန်ဆင်း၍ ဖြစ်သည် မဟုတ်။ ပဋိစ္စသမုပ္ပါဒ်အရနှင့် ပဋ္ဌာန်းအရ ကြောင်းကျိုးဆက်နွယ်မှုကြောင့်သာ ရုပ်နှင့် နာမ်တို့ ဖြစ်ကြခြင်း ဖြစ်၏။

အမှန်အားဖြင့် ဝိပဿနာ ရှုရာ၌ ပဋိစ္စသမုပ္ပါဒ်ကို မြင်အောင် ရှုနိုင်လျှင်ပင် ရုပ်နှင့် နာမ်ကို အကြောင်းနှင့်တကွ ရှုခြင်း ကိစ္စသည် ပြီးတော့သည်သာ ဖြစ်၏။ ထိုသို့ ရှုနိုင်လျှင် လောက၌ အတ္တ ရှိမှုနှင့် မရှိမှု ပြဿနာသည် ပြီးတော့သည် ဖြစ်၏။

အမှန်အားဖြင့် လောက၌ အတ္တဟူသည် မရှိ။ ရုပ်နှင့်နာမ်သာ ရှိ၏။ အတ္တမရှိ ဟူ၍ သိသော်လည်း မြစ်ပြတ်အနေဖြင့် သိသည်တော့ မဟုတ်သေး။ အခိုက်အတန့် ပယ်သည့်အနေဖြင့်သာ သိခြင်းဖြစ်၏။ တကယ်တမ်း အသိကား

သစ္စာတရားကို မျက်မှောက်ပြုနိုင်သော အခါမှသာ ဖြစ်၏။ ထိုအသိကို မြစ်ပြတ် အသိဟု ဆိုရ၏။

သို့ရာတွင် အတ္တကို ပယ်ရာ၌ မြစ်ပြတ်အသိဖြင့် မပယ်နိုင်သေးစေကာမူ အခိုက်အတန့်သိဖြင့် ပယ်နိုင်ခြင်းသည် ကျင့်စဉ်အတွက် လုံလောက်ပါ၏။ ယင်းသို့ ပယ်နိုင်ခြင်းကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် အတ္တကို ပယ်ရာ၌ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒိဋ္ဌိကို ပယ်၍၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြင့် ဝိစိကိစ္ဆာကို ပယ်၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ရှိနေလျှင် အတ္တကို ပယ်၍ မရ။ ပယ်သော်လည်း ပယ်ရာ မရောက်။ ထို့ကြောင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အလျင် ပယ်ရခြင်း ဖြစ်၏။

ရုပ်နာမ်နှင့်တကွ ရုပ်နာမ်အကြောင်းကို သိပြီဆိုပါလျှင် ကလျာဏပုထုဇဉ် ဖြစ်တော့၏။ အမှန်အားဖြင့် ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့သည် သောတာပန် မဖြစ်မီက ကလျာဏ ပုထုဇဉ် အလျင် ဖြစ်ကြရသေး၏။ ကလျာဏပုထုဇဉ် မဖြစ်မီက အန္ဓ ပုထုဇဉ်လည်း ဖြစ်ကြရသေး၏။ အန္ဓ ပုထုဇဉ်များအနေဖြင့် သူတို့သည် လောကကို ရုပ်နှင့်နာမ် အဖြစ်ဖြင့် မသိကြ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများ အဖြစ်ဖြင့်သာ သိကြ၏။ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားရသော အခါမှသာ လောကကို ရုပ်နှင့်နာမ် အဖြစ်ဖြင့် သိကြ၏။ ရုပ်နှင့်နာမ် အဖြစ်ဖြင့် သိလိုက်သည်မှာလည်း မကြာလိုက်။ ချက်ချင်းပင် ရုပ်နှင့်နာမ်တို့၏ အကြောင်းအကျိုးဆက်သွယ်မှု သဘောကိုပါ သိလိုက်ပြန်၏။ တရားရဖို့ရန် ဥပနိဿယ ပြည့်စုံသောအခါ သူဌေးကြီး သုံးဦးတို့သည် တရားတော်ကို နာကြားရင်း တစ်ထိုင်တည်းဖြင့်ပင် သီလကိုလည်း စင်ကြယ်အောင် လုပ်နိုင်၏။ စိတ်ကိုလည်း စင်ကြယ်အောင် လုပ်နိုင်၏။

စိတ်ကို စင်ကြယ်အောင် လုပ်ရာ၌ သတိနှင့် ဝီရိယသည် လွန်စွာ အရေးကြီး၏။ သတိဖြင့် အာရုံကို မပြတ် မှတ်နိုင်ဖို့ လို၏။ ဝီရိယဖြင့် သတိက မှတ်သည့်အတိုင်း ကျော်လွန် မသွားရလေအောင် ဖွဲလုံ့လဖြင့် ကြိုးပမ်းဖို့ လို၏။ ထိုသို့ သတိဖြင့်လည်း မပြတ် မှတ်နိုင်ပါမှ၊ ဝီရိယဖြင့်လည်း အတင်း ကြိုးပမ်းပါမှ သမာဓိကို ထူထောင်နိုင်မည် ဖြစ်၏။ သမာဓိကို ထူထောင်နိုင်သည်နှင့်အမျှ စိတ်သည် စင်ကြယ်လေ၏။ စိတ်စင်ကြယ်ခြင်း ဆိုသည်မှာ နီဝရဏတို့မှ ကင်းခြင်းပင် ဖြစ်၏။ နီဝရဏတို့မှ ကင်းလျှင် စိတ်သည် စင်ကြယ်၏။

မဂ္ဂင်ရှစ်ပါးတွင် သီလကို စင်ကြယ်အောင် စောင့်ထိန်းခြင်းဖြင့် သီလ မဂ္ဂင်ကို ထူထောင်နိုင်၏။ ခန္ဓာ၌ ပေါ်လာသော အာရုံများကို သတိနှင့် ဝီရိယတို့ဖြင့် ဖွဲလုံ့လ မလျှော့ဘဲ အမြဲမပြတ် ရှုမှတ်နိုင်သောအခါ သမာဓိမဂ္ဂင်ကို ထူထောင်

နိုင်၏။ နောက်ထပ် ထူထောင်စရာ ပညာမဂ္ဂင်သာ ကျန်တော့၏။ ပညာမဂ္ဂင်ကိုကား ထူထောင်နိုင်လျှင် မဂ္ဂင်ရှစ်ပါး ပြည့်စုံမည် ဖြစ်၏။ မဂ္ဂင်ရှစ်ပါး ပြည့်စုံလျှင် သစ္စာလေးပါးကို သိခြင်းကိစ္စ ပြီးလေ၏။

အမှန်အားဖြင့် သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင်တို့ကို ထူထောင်နိုင်လျှင် ပညာမဂ္ဂင်ကို ထူထောင်ဖို့ အခက်အခဲ မရှိလှ။ ပညာမဂ္ဂင်ကို ထူထောင်ရာတွင် ရှေးဦးစွာ ယထာဘူတဉာဏ်ကို ရဖို့ လိုသည်။ ယထာဘူတဉာဏ် ဆိုသည်မှာ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း သိသောဉာဏ် ဖြစ်၏။ သူဌေးကြီး သုံးယောက်တို့သည် နာမ်နှင့်ရုပ်ကို သိပြီ။ နာမ်နှင့်ရုပ် အကြောင်းကို သိပြီ။ ထို့နောက် နာမ်နှင့် ရုပ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုလည်း သိလေပြီ။ ဤသို့ သိခြင်းသည် ယထာဘူတဉာဏ်ကို ရခြင်း မည်ပါ၏။ ယထာဘူတဉာဏ်ကို ရခြင်းသည် ပညာမဂ္ဂင်၏ အစပိုင်း ဖြစ်၏။ ထို့နောက် ဖြစ်ပျက်၌ ငြီးငွေ့မှုသည် ဖြစ်၏။ အမှန်အားဖြင့် ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကို မြင်ရဖန်များသောအခါ ဓမ္မတာအားဖြင့် ငြီးငွေ့မှုသည် ဖြစ်၏။ ထိုသို့ ငြီးငွေ့မှုဖြစ်ခြင်းကို နိဗ္ဗိဒါဉာဏ် ဟူ၍ ဆိုရ၏။ နိဗ္ဗိဒါဉာဏ်သည် ပညာမဂ္ဂင်၏ အလယ်ပိုင်း ဖြစ်၏။ ပညာမဂ္ဂင်ကား အစ၊ အလယ်၊ အဆုံး အနေဖြင့် သုံးပိုင်းရှိ၏။

နိဗ္ဗိဒါဉာဏ် ဆုံးသောအခါ ကိလေသာတို့ကို ထိုက်သင့်သလို ပယ်သတ်သောဉာဏ် ဖြစ်၏။ ထိုဉာဏ်ကို ဝိရာဂ ဟူ၍ ဆိုရ၏။ ဝိရာဂ၏ အနက်မှာ ရာဂကင်းခြင်း ဖြစ်၏။ ရာဂကင်းသည် ဆိုသော်လည်း ရာဂသာ ကင်းသည် မဟုတ်၊ ဆိုင်ရာဆိုင်ရာ ကိလေသာများပါ ကင်းသွား၏။ ဆိုင်ရာ ဆိုင်ရာ ကိလေသာများ ကင်းသွားခြင်းကိုပင် မဂ်ရသည် ဟူ၍ ဆိုရ၏။ မဂ်ရလျှင် သစ္စာလေးပါးကို သိလေပြီ။ မဂ်ရလျှင် ဖိုလ်ကလည်း "အကာလိက"အနေဖြင့် ခဏမခြား ဖြစ်၏။ မဂ်နှင့်ဖိုလ် ရခြင်းသည် ပညာမဂ္ဂင်၏ အဆုံးပိုင်း ဖြစ်၏။

ဃောသက သူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့ သောတာပန်ဖြစ်ရာ၌ ဤဖြစ်စဉ်အတိုင်းပင် ဖြစ်ကြခြင်း ဖြစ်၏။ ဖြစ်စဉ်အတိုင်း ဖြစ်ကြသည် ဆိုသော်လည်း အကြာကြီးနေမှ ဖြစ်ခြင်း မဟုတ်။ ခဏချက်ချင်း တစ်ထိုင်တည်းဖြင့် ဖြစ်ကြခြင်း ဖြစ်၏။ သူတို့သည် အပါယ်မှ လွတ်ကြလေပြီ။ အပါယ်မှ လွတ်သော ချမ်းသာကား ကြီးမြတ်သော ချမ်းသာပါတည်း။ ၃၁ ဘုံတွင် ရနိုင်ခဲသော ချမ်းသာပါတည်း။

သူဌေးကြီး သုံးဦးတို့ကား ရှည်လျားသော အိပ်မက်ဘဝမှ နိုးကြလေပြီ။ ပုထုဇဉ်တို့၏ ဘဝကား ရှည်လျားသော အိပ်မက်ဘဝတည်း။ အိပ်မက်အတွင်း၌ မြေကိုလည်း လှျိုးနိုင်၏။ မိုးကိုလည်း ပျံနိုင်၏။ နိုးထလာသောအခါ မြေကို

လှျိုးခြင်းသည်လည်း တကယ်တမ်း မြေကို လှျိုးခြင်း မဟုတ်။ မိုးကို ပျံခြင်းသည်လည်း တကယ်တမ်း မိုးကို ပျံခြင်း မဟုတ်။ သို့ရာတွင် အိပ်မက်အတွင်း၌မူ တကယ်ပင် မြေကိုလည်း လှျိုးနိုင်၏။ မိုးကိုလည်း ပျံနိုင်၏။ ထို့ကြောင့် အိပ်မက်အတွင်း၌ ဖြစ်ရပ်များသည် အိပ်မက်အတွင်း၌ တကယ်ပင် အမှန်များ ဖြစ်ကြ၏။ နိုးလာသော အခါမှသာ ထိုဖြစ်ရပ်များသည် မမှန်တော့။ အိပ်မက်အသိကို နိုးကြားအသိက ချေဖျက်လိုက်၏။

ထိုနည်းအတူ ပုထုဇဉ်တို့၏ ဘဝအသိသည်လည်း အိပ်မက် အသိပမာသာ ဖြစ်၏။ ငါ့သား၊ ငါ့မယား၊ ငါ့ဥစ္စာဟူ၍ "ငါ"ဖြင့် သိမ်းပိုက်ထားသမျှသည် တကယ်တမ်းကျတော့ ငါ့သားလည်း မဟုတ်၊ ငါ့မယားလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်။ အမှန်အားဖြင့် "ငါ"ဟူ၍ပင် မရှိလေရာ အဘယ်မှာလျှင် ငါ့သား၊ ငါ့မယား၊ ငါ့ဥစ္စာ ဟူ၍ ရှိနိုင်ပါလေမည်နည်း။

သို့ရာတွင် ပုထုဇဉ်များ အနေဖြင့်မူ ငါ့သားလည်း ရှိ၏။ ငါ့မယားလည်း ရှိ၏။ ငါ့ဥစ္စာလည်း ရှိ၏။ အမှန်အားဖြင့် ပုထုဇဉ် ဘဝ၌ ရှိနေသေးသရွေ့ ကာလပတ်လုံး ငါလည်း ရှိနေမည် ဖြစ်၏။ ငါရှိနေလျှင် ငါ့သားလည်း ရှိနေမည် ဖြစ်၏။ ငါ့မယားလည်း ရှိနေမည် ဖြစ်၏။ ငါ့ဥစ္စာလည်း ရှိနေမည် ဖြစ်၏။ ယခု သူဌေးကြီး သုံးဦးတို့သည် ပုထုဇဉ်များ မဟုတ်တော့။ ပုထုဇဉ်ဘဝကို လွတ်မြောက်ကြလေပြီ။ ပုထုဇဉ်ဘဝတည်းဟူသော အိပ်မက်ဘဝမှ နိုးကြလေပြီ။ အရိယာ အဖြစ်သို့ ရောက်ကြလေပြီ။

ထို့ကြောင့် ပုထုဇဉ်အသိ ဟူသမျှကို အရိယာအသိဖြင့် ချေဖျက်လိုက်လေပြီ။ ငါလည်း မရှိတော့၊ ငါ့သားလည်း မရှိတော့၊ ငါ့မယားလည်း မရှိတော့၊ ငါ့ဥစ္စာလည်း မရှိတော့။ လောကတွင် ကြောင်းကျိုးဖြစ်စဉ်အနေဖြင့် သင်္ခါရတရားများသာ ရှိကြ၏။ အသက် ဇီဝဟူ၍လည်း မရှိတော့။ အသက်ဇီဝ ဟူ၍ မရှိတော့လျှင် ဘယ်သူက ဘယ်သူ့ကို တွယ်တာစရာအနေဖြင့် သိမ်းပိုက်ထားပါတော့မည်နည်း။ သူဌေးကြီး သုံးဦးတို့သည် အမှန်တရားကို သိကြပြီ။ သစ္စာတရားကို သိကြပြီ။ သူတို့ကဲ့သို့ အမှန်တရားကို မသိကြသေးသူများအတွက် ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ဖို့ ရှိသေး၏။ ထိုကဲ့သို့ ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ခြင်း ဟူသည်ကား အိပ်မက်ဘဝမှ နိုးကြားဘဝကို တကယ်တမ်း ပို့ဆောင်ပေးနိုင်သော မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် နိုးကြားပြီးသူများသည် မနိုးကြားသေးဘဲ အိပ်မက်မက်နေကြသူများအား နိုးကြားအောင် လုပ်ရန် တာဝန်ရှိပါ၏။ ဓမ္မတာအရ နိုးကြားပြီးသူ ဟူသမျှသည် တစ်ကိုယ်ကောင်း မကျင့်တတ်ကြချေ။

မြတ်စွာဘုရားအား မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ခွင့် ပြုရန် သူဌေးကြီး သုံးဦးတို့က လျှောက်ထားကြ၏။ ဇေတဝန်ကျောင်းတော်၌ လခွဲတိုင်တိုင် ယာယီမဏ္ဍပ်ဆွမ်းကို ဆက်ကပ်လှူဒါန်းကြ၏။ ထို့နောက် ကောသမ္ဗီပြည်သို့ ကြွရောက် ချီးမြှင့်တော်မူရန်လည်း လျှောက်ထားကြ၏။ မြတ်စွာဘုရားကလည်း မြတ်စွာဘုရားရှင်တို့ မည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကြသည်ဟူ၍ မိန့်ကြားတော်မူလေရာ၊ သူဌေးကြီး သုံးဦးတို့ကလည်း သိပါကြောင်း ပြန်လည်လျှောက်ထားပြီး မိမိတို့မြို့ ကောသမ္ဗီသို့ ပြန်ကြလေ၏။

သူဌေးကြီး သုံးဦးတို့သည် ကောသမ္ဗီသို့ ရောက်သောအခါ လောက၌ မြတ်စွာဘုရား ပွင့်တော်မူပြီ ဖြစ်ကြောင်းကို ကြွေးကြော်ကြ၏။ မိမိတို့ တတ်သိနားလည်ခဲ့သော တရားတော်များကိုလည်း မိမိတို့နှင့် ဆိုင်ရာ ပရိသတ်အား ဟောပြောကြ၏။ ကျောင်းတော်ကြီး သုံးကျောင်းကိုလည်း မိမိတို့၏ ဥယျာဉ်များအတွင်း၌ ဆောက်လုပ်ကြ၏။ ထိုကျောင်းတော်ကြီး သုံးကျောင်းတို့တွင် ဃောသကသူဌေး ဆောက်လုပ်သော ကျောင်းတော်ကြီးကို ဃောသိတာရုံကျောင်းဟူ၍ လည်းကောင်း၊ ကုက္ကုဋသူဌေး ဆောက်လုပ်သော ကျောင်းတော်ကို ကုက္ကုဋာရုံကျောင်း ဟူ၍ လည်းကောင်း၊ ပါဝါရိကသူဌေး ဆောက်လုပ်သော ကျောင်းတော်ကို ပါဝါရိကာရုံကျောင်း ဟူ၍ လည်းကောင်း ခေါ်ကြ၏။

ကျောင်းများ ဆောက်လုပ်ပြီးသောအခါ ချီးမြှောက်သောအားဖြင့် ကျောင်းတော်ကြီးကို အလှူခံတော်မူပါရန် မြတ်စွာဘုရားထံ တမန်စေလွှတ်၍ လျှောက်ထားကြလေ၏။ သူဌေးကြီး သုံးဦးတို့သည် အရိယာများ အနေဖြင့် သူတို့၏ တာဝန်ကို သိကြ၏။ သူတို့၏ တာဝန်ကား လောကသင်္ဂဟ တာဝန် ဖြစ်၏။ လောကကို ချီးမြှောက်ရေးအတွက် တာဝန်ကို သူတို့၏ ဘဝအသိကပင် သူတို့အား ပေးလေ၏။

## အခန်း ( ၃၂ )
## အလှမာန်၏ မလှသော နိဂုံး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ယောသက သူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့၏ ပင့်လျှောက်ချက်အရ ကောသမ္ဗီပြည်သို့ ကြွတော်မူ၏။ ထိုသို့ ကြွတော်မူရာတွင် ရဟန်းအပေါင်း ခြံရံလျက် ကြွတော်မူခြင်း ဖြစ်၏။ လမ်းခရီးအကြား၌ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့၏ အရဟတ္တဖိုလ် ရကြောင်း ဥပနိဿယကို လည်းကောင်း၊ သမီး မာဂဏ္ဍီက မိမိအပေါ် ရန်ငြိုးဖွဲ့ မှုကို လည်းကောင်း မြင်တော်မူ၏။ သို့ရာတွင် မြတ်စွာဘုရားသည် မာဂဏ္ဍီ မိသားစု သုံးဦးလုံး အပေါ်၌ ကရုဏာအပြည့် ထားတော်မူ၏။

မာဂဏ္ဍီ မိသားစုကား ကုရုတိုင်း ကမ္မာသဒမ္မ နိဂုံး၌ နေကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသို့ ကြွတော်မူ၏။ မြတ်စွာဘုရား အနေဖြင့် မိမိခရီး၏ ဦးတည်ရာသည် သစ္စာလေးပါးကို သိကြောင်း ဥပနိဿယ ရှိသူတို့ နေရာသာ ဖြစ်၏။ ထို့ကြောင့် ကောသမ္ဗီခရီးမှ ကုရုတိုင်း ကမ္မာသဒမ္မ နိဂုံးသို့ ဦးတည်ခြင်း ဖြစ်၏။ သို့ဖြစ်၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ ကို အရင်းတည်ကာ အမြတ်အဖြစ် ရခဲ့သော ၄၅ နှစ်ကို မှန်မှန်ကန်ကန် တိတိ ကျကျ အသုံးချနိုင်ခြင်း ဖြစ်၏။

အရင်းနှင့် အမြတ်သည် အရေအတွက်ကို ကြည့်လျှင် ကွာခြားလွန်းလှ၏။ တစ်ဖက်က လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အခြားတစ်ဖက်က ၄၅ နှစ်။ အရည် အချင်းကို ကြည့်လျှင်မူ အရင်းနှင့် အမြတ်သည် ကွာခြားလှသည် မဟုတ်။ ၄၅ နှစ်တာ ကာလကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလနှင့် ညီအောင် အသုံးပြုသွားခဲ့၏။ ဗုဒ္ဓဝေနေယျအဖြစ် ကျွတ်ထိုက်သော သတ္တဝါများကို မကျန် ရအောင် ချေချွတ်သွားနိုင်တော်မူခဲ့၏။ သို့ဖြစ်၍လည်း ၄၅ နှစ်တာကာလ ပြည့် မြောက်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူသွားခြင်း ဖြစ်၏။ မြတ်စွာဘုရားအနေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သမျှကို ဆောင်ရွက်၍ ပြီးခဲ့ချေပြီ။

မာဂဏ္ဍီပုဏ္ဏားကြီးသည် ဗြာဟ္မဏတို့၏ ကျင့်ဝတ်အတိုင်း တစ်ညဉ့်လုံး ရွာပြင်ထွက်၍ ယဇ်မီးကို ပူဇော်၏။ နံနက်စောစောမှ ရွာတွင်းသို့ ဝင်လာ၏။ မြတ်စွာဘုရားကလည်း ရွာတွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ တမင်တကာ တိုက်ဆိုင်ခြင်း မဟုတ်။ အကြောင်းသင့်အောင် မြတ်စွာဘုရားက ဖန်တီးတော်မူခြင်း ဖြစ်၏။ မာဂဏ္ဍီ ပုဏ္ဏားကြီးအား မြတ်စွာဘုရားက မိမိကိုယ်ကို မြင်အောင် ပြတော်မူလေရာ သမီး မာဂဏ္ဍီနှင့် ထိမ်းမြားနိုင်ရန် သမက်လောင်း ရှာနေသည်နှင့် အဆင်သင့်ဖြစ်သဖြင့် ပုဏ္ဏားကြီးက ဝမ်းသာသွား၏။ ပုဏ္ဏားကြီးသည် သူ့သမီး၏ အလှကို အလွန် အထင်ကြီး၏။ သူ့သမီး၏ အလှသည် လောကတွင် အနှိုင်းမဲ့အလှဖြစ်သည်ဟု သတ်မှတ်ထား၏။

ထို့ကြောင့် သူ့သမီးနှင့် လက်ဆက်ရန် ကမ်းလှမ်းပါက မည်သူကမျှ ငြင်းဆန်လိမ့်မည် မဟုတ်ဟု ပုဏ္ဏားကြီးက ထင်၏။ ဤသည်မှာ ပုဏ္ဏားကြီး၏ မှားယွင်းသော အမြင်ဖြစ်၏။ မှားယွင်းသောအမြင်ကို အကြောင်းပြု၍ သူ့သမီးအပေါ်၌ ကြီးမားသော သံယောဇဉ်သည် ပုဏ္ဏားကြီး၌ တွယ်မိ၏။ ထိုအမြင်နှင့် ထိုသံယောဇဉ်ကို ဖြတ်တောက်ရန် လိုပါ၏။ ဤသို့ မြတ်စွာဘုရားက သိတော်မူ၏။

ပုဏ္ဏားကြီးသည် အဆောတလျင် မိမိအိမ်သို့ ပြန်လေ၏။ အိမ်သို့ ရောက်သောအခါ ပုဏ္ဏေးမကြီးအား သမီး မာဂဏ္ဍီကို တန်ဆာဆင်ခိုင်း၏။ သမက်လောင်း အဖြစ် တွေ့မြင်ခဲ့သော မြတ်စွာဘုရား၏ ရုပ်ဆင်းအင်္ဂါများကိုလည်း ပုဏ္ဏေးမကြီးအား ပြောပြ၏။ ဤလောကတွင် သမီးမာဂဏ္ဍီနှင့် အထိုက်တန်ဆုံး ဖြစ်ကြောင်းကိုလည်း ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးအား ပြောပြ၏။ မာဂဏ္ဍီ ပုဏ္ဏေးမကြီးက သမီး မာဂဏ္ဍီကို တန်ဆာဆင်နေစဉ်ပင် မြတ်စွာဘုရားသည် မိမိ ရပ်တော်မူရာ၌ အမှတ်အသား ခြေတော်ရာကို ချပြီး ရွာတွင်းသို့ ဆွမ်းခံဝင်တော်မူ၏။

ထို့နောက် မာဂဏ္ဍီပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးနှင့် အတူတကွ သမီး မာဂဏ္ဍီကို ခေါ်ဆောင်၍ အလျင်အမြန် ပြန်လာရာ ထိုအရပ်၌ မြတ်စွာဘုရားကို မတွေ့တော့။ ပုဏ္ဏေးမကြီး အကျယ်ချဲ့လွန်း၍ မြတ်စွာဘုရားကို မတွေ့တော့ခြင်း ဖြစ်ကြောင်းနှင့် ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးအား မြည်တွန်တောက်တီး၏။ ပုဏ္ဏေးမကြီးက 'ပုဏ္ဏားကြီးအနေဖြင့် မြတ်စွာဘုရားကို တွေ့မြင်လိုက်စဉ်က မည်သည့်အရပ်သို့ ကြွသွားသည်ကို မြင်လိုက်ပါသနည်း' ဟု မေးမြန်းသောအခါ 'ဤအရပ်ဘက်သို့ ကြွသွားခြင်း ဖြစ်သည်'ဟု ပြောဆိုကာ မြတ်စွာဘုရား ကြွ

သွားတော်မူရာ အရပ်ကို ကြည့်ရှုစဉ်ပင် မြတ်စွာဘုရား၏ ခြေတော်ရာကို မြင်ကြ လေ၏။

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီးထက် ဝေဒကျမ်း၏ လက္ခဏာကဏ္ဍ၌ သဘောတရားအရ သာလွန်၏။ သူမသည် မြတ်စွာဘုရား၏ ခြေတော်ရာကို တွေ့မြင်သောအခါ မြတ်စွာဘုရားသည် ကိလေသာ ကင်းသူဖြစ်ကြောင်း သိမြင်၏။ အမှန်အားဖြင့် ဝေဒကျမ်း၏ လက္ခဏာကဏ္ဍ၌ ယောက်ျားတို့၏ လက္ခဏာနှင့် ပတ်သက်၍ ဤသို့ ဖော်ပြထား၏။

"ရာဂကြီးသူ၏ ခြေရာသည် အလယ်က မထိဘဲ ရှိ၏။

ဒေါသကြီးသူ၏ ခြေရာသည် ဖနောင့်ရာ အထင်များ၏။

မောဟကြီးသူ၏ ခြေရာသည် ခြေဖျားနှင့် ဖနောင့်တို့ဖြင့် ဖိ၍ နင်းတတ် ၏။

ရာဂကင်းသူ၏ ခြေရာကား ယခု ခြေရာမျိုး ဖြစ်၏။"

ပုဏ္ဏေးမကြီးသည် ဝေဒကျမ်း၏ လက္ခဏာကဏ္ဍ အကိုးအကားဖြင့် မြတ်စွာဘုရားသည် ရာဂကင်းသူဖြစ်သဖြင့် သမီး မာဂဏ္ဍီနှင့် ထိမ်းမြားဖို့အတွက် ကမ်းလှမ်းရန် မသင့်ကြောင်း ပုဏ္ဏားကြီးအား ပြောပြ၏။ ပုဏ္ဏားကြီးကား ခေါင်းမာလှ၏။ ပုဏ္ဏေးမကြီး၏ ပြောစကားကို နားမထောင်။ ပညာအရာ၌ မိမိထက် ထက်မြက်သူဖြစ်ကြောင်းကို လက်မခံ။ အမျိုးသမီး ဟူသည် အရာရာ၌ အမျိုးသား ထက် နိမ့်ကျသူ ဖြစ်သည် ဟူ၍သာ ခံယူထား၏။ ဝေဒကျမ်း၏ လက္ခဏာ ကဏ္ဍ၌လည်း ပုဏ္ဏေးမကြီးသည် မိမိလောက် မတတ်ဟု ထင်၏။ ထို့ကြောင့် ပုဏ္ဏေးမကြီးအား ကြိမ်မောင်း၏။

ဤသည်မှာ ရှေးခေတ်ယောက်ျားတို့၏ မွေးရာပါ ကိုယ်ပိုင် အခွင့်အရေး ဖြစ်၏။ အမျိုးသမီးများအပေါ် မွေးရာပါ အနိုင်ယူခွင့်ကို ယောက်ျားများ အနေ ဖြင့် အသုံးပြုခြင်းပင် ဖြစ်၏။

ပုဏ္ဏေးမကြီးကလည်း အရှုံးမပေး။ ပညာမာနဖြင့် ပြန်လှန်ပြောဆို၏။ အမှန်အားဖြင့် အမှန်တရားသည် သူမဘက်မှ ရပ်တည်ခြင်း ဖြစ်သဖြင့် အမှန် တရား၏ ဦးဆောင်မှုနောက်သို့ သူမက လိုက်ပါခြင်း ဖြစ်၏။ မိမိအပေါ် အနိုင် ယူသော ယောက်ျားတို့၏ လုပ်ပိုင်ခွင့်ကို တွန်းလှန်ရန် သတ္တိကို ပုဏ္ဏေးမကြီးက မွေးမြူ၏။ အမျိုးသမီးများအနေဖြင့် အမျိုးသားလောက် ပညာသင်ယူခွင့် မရစေ ကာမူ ပဋိသန္ဓေဉာဏ်က စကားများစွာ ပြောလေ၏။ ထို့ကြောင့် ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးထက် ဝေဒကျမ်း၏ လက္ခဏာ၌ သာလွန်တတ်မြောက်ခြင်း ဖြစ်၏။ သာလွန်တတ်မြောက်သဖြင့်လည်း ပြန်လှန်ပြောဆိုခြင်း ဖြစ်၏။

ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ ငြင်းခုံနေကြစဉ်ပင် မြတ်စွာဘုရားသည် ဆွမ်းခံခြင်းမှ ပြန်လာတော်မူ၏။ ထိုနောက် ဆွမ်းစားတော်မူ၏။ ဆွမ်းစားတော်မူပြီးမှ မာဂဏ္ဍီပုဏ္ဏားကြီး မြင်လောက်ရာ အရပ်ဖြင့် ကြွတော်မူ၏။ မြတ်စွာဘုရားကြွလာတော်မူသည်ကို ပုဏ္ဏားကြီးမြင်လျှင် ပုဏ္ဏေးမကြီးအား ငေါက်ငမ်းကာ 'ငါပြောသည့် ယောကျ်ားကား ထိုသူပင်တည်း'ဟု ပြောဆိုပြီးလျှင် အားရဝမ်းသာစွာဖြင့် မြတ်စွာဘုရား၏ ရှေ့တည့်တည့်မှ ရပ်၍–

'ရဟန်း၊ ငါသည် သင့်ကို အစောကြီးကပင် ရှာဖွေခဲ့၏။ ဤဇမ္ဗူဒီပါကျွန်း၌ ငါ့သမီးနှင့် ရုပ်ရည်အဆင်း တူညီသော အမျိုးသမီးဟူ၍ မရှိ၊ သင်နှင့်လည်း ရုပ်ရည်အဆင်း တူညီသော အမျိုးသားဟူ၍ မရှိ၊ သင်တို့နှစ်ယောက်သည် အချင်းချင်း လိုက်ဖက်ကြ၏။ ထို့ကြောင့် ငါ့သမီးကို သင့်အား လုပ်ကျွေးရန် ပေးလိုပါ၏။ ငါ့သမီးကို သိမ်းပိုက်ပါလော့'ဟူ၍ မိသားစုများ ရှေ့မှောက်၌ပင် ပြောလေ၏။ ပုဏ္ဏားကြီးက သူ၏ ကမ်းလှမ်းချက်ကို မြတ်စွာဘုရားအနေဖြင့် လက်ခံလိမ့်မည်ဟု မျှော်လင့်ထား၏။ ပုဏ္ဏားကြီးသည် သမီး၏ အလှကို ယုံကြည်လွန်း၏။

ထိုအခါ မြတ်စွာဘုရားက မိမိအား ကမ်းလှမ်းလာသည့် မာရ်နတ်မင်း၏ သမီးသုံးယောက်ကိုပင် တပ်မက်ခြင်း မရှိခဲ့သဖြင့် ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်လျှမ်းနေသော မာဂဏ္ဍီသူငယ်မကို ခြေဖြင့်ပင် ထိတွေ့လိုခြင်း မရှိကြောင်းဖြင့် မာဂဏ္ဍီပုဏ္ဏားကြီးအား ပြောကြား၏။ မြတ်စွာဘုရား၏ ငြင်းပယ်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မာဂဏ္ဍီသူငယ်မက "ငါ့ကို အလိုမရှိလျှင် မလိုချင်" ဟူ၍သာ ပြောဆိုသင့်ပါလျက် ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်လျှမ်းနေသော ငါ့ကို ခြေဖြင့်ပင် မထိလိုကြောင်း ရက်ရက်စက်စက် ပြောဆိုခြင်းကြောင့် မြတ်စွာဘုရားအပေါ် ပြင်းစွာ ရန်ငြိုးဖွဲ့လိုက်၏။

မြတ်စွာဘုရားအနေဖြင့် မာဂဏ္ဍီမိသားစု သုံးဦးလုံးအပေါ်၌ ကရုဏာအပြည့် ရှိပါ၏။ မာဂဏ္ဍီပုဏ္ဏားကြီး၏ ဥပနိဿယကို ခိုင်ခံ့စေရန်အတွက် သမီးမာဂဏ္ဍီအပေါ်၌ ယခုကဲ့သို့ ပစ်ပစ်ခါခါ ပြောဆိုရခြင်း ဖြစ်၏။ သမီး မာဂဏ္ဍီကို နစ်နာစေလိုသော စိတ်မျိုးကား လုံးဝပင် မြတ်စွာဘုရား၌ မရှိ။ မြတ်စွာဘုရားကား လောကနှင့် ငြင်းခုံသူ မဟုတ်။ လောက က သာ မြတ်စွာဘုရားနှင့် ငြင်းခုံခြင်း ဖြစ်၏။ မြတ်စွာဘုရားအတွက် လောကတစ်ခုလုံးသည် ဆုံးမထိုက်သူချည်း ဖြစ်၏။ ကရုဏာ ထားထိုက်သူချည်း ဖြစ်၏။ သို့ရာတွင် သူ့ပါရမီနှင့် သူ့အဆင့်အရ ချီးမြှင့်ထိုက်သလို ချီးမြှင့်ခြင်း ဖြစ်၏။

အမှန်အားဖြင့် ဘုရားဖြစ်လာသည်မှာ "လောကသင်္ဂဟ"အရ လောကကို

ချိုးမြောက်ရန်အတွက် ဖြစ်၏။ မိုးရွာသောအခါ မိုးက အားလုံး တပြေးညီ ရွာခြင်း ဖြစ်၏။ ချိုင့်ဝှမ်းသော၊ ကြည်းကုန်းသော ခွဲခြားခြင်း မရှိ။ မိုးရေခံခွက်အလိုက် သာ မိုးရေရမှုချင်း ခြားနား၏။ ရာဝင်အိုးက ရာဝင်အိုးအပြည့် ရ၏။ နို့ဆီခွက်က နို့ဆီခွက်အပြည့် ရ၏။ ထိုသို့ မိုးရေရမှုခြင်း ခြားနားသဖြင့် မိုး၌ အပြစ် တစ်စုံ တစ်ရာ မရှိ။ အပြစ် ရှိခြင်း ရှိလျှင် ခံခွက်၌သာ အပြစ်ရှိ၏။

မြတ်စွာဘုရားသည် မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့အား ကာမဂုဏ်၏ အပြစ်များကိုလည်း ဟောကြားတော်မူ၏။ ကာမဂုဏ်မှ ထွက်မြောက်ခြင်း အကျိုး ကိုလည်း ဟောကြားတော်မူ၏။ အမှန်အားဖြင့် လူတို့သည် ကာမဂုဏ်တော၌ နေကြသူများ ဖြစ်ကြ၏။ မျက်စိဖြင့်လည်း မြင်စရာကို မြင်မည် ဖြစ်၏။ နားဖြင့် လည်း ကြားစရာကို ကြားမည် ဖြစ်၏။ နှာခေါင်းဖြင့်လည်း နမ်းစရာကို နမ်းမည် ဖြစ်၏။ လျှာဖြင့်လည်း စားစရာကို စားမည် ဖြစ်၏။ ကိုယ်ဖြင့်လည်း ထိတွေ့စရာ ကို ထိတွေ့မည် ဖြစ်၏။ မြင်စရာ၊ ကြားစရာ၊ နမ်းစရာ၊ စားစရာ၊ ထိတွေ့စရာတို့ ကား ကာမဂုဏ်များ ဖြစ်ကြ၏။ ရှောင်လွှဲ၍ မရ။

သို့ရာတွင် ကာမဂုဏ်တို့ကို ရှောင်လွှဲ၍ မရသော်လည်း ရှောင်လွှဲ၍ ရသော အရာကား ရှိ၏။ ရှောင်လွှဲ၍ ရသော အရာကား ကာမဂုဏ်တို့၌ "မတပ် မက်ခြင်း"ပင် ဖြစ်၏။ ကာမဂုဏ်တော၌ နေပါလျက် ကာမဂုဏ်တို့၌ မတပ်မက် ခြင်းကို ရွှံ့ညွှန်တော၌ ပေါက်သော ပဒုမ္မာကြာနှင့် နှိုင်းယှဉ်နိုင်၏။ ရွှံ့ညွှန်တော၌ ပေါက်သော ပဒုမ္မာကြာသည် ရွှံ့ညွှန်တော၌ ပေါက်ပါလျက် ရွှံ့ညွှန်တို့မှ ကင်း၏။ အမှန်အားဖြင့် ပဒုမ္မာကြာသည် ရွှံ့ညွှန်နှင့်ကင်း၍ မဖြစ်သော်လည်း ရွှံ့ညွှန်၏ လိမ်းကျံခြင်းမှကား ကင်း၍ ဖြစ်၏။

ထိုနည်းအတူ လူသည် ကာမဂုဏ်တော၌ နေသဖြင့် ကာမဂုဏ်တို့နှင့် ကင်း၍ မဖြစ်သော်လည်း ကာမဂုဏ်တို့ဖြင့် လိမ်းကျံခြင်းမှကား ကင်း၍ ဖြစ်၏။ ဤသဘောကို မာဂဏ္ဍီ ဇနီးမောင်နှံတို့အား ဟောကြားတော်မူသောအခါ မာဂဏ္ဍီ ပုဏ္ဏား ဇနီးမောင်နှံတို့သည် အနာဂါမ် ဖြစ်သွားကြ၏။

သူတို့ကား ရင့်သော ပါရမီ ရှိကြသူများ ဖြစ်ကြ၏။ ပါရမီ ရင့်ကြပြီး ဖြစ်သဖြင့်လည်း မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွတော်မူသည့်ခရီးမှ ကောသမ္ဗီပြည်သို့ မကြွဘဲ မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့ရှိရာ ကုရုတိုင်း ကမ္မာ သဒမ္မနိဂုံးသို့ ကြွတော်မူခြင်း ဖြစ်၏။ သမီးမာဂဏ္ဍီ၏ ရန်ငြိုးဖွဲ့ခြင်းကို ခံယူကာ မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံအား ချွေချွတ်တော်မူခြင်း ဖြစ်၏။ သမားကောင်း အနေဖြင့် အနာရောဂါတစ်ခုကို ကုစားသောအခါ လှီးဖြတ်ရမည့် အသားများကို လှီးဖြတ်ရသည်မှာ ဓမ္မတာပင် ဖြစ်၏။ နာသွားမည်ကို စိုးရိမ်နေ၍ မဖြစ်။

မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့သည် အနာဂါမ် ဖြစ်သွားကြသောအခါ မိမိတို့၏ ဝတ္တရားအရ သမီးမာဂဏ္ဍီကို ဖထွေး မာဂဏ္ဍီထံ အပ်နှံကြ၏။ ဖထွေး မာဂဏ္ဍီက သမီး မာဂဏ္ဍီကို သမီးအရင်းသဖွယ် ပြုစုစောင့်ရှောက်၏။ မာဂဏ္ဍီ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ နှစ်ဦးစလုံးပင် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာပြီး ရဟန်းပြုကြ၏။ ရဟန်းပြုပြီးသောအခါ ရဟန်းတရားကို ဆက်လက် အားထုတ်ကြ၏။ ထိုနောက် မကြာမြင့်မီ ကာလအတွင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ရဟန္တာ ဖြစ်သွားကြ၏။ မာဂဏ္ဍီပုဏ္ဏားကြီးတို့ ဇနီးမောင်နှံသည် သံသရာမှ အပြီးတိုင် လွတ်မြောက်ကြလေပြီ။

သမီးမာဂဏ္ဍီကား မြတ်စွာဘုရားအပေါ်၌ ဖွဲ့နှောင်ထားသော အာဃာတကို မဖြေဖျောက်နိုင်။ ထို့နောက် သမီးမာဂဏ္ဍီသည် ကံအားလျော်စွာ ကောသမ္ဗီပြည့်ရှင် ဘုရင် ဥတေန၏ မိဖုရား ဖြစ်လာ၏။ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွတော်မူပြီး ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့၏ ဆွမ်းအလှူကို ခံယူရန် ကြွတော်မူသောအခါ သမီး မာဂဏ္ဍီက သေသောက်ကြူးတို့အား မြတ်စွာဘုရားကို ဆဲရေးခိုင်း၏။ မြတ်စွာဘုရား၏ သာဝိကာမ ဖြစ်သူ သာမာဝတီမိဖုရားကို ဘုရင့်အမျက်တော်ရှပြီး အသတ်ခံရန် အားထုတ်ရာမှ မာဂဏ္ဍီမိဖုရား၏ ကောက်ကျစ်စဉ်းလဲမှု ပေါ်ပေါက်ပြီး ဥတေနဘုရင်၏ သေဒဏ် ပေးခြင်းကို ခံသွားရရှာ၏။

မကောင်းမှုဟူသည် အဝိဇ္ဇာ ဖုံးလွှမ်းခိုက်သာ ကောင်းမှုအဖြစ် လိမ်ညာ၍ ရ၏။ အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာရောက်သည်နှင့် တစ်ပြိုင်နက် မကောင်းမှုဟူသည် မကောင်းမှု အဖြစ်သာ ထင်းထင်းကြီး ပေါ်လေတော့၏။

## အခန်း ( ၃၃ )

## စွန့်ခွာတော်မူ၍သာ

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ်က ဖြစ်၏။ အမှန်အားဖြင့် ကောသမ္ဗီပြည်သည် မဇ္ဈိမဒေသ၌ မြတ်စွာဘုရား၏ သာသနာတော်ထွန်းပရာ ဇဟိုချက် လေးဌာနတွင် တစ်ဌာန အနေဖြင့် ပါဝင်ပါ၏။ ဇဟိုချက် လေးဌာနမှာ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဥဇ္ဇေနီနှင့် ကောသမ္ဗီတို့ ဖြစ်ကြ၏။

ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်တွင် သံဃာတော်ပေါင်း များစွာတို့သည် မြတ်စွာဘုရားနှင့်အတူ သီတင်းသုံး နေထိုင်ကြ၏။ သို့ရာတွင် ထိုသံဃာတော်များသည် ပရိယတ္တိဘက်၌ အားသန်ကြ၏။ အကြားအမြင်လည်း များကြ၏။ ပါဠိတော်ကို နှုတ်တက်လည်း ဆောင်ကြ၏။ ဓမ္မဝိနယ၌ ကျွမ်းလည်း ကျွမ်းကျင်ကြ၏။ ပညာလည်း ရှိကြ၏။ မကောင်းမှုမှလည်း ရှက်တတ်ကြ၏။ မကောင်းမှုမှလည်း ကြောက်တတ်ကြ၏။ သိက္ခာသုံးပါးကိုလည်း လိုလားကြ၏။ ဝိနည်းသိက္ခာပုဒ်တော်များနှင့် ပတ်သက်လျှင် သံသယနှင့် ကုက္ကုစ္စလည်း ရှိကြ၏။ အမှန်အားဖြင့် သံဃာတော်များသည် သူတော်ကောင်းများ ဖြစ်ကြပါ၏။

ထိုသံဃာတော်များတွင် အချို့က သုတ္တန်ကို အလေးထား၍ သုတ္တန်ကို ဆောင်ကြ၏။ အချို့က ဝိနည်းကို အလေးထား၍ ဝိနည်းကို ဆောင်ကြ၏။ ထို့ကြောင့် သံဃာတော်များ အုပ်စု ဖွဲ့လိုက်လျှင် သုတ္တန်ဆောင်အုပ်စုနှင့် ဝိနည်း ဆောင် အုပ်စုဟူ၍ အုပ်စု နှစ်စု ရှိကြလေ၏။ အုပ်စုနှစ်စုစလုံးပင် မြတ်စွာဘုရား နှင့် အတူ သီတင်းသုံးကြ၏။

အုပ်စုနှစ်စုစလုံးပင် သူတော်ကောင်းများ ဖြစ်ကြ၏။ သူတော်ကောင်းများ ဖြစ်ကြသော်လည်း သူတို့သည် ပရိယတ္တိမာန်များ ရှိကြ၏။ အမှန်အားဖြင့် မြတ်စွာ

ဘုရား၏ သာသနာတော်၌ သိက္ခာသုံးပါးကို လိုလားကြသူများ ဖြစ်ကြစေကာမူ ပရိယတ္တိဘက်ကို သန်လွန်းပါကလည်း ဥပါဒါန်အစွန်းသို့ ရောက်တတ်၏။ ပဋိပတ္တိဘက်ကို သန်လွန်းပါကလည်း "မိစ္ဆာတပ"အကျင့်မှား အစွန်းသို့ ရောက်တတ်၏။ ထို့ကြောင့် အစွန်းမရောက်စေဘဲ မဇ္ဈိမပဋိပဒါကျကျ ပရိယတ္တိနှင့် ညီသော ပဋိပတ္တိ အကျင့်မျိုးကို ကျင့်နိုင်ဖို့ လိုပါ၏။ သို့ရာတွင် ဃောသိတာရုံ ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူကြသော သံဃာတော်များကား ပရိယတ္တိဘက်ကို သန်လွန်သူများ ဖြစ်ကြလေ၏။

တစ်ခုသောနေ့တွင် သုတ္တန်ဆောင် ရဟန်းတော်တစ်ပါးသည် ကုဋီအိမ်သို့ တက်၏။ ကုဋီအိမ်တွင် ရေကို သုံးပြီးနောက် ခွက်ထဲ၌ ရေကို ကုန်အောင် မသုံးဘဲ ရေကျန်ကို ခွက်ထဲ၌ပင် ချန်ထားခဲ့၏။ အမှန်အားဖြင့် ကုဋီအိမ်၌ ရေကို သုံးသောအခါ ရေကို ကုန်အောင် သုံးရ၏။ ရေမကုန်လျှင်လည်း ရေကို ချန်မထားဘဲ ခွက်ကို သွန်မှောက်၍ ထားရ၏။ အကယ်၍ ရေခွက်၌ ရေကြွင်း ရေကျန်ကို ထားခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဒုက္ကဋ်အာပတ်ဟူသည် မပြောပ လောက်သော အပြစ်သာ ဖြစ်၏။ ဒေသနာကြားလိုက်လျှင် ပြေပျောက်သွား၏။

သို့ရာတွင် မြတ်စွာဘုရား၏ သာသနာတော်၌ သိက္ခာသုံးပါးကို မြတ်နိုး ကြသူများသည် "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ" အဏုမြူမျှလောက် သေးငယ်သော အပြစ်များ၌ပင် အလွန်ကြီးကျယ်သော ဘေးအန္တရာယ်အဖြစ် ရှုမြင်တတ်၏။ ထို့ကြောင့် ဝိနည်းဆောင် ရဟန်းက ကုဋီအိမ်သို့ တက်သောအခါ သုတ္တန်ဆောင်ရဟန်း ချန်ထားခဲ့သော ရေခွက်ထဲက ရေကြွင်းရေကျန်ကို မြင်တွေ့ လျှင် များစွာ စိတ်မချမ်းမသာ ဖြစ်၏။ သို့ဖြစ်၍ သုတ္တန်ဆောင် ရဟန်းအား အာပတ်ကို ကုစားခိုင်းရမည်ဟု စိတ်ထဲက ဆုံးဖြတ်လိုက်၏။

ကုဋီအိမ်အပြင်သို့ ထွက်ပြီးနောက် သုတ္တန်ဆောင်ရဟန်း သီတင်းသုံးရာ ကျောင်းသို့ သွား၏။ သုတ္တန်ဆောင်ရဟန်းအား ကုဋီတက်သောအခါ ကုဋီအိမ် ၌ ရေကြွင်းရေကျန်ကို ခွက်ထဲ၌ ထားခဲ့သလားဟု မေး၏။ သုတ္တန်ဆောင်ရဟန်း ကလည်း ဝိနည်းဆောင်ရဟန်းအား ရေကြွင်းရေကျန်ကို ခွက်ထဲ၌ ထားခဲ့မိပါ ကြောင်းဖြင့် ဝန်ခံ၏။ ရေကြွင်းရေကျန်ကို ခွက်ထဲ၌ ထားခဲ့လျှင် အာပတ်သင့် သည်ဟု ဝိနည်းဆောင်ရဟန်းက ပြောလျှင် သုတ္တန်ဆောင် ရဟန်းကလည်း ဒေသနာ နာကြားပါမည်ဟု ပြန်လည်ပြောဆိုလိုက်၏။

ဤမျှလောက်ဖြင့်ပင် ကိစ္စ ပြီးသင့်၏။ သို့ရာတွင် ကိစ္စကား မပြီးခဲ့။ ဝိနည်းဆောင်ရဟန်းက စေတနာမရှိဘဲ မေ့လျော့သဖြင့် ရေကြွင်းရေကျန်ကို ထားခဲ့ခြင်းဖြစ်လျှင်တော့ အာပတ်မသင့်ဟူ၍ ပြောလိုက်သဖြင့် သုတ္တန်ဆောင်

ရဟန်းကလည်း မိမိအနေဖြင့် စေတနာမရှိဘဲ မေ့လျော့၍ ခွက်ထဲ၌ ရေကြွင်း ရေကျန်ကို ထားခဲ့ခြင်းဖြစ်သောကြောင့် အာပတ်မသင့်ဟု ယူဆကာ ဒေသနာ မကြားဘဲ နေလိုက်၏။

ဝိနည်းဆောင် ရဟန်းကလည်း ဝိနည်း၏ အဓိပ္ပာယ်ကို ပြောခြင်းသာ ဖြစ်၏။ အမှန်အားဖြင့် သုတ္တန်ဆောင်ရဟန်းအား အာပတ်ကို ကုစားစေလို၏။ ဒေသနာ ကြားနာစေလို၏။ မြတ်စွာဘုရား၏ သာသနာတော်၌ သီလစင်ကြယ်မှု သီလဝိသုဒ္ဓိဖြစ်ဖို့ အရေးကြီး၏။ သီလစင်ကြယ်မှု သီလဝိသုဒ္ဓိဖြစ်ပါမှ သမာဓိ ကို ရနိုင်မည် ဖြစ်၏။ သမာဓိကို ရခြင်းသည် စိတ္တဝိသုဒ္ဓိ မည်၏။ တစ်ဖန် စိတ္တဝိသုဒ္ဓိ ဖြစ်ပါမှ အယူစင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်လျှင် ယထာဘူတဉာဏ်ကို ရတော့၏။ ယထာဘူတဉာဏ်ကို ရလျှင်တော့ အထက် အထက် ဝိပဿနာ ဉာဏ်များကို ရဖို့ လွယ်တော့၏။ ဝိပဿနာဉာဏ်များ ရင့်ကျက်လာပါလျှင် မဂ်ဖိုလ်ကို မျက်မှောက်ပြုဖို့ ဆိုသည်မှာ မဖြစ်နိုင်သော အရာများ မဟုတ်တော့ပါချေ။

သုတ္တန်ဆောင်ရဟန်းသည် အာပတ်ကို မကုစားကြောင်း ဝိနည်းဆောင် ရဟန်းက သိသောအခါ 'သုတ္တန်ဆောင်ရဟန်းသည် အာပတ်သင့်ပါလျက် အာပတ်သင့်မှန်း မသိ'ဟု ဝိနည်းဆောင်ရဟန်းက ကဲ့ရဲ့လေ၏။ လောက၌ ကောင်းသတင်းသာ မကျယ်ပြန့်လျှင် နေမည်၊ မကောင်းသတင်းကား တောမီး နှယ် ကျယ်ပြန့်မြန်ပါ၏။ ဝိနည်းဆောင်ရဟန်း၏ တပည့်များကလည်း သုတ္တန် ဆောင် ရဟန်း၏ တပည့်များကို တွေ့မြင်သောအခါ 'သင်တို့ဆရာ သုတ္တန်ဆောင် ရဟန်းသည် မိမိ၌ အာပတ်သင့်ပါလျက် အာပတ်သင့်မှန်းပင် မသိ'ဟူ၍ ပြောဆို ကြပြန်၏။

ထိုအခါ တပည့်များက မိမိတို့၏ ဆရာ သုတ္တန်ဆောင်ရဟန်းကို ပြန်၍ ပြောကြလေ၏။ ထိုအခါ သုတ္တန်ဆောင်ရဟန်းသည် 'ဝိနည်းဆောင်ရဟန်းကား ရှေးတုန်းကတော့ အာပတ်မသင့်ဟု ပြောပြီးမှ ယခုတစ်ဖန် အာပတ်သင့်သည်ဟု ပြောပြ၏။ ဝိနည်းဆောင်ရဟန်းသည် မုသားစကားကို ပြောကြားဘိသည်'ဟု ပြန်လည်၍ ချေပ၏။

သုတ္တန်ဆောင်ရဟန်း၏ တပည့်များကလည်း ပုထုဇဉ်တို့၏ သဘာဝ အတိုင်း အနိုင်မခံ အရှုံးမပေးဘဲ ဝိနည်းဆောင်ရဟန်း၏ တပည့်များအား 'သင်တို့ ၏ ဆရာ ဝိနည်းဆောင်ရဟန်းသည် မုသားစကားကို ပြောတတ်၏'ဟူ၍ ပြန်လည် ချေပ ပြောဆို၏။

ဤသို့လျှင် သုတ္တန်ဆောင်ရဟန်းအုပ်စုနှင့် ဝိနည်းဆောင်ရဟန်းအုပ်စု

တို့သည် ဃောသိတာရုံကျောင်းတော်၌ အချင်းချင်း ငြင်းကြ ခုံကြ၏။ ခိုက်ရန် ဖြစ်ကြ၏။

ပုထုဇဉ်တို့သည် ဓမ္မတာအတိုင်း မိမိတို့၏ မျက်မှောက်ပြုချက်များကို အခိုင်အမာ ပြုတတ်ကြ၏။ မိမိတို့အနေဖြင့် ကိုယ်တိုင် တွေ့ကြုံထားပါက ထိုအတွေ့အကြုံများကိုသာ အခိုင်အမာ ပြုကြ၏။ အမှားနှင့်အမှန်ကို ထိုအတွေ့ အကြုံ အရသာ ဆုံးဖြတ်တတ်ကြ၏။ ယင်းကို "သန္ဒိဋ္ဌိက ပရာမာသိ" ဟု ခေါ်၏။ ဒဿန ဝေါဟာရအရ ဆိုပါလျှင် "ပစ္စက္ခသိဒ္ဓ"ကိုယ်တွေ့အရ ထင်ရှားမှုပင် ဖြစ်ပါ၏။

အမှန်အားဖြင့် မျက်မှောက်အတွေ့အကြုံ ဟူသည်မှာ နယ်ပယ်အရ ကျဉ်းမြောင်းလှပါ၏။ မျက်မှောက်အတွေ့အကြုံ၏ ခိုင်မာမှုကို ဆိုရလျှင် ကြိုးကိုပင် မြွေအဖြစ် မြင်နိုင်လေရာ မိမိတို့အနေဖြင့် မြင်တိုင်းလည်း မှန်ချင်မှ မှန်တတ်ပါ၏။ ဒဿန နယ်ပယ်၌ "အဟုတ်"အပေါ်၌ "မဟုတ်"ကို တင်ပြီး "အဟုတ်" နှင့် "မဟုတ်"ကို တစ်သားတည်းပြုကာ "အဟုတ်"ကိုပင် "မဟုတ်"အဖြစ် ယူမှတ်ခြင်း သဘောသည် ရှိ၏။ ယင်းကို "အဗျာသ"ဟူ၍ ခေါ်၏။ ကြိုးကို မြွေအဖြစ် မှတ်ယူခြင်းမျိုး ဖြစ်၏။

ယင်းကဲ့သို့ မှတ်ယူမိပါကလည်း မလွှတ်တမ်းပင် ဆွဲကိုင်ထားတတ်ကြ၏။ ယင်းကို "အာဓာနဂ္ဂါဟီ"ဟူ၍ ခေါ်၏။ မိမိ၏ ဆွဲကိုင်ချက်သည် နောက်ဆုံး၌ မှားမှန်းသိစေကာမူ "ငါ တည်သည့်ဘုရား လင်းတ နားနား" ဟူသော သဘောဖြင့် စွန့်လွှတ်ဖို့ ဝန်လေး၏။ ယင်းကို "ဒုပ္ပဋိနိဿဂ္ဂီ"ဟူ၍ ခေါ်၏။ ယခုလည်း သုတ္တန်ဆောင် ရဟန်းအုပ်စုနှင့် ဝိနည်းဆောင် ရဟန်းအုပ်စုတို့သည် မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ တစ်ဦးကို တစ်ဦးက အလျှော့မပေးသော အခြေသို့ တိုင်ခဲ့၏။ များစွာပင် သတိသမ္ဗဇဉ်ဖြင့် ဆင်ခြင်ဖွယ် ဖြစ်ပါ၏။

ထိုအခါ ဝိနည်းဆောင် ရဟန်းအုပ်စုက သုတ္တန်ဆောင် ရဟန်းအုပ်စုအား အဓမ္မဝါဒီ ပုဂ္ဂိုလ်များအဖြစ်ဖြင့် ကြဉ်ဖယ်ကြ၏။ ဥပုသ်လည်း အတူ မပြုကြ။ ပဝါရဏာလည်း အတူ မပြုကြ။ သံဃကံကိုလည်း အတူ မပြုကြ။ အတူလည်း မထိုင်ကြ။ ဆွမ်းလည်း အတူ မစားကြ။ ယာဂုလည်း အတူ မသောက်ကြ။ တစ်မိုးတစ်ရုံတည်းသော ကျောင်း၌လည်း အတူ မနေကြ။ ထေရ်စဉ် ဝါလိုက်လည်း ရှိမခိုးကြ။ ရဟန်းသံဃာများကား ကွဲကြလေပြီ။ အမိုက်ကစ ပြဿာဒ်ကို မီးလောင်ခြင်း ဖြစ်၏။ မြတ်စွာဘုရား၏ သာသနာတော်၌ ဤသို့ သံဃာကွဲပြားခြင်းကား ကြီးမားစွာ သံဝေဂ ဖြစ်ဖွယ် ကောင်းပါ၏။

အမှန်အားဖြင့် သုတ္တန်ဆောင် အုပ်စုသည်လည်း သိက္ခာသုံးပါးကို လိုလား

ပါ၏။ ဝိနည်းဆောင် အုပ်စုသည်လည်း သိက္ခာသုံးပါးကို လိုလားသည်ပင် ဖြစ်၏။ သို့ရာတွင် သူတို့သည် သူတို့၏ အတ္တနှင့် မာနကို အထိမခံနိုင်ကြ။ သူတို့၏ အတ္တနှင့် မာနကို ထိပါးခြင်း ခံရသောအခါ "တစ်ထိုင်တည်းပင် မဟာအဝီစိကို ကျချင်ကျပါစေ၊ အရှုံးတော့ မပေး"ဟူသော ဒေါသသည် ပေါ်ပေါက်လာ၏။ ထို့ကြောင့်ပင်–

**ကောဓော အတ္ထံ န ဇာနာတိ၊ ကောဓော ဓမ္မံ န ပဿတိ။**

ဒေါသဖြစ်လာပါက အကျိုးအကြောင်းကို မဆင်ခြင်နိုင်၊ တရားဓမ္မကို မမြင်နိုင် ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်၏။ ပင်ကိုအားဖြင့် သူတော်ကောင်း ဖြစ်ကြသူများပင် ဆတ်ဆတ်ထိ မခံနိုင်ပါက သူလိုငါလို ပုဂ္ဂိုလ်မျိုး ဆိုပါလျှင် များစွာ ခက်ပေလိမ့်မည်။ သတိသမ္ပဇဉ်ဖြင့် မဆင်ခြင်နိုင်ပါက အပါယ်လေးဘုံ၌ မျောပါဖို့သာ ရှိပါ၏။ ပုထုဇဉ်ဟူသည်ကား မျက်ကန်းသာ ဖြစ်ချေ၏။

အကြဉ်ဖယ်ခံရသော သုတ္တန်ဆောင်ရဟန်းအုပ်စုကလည်း ဝိနည်းဆောင် ရဟန်းအုပ်စုက ကြဉ်ဖယ်ခြင်းသည် တရားနည်းလမ်းမကျသော အဓမ္မကြဉ်ဖယ်မှုသာ ဖြစ်သည်ဟု ပြန်လည် ချေပ၏။ ထိုစဉ် ဃောသိတာရုံကျောင်းသည် ရတ်ရတ်သဲသဲ ဖြစ်လျက် ရှိ၏။ သံဃာတော်များ အချင်းချင်း ရတ်ရတ်သဲသဲ ဖြစ်သည်နှင့်အမျှ ဒါယကာများလည်း စိတ်မချမ်းမသာ ဖြစ်ကြ၏။ ကျောင်းဒါယကာကြီးများ ဖြစ်ကြသော ဃောသကသူဌေး၊ ကုက္ကုဋသူဌေးနှင့် ပါဝါရိကသူဌေးကြီး သုံးဦးတို့သည် သောတာပန်များ ဖြစ်ကြစေကာမူ စိတ်မချမ်းမသာ ဖြစ်ကြ၏။ သူတို့သည်လည်း ဒေါသကို မပယ်နိုင်ကြသေးပါတကား။

မြတ်စွာဘုရားလည်း မနေသာတော့။ သံဃာကွဲပြားခြင်းကို ငြိမ်းနိုင်အောင် ဆောင်ရွက်ရတော့၏။ ရှေးဦးစွာ ဝိနည်းဆောင် ရဟန်းအုပ်စုထံသို့ ကြွတော်မူ၏။ ဝိနည်းဆောင် ရဟန်းအုပ်စုအား သုတ္တန်ဆောင် ရဟန်းအုပ်စုသည် သိက္ခာသုံးပါးကို မြတ်နိုးသူများ ဖြစ်ပါက သံဃာကွဲပြားခြင်း ဖြစ်လိမ့်မည်ဟု အကယ်၍ သိပါလျှင် သံဃာကွဲပြားမှု မဖြစ်ပေါ်ရလေအောင် အလေးဂရု ပြုသောအားဖြင့် ကြဉ်ဖယ်မှုကို မပြုအပ်ကြောင်းဖြင့် ဆိုဆုံးမတော်မူ၏။ ထိုသို့ ဆိုဆုံးမပါသော်လည်း ဝိနည်းဆောင် ရဟန်းအုပ်စုက မြတ်စွာဘုရား၏ ဆိုဆုံးမမှုကို မလိုက်နာခဲ့။ မိမိတို့၏ ဒေါသမာန်မာနကြောင့် မြတ်စွာဘုရားကိုပင် အာခံခဲ့၏။ မြတ်စွာဘုရားကို မလေးစား၍တော့ မဟုတ်။ မြတ်စွာဘုရားထက် မိမိတို့၏ ဒေါသ မာန်မာနကို ပို၍ လေးစားသောကြောင့် ဖြစ်၏။ "မာနေန ဥန္နတာ လောကာ"အရ လောကသည် မခံချင်သော မာနကြောင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်မားခဲ့သည် မှန်၏။

သို့ရာတွင် မာနဟူသည် မှီဝဲထိုက်သော မာနလည်း ရှိ၏။ မမှီဝဲထိုက်သော မာနလည်း ရှိ၏။ မှီဝဲထိုက်သော မာနဟူသည်မှာ ကောင်းကျိုးကို ဆောင်နိုင်သော မာန ဖြစ်၏။ မမှီဝဲထိုက်သော မာနဟူသည်မှာ ဆိုးကျိုးကို ဆောင်နိုင်သော မာန ဖြစ်၏။ ဤသို့ ကျမ်းဂန်များ၌ ဆို၏။ သို့ရာတွင် ဤမာနကား ဆိုးကျိုးကို ဆောင်သော မာနသာ ဖြစ်ချေ၏။

ထို့နောက် မြတ်စွာဘုရားသည် သုတ္တန်ဆောင် ရဟန်းအုပ်စုထံသို့ ကြွတော်မူပြန်၏။ သုတ္တန်ဆောင် ရဟန်းအုပ်စုအား အာပတ်ကို မကုစားခြင်းကြောင့် ဝိနည်းဆောင်အုပ်စုက ကြဉ်ဖယ်ခြင်းဖြစ်လျှင် အကယ်၍ ဝိနည်းဆောင်ရဟန်းအုပ်စုသည် သိက္ခာသုံးပါးကို လိုလားသူမှန်ပါက ဝိနည်းဆောင်အုပ်စု၏ ဆန္ဒအတိုင်း သံဃာ မကွဲပြားစိမ့်သောငှာ ဒေသနာ ကြားသင့်၏။ အာပတ်ကို ကုစားသင့်၏။ ဤသို့ မြတ်စွာဘုရားက ဆုံးမတော်မူ၏။ ထိုသို့ ဆိုဆုံးမသော်လည်း မြတ်စွာဘုရား၏ ဆိုဆုံးမချက်ကို သုတ္တန်ဆောင် ရဟန်းအုပ်စုက မလိုက်နာ။ ထိုသို့ မလိုက်နာခြင်းမှာ မြတ်စွာဘုရားကို မကြည်ညို၍တော့ မဟုတ်။ မြတ်စွာဘုရားထက် ပို၍ သူတို့၏ အတ္တနှင့် မာနကို အလေးဂရုပြုသောကြောင့် ဖြစ်၏။

သံဃရတနာသည် အဖိုးတန်၏။ သာသနာတော်ကို အစဉ်အဆက် စောင့်ရှောက်နိုင်သည်ကား သံဃရတနာသာ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သံဃရတနာကို မကွဲပြားစိမ့်သောငှာ ကြိုးပမ်းပါ၏။ ထိုသို့ ကြိုးပမ်းပါသော်လည်း အရာ မထင်ခဲ့။ ထို့ကြောင့် မြတ်စွာဘုရားသည် ဃောသိတာရုံကျောင်းရှိ သံဃာတော်များကို စွန့်ခွာကာ ကိုယ်တော်တစ်ပါးတည်း ဗာလကလောဏကရွာသို့ ကြွသွားတော်မူရရှာလေ၏။ အမှန်အားဖြင့် အချိန်အခါနှင့် အခြေအနေတို့ကသာ ထိုရဟန်းသံဃာများကို လိမ္မာလာအောင် တစ်ခုသောနေ့တွင် ဆုံးမပေလိမ့်မည်။